www.burmeseclassic.com

No.92, January 2015

# ဂမ္ဘီရလောက

မဂ္ဂဇင်း



**လင်လုစုန်း**
မောင်ညီမှိုင်း(သန်လျင်)

**စိမ်းပြာရေညှိထွက်သော တွင်းတောင်ကြီး**
ဗောင်မှူးကြီးသိန်းဝင်း

**မိစ္ဆာမကို နမ်းမိသူ**
[illegible]

**[illegible]**
[illegible]

**[illegible]**
[illegible]

**[illegible]**
[illegible]

**[illegible] အစွယ်ခေါ်ခေါ်**
ထိုက်သခင်

**[illegible]**
မင်းတိုင်ပင်(မြရောင်မြေ)

**မြို့ပြင်က သရဲခြောက်သည့်အိ**
[illegible]

**အသံဝင်သွားတဲ့ ငှက်ဆိုး**
[illegible]

**ရန်ကြီးအောင်၏ ဖိုးဆယ်**
တက္ကသိုလ်အပန်ငယ်

**အရင်ကတော့ ကျွန်မချစ်သူ**
မြမြလှိုင်

**[illegible]**
မာယာ

www.burmeseclassic.com

www.burmeseclassic.com

ကျီးရှလောက
No.92, January, 2015

လင်လုစုန်း
မောင်ညီမှိုင်း (သန်လျင်) ၆

စိမ်းပြာရေညှိထွက်သော တွင်းတောင်ကြီး
ထောင်မှူးကြီးသိန်းဝင်း ၃၁

စိတ်မျောရာ
မာယာ ၄၁

အမွှေးရှည်ရှည် အစွယ်ခေါ်ခေါ်
ထိုက်သဇင် ၅၆

အင်ကြင်းတစ္ဆေ
ငါးရွှန်မောင်လွမ်းမွန် ၇၇

အရင်ကတော့ ကျွန်မချစ်သူ
မြမြလှိုင် ၉၆

ရာဇဝင်ထဲက တစ္ဆေများ
တောက်ထိန် ၁၀၇

ဘုရားလူလား၊ နတ်လူလား
အောင်တောင်း ၁၂၇

အသံဝင်သွားတဲ့ ငှက်ဆိုး
ညီညီမြင့်ချမ်း ၁၄၀

ရန်ကြီးအောင်၏ ဖိုးဆယ်
တက္ကသိုလ်အပန်ငယ် ၁၅၁

ရေအောက်မှ ငရဲပြည်
မင်းတိုင်ပင် (မြရောင်မြေ) ၁၆၆

မိစ္ဆာမကို နမ်းမိသူ
မောင်မောင်မိုးအောင် ၂၀၃

မြို့ပြင်က သရဲခြောက်သည့်အိမ်
ခင်းဘုန်းသိဉ်သူ ၂၂၂

အယ်ဒီတာ့စကား [illegible]

www.burmeseclassic.com

www.burmeseclassic.com


# ဂမ္ဘီရလောက
မဂ္ဂဇင်း

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**အုပ်ချုပ်မှု အယ်ဒီတာ**
မခင်မာရွှေ

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အယ်ဒီတာအဖွဲ့**
ညာက်လင်းထက်

**ရုံးအဖွဲ့**
[illegible]

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ထုတ်ဝေခွင့်လက်မှတ်) [illegible]

**မျက်နှာဖုံး**
[illegible]

**အတွင်းသရုပ်ဖော်**
[illegible]

**ကွန်ပျူတာနှင့် ဖလင်**
Quality

**ပုံနှိပ်သူ**
[illegible]

**စာအုပ်ချုပ်**
[illegible]

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
[illegible]


# အယ်ဒီတာ့စကား

"ဂမ္ဘီရလောက" မဂ္ဂဇင်းကို စာဖတ်သူလက်ဝယ်သို့ အရောက်ပို့ဆောင်ခဲ့သည်မှာ အမှတ် (၉၂) သို့ ရောက်ရှိလာပေပြီ။ နှစ်အပိုင်းခြားအားဖြင့် (၇) နှစ်ကျော်ခဲ့ပေပြီ။ အခက်အခဲများ၊ ရုန်းကန်လှုပ်ရှားမှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း မဆုတ်မနစ် ကြိုးပမ်းခဲ့မှုကြောင့် ယခုကဲ့သို့ အကြိမ် (၁၀၀) နီးပါးသို့ အောင်မြင်စွာ ဖြတ်ကျော်လာခဲ့ခြင်းဖြစ်သည်။

ဂမ္ဘီရဟူသော ဝေါဟာရအတိုင်း ထူးခြားနက်နဲမှုများ၊ သဘာဝလွန် ဖြစ်ရပ်ဆန်းများသာမက ပရဝိဇ္ဇာဥ်ဆိုင်ရာ အကြောင်းအရာများကိုပါ စာဖတ်သူ စိတ်ဝင်စားအောင်၊ ဗဟုသုတရရှိအောင် ခေတ်ရေစီးကြောင်းနှင့် လျော်ညီစွာ ထည့်သွင်းဖော်ပြလာသည်ကို တွေ့ရပါမည်။ လောကတွင် သိပ္ပံပညာနှင့် လက်လှမ်းမမီနိုင်သောအရာများ၊ မြောက်မြားစွာ ရှိနေပေသည်။ ဂမ္ဘီရလောကမဂ္ဂဇင်းသည် စာဖတ်ပရိသတ်အတွက် ဗဟုသုတ၊ ရသစုံလင်စွာ ဆွဲဆောင်မှုရှိသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်ကြောင်း ရဲဝံ့စွာစကားဆိုရပါမည်။

ချို့ယွင်းချက်၊ အားနည်းချက်များကို ခွင့်လွှတ်နားလည်ပေးပါရန်နှင့် စာဖတ်သူအပေါင်း သက်ရှည်ကျန်းမာ လိုအင်ဆန္ဒ ပြည့်ဝပါစေကြောင်း နှစ်သစ်မင်္ဂလာ အခါသမယတွင် ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အသက် (၇၀)ကျော်ပေမယ့် အရွယ်အဟာန့် ကောင်းတယ်။

မိန်းမက ဆံပင်ဖားလျားချကြီးနဲ့ အိမ်ပေါ်တက်လာတာ။

“ညည်းက ဆံပင်ဖားလျားချလို့ ဘယ်လိုဖြစ်လာတာတုံး”

ငါတို့ လောကမှာ ဆံပင်ဖားလျားချရင် ...။

ထဘီဖောက်ထိုးဝတ်ထားရင် ...။

မျက်လုံးနှစ်လုံး ဂနာမငြိမ်ရင် ...။

ခန္ဓာကိုယ် ရှေ့တိုးနောက်ငင် ဘယ်ညာယိမ်းထိုးသလို ရှိနေ၊ ဖြစ်နေရင် ပညာပိုင်းဆိုင်ရာ ပြဿနာတစ်ခုခု ရှိနေလို့ဆိုတာ ငါတို့ ပညာသည်ချင်း သိကြတယ်။

“ပြောပါဦး - ညည်းက ဘာလို့ ဆံပင်ဖားလျားချတာတုံး”

“ရွာထဲကို မလောက်လေးမလောက်စား ဆရာစုတ်တစ်ယောက် ဝင်လာလို့ ပညာပေးပြီး နင့်ဆီ ဝင်ခဲ့တာပါ - မိဖြူရယ်”

“ဘာ - ဆရာတုံး”

“ပယောဂကုတဲ့ ဆရာတဲ့”

“ဘယ်က လာတာတဲ့လဲ - မိဇာ”

“ဗျည်းပုံကြီးကလို့ ပြောတာပဲဟေ့”

“ညည်းနဲ့ တွေ့တော့ ဘယ့်နယ့်ရှိသွားတုံးအေ”

“မိဖြူရယ်၊ ငါ့နာမည်ရင်း မိအုန်းဇာပါအေ။ သင်း - ဘယ်နယ့်ဖြစ်မလဲတော့ မသိဘူး။ ပါးစပ်ထဲက သွေးတွေအန်ပြီး သတိလစ်သွားတယ်။ သူ့လူတွေကတော့ ကပ်စင်နဲ့ ထမ်းထုတ်သွားတာပဲဟေ့”

“မိဇာ”

“ဘာတုံး - မိဖြူ”

“လက်လွတ်စပယ် မလုပ်ပါနဲ့အေ”

“သနားလို့လား၊ ညည်းလင်မို့လို့လား - ပြော”

“ပညာပေးရုံဆို တော်ရောပေါ့ - မိဇာရယ်”



“သင်းက ထောင်ထောင်လုပ်ချင်နေလို့ပါအေ။ မှတ်လောက် သားထောက် လုပ်လိုက်တာပါ။ သေတော့ မသေနိုင်ပါဘူး”

“ဒီအကြောင်း ပြောဖို့လာတာလား - မိဇာ”

“မဟုတ်ဘူးအေ့၊ ပြောစရာရှိတာက တခြားပါဟယ်”

“ဒါဆို - ပြော”

“မိဖြူ - ညည်းတပည့် မနော်ကို သိတယ်နော်”

“သိတယ် - ဘာဖြစ်တုံး”

“ငါ့တပည့် မယ်မုန့်ရော ညည်းသိလား”

“အသားညိုညို နှာတံစင်းစင်းနဲ့ ကုလားဆင်ရုပ်နဲ့ ကလေး မဟုတ်လား”

“ဟုတ်တယ်အေ - ဟုတ်တယ်”

“သူတို့ ဘာဖြစ်လို့တုံး”

“ညည်းတပည့်မ မနော်က ငါ့တပည့်မ မယ်မုန့်ကို လုပ်လိုက်တာ အခု ငါ့တပည့် မယ်မုန့် ခေါင်းမထောင်နိုင်ဘူး”

“ငါ့တပည့် မနော်က လုပ်လို့”

“ဟုတ်တယ်”

“နေပါဦး - မိဇာ၊ နင့်တပည့် မယ်မုန့် ခေါင်းမထူနိုင်ဖြစ်နေတာ ညည်းက ချောက်အောင်မလုပ်နိုင်ဘူးလား”

“လုပ်ပေးလိုက်ပါပြီအေ”

“ဒီတော့ - ဘာဖြစ်တုံး”

“နင့်တပည့်မ မနော်ကိုလည်း နင် ဆုံးမပါဦး - မယ်ဖြူ။ သူတို့လူငယ်ချင်း ကိစ္စ ငါတို့၊ ညည်းတို့ ပါရင်လည်း မသင့်ဘူးအေ”

“နေပါဦး - မိမယ်ဇာရယ်၊ နင့်တပည့် မယ်မုန့်နဲ့ ငါ့တပည့် မနော်တို့က ဘာကိစ္စနဲ့ ဘာဖြစ်ကြလို့တုံး”

ဒီမှာ မိအုန်းဇာက ငါ့မျက်နှာကို စူးစူးကြီး ကြည့်ရာက ...



www.burmeseclassic.com

www.burmeseclassic.com

"နင် မသိဘူးလား – မိခြုံ"

"သိမှတော့ နင့်ကို ငါက မေးစရာလားဟဲ့"

"ဟူး – ပြော – မပြောချင်ပါဘူးအေ"

မိအုန်းဇာက ညည်းသလိုပြောရင်းက ဆေးလိပ်ခွက်ထဲက ပြောင်းဖူးလိပ်ကို မီးညှိပြီး အားရပါးရ ဖွာလိုက်တယ်။

"ကဲ – ပြော – သူတို့နှစ်ဦး ဘာဖြစ်ကြတာတုံး"

"လင်လုရင်း ဖြစ်ကြတာတဲ့"

"ဟဲ့ – မိဇာ၊ ငါတပည့် မနော်က ဘယ်သူ့လင်ကို လုလို့တုံး။ မနော်က အပျိုဟဲ့ – အပျို"

"ငါ့တပည့် မယ်မုန့်လည်း အပျိုပါပဲအေ"

"ဒါဆို ဘယ်သူ့လင် သွားလုကြလို့တုံး"

"ဒီလို မယ်ခြုံရေ၊ နင့်တပည့်ရော၊ ငါ့တပည့်မရော လင်လိုချင်နေကြတယ်။ ကောင်လေးတစ်ယောက်ကို တွေ့ပြီး လင်တော်ချင်လို့ အပြိုင်ဆွယ်ကြရာက နောက်ဆုံး ပညာတွေထုတ်သုံးပြီး ဖြစ်ကြတာအေ"

"ရည်းစားလုရင်းက ..."

"လင်တော်ချင်တော့ လင်လုတယ်ပဲ ပြောပါစို့အေ"

"အဲဒီတော့ – ခု ဘယ်လိုဖြစ်ကြတုံး"

"ကောင်လေး ကိုယ့်ဘက်ပါအောင် လုပ်ရင်းက ပညာပြိုင်သလိုဖြစ်ပြီး သူ့ပညာသုံး၊ ကိုယ့်ပညာသုံးနဲ့ ကြာရင် သင်းတို့ အပျော်အပြက်နဲ့ နာခေါင်းသွေးထွက်ကြလိမ့်မယ်။ ဒါကြောင့် – နင့်တပည့် မနော်ကိုလည်း နင် နိုင်နိုင်နင်းနင်း ဆုံးမပါ။ ငါလည်း ငါ့တပည့် မယ်မုန့်ကို ဆုံးမပါ့မယ်အေ။ ကြာရင် ငါတို့ လူကြီးချင်း စကားပြောရရင် မကောင်းဘူး ဟုတ်ရဲ့လား"

"အေးပေါ့ – ငါ မနော်ကို ခေါ်မေးကြည့်မယ်အေ"

"ဒါဆို – ငါပြန်မယ်နော်"

"ပြန်ပြန် – သွားငယ်ချင်းပြန်"



မိအုန်းက ငါ့အိမ်ပေါ်က ဆင်းသွားတယ်။ သူမ မရှိတော့ ငါ စဉ်းစားတယ် အေသည့်။

ရည်းစားလုကြတာတဲ့၊

တစ်နည်းက လင်လုတာတဲ့။

လင်တော်ချင်လို့ ...၊

လင်လုရင်း ပညာတွေ ထုတ်သုံးကြရင်း "ထိ" ကုန်ကြတာတဲ့။ နေပါဦးလေ ...၊

ပြီး–မှော်စုန်းဆိုတာ ရှိသေးသဟေ့။

မှော်ဝင်စုန်း၊ စုန်းမှော်၊ နတ်စုန်း၊ သိုးမှော်စုန်း၊

မှော်စုံစုန်း၊ စုန်းဘီလူး၊ မှော်သိမ်းစုန်း၊

မှော်ပါစုန်း၊ မှော်စဉ်စုန်းဆိုတာ ရှိသေးတယ်။

အဲဒီစုန်းတွေက နာနာရုပ်အမျိုးမျိုး

ဖန်ဆင်းနိုင်တယ်။ မင်းတို့ ဆရာမနိုင်

နစ်ဆောင်ပြိုင် ရုပ်ရှင်ကြည့်ဖူးလား–

စာရေးဆရာ ...



www.burmeseclassic.com

ပညာတွေ ထုတ်သုံးပြီး ပြိုင်ကြရလောက်အောင် သင်းတို့ လင်လောင်း ဆိုတဲ့ ကောင်လေးက ဘယ်လိုအစားထဲက မို့လို့တုံး။

သူ့ဌေးသားလား ...။

ဝန်ကြီးသားလား ...။

ဓာတ်ရှင်မင်းသားလား ...။

ဆတ်မင်းသားလား ...။

ဒါ့တပည့် မနော်ကို ခေါ်မေးရမယ်။ ပြီးရင် - သင်းတို့ လင်အလောင်း အလျာကို ခေါ်တွေ့တန် တွေ့ရမှာပဲ၊

ဒါနဲ့ - မိပြာဆိုတဲ့ ကလေးမကိုလွှတ်ပြီး မနော်ကို သွားခေါ်ခိုင်းရတော့ တယ်။

✱

စာရေးဆရာကို ကြို့ရှင်းပြထားမှ သင့်မတင့် ထင်ပါရဲ့ကွယ်၊

စာရေးဆရာရေ ...

မယ်အုန်းဖာလည်း ပညာသည် ကဝေပဲ၊

ငါကလည်း ပညာသည်ကဝေပဲ ...။

မယ်အုန်းဖာကလည်း ပညာမသေးဘူးကွယ် ...။

ကဝေအကြီးစားပဲ ...။

အိမ့်တလိမ့်စုန်းအတတ်၊ မောက်လုံးအတတ်၊ ခေါင်းစုန်း၊ ခြေစုန်း အတတ်၊ မောက်ပြားစုန်းအတတ် အားလုံးတတ်တယ်။ အဲဒီ စုန်းအတတ် တွေ တတ်မြောက်ပြီး အဲဒီစုန်းတွေကို နိုင်တယ်၊

ငါကလည်း နတ်ကဝေ မြောက်စုန်းပဲ၊

ကဝေကြီး ခေါ်တာပေါ့ကွယ်၊

ဖမ်းစားပြုစားတဲ့အတတ်ကို ကျွမ်းသူတွေပေါ့၊



ဒါတို့ ကဝေမြောက်စုန်းနဲ့ အိမ့်တလိမ့်စုန်းတွေဟာ "နဝမသညာ" ကို သိတယ်။ ဆိုလိုတာက ငါတို့အောက်က စုန်းတွေရဲ့ အကြံအစည်ကို သိနိုင် တယ်။ လိုအပ်မှ သိတာပေါ့၊ မလိုရင် အမှုမဲ့ပဲ ရှိတယ်။

တစေစုန်း၊ ခြေစုန်း၊ လက်စုန်း၊ အိမ့်တလိမ့်စုန်း၊ မှော်ဝင်စုန်း၊ ဇော်ဂနီ ရှိန်း သားစားစုန်းတွေဟာ အမဲသားငါးကနေ လူ့အသွေးအသားထိ နှစ်သက် ကြတယ်၊

ဒါကြောင့် - သားစားစုန်းလို့လည်း ခေါ်တယ်။

တစေပျံဆိုတာ ရှိသေးတယ်ဟေ့။

အလွန်ကို စွမ်းတာပဲ၊ ကိုယ် မနှစ်မသက်တဲ့သူကို စိတ်ရှိတိုင်း ညှဉ်းပန်း နှိပ်စက်နိုင်တယ်ကွယ်။

ပြီး - မှော်စုန်းဆိုတာ ရှိသေးသဟေ့၊

မှော်ဝင်စုန်း၊ စုန်းမှော်၊ နတ်စုန်း၊ သိုးမှော်စုန်း၊ မှော်စုံစုန်း၊ စုန်းဘီလူး၊ မှော်သိမ်းစုန်း၊ မှော်ပါစုန်း၊ မှော်စဉ်စုန်းဆိုတာ ရှိသေးတယ်၊

အဲဒီစုန်းတွေက နာနာရုပ်အမျိုးမျိုး ဖန်ဆင်းနိုင်တယ်၊ မင်းတို့ ဆရာ ခိုင် နှစ်ဆောင်ပြိုင် ရုပ်ရှင်ကြည့်ဖူးလား - စာရေးဆရာ"

"ကြည့်ဖူးပါတယ် - အမေ"

"အဲဒီရုပ်ရှင်မှာ ဒေါ်မြလေးက ပညာသည်စုန်းမကြီးပဲ၊ သူ့တပည့် စုန်း တွေက ရုပ်အမျိုးမျိုး ဖန်ဆင်းပြီး ဇရပ်ပေါ်မှာ အိပ်နေတာလေ"

မင်းသမီးကို မျောက်ကလေး ဖြစ်သွားအောင် ပြုစားလိုက်တာ ကြည့်ရ ဟုတ်လား၊

ကဝေမကြီး ဒေါ်မြလေးက သူ့သမီးနဲ့ အိမ်ရှေ့မင်းသားနဲ့ ညားစေချင်လို့ အိမ်ရှေ့မင်းသားရဲ့ ချစ်သူကို နာနာရုပ်ပြောင်းသွားအောင် ပြုစားလိုက်တာ၊

အဲဒါ - အမှန်ပဲ၊

အဲဒီပညာတွေ ရှိခဲ့ဖူးတယ်၊

သို့သော် - ရှားပါးသွားပြီကွယ်၊



www.burmeseclassic.com

www.burmeseclassic.com

ပညာဆက်ပြတ်သွားတာလည်း ပါတာပေါ့ . . .။

အထက်ဂိုဏ်းဆရာကြီးတွေရဲ့ သုတ်သင်ဖယ်ရှားပညာအာဏာ သိမ်းသွားတာလည်း ပါတာပေါ့။

အချို့အထက်လမ်း ဆရာကြီးများက ပညာသိမ်းပြီး ပညာပြတ်အောင် လုပ်ခဲ့လို့ သစ္စာရေတိုက် ကျိန်ဆိုခဲ့ရလို့ ပညာကန်းသွားတာလည်း ရှိတယ်။

အချို့စုန်းကဝေ ပညာသည်များကျတော့လည်း ပညာပြိုင်ရင်း အရေးနိမ့်လို့ အသက်ဆုံး ပညာဆုံးသွားတာလည်း ရှိတာပေါ့။

အချို့ကျတော့လည်း နောင်တရလို့၊ အသိတရားရလို့ ဘုရားရှေ့မှ သစ္စာဆိုပြီး ယုတ်ညံ့တွေကို စွန့်ပယ်သစ္စာပြုပြီး ရတနာသုံးပါး မြဲမြံသွားတာလည်း ရှိတာပေါ့ . . .။

"အမေမြို့ကရော"

"အမေလည်း အဲဒီလိုလုပ်ခဲ့တာပေါ့"

စုန်းကဝေ၊ ပညာသည်တွေအကြောင်းပြောရင် ဆုံးနိုင်ဖွယ် မရှိဘူး တရေးဆရာ။

စုန်းအမျိုးပေါင်း (၆၀)ကျော်ဆယ်ကျော်ရှိတယ်၊ ထားတော့ကွယ်။

စာစောက ဇာတ်လမ်းကို ဆက်ကြရအောင်ပေ့ါ။

ငါ့ခေါ်ခိုင်းလိုက်တဲ့ တပည့်မ မိပြာပြန်ရောက်လာတယ်။

"မိပြာ ..."

"ရှင် - အမေမြို့"

"မနော်ပါလာလား"

"မပါဘူး - အမေမြို့"

"ငါခေါ်တာကို မလာရအောင် သင်းက ဘာကောင်မ မို့လို့လဲ"

"အမေမြို့"

"ငါမေးတာ အလျင်ပြော - တယ်လေ -"

"မ - မနော် - မ - မထနိုင်ဘူး၊ ဒါကြောင့် -"

"ဘာ - ဘာ - ဘာဖြစ်လို့ - သင်းက မထနိုင်ရတဲ့တုံး - မိပြာ"

"ခံလိုက်ရလို့တဲ့"

"ဟင်"

ခံလိုက်ရလို့တဲ့။ ဒါနဲ့ - ငါလည်း မနော်တို့အိမ် ရောက်သွားရော။ မနော်ကို မြင်လိုက်ရတော့တာပဲ၊ ထိချက်က ပြင်းသပေ့ါ။

မနော်ရဲ့ခြေနှစ်ချောင်းဟာ ယောင်ကိုင်းကြီးထွားနေတယ်၊ ခြေထောက်နှစ်ချောင်းဟာ ပြည်တောင်းတစ်လုံးမက ကြီးထွားတင်းပြောင်ပြီး လှုပ်လို့မရဖြစ်နေတာကြောင့် မနော်ဟာ မျက်ရည်တွေကျပြီး ငိုနေတာကို ငါ မြင်လိုက်ရတော့တယ်၊

မြင်တာနဲ့ ငါ သိလိုက်ပြီလေ ...။

ငါ့တပည့်မ ခံလိုက်ရပြီ ...၊

ဒါ - ခြေစုန်းတွေ ပြုစားလိုက်တဲ့ လက်ရာပဲ ...၊

ငါတို့လောကမှာ ခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်း၊ မောက်စုန်း၊ မောက်ပြား၊ အိမ့်တလိမ့်စုန်းနဲ့ ကဝေမြောက်စုန်းဆိုတာ အသီးသီးရှိတယ်ကွယ်၊

ပညာကြီးတာက အိမ့်တလိမ့်စုန်းနဲ့ ကဝေမြောက်ပဲ၊

ကဝေမြောက်ဆိုတာ အဆင့်မြင့်တယ်။ ဒီစုန်းနှစ်မျိုးစလုံးက ကတော်ကြီးတွေကို အားကိုးအားထားပြုတယ်။

အိမ့်တလိမ့်စုန်းနဲ့ ကဝေမြောက်စုန်းကြီးတို့ဟာ အဲဒီကတော် (မယ်တော်ကြီး)များနဲ့ ကဝေနတ်၊ ဥရှုနတ်။ ဥရှုနတ်ဆိုတာ အိမ်တွင်းနတ်ကို ပြောတာ၊ ဇော်ဂနီ၊ ဇော်ဂနက်တို့ကို အကြောင်းပြုခိုင်းစေပြီး ဖမ်းစားနိုင်ကြတယ်၊

ကိုယ်တိုင် သွားထိကိုင်လုပ်စရာ မလိုဘူး၊

ခိုင်းစားလို့ ရတယ်၊

ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံး၊ မောက်ပြားတို့က အောက်နတ်တွေကို ခိုင်းလို့၊ စေလို့၊ ပြောလို့၊ ပတ်ဖွဲ့လို့ မရဘူး၊





www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုယ်တိုင် ပညာအစွမ်းနဲ့ ပယောဂကို သွင်းရ ဖွဲ့ရတာ။

မနော်က ငါ့တပည့် ခေါင်းစုန်းပဲ။

မနော်ကလည်း ရန်သူရဲ့ခြေရာ၊ အရိပ်ကို မြင်ရရုံနဲ့ ပယောဂသွင်းလို့ ရတဲ့ စုန်းပဲ။

ငါတို့နေတဲ့အရပ်မှာ တောင်ရွာနဲ့ မြောက်ရွာဆိုတာ ရှိတယ် စာရေးဆရာရေ ...။

နှစ်ရွာစလုံး ပညာသည်တွေချည်းပဲ။

ဟိုးမြန်မာ ရှင်ဘုရင် လက်ထက်ကတည်းက ရှိခဲ့၊ တည်ခဲ့တဲ့ စုန်းကဝေ ရိုးရာမျိုးရိုးအရပ်ပဲဟေ့။

ကလေးကအစ လူကြီးအဆုံး ထမင်းစားရေသောက်တော့ တတ်ကြတာပဲ။

ကြီးတဲ့သူကတော့ ကြီးတဲ့အလျောက်ပေါ့။

တစ်ခါတစ်ခါ သူတို့ချင်း ပညာစမ်း ပညာပြိုင်၊ ပညာတက်၊ ပညာလက်ဆင့်ကမ်း လုပ်ကြတယ်။

ပညာနတာနဲ့ ရင့်တာပဲ ကွာတယ်။

ပညာပြချင်တဲ့ သူနဲ့ ပညာမပြချင်သူပဲ ကွာတယ်။ သုံးတဲ့သူနဲ့ မသုံးတဲ့သူပဲ ကွာတယ်၊ အကုန်တတ်တာချည်းပဲ။

ငါက တောင်ရွာမှာ အကြီးအမှူးကဝေ (စုန်း)။

မယ်အုန်းဖာက မြောက်ရွာက အကြီးအမှူးပညာသည်ပေါ့။ နှစ်ရွာစလုံး မယ်ဖာနဲ့ ငါရဲ့လက်ထွက်တပည့်တွေ ဆိုပါစို့ကွယ်။

ယောကျ်ားတွေထက်စာရင် မိန်းမတွေက ပိုပြီးပညာသွက်တယ်ဟေ့၊ အနိမ့်ဆုံးတော့ ချေးစားစုန်းပဲ။

နတ်တော်လရောက်ရင် ငါတို့ပညာကန်တော့ပွဲ လုပ်ကြရတယ်။ ပညာတတ်တဲ့သူတိုင်း တက်ရတယ်။

အဲဒီမှာ ကြည့်ပြီး အဆင့်တက်ပေးရတာပဲ။



ယောကျ်ားသားတွေက ကြာတော့ ဒီစုန်းကဝေပညာကို မသုံးချင်ဘူး၊ မတက်ချင်ဘူး၊ မိန်းမသား သူစိမ်းတွေ အထင်သေးမှာ၊ ရွံမှာ၊ ရှောင်မှာစိုးလို့တဲ့။

ငါတို့ပညာသည် လူကြီးချင်းမှာ ပြဿနာမရှိဘူး၊ အောက်လက်ငယ်သားတွေမှာတော့ ပြဿနာရှိကြတယ်။

တစ်ရွာနဲ့တစ်ရွာ အကြောင်းကြီးငယ် သာမှုနာမှုရှိရင် ကူးလူးဆက်ဆံသွားကြရတာ။

အဲဒီမှာ လူငယ်တွေပေါ့ . . .။

အထူးသဖြင့် စုန်းပညာတတ်ခါစ မိန်းမရွယ်တွေ မိန်းမကြီးတွေပေါ့၊ တစ်ရွာသူကို ပညာစမ်းလိုက်တာပဲ။

ငါတို့တောင်ရွာက ပညာသည်မိန်းမရွယ် ညှံ့ရင်ခံရောပဲ၊ ဒီလိုပဲ - သူတို့မြောက်ရွာသူတွေ ညှံ့ရင်ခံပဲ။

ပက်ပက်စက်စက်ခံရရင် ငါတို့ အကြီးအမှူး ပညာသည်ကြီးတွေက တုသဆုံးမ တားမြစ်ရတာပေါ့။

အခု - မနော် ဒီလိုမျိုးခံရပုံပဲ။

ဒါ - မြောက်ရွာသူ လက်ချက်ပဲနေမှာ၊

ကိုယ့်ရွာသူအချင်းချင်းတော့ လုပ်ခဲပါတယ်ကွယ်။

"မနော် ..."

"အမေရှုံ"

"ပြော - နင် ဘယ်လိုဖြစ်ခဲ့ရတာတုံး"

ဒီမှာပဲ မနော်က ငိုသံပါနဲ့ နောက်ကြောင်းပြန်ပါရောဟေ့ ...။

"ခြေထောက် မြှောက်လို့ရရဲ့လား"

"မ - ရ - ဘူး"

"လှုပ်လို့ရော - ရလား"

"မ - ရ - ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"နင်ခံရတာ ဘယ်နရက်ရှိပတုံး"

"နစ်ရက် - ရှိ - ရှိ - ရှိသွားပြီ - အ - အ"

"နင့်ကို ဘယ်သူ လုပ်လိုက်တာလဲ မနော်"

"မယ် - မယ် - မုန့်"

"မိဇာကြီးရဲ့တပည့်မ မယ်မုန့်လား"

"ဟုတ် - ဟုတ်"

"တောက် - ငါ့တပည့်ဖြစ်ပြီး ခံရတယ်လို့အေ - ဖွီး"

"သင်း - သင်းလည်း ခံရမှာပဲအေ"

"ဘာလဲ - ညည်းက ပြန်လုပ်ခဲ့လို့လား"

"အင်း"

"သေနိုင်လား"

"ဟင့်အင်း - သိသာရုံပါ"

"အခု - နင်ခံနေရပြီလေ"

"ကျွန်မကို ကယ်ပါဦး အမေရယ်"

ဒါနဲ့ - ငါက ပေါင်ရင်းကနေ လက်နဲ့သပ်ချပြီး ဝင်နေတဲ့ ပယောဂတွေကို ထုတ်ပြီး ရွာပြင်လွှတ်ပစ်လိုက်တယ်။

ပြီး - ရောင်ကိုင်းနေတဲ့ နေရာတွေကို ငါ့လက်ဝါးစောင်းနဲ့ ခုတ်ခုတ်ချ ပေးလိုက်ရော ...။

ရောင်ကိုင်းနေတဲ့ ခြေနစ်ဖက်ပေါ်ကနေ အခိုးအငွေ့တွေ ရုတ်ခြည်းပေါ် လာပြီး အိမ်ထဲကနေ ရွာပြင်ကို ဝေ့ဝဲပျံသန်းသွားတာ အားလုံးမြင်လိုက်ရ တယ်။

"ခြေထောက်ကို လှုပ်ကြည့်စမ်း"

"လှုပ်လို့ရပြီ - အမေရှဲ့"

"မြှောက်ကြည့်"

"ရပြီ - အမေ"



"မြှောက်လို့ရရင် ထရပ် - လမ်းလျှောက်"

မနော် ထရပ်ပြီး လမ်းလျှောက်တယ်။ သင်း မျက်နှာပေါ်မှာ ဝမ်းသာရိပ် တွေ သန်းလို့ ...။

"မနော်"

"ရှင် - အမေရှဲ့"

"နင်တို့ ဘယ်လိုဖြစ်ကြတာလဲ - ပြော"

"ဒီလိုပါ - အမေ"

✷

ကျွန်မက မြောက်ရွာက မိစန်းတို့အိမ် သွားလည်တာပါ - အမေ။ မိစန်း က ပညာမတတ်ဘူး။ ရိုးရိုးသားသားပါပဲ - အမေ။

မိစန်းတို့အိမ်မှာ မြို့သားချေ့သည်တစ်ဦး ရောက်နေတယ်။ နာမည်က ကိုလရောင်မြို့တဲ့။

ချောမှချောပဲ။ အရွယ်ကလည်း ကျွန်မတို့နဲ့ ရွယ်တူပဲ။ မြို့ပေါ်က မြို့ပိုင်ရဲ့ သားတွေးတဲ့။ သူ့အဘ မြို့ပိုင်ကတော့ ရွာကိုစစ်ဆေးပြီး ပြန်သွားပြီ။ သူက မိစန်းအစ်ကိုနဲ့ ကျောင်းနေဖက်မို့ ကျန်ရစ်တာ။

ရွာထဲမှာ လူရွယ်လူချောတစ်ဦးရောက်နေတယ်။ ကြားတော့ - ရွာထဲက မိန်းမတွေပိုင်းလာကြ၊ ကြည့်ကြ၊ မိတ်ဆက်ကြ၊ ဟင်းခွက်တွေပို့ကြ၊ အိမ် အလည်ခေါ်ကြပေါ့။

အဲဒီမှာ မိရှင်မုန့်လည်း ရောက်လာတာပဲ ...။

ရှင်မုန့်ကလည်း ကျွန်မလိုပဲ လုံးကြီးပေါက်လှပဲ။

ကျွန်မက အသားဖြူတယ်၊ ရှင်မုန့်က အသားညိုစိမ့်လေ။ ကိုလရောင် ဦးနဲ့ ကျွန်မတို့နှစ်ယောက်စလုံးနဲ့ ခင်မင်သွားကြတယ်။

"မရှင်နော်တဲ့လား"

"ဟုတ်ကဲ့ပါ - ရှင့်"



www.burmeseclassic.com

www.burmeseclassic.com

"ချောလိုက်တာဗျာ"

"ဟင်း - ဟင်း - ဟင်း - မမြှောက်ပါနဲ့ရှင်"

"ဒီက နမကာ မရှင်မှန်နော်"

"ဟုတ်ပတော်"

"ညီရော့ပဲကို"

"ခစ် - ခစ် - ခစ်"

ဒီမှာ မိစန်းရဲ့အစ်ကို ကိုသိန်းချစ်က ပြောရော ...

"မောင်မြို့"

"ဘာလဲ - ကိုချစ်"

"အချောတွေကြားထဲ ညှပ်နေဦးမယ်ပေါ့"



ခြေသလုံးရိုးတွေကလည်း မခံမရပ်နိုင်အောင်

ကိုက်ခဲနာကျင်နေတယ်။ သိလိုက်ပြီ။

ကျွန်မကို ရှင်မှန် ပညာပြလိုက်ပြီ ...။

ဒီမှာပဲ ရှင်မှန်လာပေးသွားတဲ့

ကြက်သားနဲ့ ဖရုံသီးဟင်းထဲမှာ

ချည်တစ်ချောင်းတွေ့လိုက်လို့

ယူပြီး ပညာနဲ့ ပြန်စီရင်လိုက်တယ်။

ကျွန်မက ခေါင်းစုန်းပဲလေ ...။



"ဟာဗျာ - ကိုချစ်ကလည်း"

"ခစ် - ခစ် - ခစ် - ခစ်"

"ဟင်း - ဟင်း - ဟင်း - ဟင်း - အဟုတ် - အဟုတ်"

တိုတိုပြောရရင် ကျွန်မရော၊ မယ်ရှင်မှန့်ရော ကိုလရောင်မြို့ကို အပြိုင်ပိုးကြတယ်။

ကျွန်မ ကိုလရောင်မြို့ကို မြင်မြင်ချင်း ချစ်သွားပြီလေ ...။

ကိုလရောင်မြို့နဲ့ အစ်ကိုသိန်းချစ်တို့က အိမ်လွတ်ကြီးတစ်လုံးမှာ လွတ်လွတ်လပ်လပ် အတူနေကြတယ်။

ကျွန်မကလည်း မိစန်းတို့အိမ်မှာ တစ်ပတ်နေဖို့ စီစဉ်ထားတော့ ကိုလရောင်မြို့တို့ စားဖို့ ဟင်း၊ ထမင်းကို ကျွန်မနဲ့ မိစန်း သွားသွားပို့ရတယ်။

အဲဒီမှာ မိရှင်မှန့်ကလည်း စားကောင်းစားဖွယ်တွေ လာပို့တယ်။ ထမင်းစားရင် ရှင်မှန့်နဲ့ ကျွန်မက ကိုလရောင်မြို့ကို အနားကယပ်ခပ်ပေး၊ ဟင်းထည့်ပေး၊ ရေနွေးကမ်းပေး။

တစ်ယောက်အထာ တစ်ယောက် သိနေကြတော့ ...။

သိပ်မကြည်ကြဘူး ...။

ကျွန်မနဲ့ မိစန်း မပြန်မချင်း ရှင်မှန့်ကလည်း မပြန်ဘူး။ ဒီအကြောင်းကို ကိုသိန်းချစ်တို့လည်း ရိပ်မိကြတယ်။ ကျွန်မကလည်း ရှင်မှန့်ပြန်မှ ပြန်တော့ ...။

အကြောင်းသိချင်း ငြိကြတာပေါ့ - အမေ။

"မနော်"

"ဘာလဲ - ရှင်မှန့်"

"နင် - တောင်ရွာကို မပြန်သေးဘူးလား"

ကျွန်မ ရွဲ့ပြီး ပြောလိုက်တယ်။

"ကိုမြို့နဲ့ မြောက်ရွာမှာ မင်္ဂလာဆောင်ပြီးမှ ငါ့ရွာကို ပြန်မယ် ရှင်မှန့်ရေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

"ဟုတ်တယ်ဟေ့"

"အသေတွက်ပေါ့အေ"

"ဟဲ့ကောင်မ - နင် ဘာပြောလိုက်တယ်ဟေ့ - ဟေ့"

မရှင်နော် ပြန်မပြောဘူး၊ သုတ်သုတ် သုတ်သုတ် ပြန်သွားခဲ့တယ်၊

နောက်နေ့မှာ ရှင်မှန့်က ကိုလရောင်မြို့ကို လက်ဖက်ကျွေးပြီး ပြန်တယ်၊ လက်ဖက်စားပြီး မကြာဘူး ဝမ်းဗိုက်အောင့်လို့ အော်နေရပါရော ...၊

ဆေးတိုက်လည်း မရဘူး၊ လူးလိမ့်နေတယ်၊

ကျွန်မ ရောက်သွားလို့ ကြည့်လိုက်တော့ မရိုးမှန်းသိလိုက်ပြီ ...၊

ဒါနဲ့ စစ်ဆေးလိုက်တော့ ...

ရှင်မှန့်က စားမည့်လက်ဖက်ထဲ ပညာနဲ့ စီရင်လိုက်တာ သိရော၊

အဲဒီလက်ဖက်ကို ပြန်နုတ်လွှင့်ပစ်ကုပေးလိုက်တော့ ကိုလရောင်မြို့ အောင့်တာ ပျောက်သွားတော့တယ်၊

"ကိုမြို့"

"ကျေးဇူးတင်လိုက်တာ - မနော်ရယ်"

"နောင်ကို ရှင်မှန့်ကျွေးတိုင်း မစားနဲ့"

"ဗျာ - ဘာဖြစ်လို့လဲဟင်"

"မစားနဲ့ဆို နားလည်မှပေါ့ရှင်"

အစ်ကိုသိန်းချစ်ကတော့ သဘောပေါက်တယ်၊ ဒါပေမဲ့ - ကိုမြို့ကို ဖွင့်မပြောဘူး၊ ကျွန်မ ပညာတတ်မှန်းလည်း အစ်ကိုချစ်က သိတာပဲလေ၊ ဒါပေမဲ့ - သူက ကြောက်တတ်တယ်လေ၊ မပြောဘူး၊

ဒါနဲ့ - ကြာရင် ရှင်မှန့်ပြုစားလို့ ရှင်မှန့်နောက်ပါမှာစိုးတာနဲ့ ကျွန်မလည်း ကွမ်းယာစီရင်ပြီး ကိုမြို့ကို ကျွေးလိုက်တယ်၊

အရေးကြီးတာ ကိုမြို့ ကျွန်မကို အာရုံစိုက် မျက်နှာသာပေးပြီး ကျွန်မ ခေါ်ရာကို လိုက်ခဲ့ဖို့ပဲ၊



ကျွန်မ စီရင်လိုက်တဲ့ ကွမ်းယာစားပြီးနောက်ပိုင်း ကိုမြို့က ကျွန်မကို မမြင်ရရင် မနေနိုင်တော့ဘူး၊

ပါးစပ်ဖျားကလည်း ရှင်နော် - ရှင်နော် မေးနေတာပဲ၊

ဒီလိုနဲ့ ကျွန်မနေတဲ့ တောင်ရွာကို အလည်ခေါ်ဖို့ လုပ်နေတုန်း ကျွန်မ ခြေထောက်တွေ လေးနေတာကို သိလိုက်တယ်၊

ခြေသလုံးရိုးတွေကလည်း မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်နေတယ်၊ သိလိုက်ပြီ၊ ကျွန်မကို ရှင်မှန့် ပညာပြလိုက်ပြီ ...၊

ဒီမှာပဲ ရှင်မှန့်လာပေးသွားတဲ့ ကြက်သားနဲ့ ဗရုံသီးဟင်းထဲမှာ ဆံပင်ရှည်တစ်ချောင်းတွေ့လိုက်လို့ ယူပြီး ပညာနဲ့ ပြန်စီရင်လိုက်တယ်၊

ကျွန်မက ခေါင်းစုန်းပဲလေ ...၊

သင်းရှင်မှန့် မကြာခင် သိရတော့မှာပါ၊

ညဘက်လည်း ရောက်ရော၊ ကျွန်မ ခြေနှစ်ချောင်း လှုပ်လို့မရတော့ဘူး၊ ကျွန်မ ခံလိုက်ရပြီ၊ ဒီရွာမှာ ဆက်နေရင် ကျွန်မ သေလိမ့်မယ်၊

ဒါကြောင့် - ရွာက လူတွေမသိအောင် လှည်းတစ်စီးနဲ့ တောင်ရွာကိုပြန်ခဲ့ပေမယ့် စောစောက အမေမြို့မြင်ရတဲ့အတိုင်း ကျွန်မ ခြေလှုပ်လို့မရ ဖြစ်ခဲ့ရတာပဲ - အမေ"

"အော် - မိရှင်မှန့်က ခြေစုန်းကိုးအေ့၊ ညည်းတို့ သံသရာမရှည်သင့်ဘူး အေ၊ ဒါ - ဟိုကောင်လေးကြောင့် ဖြစ်တာပဲ"

"ကိုမြို့က ဘာမှမသိဘူး - အမေမြို့"

"ကောင်လေးသဘောကရော ဘယ်သူ့ကို ကြိုက်တုံး"

"မပြောတတ်ဘူး၊ ကျွန်မတို့ ကြံစည်ကြိုးစားကြတုန်းပဲ"

"ညည်း - အခု ကောင်လေးကို ကြိုက်တုန်းပဲလား"

"..............."

ရှင်နော် ပါးစပ်က မပြောဘူး၊ ခေါင်းငုံ့နေတယ်၊

"လင်ရှားလို့လား - ရှင်နော်"



www.burmeseclassic.com

www.burmeseclassic.com

"……………….."

"လင်တစ်ယောက်ကြောင့် နှစ်ရှာ ပညာပြိုင်ရရင် ဘယ်လိုလုပ်မတုံး - ဖွိ"

"……………….."

✸

နောက်နေ့ ငါ မြောက်ရွာကိုသွားပြီး မြောက်ရွာသူကြီးမယ်အုန်းဇာကို ခေါ်ပြီး ရှင်မုန့် အိမ်ကို ရောက်သွားခဲ့တယ်။

ရှင်မုန့်လည်း စုမ့ နေကောင်းခါစတဲ့ ...။

"ညည်းတို့ ဘယ်လိုဖြစ်ကြတာတုံး - မယ်မုန့်ရယ်"

ရှင်မယ်မုန့်ကလည်း အမှန်အတိုင်း ပြောပြတယ်။

"ကျွန်မလည်း ကိုမြို့ကို ကြိုက်တယ် - ကြီးတော်ခြံ့။ ရှင်နော်ကလည်း ကိုမြို့ကို ကြိုက်နေတာပဲ၊ ရှင်းအောင်ပြောရရင် ရည်းစားလု၊ လင်လုရင်း ကိုယ့်ဘက်ပါအောင် ပညာသုံးကြတယ်၊ ကျွန်မ လက်ဖက်သုံးတာကို ရှင်နော်က သိသွားပြီး ကွမ်းယာစီရင်ကျွေးလိုက်တော့ ကိုမြို့က ရှင်နော်မှ ရှင်နော် ဖြစ်နေပါရော၊ ကျွန်မ သိတာပေါ့၊ ကိုမြို့ကို ရှင်နော် အပါခေါ်သွားတော့မယ်၊ ဒီတုန်းက ကျွန်မ ပိုင်းဖြတ်ထားတယ်၊ ကိုမြို့ကို ကျွန်မ အရယူမယ်၊ ရှင်နော် ဘဝပျက်ရမယ်၊ ဒါကြောင့် - ရှင်နော်ရဲ့ခြေရာကို ထောက်ပြီး ပြုစားလိုက်တာ၊ ရှင်နော်လဲရော၊ ရှင်နော်ကို ခြေစုန်းအတတ်နဲ့ ပြုစားပြီးမှပဲ ကျွန်မလည်း ခေါင်းလုံးဝ မထူနိုင်ပဲ ခေါင်းကိုက်လို့ လူးလိမ့်အော်ဟစ်နေတာ သေမတတ်ပဲ၊ အဲဒါ - အမေကြီး ဒေါ်အုန်းက လာပြီး လက်နဲ့ သပ်ချဖယ်ရှား ကုသပေးမှ ခေါင်းထူလို့ရတော့တယ် ကြီးတော်ခြံ့"

"မယ်ခြံ့"

"ဘာတုံး - မယ်ဇာ"

"နင့်တပည့်မလည်း ပညာမသေးဘူးအေ့"



"ညည်း - သိမှာပေါ့"

"ခေါင်းစုန်းပဲအေ့၊ ဒါကြောင့် - ငါ့တပည့်မယ်မုန့် ခေါင်းမထောင်နိုင်တာ"

"တော်ကြတော့အေ - လင်လုမနေကြနဲ့၊ ညည်းတို့ လင်လုတဲ့ကိစ္စမှာ ငါတို့ကန့်လန့် ကန့်လန့် ဝင်မပါချင်ဘူး။ ညည်းတို့ကောင်လေးကို မေး။ သူက ညည်းကို ကြိုက်တယ်၊ ယူမယ်၊ လက်ထပ်မယ်ဆို ငါ့တပည့် မနှောင့်ယှက်စေရဘူး။ ကဲ - ညည်းကိုရော ကောင်လေးက ကြိုက်သတဲ့လား ရှင်မုန့်"

"မ - မ - သိဘူးရှင့်"

"ငါသိပါတယ်၊ ညည်းတို့နှစ်ယောက်စလုံး မိန်းမနောက်ပိုးတွေ"

ဒီမှာ - ဒေါ်ဇာက ...

"ဘယ်လိုလုပ်ရင် ကောင်းမတုံး"

"ကောင်လေး - မြို့ပေါ်ပြန်ရင် ကိစ္စပြီးပြီ"

"သူတို့က မြို့ပေါ် လိုက်သွားရင်ရော"

"ကောင်လေးက သင်းတို့ကို ချစ်မှာ၊ ကြိုက်မှာလား"

"မပြောတတ်ဘူးလေ"

"ပွင့်ပွင့်လင်းလင်း မေးရင်ကော"

"အဲလိုပဲ လုပ်ရမှာပဲ၊ နို့မို့ - ဒီလင်လုဘက်တွေကြောင့် ငါ့ကိုပါ ဒုက္ခရောက်မယ်"

"ကြာတယ်အေ - ကောင်လေးကို သွားမေးကြမယ်ဟေ့"

ငါတို့ မောင်လရောင်မြို့နေတဲ့ အိမ်ကို ရောက်တော့ သိန်းချစ်ကို တွေ့ရတယ်။

"သိန်းချစ်"

"ခင်ဗျာ - ကြီးတော် ဘာကိစ္စရှိလို့ပါလဲ - ခင်ဗျ"

"ညွှန့်သည်မောင်ရင်လေး ရှိလားဟေ့"

"မရှိဘူး - ကြီးတော်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သွားလို့တုံး၊ ငါတို့က သူနဲ့ စကားပြောစရာ ရှိလို့ပါကွယ်"

"ကိုမြို့ - မြို့ပေါ် ခဏပြန်တယ် ကြီးတော်"

"ဘယ်တော့ ပြန်လာမတဲ့တုံး"

"တစ်ပတ်နေရင် ပြန်လာမယ်လို့ ပြောတယ်ခင်ဗျ"

ဒါနဲ့ - ငါတို့နှစ်ဦး သိန်းချစ်ကို စိုက်ကြည့်ပြီး ပြောရရော -

"သိန်းချစ်"

"ခင်ဗျာ"

"ငါတို့ကို နင် သိတယ်နော် - သိန်းချစ်"

"သိ - သိ - ပါတယ် - အမေ"

"ငါတို့ကို မညာနဲ့"

"မငုံပါဘူး - ကြီးတော်တို့ရယ်၊ မယုံရင် အိမ်ပေါ်တက်ကြည့်ကြပါဗျာ"

"ကောင်လေးပြန်လာရင် ငါတို့ကို လာပြော"

"ဟုတ် - ဟုတ်ကဲ့"

ငါတို့နှစ်ဦး ပြန်လာခဲ့လိုက်ကြတယ်၊ ကောင်လေးကိုတွေ့ရင် ပွင့်ပွင့်လင်းလင်း မေးရမယ်လေ၊

ရှင်နော်ကို ကြိုက်လား၊

ရှင်မုန့်ကို ကြိုက်လား၊ ချစ်လား ...၊

ကောင်လေး ချစ်တဲ့သူနဲ့ ပေးစားရမှာပဲ၊

ကောင်လေးက ဘယ်သူမှ မကြိုက်ဘူးဆိုရင် ငါတို့တာဝန်ပြီးပြီ၊ သို့သော် - ကောင်လေးအတွက်တော့ စိုးရိမ်ရတာပေါ့၊ ဟိုကောင်မနှစ်ယောက်က ပြောလို့မရဘူးလေ၊ အမြင်ကတ်ပြီး ပြုစားလိုက်ရင် ...

ကောင်လေးဘဝ ရေစုန်မျောပြီ ...၊

✷



ဒီလို (၈) ရက်မြောက်တဲ့ မနက်မှာ သိန်းချစ် ငါတို့တောင်ရွာကို ရောက်လာတယ်၊

"ကြီးတော်ခြံ - ဗျို့ - ကြီးတော်ခြံ"

"ဟဲ့ - ဘယ်သူတုံး"

"ကျွန်တော် သိန်းချစ်ပါ - ကြီးတော်ခြံ"

"သိန်းချစ် - ဘာကိစ္စတုံး"

"မောင်မြို့ရွာကို ပြန်ရောက်လာပါပြီ - ကြီးတော်ခြံ"

"ဟုတ်လား - ဒါဆို လာခဲ့မယ်ဟေ့"

မောင်မြို့ပြန်ရောက်ပြီ ကြားရော ငါတပည့်ရှင်နော်လည်း လှလှပပ ဝတ်စားပြီး ငါနဲ့တောင်ရွာကို လာခဲ့ကြတယ်၊ သွက်နေတာပဲဟေ့၊

ရှင်နော်လည်း ကောင်လေးကို တွေ့ရမှာမို့ ပျော်လို့၊ ဟော - ဟိုမှာ မယ်ဇာတို့ ဆရာတပည့် မဟုတ်လား၊ အံမယ် ...၊

သူ့တပည့်ရှင်မုန့်ကလည်း ခြယ်သထားတာ ပျံနေတာပဲ၊ ကောင်မနှစ်ယောက် ပြန်ဆုံကြတော့ မျက်စောင်းတခဲခဲနှင့်၊

"သိန်းချစ်ရေ ..."

"ဟော့ - သိန်းချစ်"

"ဗျာ"

"ငါတို့ လာပြီဟေ့"

"လာကြပါ - ကြီးတော်တို့၊ နမတို့အိမ်ပေါ်ကို ကြွကြပါခင်ဗျ၊ ထိုင်ကြပါခင်ဗျ"

ဒါနဲ့ - ငါတို့အားလုံး အိမ်ပေါ်ကို တက်ခဲ့ကြတော့ ...

ခေါင်းရင်းမှာ သင်္ကန်းဝတ်တစ်ပါး ငါတို့ကို ကျောပေးပြီး ပုတီးစိပ်နေတယ်၊

ရဟန်းပုတီးစိပ်နေတဲ့အိမ် ငါတို့ရောက်သွားတော့ တစ်ကိုယ်လုံးယားယံပြီး နေရထိုင်ရခက်နေပါရော၊ ငါတို့နဲ့ ရဟန်းနဲ့အပ်စပ်တာ မဟုတ်ဘူးလေ၊ လူကို လူးလွန့်နေတယ်ကွယ်၊ ဒါ - သိန်းချစ် စနက်နေမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

နေနှင့်ဦးပေါ့ - သိန်းချစ်ရယ်။ ဒါနဲ့ - ကိစ္စပြီးအောင် မေးရမယ်၊

"သိန်းချစ်"

"ဗျာ"

"မောင်လရောင်မြို့ရော"

"ရှိပါတယ် - ကြီးတော်"

"ငါတို့ တွေ့ချင်တယ်၊ ခေါ်လိုက်ပါ သိန်းချစ်"

"ဟုတ်ကဲ့ - ဦးဖင်းဘုရား - ရပ်တော်မူပြီး တပည့်တော်တို့ဘက်ကို လှည့်တော်မူပါ - ဘုရား"

သိန်းချစ်က ဒီလို လျှောက်လိုက်ရော ...

သက်န်းဝတ်က ပုတီးစိပ်နေတာရပ်ပြီး ဖြည်းဖြည်းချင်း လှည့်လိုက်တယ် ...။

"ဟင်"

"အို"

"အလို"

"ဒါ - ဒါ - ကို - ကိုမြို့ - ကိုမြို့ - မဟုတ်လားဟင်"

"ကိုမြို့ - မဟုတ်ပါဘူး - ဒကာမလေး။ ရှင်ဝိမလလို့ ခေါ်ပါတယ်"

"အို"

သူတို့ အစုမြင်နေရတာ မြို့ပိုင်သား ကိုလရောင်မြို့မဟုတ်တော့ဘူး၊

သက်န်းဝတ် ရှင်ဝိမလ ...။ ဦးဖင်း ရှင်ဝိမလ ...။

ဒေါ်မြို့၊ ဒေါ်ဇာ၊ ရှင်နော်နဲ့ ရှင်မုန့်တို့ အံ့အားသင့်ပြီး အသံတိတ်ကုန်ကြတယ်၊ ဘာလုပ်လို့ လုပ်ရမှန်းမသိ၊

သူတို့ တွေ့ချင်တာ မောင်မြို့ ...။

မေးချင်တာက ရှင်နော်နဲ့ ရှင်မုန့် နှစ်ဦးအနက် ဘယ်သူ့ကို ချစ်လဲ၊ ကြိုက်လဲ ...။

ချစ်ရင်၊ ကြိုက်ရင် ဒီရွာမှာ လက်ထပ်ပေးမလို့၊



ပြီးရင် - သူတို့ရဲ့ပညာသည် (စုန်းကဝေ) ဇာတ်ထဲသွင်းမလို့၊ ရှင်မုန့်နဲ့ ရှင်နော်ကို ငြိမ်းချမ်းရေး လုပ်ပေးမလို့၊ ဒါကြောင့် - လာတွေ့တာ၊

စုတွေ့နေရတာ မောင်မြို့မဟုတ်၊

ရှင်ဝိမလတဲ့၊ တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ရဟန်းပျို၊

"ဒကာမကြီးတို့ - ဒကာမလေးတို့ ..."

"..............."

"ဦးမချတော့ဘူးလားဟင်"

"..............."

ဦးဖင်းလေး ဝိမလက နှုတ်ခမ်းတွန့်ရုံလေး ပြုံးတယ်ဆိုရုံလေး၊

ဒီမှာ ငါကလည်း စ,ပြောရတော့တယ်၊

"သိန်းချစ် ..."

"ဗျာ"

"ငါတို့ ပြန်မယ်"

"ဟို - ဟို - စ - စကား - ပြော - ပြောကြဦးလေ"

"လာဟေ့ - ပြန်ကြစို့"

ငါတို့အားလုံး ခြေဆောင့်ပြီး အိမ်ပေါ်က ဆင်းခဲ့ကြတယ်၊ မြံပြင်ကို ရောက်တော့မှ ငါတို့အားလုံး တစ်ကိုယ်လုံး ယားယံနေတာ ပျောက်တော့တယ်၊

ဟိုကောင်မနှစ်ယောက်က သံယောဇဉ် မျက်လုံးတွေနဲ့ လှည့်ကြည့်လို့ ဟိုက သင်းတို့ကို ယောင်လို့တောင် မော့မကြည့်၊ လှည့်မကြည့်၊

သူတို့လည်း ခြေဆောင့်ပြီး ပြန်ခဲ့ကြတယ်၊

ကောင်လေး မောင်မြို့ကကောင်းပါတယ် - စာရေးဆရာ၊ လူဝတ်နဲ့သာ ဖြစ်နေရင် ...။

ဒီကောင်လေးရဲ့ ဝိညာဉ်ဟာ ငါတို့ရွာမှာ ရွာစောင့်သရဲအဖြစ် ကျွန်နေရရှာ၊ ငါတို့ သူ့အသက်ကို နုတ်ရမှာလေ၊

www.burmeseclassic.com

အခု ...

သက်နိုးဝတ်နဲ့ဆိုတော့ ...

ငါတို့ ဘာမှလုပ်လို့မရဘူး။

ဒီရဟန်းကိုမှု မဟုတ်ဘူး။

သိန်းချစ်တို့ မိသားစုကိုလည်း ပယောဂနဲ့ တိုက်ဖို့မလွယ်တော့ဘူး။

သူတို့က ဘုရားလူတွေ။

ငါတို့နဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်သွားပြီလေ – စာရေးဆရာ။

ဒီပွဲမှာ ငါတို့ နာသာခံခက်နဲ့ ရှုံးခဲ့ရပေါ့။

▶▶ မောင်ညိုမြိုင်း (သန်လျင်)

[illegible]



တောင်မှုးကြီး

စိမ်းပြာရေညှိတွက်သော
တွင်းတောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

# စိမ်း ပြာ ရေ ညို ထွက် သော
# တွင်းတောင်ကြီး

တောင်မှူးကြီး သိန်းဝင်း

၁၉၇၀ - ခုနှစ် ကျွန်တော် တက္ကသိုလ် တတိယနှစ် ဖြေပြီးတော့ အ,သုံးလုံး လုပ်အားပေး လိုက်ခဲ့ပြန်ပါသည်၊ ဤတစ်နှစ်ကတော့ ကျွန်တော်တို့ အ,သုံးလုံး ကျွန်တော်တို့အ,သုံးလုံး ရထားကြီး မုံရွာဘူတာကြီးသို့ ဆိုက်သည်၊ မုံရွာမြို့ အထက်တန်းကျောင်းကြီးတွင် ခေတ္တစုရပ်အဖြစ် နားခိုတည်းကြပြီး မုံရွာမြို့နယ်၊ အရာတော်မြို့နယ်နှင့် ဘုတလင်မြို့နယ်ဟူ၍ မြို့နယ် (၃)ခုခွဲရာတွင် ကျွန်တော်တို့အုပ်စုက ဘုတလင်မြို့နယ်ဘက်တွင် တာဝန်ကျပါသည်၊

တာဝန်ကျရာမြို့နယ်အသီးသီးသို့ဘတ်စ်ကားကြီးများဖြင့် သွားကြရပြန်သည်၊ ကျွန်တော်တို့အဖွဲ့က ယင်းမာပင်လမ်းခွဲ "မြို့ပေါ်ရွာ" ဟူသော ကျေးရွာအုပ်စုကြီးရှိ အလယ်တန်းကျောင်းကြီးတွင် မြို့နယ်အသုံးလုံးကော်မတီက တာဝန်ခွဲဝေကျရာ ကျေးရွာအသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပါသည်၊ တာဝန်ထမ်းဆောင်ချိန်က (၄၅) ရက် ကုလသမဂ္ဂ၊ ကမ္ဘာ့စာမတတ်သူ ပပျောက်ရေးအဖွဲ့မှ ပေးလှူသော အောက်လင်းဓာတ်မီးကြီးများနှင့် လက်နှိပ်ဓာတ်မီးများအား ခွဲဝေရရှိကြပါသည်၊

နောက်တစ်နေ့မနက်တွင် မနက်စာ စားပြီးသည်နှင့် တာဝန်ကျရာကျေးရွာအသီးသီးက လာရောက်ကြိုဆိုခေါ်ဆောင်သော နွားလှည်းများဖြင့် လိုက်ပါကြရပါသည်၊ ကျွန်တော် တာဝန်ကျရာက "တွင်းတောင်" ရွာတဲ့၊ မြို့ပေါ်ရွာကြီးနှင့် မဝေးလှပါ၊ သုံး၊ လေးမိုင်သာ ဝေးကွာပါလိမ့်မည်၊ မြို့ပေါ်ရွာကြီးမှ ယင်းမာပင်ကတ္တရာလမ်းကြီးကို ကျော်ဖြတ်ပြီး တစ်ဖက်ကမ်းနီးတောရွာကြီးရှေ့ လှည်းလမ်းမှ မြေပြန့်လမ်းအတိုင်း သွားရခြင်းဖြစ်ပါသည်၊ အညာဒေသဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံးက ဆီးပင်၊ ရှားစောင်းပင်၊ မိုးနံ့ဆူးချုံ ထနောင်းပင်နှင့် ထန်းပင်များသာ ရှိသည်၊ နွေရာသီဖြစ်သောကြောင့် အညာနွေသရုပ်က ပီပြင်လှသည်၊ မနက် နေထွက်သည်နှင့်ပင် ကျဲကျဲတောက်အောင် ပူပြင်းလွန်းလှသည်၊ အထဲတွင် နေမြင့်လာသည်နှင့် အညာလေပူကြီးက ဝေ့ဝေ့ဝဲဝဲ တိုက်ခတ်လာပြန်သည်၊ နေမြင့်လာသည်နှင့်အမျှ လှည်းလမ်းကြောင်းပေါ်တွင် တံလျှပ်များက တရိုန်းရိုန်းထနေသည်၊ ဆီးတောကြီးရွာကိုလွန်၍ ကွင်းပြန့်ထဲရောက်သည်နှင့် လှည်းလမ်းကြောင်း ဦးတည်ရာရှေ့၌ ညို့ညို့မှိုင်းမှိုင်း တောင်မြင့်ကြီးကို တွေ့ရတော့သည်၊

တောင်ကြီးမှာ စိမ်းစိုမည်းမှောင်နေပြီး သိပ်မြင့်မားလှသည် မဟုတ်သော်လည်း အညာနွေခေါင်ခေါင် ကန္တာရတောအလယ်တွင်တော့ ထီးတည်းကြီး မင်းမူနေဟန်ရှိသည်၊ ကျွန်တော့်ကို လာကြိုကြသော လူနှစ်ဦးအနက် တစ်ဦးက ကိုစိန်သောင်း၊ လှည်းမောင်းသည်၊ တစ်ဦးက အဘ ဦးချစ်ငွေ၊ တွင်းတောင်ရွာသူကြီး ဖြစ်ပါသည်၊

အဘဦးချစ်ငွေက "ဆရာလေး၊ ဟိုးရှေ့က ညို့ညို့မှိုင်းမှိုင်းတောင်ကြီးအောက်မှာ ကျုပ်တို့နေတဲ့ တွင်းရွာကြီးပဲ၊ ပတ်ဝန်းကျင်က ခြောက်ခန်းသလောက်

www.burmeseclassic.com

ကျုပ် တို့ တွင်းရွာကြီးကတော့ အလွန်အေးချမ်းပြီး စိမ်းလန်းစိုပြေ အေးချမ်း ပါတယ်"

"အဘတို့ရွာက တောင်ကြီးအထဲမှာ ရှိတာလား"

"ဟုတ်ပါ့ မောင်ရယ်၊ တွင်းတောင်ကြီးက အထဲမှာ တစ်မိုင်ပတ်လည် လောက် ကျယ်ဝန်းတယ်၊ ရှေးက မီးတောင်ပေါက်ကြီးပေါ့၊ နောက်ဆုံး ပေါက်ကွဲပြီး မီးတောင်အသေကြီး ဖြစ်သွားတာလို့ ဘေးဘိုးအစဉ်အဆက် ပြောလို့ သိရပါတယ်၊ အထဲမှာ ရေကန်ကြီးနဲ့ ပတ်ဝန်းကျင်ဟာ ကျုပ်တို့ရွာ ကြီးပေါ့၊ အိမ်ခြေ (၁၀၀) ကျော်လောက်ပဲ ရှိပါတယ်၊ ရေကန်ကြီးအထဲက တွင်းပိုးလို့ခေါ်တဲ့ ပုဇွန်ခြောက်လိုအကောင်တွေ ထွက်တယ်၊ မန္တလေး၊ မုံရွာ မြို့တွေအထိ တင်ပို့ရောင်းချရတယ်၊ တွင်းပိုးခြောက်ဟာ ကြော်စား စား လက်ဖက်နဲ့စားစား အလွန်အရသာ ရှိပါတယ်"

**ရွာအပျိုချောတွေကို ချစ်လို့ကြိုက်လို့**
**ရပေမယ့် လက်ထပ်လို့မရဘူး**
**ဆရာလေး။ တွင်းရွာစည်းကမ်းအရ**
**ရွာသူရွာသားချင်းပဲ**
**လက်ထပ်ခွင့်ရှိပါတယ်။**
**တစ်ရွာသားနဲ့လက်ထပ်ရင်**
**တွင်းရွာမှာ နေခွင့်မရှိဘူး။**
**နေရင်လည်း သေတာပဲ ...**





"အဘ – ကျွန်တော်က ရန်ကုန်သားဆိုတော့ စားဖူးဖို့အသာထား၊ အခုမှ ကြားဖူးတာပါ၊ တွင်းပိုးဆိုတာက ဘယ်လိုပုံစံလဲခင်ဗျ"

"အင်း – နီးနီးစပ်စပ် ပြောရရင်တော့ မိုးတွင်းကာလ နေပူချိန်မှာ ထွက် လာတဲ့ အတောင်ပံမပါတဲ့ ပလူကောင်နဲ့တူတယ်၊ ခေါင်းက သီးခြားမဟုတ် ဘူး ကိုယ်နဲ့ တစ်ဆက်တည်း၊ ခန္ဓာကိုယ်က အကျား၊ အကျားနဲ့ ပြားပြား လေး၊ လပြည့်လကွယ်နေ့တွေမှာ တွင်းကန်ကြီးအထဲက အုပ်လိုက်ထွက် လာတယ်၊ အခြားရက်တွေမှာတော့ မထွက်ဘူး၊ ပုဇွန်ခြောက်စားရသလို အရသာရှိတယ်၊ ဆေးဖက်ဝင်တယ်၊ တွင်းတောင်က ထွက်တဲ့ သဘာဝ စားသောက်စရာပေါ့ ဆရာလေးရယ်"

"မုံရွာ၊ မန္တလေးမြို့ကြီးတွေပေါ်အထိ တင်ပို့ရောင်းချနိုင်တယ်ဆိုတော့ အတော်ထွက်တာပဲနော်"

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့ တွင်းရွာက ထွက်တဲ့သဘာဝ လက်ဆောင် ပစ္စည်းပါပဲ၊ ကန်ပတ်လည်မှာရှိတဲ့ မြေကြီးကလည်း ရွှေသီးသလို အသီးအနှံ တွေ ထွက်သေးသဗျ"

"ဘာအသီးအနှံတွေ ထွက်သလဲ – အဘ"

"အောက်ပြည်အောက်ရွာက ဆောင်းသီးနှံတွေ အလွန်ဖြစ်ထွန်းပါ တယ်၊ ဘူးသီး၊ ရွှေဖရုံသီး၊ ငှက်ပျောသီး၊ သင်္ဘောသီးတွေလည်း တစ်နှစ်လုံး ထွက်ပါတယ်၊ အညာဓလေ့ထုံးစံလည်း မပျက်ရအောင် ထန်းပင်နဲ့ အုန်းပင် တွေလည်း အလွန်ဖြစ်ထွန်းသဗျ၊ ကျုပ်တို့ရွာက ပဒေသာပင်ရွာပါ၊ ရွာအပျို တွေကလည်း ချောချောလှလှတွေချည်းပဲ၊ အဲ – ဒါပေမဲ့ ..."

"ဒါပေမဲ့ – ဘာဖြစ်သလဲ အဘရဲ့ ဆက်ပြောပါဦး"

"ရွာအပျိုချောတွေကို ချစ်လို့ကြိုက်လို့ရပေမယ့် လက်ထပ်လို့ မရဘူး ဆရာလေး၊ တွင်းရွာစည်းကမ်းအရ ရွာသူရွာသားချင်းပဲ လက်ထပ်ခွင့်ရှိပါ တယ်၊ တစ်ရွာသားနဲ့ လက်ထပ်ရင် တွင်းရွာမှာ နေခွင့်မရှိဘူး၊ နေရင်လည်း သေတာပဲ"

"အဲဒါဆိုရင် အဘတို့ရွာက ဆွေမျိုးချင်းပဲ လက်ထပ်ခွင့်ရှိတယ်ဆိုပါ တော့၊ အဲဒီဥပဒေကို ဘယ်သူက ပြဋ္ဌာန်းတာလဲ၊ စိတ်မရှိနဲ့နော် – အဘ၊ ကျွန်တော်သိသလောက်တော့ ဆွေမျိုးနီးစပ်သူချင်း လက်ထပ်ရင် ပေါက်ဖွား

www.burmeseclassic.com

လာတဲ့ကလေးတွေဟာ ဉာဏ်ရည်မမီဘူး၊ ကျန်းမာရေးချို့တဲ့တတ်တယ်လို့ ဖတ်ဖူးမှတ်ဖူးပါတယ်၊ ဥပမာပြောရရင် တောင်တွင်းကြီး ဗိသုကာန်းမြို့ပေါင်း အနီးမှာ မျိုးဆက်ကျန်ရွာဆိုတာရှိတယ်၊ ရှေးအစဉ်အဆက်က ကျန်ရှိခဲ့တဲ့ ပျူလူမျိုးအချင်းချင်းသာ ရှေးရိုးယုံကြည်မှုနဲ့ လက်ထပ်ခဲ့ကြလို့ အခုဆိုရင် လူစဉ်မမီကြဘဲ ဉာဏ်ရည်အတော်ထိုင်းသတဲ့၊ ရောဂါဘယ ထူပြောလို့ ကြာရင် အမျိုးပါ ပျောက်တော့မယ့်ကိန်းရှိတယ်လို့ သုတေသီတွေက ရေးကြ တာ ဖတ်ဖူးမှတ်ဖူးပါတယ်"

"အဲ့ - အဲ့လိုတဲ့လား၊ ကျုပ်တို့တွင်းရွာသူရွာသားတွေဟာ အလွန်ရိုးသား ကြပါတယ်၊ ရှေးရိုးစားမဦးချ စိုက်ပျိုးရေးပဲလုပ်တော့၊ ပစ္စည်းဉစ္စာ မချမ်းသာ ကြပါဘူး၊ ပညာတတ်လည်း မရှိပါဘူး၊ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နိုင်ကြပါ တယ်၊ အခု ဆရာလေးတို့လို ပညာတတ်တွေက အရေးအဖတ်အတွက် (အ.သုံးလုံး) စာတွေ လာသင်ပေးမယ်ဆိုတော့ အလွန်ဝမ်းသာနေကြတာ ပါ"

"ဟုတ်ကဲ့ - ဝမ်းသာပါတယ် အဘ၊ အခြေခံအရေးအဖတ်အတွက် ဆို တဲ့ (အ.သုံးလုံး) စာလောက်တော့ လူတိုင်း တတ်သင့်ပါတယ်၊ ဒါမှလည်း မြန်မာပြည်တွင်းမှာသာမက ကမ္ဘာမှာ တိုးတက်ပြောင်းလဲနေတဲ့ အဖြစ် အပျက်တွေကို လူတိုင်းစာဖတ်တတ်ရင် သိရှိကြမှာပါ၊ အစောပိုင်းက ကျွန် တော် ပြောခဲ့တဲ့စကားကို ပြန်ဆက်ရမယ်ဆိုရင် ဂျာမဏီနိုင်ငံမှာ အလွန် တော်တဲ့ သိပ္ပံပညာရှင်အချင်းချင်း ပေးစားတော့ ပိုတော်တဲ့ ပညာတတ်တွေ မွေးဖွားလာတယ်လို့ ဖတ်ရဖူးပါတယ်၊ ဒါကြောင့် ဂျာမဏီနိုင်ငံဟာ ကမ္ဘာမှာ အလွန်ကောင်းမွန်တဲ့ စက်ပစ္စည်းတွေ၊ ခေတ်မီပစ္စည်းတွေကို ထုတ်လုပ်နိုင် ပြီး သိပ္ပံပညာမှာ ထိပ်တန်းရောက်နေတာပါ"

"ကြားရသိရတာ တန်ဖိုးရှိလိုက်တာ ဆရာလေးရယ်၊ ကျုပ်လည်း ကျုပ်တို့ရွာက ရှေးရိုးအစွဲကြီးကို မကြိုက်ပါဘူး၊ ဒါပေမဲ့ - မတော်လွန်ရဲလို့ ငြိမ်နေရတာ၊ ဆရာလေးကို အားကိုးပြီး တော်လှန်ရေးလုပ်ရတော့မယ် ထင်ပါရဲ့"

"အင်း - အဘရေ၊ ကျွန်တော်တော့ တရားခံမဖြစ်ပါရစေနဲ့၊ အဘနည်း အဘဟန်နဲ့ပဲ လုပ်ပါ၊ ကျွန်တော်ကလည်း အကျိုးသင့်အကြောင်းသင့် ရွာသူ ရွာသားတွေ သဘောပေါက်နားလည်လာအောင် စည်းရုံးပေးပါ့မယ်၊ ရှေးရိုး အယူအဆစွဲကို ချက်ချင်းကြီးတော့ ပယ်လို့မရပါဘူး၊ ယုံကြည်လက်ခံလာ အောင် ပထမစည်းရုံးရေးလုပ်ဖို့ အရေးကြီးပါတယ်၊ နောက်မှ တဖြည်းဖြည်း ...ိုးအပ်သလို ပုံစံပြောင်းယူကြတာပေ့ါ မဟုတ်လား - အဘ"

"ဟုတ်ပ့ါ - ဆရာလေးရယ်၊ ကျုပ် သဘောပေါက်သလို ရွာသူရွာသား တွေကိုလည်း သဘောပေါက်ပြီး လက်ခံစေချင်ပါတယ်၊ ကျုပ်တို့ တွင်းရွာမှာ ...ထင်ကရရွာဦးကျောင်းဆရာတော်ကြီး ဦးသုန္ဒရရှိပါတယ်၊ ဆရာတော်ကြီး ...သက်တော် (၉၀)ကျော်၊ ရှေ့မီ နောက်မီ ပညာတတ်ကြီးပါ၊ ဆရာတော် ကြီးက တစ်ဆင့် စည်းရုံးရင်တော့ ရနိုင်ကောင်းပါတယ်လို့ ထင်တာပဲ ဆရာ လေးရေ"

ကျွန်တော်တို့ စကားပြောရင်း မောင်းလာကြရာ တောင်ခြေသို့ ရောက် ...သည်၊ တောင်ကြားဝင်ပေါက်မှ လာကြရာ အတွင်း၌ စိမ်းလန်းစိုပြေသော ...တောပိုင်းနေသည်၊ အစိမ်းရောင် ကန်ကြီးအား သာယာလှပစွာ မြင်ရတော့ ...သည်၊ အတက်မတ်မတ်၊ အဆင်းလျှောလျှော၊ တွင်းရွာထဲရောက်တော့ ...သီဥတုမှာ ချက်ချင်းပြောင်းလဲသွားသည်၊ တွင်းကန်ကြီး၏ ရေမှာတ်နှင့် ...ကြီးအား ဝိုင်းပတ်နေသည့် သစ်တောများကြောင့် အတွင်း၌ စိမ့်အေးနေ ...သည်၊ တွင်းတောင်ရွာဆိုသည်မှာ တွင်းတောင်ကြီးနှင့် ရေကန်ကြီးအကြား ...န့်ဝတ်လည် မြေသားနုတ်ခမ်းပေါ်တွင် ဝိုင်းပတ်တည်ထောင်ထားသော ...ာလေးသာ ဖြစ်ပါသည်၊ အိမ်ခြေ (၁၀၀) ကျော်လောက် ရှိသော်လည်း ...ကြီးအိမ်ကောင်းများ မဟုတ်ပါ၊ အညာဝေလေ့ မြေစိုက်သစ်သားအိမ် ...လေးများသာ ဖြစ်သည်၊

ရွာဦးကျောင်းကို ကွမ်းသီးနှင့် အုန်းပင်၊ ထန်းပင်များအကြား ကျောက် ...ာင်ပေါ်တွင် စုလစ်မွန်းချွန်များဖြင့် အဝေးက မြင်နေရသည်၊ ရေကန်ကြီး ...ဝ်၌ သစ်သီးဝလံစိုက်ခင်းများနှင့် ကွမ်းရွက်စိုက်ခင်းများကို မြင်နေရ ...ည်၊ ကွမ်းရွက်ကြီးများမှာ လူကြီးလက်ဖဝါးခန့် ကြီးမားသန်စွမ်းကြသည်၊ ...ပင်တွင် အပြည့်သီးနေသော သဘော်သီးများက ကြီးမားသန်စွမ်းလှ ...ည်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အား ရွာလယ်သူကြီးအိမ်သို့ ခေါ်သွားသည်။ အဘ သူကြီး အိမ်တလည်း ကြီးကြီးမားမားမဟုတ်၊ နှစ်ထပ်အိမ်ကလေးဖြစ်သော်လည်း လွန်စွာကျဉ်းသည်။ အောက်ထပ်တွင် သူကြီးကတော်နှင့် သမီးနေကြပြီး အပေါ်ထပ်မှာ ဘုရားခန်းနှင့် ဧည့်ခန်း၊ အခန်းဖွဲ့ထားခြင်းမရှိပါ။ ကျွန်တော်နှင့် အဘသူကြီး အတူနေကြရမည် ဖြစ်ပါသည်။ ကျွန်တော့်အား နေရာချထားပေးပြီး နေ့လယ်စာထမင်းကျွေးရန် စီစဉ်နေကြသည့်အခိုက် ကျွန်တော်နှင့် သူကြီး အိမ်နောက်ဖေးရေတွင်းကလေးတွင် ရေချိုးကြပါသည်။ ရေကန်ကြီးမှ ရေအနံ့မှာ ဆေးဝါးအနံ့ထွက်နေသည်။ စပီယိုလိုင်းနား ခေါ်စိမ်းပြာရေညှိအနံ့ ဖြစ်သည်။ ရေသိုးရေပုပ်နံ့မျိုး မဟုတ်ပါ။ ရေတွင်းကလေးထဲမှ ရေကတော့ အနံ့မရှိ လွန်စွာကြည်လင်အေးမြလှသည်။ ကျွန်တော်နှင့် အဘ နေ့လယ်စာ စားကြတော့ တွင်းပိုးကောင်ကြော်နှင့် အသီးအရွက်ကြော်၊ ဘူးသီးဟင်းခါး ဖြစ်သည်။ သားငါးဟင်းများ မပါပါ။ သို့သော် ထမင်းစား၍ မြိန်ပါသည်။ အသီးအရွက်များက အလွန်လတ်ဆတ်ပါသည်။ တွင်းပိုးကြော်က ပုဇွန်ခြောက်ကြော်လိုပင် စားလို့ကောင်းပါသည်။

ကျွန်တော်နှင့် အဘ နေ့လယ်စာ ထမင်းစားနေကြစဉ် အဘ ဇနီးနှင့် အဘသမီးတို့က ဧည့်ခံကြပါသည်။ အဘရော၊ ဇနီးနှင့်သမီးပါ ဖြူဖြူချောချော များ ဖြစ်ကြသည်။ ဆံပင်များ နက်မှောင်သန်စွမ်းကြသည်။ အသားအရေက ပန်းဖြူရောင်၊ ခန္ဓာကိုယ်များကတော့ အညာသားပီပီ သေးသွယ်ကြသည်။ ထမင်းစားပြီးတော့ အောက်ထပ်သို့ဆင်းကြ၍ ကန်စပ်တွင် ဆောက်လုပ်ထားသော ဧည့်စားပွဲတွင် ထိုင်ကြပါသည်။ ဆယ်အိမ်ခေါင်းနှင့် ရာအိမ်မှူးများက အသင့်စောင့်ကြိုနေကြပါသည်။ ထိုတွင် အညာခုံတန်းရှည် စားပွဲကြီးနှင့် ခုံတန်းလျားများ ခင်းကျင်းထားသည်။ စားပွဲရှည်ကြီးအပေါ်၌ ရေနွေးကရားများနှင့် လက်ဖက်စုံသုပ်နှင့် ပဲမျိုးစုံအကြော်များ ခင်းကျင်းထားပါသည်။

"ဆရာလေး သုံးဆောင်ပါ။ ဒါတွေက အညာစာပါ။ ကျုပ်တို့တွင်းတောင် ရွာထွက် သဘော်သီးမှည့်နဲ့ ပြောင်းဖူးပြုတ်၊ ငှက်ပျောသီး၊ ကန်စွန်းဥပြုတ်၊ မြန်မာမုန့်မျိုးစုံ လာပါလိမ့်ဦးမယ်၊ တစ်ရွာလုံးက ကျွေးတာပါ"



ကျွန်တော်နှင့် ရွာသားများအား အဘသူကြီးက မိတ်ဆက်ပေးနေစဉ် တွင် အသီးအနှံနှင့် မုန့်များ ခေါင်းပေါ်တွင် ရွက်လာကြသော ရွာသူများ အခွဲဖွဲ့ရောက်လာကြသည်။ ရွာသူရွာသားများအားလုံး ရုပ်ရည်ပြေပြစ်ပြီး ချောမောကြသည်။ စေတနာလည်းအလွန်ကောင်းကြသည်။ စကားပြောရာ တွင်လည်း တိုးညင်းပြီး ယဉ်ကျေးသိမ်မွေ့ကြပါသည်။

"ဒီတွင်းရွာမှာ ယောကျ်ားဦးရေထက် မိန်းမဦးရေက ပိုများတယ် ဆရာလေးရဲ့၊ ဒါကြောင့် ဆရာလေးရဲ့စာသင်သားထဲမှ မိန်းမဦးရေက ပိုများလိမ့်မယ်၊ နောက်ပေါက်ကလေးတွေကတော့ ဒီကနေ့ (၃)မိုင်ကျော်ဝေးတဲ့ မြို့ပေါ် ရွာ အထက်တန်းကျောင်းကြီးမှာ စာသွားပြီး သင်ကြရပါတယ်၊ နောက်ဆိုရင် လူကြီးတွေလည်း စာတတ်၊ကလေးတွေလည်း စာတတ်ကြတော့ ကျုပ်တို့ ရွာလည်း ဖွံ့ဖြိုးတိုးတက်လာပြီး ဆရာလေးပြောသလို ရှေးရိုးအယူ ဝါဒအစွဲ တွေကိုလည်း ပယ်နိုင်တာပေါ့ဗျာ"

"ဘာရှေးရိုးအစွဲတွေလည်း သူကြီးရဲ့၊ ကျုပ်တို့လည်း ဒီခေတ်ကြီးမှာ အစည်းအဝေး မကြာခဏတက်ရလို့ မြို့ပေါ်ရွာအုပ်စုအပြင် ဘုတလင်နဲ့ မုံရွာမြို့ပေါ်တောင် ရောက်ဖူးကြပါတယ်ဗျာ၊ ကျုပ်တို့ကိုလည်း ပွင့်ပွင့် လင်းလင်း တိုင်ပင်နိုင်ပါတယ်"

"အေး - ဟုတ်ပါ့ကွာ၊ ငါကလည်း ရင်ထဲမှာ ပြဿနာတစ်ခုကို သိုဝှက်ပြီး သိမ်းမထားတတ်တာနဲ့ အတော်ပါပဲ၊ ဒီလိုဟေ့ - ငါတို့ရွာထုံးတမ်းစဉ်လာ ရွာသူရွာသား ပေးစားကြရတဲ့စနစ်ကြီးကို ဆရာလေးက မကြိုက်ဘူး၊ ဆွေမျိုး နည်းစပ်သူချင်း အိမ်ထောင်ပြုရင် ဉာဏ်ရည်ဉာဏ်သွေးညံ့သတဲ့၊ ကျန်းမာ ရေး ချူချာသတဲ့၊ ခန္ဓာကိုယ်ကြီးထွားမှုနှုန်း နှေးကွေးသတဲ့၊ အဲဒီကိစ္စကို ခင်းတို့ရော ဘယ်လိုမြင်သလဲ"

"ဟုတ်တယ် - သူကြီး၊ ကျွန်တော်တို့လည်း မကြိုက်ဘူး၊ ရှေးရိုးအစဉ် အလာ ယုံကြည်မှုမို့ မပြောရဲလို့ ကြည့်နေကြတာ၊ ဆရာလေးပြောသလိုပဲ ကျွန်တော်တို့ရွာက အနေအေးချမ်းပေမယ့် ဘာပညာတတ်မှ ထွန်းထွန်း ပေါက်ပေါက် မထွက်ဖူးဘူး၊ စာတတ်သူတောင် နည်းနည်း၊ ဆရာတော်ကြီး သင်ပေးလို့ ယောကျ်ားတွေလောက်သာ တတ်တာ၊ မိန်းမအများစုက စာ



www.burmeseclassic.com

www.burmeseclassic.com

မတတ်ကြဘူး။ ဟော့ - ကြည့်ပါလား၊ ကျုပ်တို့ရွာသား ထွန်းကြိုင်နဲ့ မြို့ပေါ် ရွာသူ သန်းမြတို့ ရသွားတာ မွေးလာတဲ့ကလေးတွေက ဘုတလင်မြို့ပေါ်မှာ နေကြတာ၊ တက္ကသိုလ်ကျောင်းသားကြီးတွေဖြစ်လို့ နောက်ပြီး ကျုပ်တို့ ရွာသူ မပိုးဉနဲ့ ပဲပွဲစား စံသောင်းတို့ ရသွားပြီး မွေးတဲ့ကလေးတွေက စစ်ဗိုလ်တွေ၊ အင်ဂျင်နီယာတွေဖြစ်လို့ ဘယ်ကလောက်အားကျဖို့ ကောင်းသလဲ။ ရွာကိုပြန်မနေရတော့ ဘာဖြစ်သလဲ။ မြို့ပေါ်မှာ နေရတာ ပိုမကောင်းဘူးလား။ ဆရာလေးရယ်၊ ဆရာလေးရယ် - ပညာသင်ပေးရင်း အဲဒီကိစ္စကို ဩဝါဒ ပေးသွားစမ်းပါဗျာ၊ ကျုပ်တို့ကတော့ ထောက်ခံပါတယ်၊ အားလည်း ပေးပါတယ်"

ရာအိမ်ခေါင်း ဦးထွန်းစန်း တင်ပြသောအဆိုကို ဆယ်အိမ်ခေါင်းများ ဖြစ်ကြသော ဦးတင်၊ ဦးထွားကြီး၊ ဦးညိုမောင်၊ ဦးပေါက်စတို့ကလည်း အသီးသီးထောက်ခံကြသည်။

"အေး - အဲဒါဆိုရင် တပေါင်းလပြည့်နေ့မှာ ရွာဦးကျောင်းဆရာတော် ကျောင်းမှာ ဆုံကြရင်း ငါက ဆရာတော်ကို လျှောက်မယ်၊ မင်းတို့က အခုလိုပဲ ထောက်ခံကြ၊ သိတဲ့အတိုင်းပဲ ဆရာတော်စကားကို ရွာက မပယ်ရှားရဲကြဘူး၊ ဆရာလေးလည်း ဝိုင်းကူပေးပါနော်"

"ဟုတ်ကဲ့ပါ - သူကြီး၊ ဒါနဲ့ ကာလသားခေါင်းကရော ကျေနပ်ပါ့မလား"

"တရုတ်ကြီးကို ပြောတာလား၊ အဲဒီကောင်က ကျုပ်တို့ထက်တောင် အမြင်ကျယ်သေး၊ ထီးတောကြီးရွာသူနဲ့ ကြိုက်နေတာ၊ တွင်းရွာက ထွက်သွားရမှာစိုးလို့ ငြိမ်နေရှာတာ"

"ဒါဆို အဆင်ပြေလောက်ပါတယ်"

ထိုညက သူကြီးအိမ်ရှေ့မြေတလင်းပေါ်တွင် ဖျာခင်းပြီး အောက်လင်း ဓာတ်မီးကြီးထွန်း၍ အ.သုံးလုံး စာသင်ကြားရေး မိတ်ဆက်စကားပြောပြီး ရွာသူရွာသားများဖြင့် ရင်းနှီးအောင်လုပ်ရသည်။ ဟာသကလေးများ ထည့်ပြောသောကြောင့် တဝါးဝါး ပွဲကျနေကြသည်။ ကျွန်တော်ကလည်း ယခင် အ,သုံးလုံး သင်ကြားပေးခဲ့ဖူးသော ကျောက်ဆည်မြို့နယ်နှင့် အမရပူရမြို့နယ်ရွာကလေးများတွင် ကြုံခဲ့ရသော တောရွာကိုယ်တွေ့ ဟာသကလေးများကို ပြောခြင်းဖြစ်ရာ ရွာသူရွာသားများ သဘောအလွန်ကျကြသည်။ ရွာလူကြီး၊ ရာအိမ်မှူးနှင့် ကာလသားခေါင်းတို့ကလည်း မိတ်ဆက်စကား ပြောရင်း ရွာက အကြောင်းကို သွယ်ဝိုက်ကာပြောကြသည်။ စာတတ်မှ ခေတ်အမြင်ဗဟုသုတ ကြွယ်ပြီး ရှေးရိုးအယူအဆ အလွဲအမှားများကို ဖယ်ရှားပြီး ခေတ်ကြီးနှင့်အမီ ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း ထိုညက ကျွန်တော်တို့ စကားများကို ရွာလူထုက လက်ခံသည်ဟု ဆိုရပါမည်။ နောက်တစ်နေ့ နေ့က်တွင် လက်ဖက်ရည်သောက်ဖိတ်သော အိမ်များက များပြားလှသည်၊ အိမ်တွင်းပုန်း လုပ်နေကြသော အပျိုများလည်း ထွက်လာကြသည်။ ကျေးရွာ ကာလသားအဖွဲ့ကလည်း ကျွန်တော့်အား အလေးပေးပြီး တရင်းတနီး ဆက်ဆံကြပါသည်။

ဒုတိယညကျတော့ (ဝ.ထ.က.လ.သ) အခြေခံသင်ရိုးကို ဥပမာများ ပေး၍ သင်ရသည်။ စာသင်သား (၁၀၀)ခန့်တွင် ယောကျ်ားများက (၁၀) ဦးခန့်သာ၊ ကျန်သည်များက မိန်းမကြီးများနှင့် ရွာအပျိုများဖြစ်ကြသည်၊ တစ်ရွာလုံးက လာရောက်လေ့လာကြည့်ရှုကြသည်၊ ရယ်စရာပါတော့လည်း အုံးအုံးကျွက်ကျွက် ဝိုင်း၍ရယ်မောကြသည်၊ စာသင်သားများ၊ ကျွန်တော်နှင့် တွေ့မ်းဝင်ပြီး ယဉ်ပါးလာကြသောကြောင့် ရှက်ရွံ့ကြောက်လန့်ခြင်း မရှိကြတော့ပါ၊ ထို့ကြောင့် သင်ကြားရာတွင် စိတ်ဝင်စားကြပါသည်၊

✱

တစ်ပတ်ခန့်ကြာတော့ ကျွန်တော် တစ်ရွာလုံးနှင့် ရင်းနှီးလာသလို တည်းခိုအိမ်မှ သူကြီးသမီး နှင်းနုနှင့် အနေနီးသောကြောင့် ပိုမိုရင်းနှီးရပါသည်။ တပေါင်းလပြည့်နေ့ ရွာဦးကျောင်း ဆွမ်းတော်ကြီးတင်ပွဲတွင် ဆရာတော်နှင့် ဖူးတွေ့ရပြီး ကျွန်တော် ရွာလူကြီးများနှင့် ကြိုတင်ညှိနှိုင်းတိုင်ပင်ထားသည့်အတိုင်း လျှောက်ကြရာ ဆရာတော်ကလည်း စာတတ်ပေတတ်ဖြစ်၍ လက်ခံပါသည်၊ ဆရာတော်မှာ အသက်အရွယ်ကြီးသော်လည်း အကြားအမြင် ဗဟုသုတများသူ ဖြစ်သည်၊ ထိုစဉ်ကတည်းက နေ့လယ် နေ့ခင်း အားလပ်ချိန်များတွင် ကျွန်တော့်ဆရာတော် ဘုရားကျောင်းသို့

www.burmeseclassic.com

ရောက်၍ ဆရာတော်နှင့် လောကီလောကုတ္တရာ စာပေများ ဆွေးနွေးဖြစ်ပါသည်။ ဆရာတော်မှာ သက်သတ်လွတ်ဘုဉ်းပေး၍ ကျန်းမာနုပျိုပြီး အသက်ရှည်ခြင်း ဖြစ်ပုံရသည်။

တွင်းတောင်ရွာတွင် ထန်းပင်များရှိသော်လည်း လူကြီးလူငယ်များ ထန်းရည်ခံ၍ သောက်သော အလေ့အကျင့်မရှိပါ။ ထူးဆန်းသည်ကတော့ ထန်းပင်များက ကန်စပ်ရေထဲတွင် စုဝေးပေါက်နေကြပြီး လွန်စွာကြီးထွားသန်မာကြသည်။ အုန်းပင်များမှာလည်း အလွန်ကြီးထွားပြီး အသီး သီးကြသည်။ လပြည့်လကွယ်နေ့များတွင်တော့ ကန်တွင်းမှ အုပ်လိုက်ထွက်သော တွင်းပိုးများကို ရွာသူရွာသား ကလေးသူငယ်များ၊ ဆန်ကာကိုယ်စီ၊ ပိုက်ကိုယ်စီဖြင့် သဲ့၍ ဖမ်းဆီးကြသည်။ ဖမ်းဆီးသူတိုင်းလည်း ပီသာနှင့်ချို၍ ချကြသည်။ ရေဆေးပြီး နေလှန်းထားကြသည်မှာ တွင်းတောင်ရွာတစ်ရွာလုံး ညှီစော်နံနေသည်။

တွင်းတောင်အထဲက တွင်းပိုးသာထွက်ပြီး ငါးမထွက်ပါ။ စိမ်းပြာရေညှိများမှာ ရေမှော်ပင်များမဟုတ်ကြပါ။ ရေမျက်နှာပြင်ပေါ်တွင် ဖုံးအုပ်ထားသော ရေညှိမှုင်များ ဖြစ်ကြသည်။ တစ်ကန်လုံး ရေညှိပင်များကြောင့် စိမ်းနက်မှောင်နေသည်။ ထိုစဉ်က ထိုရေညှိများကို ဆေးဖက်ဝင်ပြီး ရှားပါးပစ္စည်းများဖြစ်ကြောင်း အသုံးချရမှန်းလည်း မသိကြပါ။ ကမ္ဘာပေါ်၌ နေရာတိုင်း၌ပင်မရှိသော အသက်ရှည်ဆေး စပီရိုလိုင်းများခေါ် ပရိုဗီမင်များ ဖြစ်ကြပါသည်။

တွင်းတောင်သားများကတော့ ထိုစိမ်းပြာရေညှိများကို ကန်တွင်းမှ ဆယ်ယူ၍ ကန်စပ်တွင် စိုက်ပျိုးထားသော ကွမ်းပင်၊ ဘူးပင်နှင့် သခွာပင်ရာသီစိုက်ပျိုးပင်များအတွက် မြေသြဇာအတွက်သာ အသုံးပြုကြရာ သီးနှံပင်များ လွန်စွာထွားကြိုင်းကြကြောင်း တွေ့ရှိရပါသည်။

တစ်လခန့်ကြာတော့ သင်တန်းသားများလည်း အရေး အဖတ်အတွက်အ.သုံးလုံး အတော်ကြေကြပါပြီ။ နင်းနကတော့ ကျွန်တော်နှင့် နေ့ညအတူနေရသဖြင့် အတော်ဆုံးဖြစ်သလို ကျွန်တော်ဖြင့်လည်း အနေနီးစပ်သဖြင့်ချစ်သူများလည်း ဖြစ်ကြပါပြီ။ သူမ၏ မိဘများကလည်း ကျွန်တော်နှင့်



သဘောတူကြပါသည်။ တွင်းတောင်ရွာမှာ ကျွန်တော်တို့ နှစ်ဦးအတွက် အေးချမ်းသော သီးသန့်ကမ္ဘာကလေး ဖြစ်ပါသည်။

(၄၅)ရက်ပြည့်တော့ အ.သုံးလုံး ကော်မီတီက လာရောက်စစ်ဆေးရာ အလွန်အားရကျေနပ်ကြပါသည်။ ကျွန်တော် ပြန်ခါနီး ရွာဦးကျောင်းဆရာတော်ကြီးအား မနင်းနုနှင့်အတူ သွားရောက်ကန်တော့ပါသည်။ ဆရာတော်ကြီးက ...

"အိမ်း - ကျောင်းဆရာလေး၊ စေတနာထားတော့ လုပ်ငန်းအောင်မြင်တာပေါ့၊ သင်ဆရာက ကြွင်ယာပါရပြီဆိုတော့ အတိုင်းထက် အလွန်ပါပဲ၊ စီးပွားလာဘ်လာဘ တိုးတက်ပြီး အိုးအောင်မင်းအောင် ပေါင်းသင်းရပါစေ၊ ကျောင်းဆရာလေး ရည်မှန်းချက်ထားတဲ့ ပညာတတ်သားသမီးကောင်းရတနာများလည်း ထွန်းကားပါစေ၊ ရှေးဟောင်းလည်း မပယ်နဲ့ဆိုတဲ့ စကားပုံက ရှိနေလေတော့ ခေတ်မီတိုင်းလည်း မကောင်းဘူးကွဲ့၊ မဇ္ဈိမပဋိပဒါလမ်းကို ကျင့်သုံးကြပေရော့၊ ကျန်းမာချမ်းသာကြပါစေ"

ကျွန်တော်တို့နှစ်ဦးအတွက် တစ်ရွာလုံးက ဝမ်းသာကြည်နူးကြပါသည်။ ကျွန်တော် ရန်ကုန်ပြန်တော့ မနင်းနုနှင့် မိဘနှစ်ပါးကိုလည်း ခေါ်ဆောင်လာခဲ့ပါသည်။ နှစ်ဖက်မိဘများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းကြပြီး ကျွန်တော်က နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးဖြစ်၍ အလုပ်အကိုင်ရသည်နှင့် လက်ထပ်ကြရန် ဖြစ်ပါသည်။

နှစ်ဖက်မိဘများလည်း ကျေနပ်ကြပါသည်။ ကျွန်တော် အလုပ်အကိုင်ရတော့ မနင်းနုနှင့် လက်ထပ်ဖြစ်သည်။ သားနှင့် သမီးကလေးရသည်။ ရန်ကုန်နှင့် တွင်းတောင်ကိုလည်း ကူးချည်သန်းချည် သွားဖြစ်ကြပါသည်။ ကျွန်တော်က ဈေးဦးဖောက်လိုက်၍ မကြာမီ မြန်မာ့ဆေးဝါးလုပ်ငန်းက စိမ်းပြာရေညှိစပီရိုလိုင်းနား ခေါ် ပရိုဗီမင်ထုတ်လုပ်ရန် တွင်းတောင်ဒေသတွင် စက်ရုံတည်ပြီး ထုတ်လုပ်၍ မြန်မာတစ်ပြည်လုံး ဖြန့်ချိရုံသာမက နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချခဲ့သည်။

တွင်းတောင်သူများလည်း ပြင်ပစက်ရုံဝန်ထမ်းများဖြင့် အဆကြောင်းပါပြီး မျိုးဆက်သစ်များ ထွန်းကားလာခဲ့သည်။ ကျွန်တော်တို့သမီးနှင့်သားပင်

www.burmeseclassic.com

ဆရာဝန်နှင့် အင်ဂျင်နီယာဖြစ်ကုန်ကြပါပြီ၊ တွင်းတောင်ရွာ၏ ရှေးဟောင်းအယူအဆကို တွန်းလှန်ပစ်ခဲ့ခြင်း ဖြစ်ပါသည်။

✷

သို့သော် ကျွန်တော်တို့မိသားစု ၂၀၁၀ – ခုနှစ်က အဘိုးအဘွားများထံ အလည်သွားပြီး ကန်တော့တော့ တွင်းတောင်သဘာဝပတ်ဝန်းကျင်မှာ ပျက်စီးသွားပြီ ဖြစ်သည်၊ မိုးက များလာပြီး တွင်းတောင်ကြီး ပတ်ဝန်းကျင်က ရေများ စိမ့်ဝင်သောကြောင့် ကန်အတွင်း၌ စိမ်းပြာရေညှိများ မတွက်တော့၊ တွင်းပိုးများလည်း မပေါက်ပွားတော့၊ တွင်းတောင်ကန်ကြီးမှာ ရေဆိုးရေပုပ်ကန်ကြီး ဖြစ်သွားပေပြီ၊ အတွင်း၌ အလွန်နံစော်လှသည်၊ ထို့ကြောင့် ယောကျ်ာမကြီးနှစ်ဦးအား ရန်ကုန်သို့ ပြန်ခေါ်ခဲ့ရတော့သည်၊

ရွာဦးကျောင်းထိုင်ဆရာတော်ကြီးလည်း သက်တော် (၁၁၀) ကျော်တွင် ပျံလွန်တော်မူသွားပြီ ဖြစ်သည်၊ ကြာတော့ ကြာခဲ့ပါပြီ၊ သို့သော် ဆရာတော်ကြီး ဆိုဆုံးမတော်မူသွားသော "ရှေးထုံးလည်း မပယ်နဲ့" ဟူသော စကားမှာ ကြိုတင်သိမြင်၍ ပြောသွားသယောင် ကျွန်တော့်နားထဲတွင် ကြားယောင်နေမိပါသည်၊ ခေတ်မီတိုင်းလည်း မကောင်းပါ၊ အပြင်လူများ၏ စည်းကမ်းပျက်မှုကြောင့် တွင်းတောင်သဘာဝ ပျက်စီးရသည်ဟု ကျွန်တော် မြင်ပါသည်၊

မြန်မာ့မြေပေါ်တွင် ရှားပါးစွာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် တွင်းတောင်ကြီးမှာ ပြင်ပလူများ၏ ရှေးထုံးကို ပယ်ခဲ့သော အပြုအမူကြောင့် ပျက်စီးခဲ့ရပါသည်၊ နတ်ကြီးသည်ဟုဆိုသော တွင်းတောင်ရွာတွင် လူသေသည် ဆိုသည်ပင် ကျွန်တော် မကြုံခဲ့ဘူးပါ၊ ဆရာတော်ဘုရားကြီး သက်တော် (၁၁၀) ကျော်၍ ကံတော်ကုန်သွားသည်ကိုသာ မျက်မြင်ကြုံဖူးပါသည်၊ စိမ်းပြာရေညှိခေါ် စပီရိုလိုင်းနား (ပရိုဗီမင်) ဆိုသည်မှာ အသက်ရှည်ဆေးလော၊ ကျန်းမာနုပျိုစေသော နတ်ဩသဓဆေးလော၊ လူတို့အတွက် သဘာဝက ဖန်တီးပေးသော ဆေးဝါးဖြစ်သည်ကတော့ အမှန်ပင် ဖြစ်ပါတော့သတည်း၊

▸▸ **ထောင်မှူးကြီး ဩန်းစင်**



www.burmeseclassic.com

# ဓိပါမျောရာ

မှာ

ယာ

စတင်ပေါ် ရောက်တာနှင့် ဘာဆိုဘာမျှ မသိတော့၊ သူ့အတွေးအားလုံးက လေထဲ လွင့်မျောသွားသလိုပင်။ စန္ဒာကိုယ်ကြီးကလည်း လိပ်ပြာကြီးတစ်ကောင်လိုပင်၊ တောင်ပံတဖျတ်ဖျတ်ခတ်ရင်း သူ့ဇာတိ ရွာကလေးဆီသို့ တဖြည်းဖြည်း ပျံသန်းသွားသလိုပင်။ စိတ်အစဉ်တို့က သားငယ်လေး "လူးလူး" တစ်နှစ်ပြည့်မြောက်သည့်ပွဲ ကျင်းပမည့် "ချမ်းမြေ့မေတ္တာ" ရိပ်မြုံကြီးထဲသို့ ရောက်ရှိသွားခဲ့သည်။

✷

သူ ရောက်သွားချိန်တွင် မြုံကြီးတစ်ခုလုံး မှောင်မိုက်နေသလိုပင်။ လရောင် လင်းတလက်၊ မှိန်တလက်၊ ချမ်းမြေ့မေတ္တာအိမ်လေးကို ဝေးဝေးကမြင်နေရ၏။



မီးရောင်မှိန်ပျပျရှိနေသော ချမ်းမြေ့မေတ္တာအိမ်ကလေးကို မြင်ရ၏။ ထိုအိမ်တွင် သူ့အချစ်ဆုံး "နှင်း" နေထိုင်၏။ နှင်းက အနောက်တိုင်းဆန်လှသူဖြစ်သည်။ နေအိမ်ကို မီးရောင်ဝါကြွင်ကြွင်တို့ဖြင့် ဖွဲ့စည်းခဲ့၏။ အိမ်ကြီးကမြို့နှင့် သုံးမိုင်လောက်ဝေး၏။ သော်က ရွာကလေး၏ ရွာထိပ်ရှိခြံဝင်းအကျယ်ကြီး ဖြစ်၏။

ခြံဝင်းအတွင်း၌ သီးစားပင်ကြီးတွေ သိပ်သည်းထူထပ်စွာ ပေါက်ရောက်နေ၏။ ဆောင်းဥတုမှာ ချမ်းငွေ့တွေ တဖျောဖျော ကျဆင်းနေတတ်၏။ နွေရာသီရောက်လျှင် နွေဦးလေပြည်လေးတွေ တဝေ့ဝေ့တိုက်ခတ်နေတတ်၏။ မိုးရာသီရောက်လျှင်တော့ မိုးစက်မိုးငွေ့များ တဖွားဖွား ကျဆင်းနေတတ်သော ချမ်းမြေ့မေတ္တာခြံကြီး။

သာယာမှုအပေါင်းတွေနှင့် ပြည့်စုံလှသောခြံကြီး၊ တစ်ချိန်က မျက်နှာဖြူကပြားတွေနေခဲ့သော အိမ်ကြီး၊ တည်ထောင်ထားပုံကလည်း အနောက်တိုင်းဆန်လှ၏၊ ထိုနေရာကို နှင်းကိုယ်တိုင် ရွေးချယ်ခဲ့၏။ အိမ်ကြီး၏ အနောက်ဘက်တွင် ထန်းပင်တွေက အပင်နှစ်ဆယ်လောက် ရှိ၏။ ထိုထန်းတောတွေကြားတွင် ရေးဟောင်းရေတွင်းကလေးတစ်တွင်း ရှိ၏။

ဝေးဝေးကကြည့်လျှင် ချမ်းမြေ့မေတ္တာအိမ်ကြီးက ရှေးဟောင်းပန်းချီကားကြီးတစ်ချပ်ပမာပင်။ သူ့ ခြံရှေ့ကို ရောက်လာတော့ ခြံထဲက ခေါင်းလောင်းကလေးကို ဆွဲလိုက်မိ၏။

ခေါင်းလောင်းသံကလေး မြည်လာတော့ ခြံကြီးတစ်ခုလုံး တိတ်ဆိတ်အိပ်မောကျနေရာက လှုပ်နိုးလိုက်သလိုပင်၊ သူ့လည်း ရင်တွေ အရမ်းခုန်နေ၏။

အချစ်ဆုံးနှင်းနှင့် တွေ့ရတော့မည်၊ ပြီးတော့ အသည်းပေါက်မတတ် ချစ်ခင်ခဲ့ရသော သားကလေး လူးလူးကို တွေ့ရတော့မည်မို့ ရင်တွေခုန်နေရ၏။ ချမ်းမြေ့မေတ္တာနှင့် ခွဲခဲ့ရသည်မှာ လနှင့်ချီနေပြီဖြစ်၏။ သားရော၊ နှင်းရောကို လွမ်းရသည်မှာ အချိန်တိုင်းပါပဲ၊

သားဖြစ်သူ လူးလူးကတော့ မွေးစကတည်းက ကျန်းမာရေး မကောင်းလှသူဟု ဆိုရမည်၊ ငယ်ငယ်ကတည်းက ဆေးတွေနှင့် ကြီးပြင်းလာသူ၊

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ခံအားကလည်း သိပ်မကောင်းလှ၊ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်၊ လူးလူးကြောင့် ခရီးမသွားနိုင်၊ သားအတွက် အစိုးရိမ်ကြီးလှသဖြင့် နင်းက သူ့ကို တိုက်တွန်းခဲ့၏။ နင်းထံမှ ကတိကဝတ်တွေ အထပ်ထပ်တောင်းခဲ့ရင်း သူ ထွက်သွားချိန်တွင် လူးလူးက ရှစ်နှစ်အရွယ်ခန့်ရှိပြီး စကားလည်းမပီမသပြောနိုင်သည့်အချိန်ဖြစ်၏။ သားလေးနှင့်ပြန်တွေ့ရတော့မည်မို့ ရင်တွေ ခုန်လွန်းလှ၏။

နင်းနှင့်လည်း ပြန်တွေ့ရတော့မည်၊ သူ၏ ငယ်ချစ်ဦး နင်း၊ သူ့ဘဝ၏ပါရမီဖြည့်ဖက် အနုပညာသည်တစ်ဦး၏ လက်တွဲဖော်၊ ဘယ်လိုမှ မေ့မရသောချစ်သူ၊

အနောက်တိုင်းဆန်သူဖြစ်သော်လည်း သူ့အကြိုက်ကို လိုက်ခဲ့သူ၊ နင်း – ခုအချိန်ဆိုလျှင် တစ်ယောက်တည်း စန္ဒရားတီးနေလေပြီလား မသိ၊ ခြံဝတွင်ရပ်၍နင်း၏လက်သံကို နားစွင့်နေမိ၏။ သားကလေး လူးလူး၏အသံကိုလည်း နားစွင့်နေမိ၏။

ခြံရှေ့ခေါင်းလောင်းသံ ပျံ့လွင့်နေသော်လည်း ဘယ်သူ့အရိပ်အယောင်မျှ မတွေ့မိ၊ သူတို့နှစ်ဦး ဘာကြောင့်များ သူ့ကို မကြိုလေကြသနည်း၊ စိုးရိမ်သောက က ဝေခွဲမရသည့်အသိကြား တရိပ်ရိပ်၊ ခြံခေါင်းလောင်းကြိုးကို သုံးလေးခါမက ထပ်၍ဆွဲမိ၏။

သီးစားပင်ကြီးကြား မြေရှပ်တိုက်ပြေးသံကြားရပြီး ခြံတံခါးဝနားရောက်လာသူကိုမြင်တော့ တအားဝမ်းသာအားရနှင့် ခေါ်လိုက်မိ၏။

"လူးလူး – သား – လူလေး"

"ဖေဖေ – ဖေဖေ – ပြန်လာပြီလား"

"အေး – မင်းက ဘာဖြစ်လို့ခြံထဲလျှောက်သွားနေတာလဲ၊ မှောင်လည်းမှောင်လှပြီ၊ သားမေမေရော ..."

"အိမ်ကြီးပေါ်မှာ ရှိတယ် – ဖေဖေ"

"မှောင်လှပြီကွယ်၊ ဒီလောက်မှောင်ကြီးထဲ နင်းကလည်း ကျနေတယ်၊ မအေးဘူးလား – သားရယ်"

"မအေးပါဘူး – ဖေဖေရဲ့၊ သားက ဖေဖေ ပြန်လာမယ်ဆိုလို့ ပျော်နေတယ်"

"ဟုတ်လား – ဒါတော့ ဒါပေါ့ကွယ်၊ သားက ခြေထောက်လည်းကောင်းတာမဟုတ်ဘူး၊ သား ခြံထဲဆင်းတာကို မေမေ မပြောဘူးလား"

"ရပါတယ် – ဖေဖေရဲ့၊ ဆေးလည်း သောက်ထားတယ်၊ ခြေထောက်တွေမှာလည်း ပတ်တီးစီးထားတယ်"

ခြံအပြင်က လှမ်းကြည့်လိုက်တော့ သားကလေး လူးလူး၏ အသွင်ကိုဝိုးတဝါး မြင်နေရသည်၊ ပတ်တီးဖြူလေးတွေ ခြေထောက်မှာ စည်းနှောင်



ဒါကြောင့် ရေတွင်းနားက ခွာပြီး
အိမ်ကြီးဆီသို့ လျှောက်လာခဲ့၏။
အိမ်ဝ သံဘာဂျာတံခါးရှေ့တွင်
လူးလူးပြောခဲ့သလို လူနီကြီးတစ်ဦး
ရပ်နေသည်ကို မြင်လိုက်ရ၏။
သူ့လက်ထဲမှာလည်း
ကြီးမားလေးလံသည့်
လက်နက်ကြီးတစ်ခု ကိုင်ထားသလိုပင်။





www.burmeseclassic.com

www.burmeseclassic.com

ထားသော လူးလူး၊ ရင်ထဲ မကောင်းလှ၊ အရိုးကင်ဆာဖြစ်နေသော သားကလေး၊

"ကဲ – သားရယ် – ဖေဖေ့ကို တံခါးဖွင့်ပေး"

"ဟာ – ဖေဖေကလည်း တံခါးဖွင့်လို့ မရဘူး"

"ဟေ – ဘာ – ဘာဖြစ်လို့လဲ"

"အဲဒီလို ဝင်လို့မရဘူး၊ ဘိုးဘိုးကြီး ပြောတာတော့ မြံအနောက်က ဝင်လို့ရတယ်တဲ့"

"ဟေ – မင်းဥစ္စာ တစ်မျိုးပါလား"

"လာပါ – ဖေဖေရယ်၊ မြံနောက်က ဝင်လို့ရပါတယ်၊ သား ဝင်ချင်ထွက်ချင်ရင် မြံအနောက်က ဝင်ထွက်တာ"

"ဟုတ်လား"

လူးလူးစကားကြောင့် စိတ်ထဲ အတော်ထူးထူးဆန်းဆန်း ခံစားလိုက်ရ၏၊ နားလည်း နားမလည်နိုင်၊ ထို့ကြောင့်လည်း မြံကြီးပတ်၍အနောက်ဘက်သို့ ရောက်လာ၏၊ လူးလူးက ချုံပင်များကြားမှ ဝင်နိုင်ထွက်နိုင်သည့်နေရာကို ပြသဖြင့် အထဲကို ဝင်ခဲ့၏၊

"ဘယ်လိုဖြစ်တာလဲကွာ၊ ဘာဖြစ်လို့ အရှေ့က ထွက်လို့မရတာလဲ"

"မပြောတတ်ဘူး – ဖေဖေ၊ သား – အဲဒီရှေ့က ဝင်ရင် သားသေမှာ"

"ဟေ"

သူ အတော်အံ့သြသွား၏၊ မိုးတိုးမတ်တတ်ပေါက်နေတဲ့ ထန်းပင်ရိပ်ကြားဖြတ်လျှောက်ခဲ့၏၊ ရေတွင်းဟောင်းကြီးနားရောက်တော့ သားရေတွင်းထဲ ခုန်ဆင်းသွားတာ တွေ့လိုက်ရ၏၊

"သား – လူးလူး – ဘယ်လိုဖြစ်တာလဲကွာ၊ ရေတွင်းထဲ ဘာကြောင့်ဆင်းရတာလဲ – ဒုက္ခပါပဲ"

"သားက ဒီမှာနေတယ်လေ၊ ဖိုးဖိုးကြီးလည်း ရှိတယ်၊ ဆင်းခဲ့လေ ဖေဖေ"

"ဟင် – မ – မဟုတ်သေးဘူး၊ မင်းက ဘာကြောင့် ဒီမှာနေရတာလဲ၊ မင်းမေမေနဲ့ အတူမနေဘူးလား"



"သားနေလို့မရဘူး – ဖေဖေ၊ အိမ်ပေါ်တက်ရင် လူနီကြီးတွေက ရိုက်သေးတယ်"

"ဟေ – ဘယ်သူတွေလဲ၊ ဖေဖေ့အသိတွေလား"

"မဟုတ်ပါဘူး – ဖေဖေ၊ အောက်ကို ဆင်းခဲ့လေ"

လူးလူးအသံကြားတော့ ရေတွင်းထဲကို ငုံ့ကြည့်လိုက်သည်၊ ရေတွေရော၊ အမှိုက်တွေရော ရှုပ်ထွေးနေ၏၊ ဒီလိုနေရာမှ လူးလူးနေသည်ဆိုတော့ ဘယ်လိုမှမယုံနိုင်စရာ၊

"ဖေဖေ – ဆင်းခဲ့လေဗျာ"

"မဟုတ်သေးပါဘူးကွာ၊ ဘယ်လိုတွေ ဖြစ်တာတုံး"

"ဆင်းခဲ့ပါ၊ ငါတို့က ဘယ်မှသွားလို့မရဘူး၊ ဒီထဲမှာနေတာ သုံးနှစ်တောင်ရှိပြီ"

"ဗျာ – ဖေဖေရေ – ဦးနန္ဒာပါလား"

နင်းရဲ့ဖခင်ကြီး ဦးနန္ဒာရဲ့အသံကိုပါ ကြားလိုက်ရတော့ အံ့သြမကာ အံ့သြနေ၏၊ ဘယ်လိုကြောင့် ဦးနန္ဒာက ဒီရေတွင်းထဲ ရှိနေတာပါလိမ့်၊ ဘာတွေဖြစ်နေမှန်းကို မသိတော့၊ စဉ်းစားလို့လည်း မရ၊

ထိုစဉ် အိမ်ကြီးပေါ်မှ နင်းရဲ့စန္ဒရားလက်သံ တိုးတိုးတိတ်တိတ်ကို ကြားလိုက်ရ၏၊ နင်းလက်သံကို ကြားရတော့ လေးလံထိုင်းမှိုင်းနေတဲ့ သူ့စိတ်တွေ ပြန်လည်နပျိုလာသလိုပင်၊

ဒါကြောင့် ရေတွင်းနားက ခွာပြီး အိမ်ကြီးဆီသို့ လျှောက်လာခဲ့၏၊ အိမ်ဝသံဘာဂျာတံခါးရှေ့တွင် လူးလူးပြောခဲ့သလို လူနီကြီးတစ်ဦး ရပ်နေသည်ကို မြင်လိုက်ရ၏၊ သူ့လက်ထဲမှာလည်း ကြီးမားလေးလံသည့် လက်နက်ကြီးတစ်ခု ကိုင်ထားသလိုပင်၊

အထဲကို ဝင်မယ်လုပ်တော့ သူ့ကို လက်နက်ကြီးနှင့် ရွယ်ထားရင်းပင် –

"မင်း ဘယ်သူလဲပြောစမ်း"

"ဟင် – ကျုပ် – ဒီအိမ်ကပါ၊ အခု – စန္ဒရားတီးနေတာ ကျုန်တော့်မိန်းမပါ"

"မင်း တက်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ – ဘာ – ဘာဖြစ်လို့လဲ"

"မနက်ဖြန် – ဒီအိမ်မှာ မင်းသားအတွက် အလှူလုပ်မှာလေ၊ မင်း ဘယ်လိုမှ တက်လို့မရဘူး"

"ကျွန်တော်က ဒီက အိမ်ထောင်ဦးစီးလေ၊ ဘာဖြစ်လို့တက်မရတာလဲ၊ ပြီးတော့ – ကျွန်တော့်သားအတွက် အလှူလုပ်မှာဆိုတော့ သားလေးက ဘာဖြစ်နေလို့လဲ"

"မင်းသား တစ်နှစ်ပြည့်တဲ့ရက်လေ ..."

"ခင်ဗျာ"

သူ ဘယ်လိုမှမယုံနိုင်ဘူး၊ သားလေး လူးလူး တစ်နှစ်ပြည့်တဲ့ရက်ဆိုတော့ သားလေးဟာ ဆုံးရှုံးသွားခဲ့ပြီပေါ့၊ သူ ရင်ကွဲမတတ် ခံစားရသည်၊ အိမ်ပေါ်လည်း တက်လို့လည်းမရ၊ ဘာကြောင့်ပါလိမ့်၊ အိမ်တံခါးရှေ့ရပ်နေတဲ့ လူနီကြီးက အိမ်ထဲဝင်ရင် တကယ်လုပ်တော့မည့် အလားပင်၊

ဒါကြောင့် သူ အိမ်ရှေ့က ပြန်ထွက်ပြီး အိမ်အနောက်ဘက်ကို ပြန်လာခဲ့သည်၊ လရောင်က မလင်းတလင်း၊ အရာရာက မှုန်မှုန်ဝါးဝါးပင်၊ ရင်ထဲအသည်းနှလုံးတွေ ကြေမွသွားမတတ် ခံစားနေရသည်၊ သားလေး လူးလူးက နေတဲ့ဖြန့်ဆိုလျှင် တစ်နှစ်တောင် ပြည့်တော့မည်၊

အံ့ဩစရာကောင်းတာက ဘာကြောင့် သားလေးတို့မြေအိုး ရေတွင်းထဲမှာ နေပါလိမ့်၊ သားလေး၊ အဖိုးဦးနန္ဒာက လွန်ခဲ့သောသုံးနှစ်ခန့်က လူကြီးရောဂါနှင့် ဆုံးပါးခဲ့ရပြီဖြစ်သည်၊ သို့ဆိုလျှင် သားလေးတို့မြေအိုးက သေလူတွေ ဖြစ်နေကြပါလား၊ သူ တွေးမိ၏၊ တုန်လှုပ်ခြောက်ခြားရသော ခံစားမှုက သူ့ရင်ကို ဆောင့်တက်လာသလိုပင်၊

တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာမိ၏၊ ခြံအနောက် ထန်းပင်ကြီးတစ်ပင်အောက် ထိုင်ချလိုက်မိသည်၊ သားလေးအတွက် မျက်ရည်တွေက ပိုးဖိုးပေါက်ပေါက်၊ ဘယ့်လိုမှ မယုံနိုင်ဘူး၊ နေရတော့လည်း ရေတွင်းပျက်ထဲ ... သူ ရှုံးပွဲချ ငိုလိုက်မိ၏၊ သူ့မျက်ရည်စက်တို့သည် သွေးပျက်လုမတတ်၊ ထိုစဉ် သူအနားသို့ သားလေး ရောက်လာ၏၊ သားလေးကို လှည့်ကြည့်မိတော့



သားလေးမျက်နှာမှာလည်း မျက်ရည်စတွေဝိုင်းနေ၏၊ အသွင်အပြင်ကလည်း အရင်လို တောက်တောက်ပပ မရှိ၊ လရောင်အောက်မှာ ညှိုးညှိုးမှိန်မှိန်နှင့် ရပ်နေ၏၊

"သားရယ် – ဖေဖေ စိတ်မကောင်းလိုက်တာကွယ်၊ သားလေးအဖြစ်ကို ဖေဖေ ဘယ်လိုမှမယုံဘူး"

"မပြောပါနဲ့ – ဖေဖေရယ်၊ သားတို့ သွားကြပါစို့"

"ဟင် – မင်း – မင်း မသေဘူး"

"ဖေဖေကလဲ – သား ဘယ်လိုပြောရမလဲ၊ လိုက်ခဲ့ပါ – ဖေဖေရယ်"

"ဘယ်လိုလိုက်ရမှာလဲ"

"ရေတွင်းပျက်ကြီးဆီကိုလေ ..."

"အို – မဟုတ်တာ"

"လိုက်ခဲ့ပါ"

သားပြောတဲ့ စကားတွေကို ခေါင်းတခါခါနှင့် ငြင်းနေမိသည်၊ သားက သူ့ကို အတင်းဆွဲခေါ်ကာ ရေတွင်းပျက်သို့ လျှောက်သွားပြီး တွင်းထဲ ခုန်ချခဲ့သည်၊ သူလည်း ရေတွင်းထဲ ခုန်ဆင်းတော့ သားလေးတို့မြေအိုးကို တွေ့လိုက်ရ၏၊

"မင်း ရောက်လာပြီလား၊ မောင်သီဟ – ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ အားလုံးဟာ အနိစ္စချည်းပါပဲ၊ ငယ်တဲ့လူလည်း သေရ၊ ကြီးတဲ့လူလည်း သေရမှာပဲ၊ ဒါ – သဘာဝတရားလေ"

"ဗျာ – ဘယ်လိုဖြစ်ရတာလဲဗျာ၊ သားလေးကရော ဘယ်လိုအဖြစ်မျိုး ရောက်နေတာလဲ၊ ကျွန်တော် နားမလည်တော့ဘူးဗျာ"

ပြောရင်း သားလေးကို ရင်ခွင်ထဲပွေ့ကာ ငိုရှိုက်နေမိ၏၊ လောကကြီးကို နားမလည်နိုင်တော့၊ ဘဝဟာ စနစ်မကျအဖြစ်တွေနဲ့ ဖွဲ့စည်းထားပါလားလို့ သူ တွေးမိ၏၊ ခု သူကရော သားတို့မြေအိုးကို တွေ့လိုက်ရသဖြင့် သူကိုယ်သူလည်း မေးခွန်းတွေ ထုတ်လာမိ၏၊

www.burmeseclassic.com

"ဒါ - ဒါဆို - ကျွန်တော်ကရော ဖေဖေတို့၊ သားတို့လို သေလူပဲလား။ အို - ကျွန်တော် မသေသေးဘူး။ ဟုတ်တယ် - ဘယ်လိုမှ ကျွန်တော် မသေနိုင်သေးဘူး"

"မင်း တစ်ချိန်ချိန်တော့ နားလည်လာမှာပါ"

"အို - မသေဘူး - မသေနိုင်သေးဘူး"

သူ့ရင်အုံကြီး ပွင့်ထွက်သွားမတတ် အော်ဟစ်လိုက်ပြီး သားလေးကို ရင်ခွင်ထဲ ပွေ့ထားရာက လွှတ်ချလိုက်၏။ သူ့ကိုယ်သူ မယုံရဲ၊ သူ သေပြီလား။ စိတ်တွေ မဝေမဝါး။ အတင်းရုန်းကန်ပြီး ထလိုက်၏။ သားလေးက ဆွဲထားသော်လည်း အတင်းရုန်းထွက်ပြီး ရေတွင်းထဲက ထွက်ခဲ့၏။

"ငါ - ငါ မသေသေးဘူး"

"ဖေဖေ - ဖေဖေ - သားကို မထားခဲ့ပါနဲ့"

သားလေး၏အော်သံ ကြားနေရပေမယ့် ...။

ရေတွင်းထဲက ထွက်လိုက်၏။ မြို့ကြီးတစ်ခုလုံး မည်းမည်းကြုတ်ကြုတ်၊ သားလေးပြသည့် မြို့ပေါက်က ပြေးထွက်ခဲ့မိ၏။ အလင်းစတစ်စကို မြင်လိုက်ရသလိုပင်၊

အဲဒီအလင်းစရှိရာပြေးရင်း သူ့ဆေးရုံပေါ်ကို ပြန်ရောက်သွားသလိုပင်၊

"မောင်သီဟ - မောင်သီဟ - မင်း သတိရပြီလား - မောင်သီဟ"

"ဗျာ - ကျွန်တော် ဘယ်ရောက်နေသလဲ"

"မင်း ဆေးရုံပေါ်ကို ရောက်နေတာလေ၊ မင်းမေ့မြောနေတာ သုံးရက်ရှိပြီ"

"ဟုတ် - ဟုတ်လား - ဘာဖြစ်လို့လဲ"

"မင်းမောင်းလာတဲ့ကား မှောက်လို့လေ၊ မင်းထန်းသုံးပင်ကွေ့မှာ မှောက်တာ၊ တော်သေးတာပေါ့ကွာ။ ဒဏ်ရာက ခေါင်းပဲထိတာ"



"ဟုတ်လား - ကျွန် တော် မသေဘူးလား"

"မသေတော့ပါဘူးကွာ၊ ရွာကလူတွေ ပါလာတယ်။ မင်းမိန်းမ နှင်းက တော့နေမကောင်းဖြစ်နေလို့ကွာ"

"ဗျာ"

သူ အထိတ်တလန့်ဖြင့် ခုတင်ပေါ်မှ ထထိုင်မိ၏၊ ကိုယ်ပေါ်မှာလည်း ပတ်တီးတွေ အဖွေးသား။ သော်ကရွာမှ ရွာလူကြီး ဦးမြင့်စံကိုမြင်တော့ လွင့်မျောသွားသည့်စိတ်အစဉ်ကို အံ့သြလွန်းမက အံ့သြနေ၏။

"ဒါ - ဒါဆို - ကျုပ် မသေတော့ဘူး - ဟုတ်လား"

"ဒါပေါ့ကွယ်၊ မသေကောင်း၊ မပျောက်ကောင်းတဲ့အဖြစ်ပါပဲ။ မင်းသားရဲ့တစ်နှစ်ပြည့်အလှူကိုလည်း မလုပ်ဖြစ်ဘူးလေ၊ မင်းမိန်းမက နေမကောင်းတော့ - လူမရှိဘူးလေ"

"ဟုတ်လား - နှင်း တော်တော်ဆိုးနေသလား"

"ဆိုးတော့ မဆိုးပါဘူးကွာ၊ ဆရာဝန် အိမ်ခေါ်ပြတယ်လေ"

ဦးမြင့်စံ စကားတွေကြောင့် နှင်းအတွက် အရမ်းစိတ်ပူမိသည်၊ ယခု အဖြစ်အပျက်ကို တွေးမိတော့လည်း ထန်းသုံးပင်ကွေ့မှာ ကားမှောက်ခဲ့တာ ပြန်သတိရလာခဲ့၏။ သားလေး တစ်နှစ်ပြည့်တော့မည့် အလှုအတန်းလုပ်ရန် နှင်းက ကြိုအကြောင်းကြားခဲ့သဖြင့် ယခုလိုပြန်ခဲ့ခြင်းဖြစ်၏၊ သူ အရာရာကို ပြန်၍ သတိရနေသလိုပင်၊ ထိုအထဲတွင် သားလေး လူးလူးက အိမ်အနောက်ဘက် ရေတွင်းပျက်ထဲ တကယ်ရှိနေလေသလား တွေးမိ၏။

စိတ်ထဲ ကြေကြေကွဲကွဲ ခံစားနေရ၏။ ယခု ဆေးရုံက ဆင်းလျှင်တော့ သားလေးတို့မြေအမိုးအတွက် အလှုအတန်းလုပ်ကာ အမျှအတန်း ဝေပေးရဦးမည်ဟုတွေးကာ စိတ်အစဉ် ပြန်လည်လွင့်မျောနေတော့၏။

▶▶ မာယာ

www.burmeseclassic.com

www.burmeseclassic.com



# အစွေးရှည်ရှည် အစွယ်ခေါခေါ

ထိုက်သဇင်

"အောင်စိန် - နင် ဘွားတော်တို့အိမ်က သန့်ရှင်းရေးလုပ်ဖို့ ခေါ်နေတယ်"

မနက်စောစောလာပြောတဲ့ မိနီစကားကြောင့် အောင်စိန် နိုးသွားပြီး ဘေးက အရက်ပုလင်းကို ထမော့လိုက်သည်။ ဒေါ်မှန်တို့အိမ်က ဘာကိစ္စရှိရှိ ဘယ်အလုပ်သမားမှ မခေါ်ဘဲ အရက်သမားအပေအတေဆိုပြီး ဘယ်သူမှ အခေါ်အပြောမလုပ်တဲ့ ရွာရဲ့ချဥ်ပတ်ဖြစ်တဲ့ အောင်စိန်တစ်ယောက်သာ အလုပ်သွားလုပ်တတ်သည်။

တခြားလူတွေက ဒေါ်မှန်တို့အိမ်ထဲရောက်ထားနဲ့ ဟိုအရာစပ်စုဒီအရာစပ်စုတာကြောင့် ခိုင်းတဲ့အတိုင်းလုပ်ပြီး ဘာမှမမေးတတ်တဲ့ အောင်စိန်သာ လက်စွဲတော် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အောင်စိန် - မင်း ဒေါ်မှန်တို့ဆီမှာ တစ်လတစ်ခါ ဘာတွေသန့်ရှင်းရေး သွားလုပ်တာလဲ၊ ငါတို့အမြင်မှာတော့ ခြံကြီးကလည်း သစ်ပင်တွေ၊ နွယ်တွေနဲ့ ရှုပ်နေတာ အိမ်တောင်ဖုံးတော့မယ်၊ အဲဒါတွေမရှင်းဘဲ ဘာတွေရှင်းနေတာလဲ၊ ကေနွှ - မင်း သူတို့အိမ်ထဲက မြေအောက်ခန်းထဲက ဘာပစ္စည်းတွေများ ရှင်းနေရတာလဲ"

အရက်သောက်ဖော်သောက်ဘက် လှဌေး စကားကြားတော့ အောင်စိန် မူးနေတာတောင် နည်းနည်းပြေချင်သလို ဖြစ်သွားသည်၊ အမှန်တော့ သူ ဒေါ်မှန်အိမ်မှာ တစ်လတစ်ခါ သန့်ရှင်းရေးလုပ်ခြင်းမဟုတ်ပါ၊ တခြားရွာက အမဲပေါ်တဲ့နေရာကနေ အမဲသား အချိန်တစ်ဆယ်ကို သွားယူပေးရတဲ့ အလုပ်ဆိုတာ ဘယ်သူမှမသိ၊ ဒီကိစ္စ အပြင်ကိုမပေါက်ကြားအောင်လည်း အောင်စိန်ကို ဒေါ်မှန်က ငွေအလုံအလောက်ပေးထားပြီး နှုတ်ပိတ်ထားနိုင်သည်၊

"အထဲက နံရံတွေဖုန်လေး ဘာလေးသုတ်ရတယ်၊ ဒါပေါ့ကွာ - မင်းကလည်း သန့်ရှင်းတာပဲ၊ ဒေါ်မှန်ခြံက တော်ရုံကျယ်တာမို့လို့လား၊ ငါတို့ရွာတစ်ဝက်လောက်က သူ့ခြံတွေချည်းပဲလေ"

"အင်း - ဟုတ်ပါတယ်၊ ငါတို့ ငယ်ငယ်လေးတည်းက သူတို့ ခြံထဲဝင်ဆော့ရင် ဒေါ်မှန်အဖေကြီးက လောက်လေးနဲ့ဆော်တာကွ၊ သူ့မိန်းမကလည်း မြို့ရှုဖြတ်သွားတဲ့ သူကိုတောင် အလကား နေရင်းဆဲနေတာ၊ ဘယ်လောက် ချမ်းသာချမ်းသာ ငါသာဆို ဒီရွာမှာ ယိုင်နဲ့နေတဲ့ ရှေးအိမ်ကြီးကို ရောင်းပြီး မြို့ပေါ်မှာ ပြောင်းနေမှာပေါ့"

လှဌေး ပြောတာကို ခေါင်းသာညိတ်ပြပြီး အောင်စိန် ဘာမှပြန်မပြောပါ၊ ဘယ်အချိန်ဖြစ်ဖြစ် အတွင်းတံခါးကို အမြဲပိတ်ထားတဲ့ ဒေါ်မှန်တို့အိမ်ထဲကို သူ တစ်ခါမှ မရောက်ဘူးပါ၊ တကယ်လို့ ဝင်ခွင့်ရမယ်ဆိုရင်တောင် အောင်စိန် ဝင်မှာမဟုတ်ပါ၊ ဘာလို့လည်းဆိုတော့ ဒီအိမ်ကြီးကို သိချင်စိတ်ကြောင့် ပြတင်းတံခါးကနေ ဘာတွေရှိလည်း စပ်စုပြီးကြည့်မိတဲ့ညဆို ကြောက်လန့်ဖွယ် အိပ်မက်ဆိုးတွေ မက်ခဲ့တာကို လှဌေးကို ပြောပြချင်ပေမယ့် ယုံမှာမဟုတ်တာ သေချာသည်၊



ရွာထဲမှာလည်း ဒေါ်မှန်တို့ ခြံကြီးက မသန့်သလိုလို ကလေးတွေများ အိမ်ရှေ့က ညနေစောင်းဖြတ်သွားရင် အငိုမတိတ်အောင် လန့်တတ်တာကတော့ နာမည်ကြီးသည်၊

ဘိုးဘွားတွေ လက်ထက်ကတည်းက ဘာအလုပ်မှမလုပ်ဘဲ ဒီအသက်အရွယ်ထိတိုင် မိသားစုတွေ အေးဆေးထိုင်စားရလောက်အောင် ဒေါ်မှန်တို့က ချမ်းသာကြသည်၊ ပိုက်ဆံရှိမှန်း သိပေမယ့် အရပ်ရှည်ရှည်ကိုယ်လုံးတောင့်တောင့်၊ ရုပ်ကလည်း ရှက်ကြမ်းရည်ကျိုဖြစ်တဲ့အပြင် အပေါက်ကလည်း ဆိုးလွန်းလို့ ဘယ်ယောကျ်ားလေးမှ အနားတောင် ယောင်လို့မကပ်၊ မိန်းမမှန်း ယောကျ်ားမှန်းမသိအောင်ကို အနေအထိုင်ကြမ်းတမ်းတဲ့စရိုက်မို့ ငွေချေးရင်လည်း ဒေါ်မှန် လာပြီဆို ရှိတာအကုန်ထုတ်ပေးလို့ အပေါင်ဆုံးတယ်ဆိုတာ မရှိသလောက်ပါပဲ၊

မိသားစုလေးယောက်တည်းရှိတော့ သူမတို့ညီအစ်မ ခရီးသွားရင် မိဘနှစ်ပါးအတွက် စားဖို့အတွက် သေချာစီစဉ်ပေးခဲ့သည်၊ ဆွေမျိုးတွေကလည်း မရှိတော့၊ ဒေါ်မှန်တို့ မိသားစုက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြသည်၊ အမေရော၊ အဖေရောက အလုပ်ကိစ္စကလွဲရင် ပတ်ဝန်းကျင်နဲ့ သိပ်အခေါ်အပြောမလုပ်ပေမဲ့ ရွာထဲက သာရေးနာရေးရှိရင်တော့ ငွေကိုရက်ရောစွာ ပေးတတ်တာကြောင့် ဘယ်နေရာမဆို ဒေါ်မှန်တို့က ဩဇာညောင်းသည်၊ စားမယ့် ဖြုန်းမယ့်သူမရှိပေမဲ့ ရှေ့ရေးအတွက် အထည်ဆိုင်လေး ဖွင့်မယ်ဆိုပြီး မဖြစ်မနေ ညီအစ်မနှစ်ယောက်လုံး ရန်ကုန်ကို ခရီးသွားဖို့ ပြင်ကြသည်၊

"မလိုက်လို့မဖြစ်ဘူးလား – မမ၊ မိလှိုင်တော့ ကားစီးရင်မူးတယ်၊ ရထားစီးရတာလည်း စိတ်ညစ်တယ်"

"ဟဲ့ - ဒါတွေမစီးဘဲ လေပေါ်က ပျံသွားချင်လို့လား၊ မရဘူးလေ - ဒီကိစ္စက ငါ သိပ်နားလည်တာ မဟုတ်ဘူး၊ နင်ပါမှ ဖြစ်မှာပေါ့"

ငယ်ငယ်တည်းက အစ်မဖြစ်သူရဲ့ စကားဆို ခေါင်းမခါဘူးခဲ့ပေမဲ့ တစ်ခါမှ ခရီးမသွားဘူးလို့ မိလှိုင် သွားရမှာ ကြောက်နေသည်၊ ပြီးတော့ - သူမတို့ ခရီးသွားရင် အမေတို့ စားသောက်ဖို့ ဒုက္ခရောက်မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

"မိလှိုင် - နင်ဘာတွေးနေလဲ၊ ငါသိတယ် - အမေတို့အတွက် စားဖို့အဆင်ပြေအောင် အောင်စိန်ကိုခေါ်ထားပြီးပြီ၊ အဝတ်အစားတွေသာထည့်ထား"

နေ့လယ် အောင်စိန် ရောက်လာချိန်တွင် တစ်ထောင်တန်အထပ်လိုက် လက်ထဲထည့်ပေးပြီး တိုးတိုးတိတ်တိတ်မှာနေသောပစ္စည်းတွေက တခြားလူတွေမသိအောင် ဝယ်နိုင်းတယ်ဆိုတာ အောင်စိန် သိပြီးသားပါ၊ အရက်သမားသာဆိုပေမယ့် နှုတ်စောင့်စည်းတတ်တဲ့အကျင့်ကြောင့် ဒေါ်မှန်တို့အိမ်နဲ့ ဆက်ဆံမိတဲ့အချိန်ကစလို့ စားသောက်ရမဲ့တဲ့ အောင်စိန် အူစိုခဲ့တာ ဒီနေ့ထိပါ၊

"ညနေမမှောင်ခင် ထုံးစံအတိုင်း သွေးမခြောက်သေးတဲ့ အမဲဝမ်းတွင်း ကလီစာနှစ်စုံနဲ့ အမဲသွေးနှစ်ထုပ် အသားငါးပိဿာဝယ်လာခဲ့၊ ဒီတစ်ခါ ဝက်သွေးပါ ထည့်ဝယ်နော်"

"များလှချည်လား"

"အေး - မနက်ဖြန်၊ ငါတို့ ခရီးသွားမလို့၊ နင် သေချာလုပ်လာခဲ့နော်၊ ရော့ - ဒီမှာ နင့်အတွက် ငါးထောင်ယူသွား၊ ရွာအပြင်လမ်းက သွားနော်"

ဒါပေမဲ့ - ဒီတစ်ခေါက် မှာတဲ့စာရင်းကိုနားထောင်ရင်း အောင်စိန်ကြက်သီး ထမိသွားသည်၊ နိုင်းတဲ့အတိုင်းသာ လုပ်နေပေမယ့် ဒီတစ်ခါတော့ စိတ်ထဲ သိချင်စိတ်က ထိန်းမရလို့ မေးလိုက်မိသည်၊

"ဒေါ်မှန် ဒီလောက်များတာတွေကို ဘာလုပ်မလို့လဲ၊ ခရီးသွားရင် ယူသွားမလို့လား"

"ဟဲ့ - ဝယ်နိုင်းတာ ဝယ်ခဲ့ပေါ့၊ ဘာတွေ အမေးထူးနေတာလဲ၊ သွားတော့ ..."

ထဝ်မေးရင်လည်း လက်ထဲရောက်နေတဲ့ ပိုက်ဆံလေးပါသွားမည်မှာစိုးတာကြောင့် အမဲပေါ်တဲ့ အိမ်ကိုထွက်လာခဲ့သည်၊ အရမ်းမှောင်ရင်လည်း ရွာထိပ်က ဘုရားနားမှာ ဒီပစ္စည်းတွေနဲ့ မဖြတ်ရဲတာကြောင့် သုတ်ခြေတင် ပြေးလိုက်သည်၊



"အောင်စိန် - မင်းဘွားတော်ကြီးတွေအိမ်က ပိတ်ထားတာပါလားကွ"

"အဲဒါထူးဆန်းလား၊ အရင်တည်းက အဝင်တံခါးနဲ့ပြတင်းတစ်ပေါက်ပဲ ဖွင့်ထားတတ်တာကိုး"

"မဟုတ်ဘူးကွ၊ မနက်က အထုပ်တွေဆွဲပြီးထွက်သွားတာတွေ့တယ်လို့ ပြောတယ်"

"အေး - မရှိဘူး၊ ခရီးသွားမလို့တဲ့၊ လေးငါးရက်တော့ ကြာမယ်ထင်တယ်"

"သေချာလား၊ တကယ်နော် - ဟေ့ကောင်"

မနက်စောစော အရက်ဝိုင်းမှာ အောင်စိန်ဆီက သတင်းစကား ကြားလိုက်တည်းက လှဒွေးအတွေးတစ်ခု ဝင်လာသည်၊ မြဲကြီးကလည်းကျယ်၊ အစောင့်ခွေးလည်း မရှိတော့ ဒီအချိန်ထက်ကောင်းတဲ့ အခွင့်အရေးမရှိ၊

ဟိုတစ်လောကမှ ရွှေဘယက်တွေ၊ ကျားလက်ကောက်တွေ မြို့က ရွှေဆိုင်မှာ ရောင်းနေတာဆိုတော့ ဒီထက်မကတဲ့ ပစ္စည်းတွေရှိနိုင်သေးတယ်၊ အခုညီအစ်ကိုနှစ်ယောက်လုံး ခရီးသွားတယ်ဆိုတော့ ဒီပစ္စည်းတွေက အိမ်ထဲတစ်နေရာမှာ ရှိတယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာသည်၊

ဒီကိစ္စ အောင်စိန်ကို တိုင်ပင်ရင်ကောင်းမလား၊ မဖြစ်သေးပါဘူး၊ ဒီကောင်က အရက်သမားသာဆိုတယ် သူများပစ္စည်းကို စိတ်နဲ့တောင် ဖြစ်မှားတာမဟုတ်ဘူးဆိုတဲ့ အတွေးမဆုံးခင် ညီဖြစ်သူ လှသောင်း ဝင်လာတာကြောင့် အားတက်သွားသည်၊

"လှသောင်း၊ ငါ ပွဲပေါက်တစ်ခုတွေ့ထားတယ်၊ မင်း စိတ်ဝင်စားလား၊ ဒီလိုကွ - တို့ရွာထိပ်က ဒေါ်မှန်တို့ ......"

"ဟာ - တကယ်လား၊ ဒီအဘွားကြီးတွေက ခရီးသွားခဲတယ်ဗျ၊ အတော်ပဲ အခုတလော ကျပ်နေတာ မနက်ဖြန်ည လုပ်ငန်းစမယ်ဗျာ"

သူ့ထက်ပိုပြီး တက်ကြွနေတဲ့ လှသောင်းကြောင့် ဒီအလုပ်ဖြစ်ပြီဆိုတာ ချာသွားသည်၊ အရင်တည်းက ဒီကိစ္စမျိုးဆို လက်စထက်တဲ့ ညီဖြစ်သူ အားကိုးပြီး လိုအပ်တာတွေ ပြင်နေစဉ် အောင်စိန် ရောက်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com

"လှဒွေး - မင်းညီ လှသောင်း ဘာလာလုပ်တာလဲ"

"အလည်လာတာပေါ့ကွ"

သူ့စကားကိုမဖြေချင်သလိုလုပ်သွားတဲ့လှဒွေးကိုအောင်စိန် နည်းနည်းတင်းသွားသည်။ ဒီကောင်တွေ ညီအစ်ကို သိပ်မရိုးသားဘူး။ မနက်က ဒေါ်မှန်တို့ ခရီးသွားတယ်လို့ ပြောလိုက်တုန်းက သေချာလား။ အတည်ပြုထွက်သွားတာ။ မဟုတ်တာတွေ မလုပ်ဖို့တော့ မျှော်လင့်ရတာပဲ၊ ဒီအိမ်အတွက် သူလုပ်ပေးနေရတဲ့ကိစ္စကို ဖွင့်ပြောလိုက်ရင်လည်း ဒေါ်မှန်တို့အပေါ်မလုပ်သင့်ပါဘူးလေ။

✷

ရှစ်နာရီတောင် မထိုးသေးပေမဲ့ ရွာထဲမှာ လူအသွားအလာ တော်တော်ကျဲသွားသည်။ ညတစ်ချက်ထိုးမှ လူပ်ရှားမယ်လို့ ညီအစ်ကိုနှစ်ယောက်တိုင်ပင်ထားပေမယ့် လှသောင်း အစောကြီးရောက်လာသည်။

"အစ်ကို - ဆယ်နာရီကျော်ရင် သွားမယ်ဗျာ"

"ဖြစ်ပါ့မလားကွ၊ လူအိပ်ချိန်ဆို ပိုစိတ်ချရတာ မဟုတ်ဘူးလား"

"ဟာ - ဖြစ်ပါတယ်ဗျာ၊ သူတို့ အိမ်ဘေးက ဒီလောက်မှောင်တာ ဆင်တောင် ဝင်နိုင်လို့ရတယ်၊ အိတ်ကြီးကြီးယူခဲ့နော်၊ ပစ္စည်းက တော်တော်များမှာဗျ၊ ဟီး - ဟီး"

မျှော်လင့်ချက်တွေနဲ့ အမှောင်အားကိုးပြီး လှဒွေးတို့ ညီအစ်ကို နှစ်ယောက် ဒေါ်မှန်တို့ အိမ်ကြီးထဲ ဝင်လာခဲ့သည်၊ သူတို့ ဝင်သွားပြီး နာရီဝက်တစ်နာရီကျော်ကြာတဲ့အချိန်လောက်မှာပဲ "အား" ဆိုတဲ့ အော်သံနက်ကြီးနဲ့အတူ တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံး လန့်နိုးသွားသလို သူတို့အိမ်ကထွက်သွားတည်းက နောက်က ထက်ကြပ်မကွာ လိုက်လာခဲ့သော အောင်စိန်လည်း အလန့်တကြားထွက်ပြေးလာခဲ့သည်။

ဘာဖြစ်တာလဲဆိုတာ မသိရပေမဲ့ နောက်တစ်နေ့နံနက်မှာ လှဒွေးတို့ညီအစ်ကို ပျောက်နေတယ်ဆိုတဲ့ သတင်းထွက်လာသည်။ ဘယ်နေရာရောက်နေလဲဆိုတာ အောင်စိန်သိပေမယ့် မြင်တွေ့ခဲ့ရတဲ့အရာက ဘာလဲဆိုတာ မသိပေမဲ့ မတွေးရဲလောက်အောင် ကြောက်လန့်နေသည်။

သုံးရက်လောက်ကြာတဲ့အထိ ဘာသတင်းမှမရလို့ ရဲတိုင်ဖို့ ပြင်နေချိန်မှာ လှဒွေးမိန်းမထံ ဒေါ်မှန်တို့ညီအစ်မရောက်လာသည်။ ဘာအကြောင်းပြောသွားလဲဆိုတာ မသိပေမဲ့ ရွာထဲက သန်မာတဲ့ လူနှစ်ယောက်နဲ့အတူ အောင်စိန်ပါ ဒေါ်မှန်တို့အိမ် လိုက်လာခဲ့သည်။

"ဒီမှာ - နင့်ယောကျ်ားနဲ့ သူ့ညီ ငါတို့မရှိတုန်း အိမ်ကို ခိုးဝင်တယ်လေ၊ ဒါပေမဲ့ - ငါတို့ရဲတွေ ရွာလူကြီးတွေနဲ့ အလုပ်မရှုပ်ချင်လို့ ဒီကိစ္စ ဒီမှာပင်ပြီးကြအောပေါ့၊ ပြီးတော့ - ဒီကိစ္စကို ရွာထဲလျှောက်ပြောရင် ငါတို့ဥပဒေအတိုင်းလုပ်မယ်ဆိုတာ မှတ်ထား၊ သွား - မြန်မြန်ပြန်ခေါ်သွားကြ"

အပေါ်ထပ် လှေခါးလက်တန်းနားမှာ ဖရိုဖရဲအနေအထားနဲ့ ကြောက်သေးတွေပါထွက်ကျပြီး မေ့လဲနေသော လှဒွေးတို့ညီအစ်ကိုကို တွေ့လိုက်သည်၊ အမှုမဖွင့်ဘူးလို့ပြောတဲ့ ဒေါ်မှန်ကို ကျေးဇူးတင်ပြီး သူတို့ညီအစ်ကိုနှစ်ယောက်ကို တွဲခေါ်လာခဲ့သည်။

အိမ်ရောက်လို့ သတိပြန်ရချိန်မှာတော့ ဘယ်အရာကိုမှ မကြောက်တတ်တဲ့ သူတို့ညီအစ်ကိုနှစ်ယောက်လုံး တွေ့တဲ့လူတိုင်းကို ဦးချပြီး "ကယ်ကြပါဦးဗျာ၊ မလုပ်တော့ပါဘူး ကြောက်ပါပြီဗျ" ဆိုတဲ့ စကားနဲ့အတူ ခြင်ထောင်ထဲကတောင် မထွက်အောင် ကြောက်လန့်နေသလို ဘယ်သူမှ မှတ်မိတော့ဘဲ ရူးသွားကြသည်။

ဒေါ်မှန်တို့အိမ်မှာ ဘာတွေ တွေ့လိုက်လဲ၊ ဘယ်လိုဖြစ်တာလဲဆိုတာ တခြားလူတွေထက် အောင်စိန်ကတော့ အရမ်းသိချင်နေသည်၊ ပြီးတော့ - ပစ္စည်းဥစ္စာကို အရမ်းနမြောတတ်တဲ့ ဒီညီအစ်မက ကိုယ့်အိမ်ကို ပစ္စည်းခိုးနိုးလာတဲ့ သူတွေကို အရေးမယူဘဲ ဒီတိုင်းလွှတ်လိုက်တာကိုလည်း နားလည်၊ ဒီအကြောင်းကိုပတ်ဝန်းကျင်က လူတွေသိမှာတောင်စိုးရိမ်နေသလို ဖြစ်နေသည်။

သူများအကြောင်းတွေ သိပ်စိတ်မဝင်စားတတ်တဲ့ အောင်စိန် တစ်ယောက် ဒေါ်မှန်တို့အိမ်အကြောင်း သိချင်သွားသည်၊ လှဒွေးတို့ညီအစ်ကို

www.burmeseclassic.com

နောက်လိုက်ရောင်းတုန်းကလည်း ဓာတ်မီးရောင်အောက်မှာ မြင်လိုက်ရသည့် မည်းမည်းအရိပ်ကြီးတွေကို တွေးမိရင်လည်း လန့်မိသည်။

ဒါပေမဲ့ - လူတွေရဲ့သိချင်စိတ်ရှိရင် ထိန်းမရသလို ယောကျ်ားလေးဆိုတော့လည်း ပိုဆိုးသည်။ အရက်တစ်ပုလင်းလောက် ဝင်သွားရင် ကြောက်စိတ်ပျောက်သွားပြန်သည်။

"အောင်စိန် - မနက်ဖြန် ငါတို့ လှဒွေးတို့ကို စိတ်ကျန်းမာရေး ဆေးရုံကို ပို့တော့မယ်။ ဒီမှာ ဆက်ထားရင် အခြေအနေ ပိုဆိုးသွားတော့မယ်"

မနက်စောစောစီးစီး လှဒွေးမိန်းမ ငိုပြီးလာပြောသွားတာကြောင့် စိတ်ရှုပ်သွားသည်။ လှဒွေးနဲ့ သူက အရက်သောက်ဖော်သောက်ဖက်ဖြစ်တဲ့ အပြင် ငယ်ကတည်းက အတူကြီးလာတဲ့ သူငယ်ချင်းလည်းဖြစ်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့မှာလည်း တာဝန်မကင်းသလို ခံစားရသည်။

အစတည်းကသာ လှဒွေးကို သူ့အကျိုးအကြောင်း ပြောထားခဲ့မယ်ဆိုရင် ဒီလိုဖြစ်မှာမဟုတ်။ ဒီလောက်သတ္တိကောင်းတဲ့ကောင်တွေ ရူးသွားလောက်အောင် ကြောက်ခဲ့တာ ဘာလဲဆိုတာ သိရဖို့အတွက် ညနေစောင်း ဒေါ်မှန် အိမ်နားသွားပြီး အခြေအနေစုံစမ်းကြည့်ချင်သည်။

ဘယ်အချိန်ပဲဖြစ်ဖြစ် ခြံဝင်းတံခါး အမြဲဖွင့်ထားတဲ့ ဒေါ်မှန်တို့ခြံထဲကို သူ အလွယ်တကူဝင်လိုက်ပြီး အရိပ်အခြေကြည့်လိုက်စဉ် ဒေါ်မှန် ညီမ လှိုင်လှိုင်တစ်ယောက်တည်း ခြံလေးထောင့်မှာ စိုက်ထားတဲ့ အပင်တွေနားမှာ ရပ်ပြီး စကားတွေပြောနေသည်။

အဝေးကမို့ဘာတွေပြောနေတာလည်းသေချာသိချင်ပေမယ့်အနီးကပ်ကြည့်ဖို့လည်း မလွယ်၊ ဘာလို့လဲဆိုတော့ ဘယ်သူမှမရှိဘဲ စကားတွေ ပြောလိုက် ရယ်လိုက်လုပ်နေတဲ့ ညီမဖြစ်သူကို ဒေါ်မှန်ကလည်း ဝရန်တာကနေ ဒီတိုင်း ကြည့်နေသည်။

ဒီညီအစ်မနှစ်ယောက်ကို ရွာထဲမှာ ပြောနေသလို ယဉ်ယဉ်လေးရူးနေတဲ့ စုန်းမတွေဆိုတာ တကယ်များ ဖြစ်နေမလားမသိဘူး၊ စကားပြောတာဆိုတာကတော့ ပုံမှန်မဟုတ်ပေမဲ့ နေပုံတွေကလည်း သာမန်လူတွေလို မဟုတ်တာကလည်း တစ်မျိုးဖြစ်နေသည်။



"ဗုန်း"

"အမလေးဗျ"

အပေါ်ကနေ ကျလာတဲ့အုတ်ခဲကြီးကြောင့် မန်ကျည်းပင်ကြီးကို အံ့သြစွာနဲ့ မော့ကြည့်နေစဉ်မှာပဲ နောက်ထပ်တစ်လုံးပြီးတစ်လုံး အုတ်ခဲတွေ ထပ်ကျလာသည်။ မန်ကျည်းသီးအစား တစ်ယောက်ပစ်ချသလို ကျလာတဲ့ အုတ်ခဲတွေကြောင့် အောင်စိန်လည်း သုတ်ခြေတင်ပြီး အမြန်ပြေးခဲ့ရသည်။

ညရောက်တော့ ခါတိုင်း အိမ်မှာ တစ်ယောက်တည်းနေတာ ဘာမှ မဖြစ်ပေမဲ့ဒီနေ့ထူးထူးဆန်းဆန်းစိတ်ထဲမှာ တစ်မျိုးဖြစ်ပြီး ခွေးတွေကလည်း အိမ်ကိုကြည့်ပြီး အူလိုက်ဟောင်လိုက်နဲ့မို့ ဘေးအိမ်က သူငယ်ချင်းသာခင်ကို လာအိပ်ပေးဖို့ ရှက်ရှက်နဲ့ အကူအညီတောင်းထားသည်။ အိမ်နောက်ဖေးက ဟင်းပန်းကန်တွေ၊ ရေခွက်တွေကလည်း သူ့အလိုလို ကျလိုကျ၊ ဟိုနေရာက အသံကြားသလို၊ ဒီနေရာက အသံကြားသလိုလိုနဲ့ ညဉ့်နက်သည်ထိ အိပ်မပျော်သေးတာကြောင့် ဘေးက အရက်ကို ရေမရောဘဲ တစ်ပုလင်းလုံးကုန်အောင် သောက်ချလိုက်သည်။

"ဟဲ့ - အောင်စိန်၊ ထစမ်း - "

အိပ်ချင်မူးတူးဖြစ်နေတဲ့ သူ့မျက်လုံးတွေပွတ်ရင်း အသံလာရာနေရာကို ကြည့်လိုက်သည်။ မည်းမည်းရှည်ရှည် အရိပ်ကြီးနှစ်ခုက ခုတင်ခြေရင်းမှာ ရပ်နေသည်။ ကြည့်ရင်းကြည့်ရင်းနဲ့ သူ့အနား တိုးလာတာကြောင့် အော်ဖို့ကြိုးစားပေမယ့် အသံက လုံးဝမထွက်။

"နင် ငါ့အိမ်ကို ဘာတွေမဟုတ်တာလုပ်မလို့ကြံနေတာလဲ၊ ဟိုကောင် လှဒွေးတို့လို ဘဝပျက်ရူးချင်လို့လား၊ အခုတစ်ခေါက် ဒီလောက်နဲ့ လွှတ်လိုက်တယ်ဆိုတာ နင်က ငါတို့ကို အစာစားဖို့ ကူညီပေးထားတာရှိလို့ ကံကောင်းသွားတယ် မှတ်ထား၊ နောက်တစ်ခါဆိုရင်တော့ ဒီလိုလုပ်မှာ ဒီလို"

ရင်ဘတ်ပေါ်ကို ခွစီးပြီး လည်ပင်းညစ်ဖို့လုပ်တဲ့ အရိပ်မည်းကြီးကြောင့် ရှိသမျှ အားကုန်ထုတ်ကာ "အမလေး - ကယ်ကြပါဦးဗျ၊ ကျွန်တော့်ကို လည်ပင်းညစ်နေလို့" အော်ကာ လန့်နိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်လား၊ တကယ်လားဆိုပေမယ့် တစ်ကိုယ်လုံး ချွေးတွေနဲ့ ရွှဲနစ်ပြီး ပြန်အိပ်မပျော်တော့။ ဒီပုံအတိုင်းဆို ငါ တစ်ခုခုလုပ်မှ ဖြစ်တော့မည်။

✷

"ဒကာမကြီး – ဒေါ်မှုန်"

အိမ်ရှေ့မှာ ပန်းပင်တွေ ရေလောင်းနေရင်းနဲ့ ဆရာတော်ခေါ်သံကြောင့် ဒေါ်မှုန် လန့်သွားသည်။ ညနေ စောင်းတော့မည့်အချိန်ဆို အိမ်ကို ချည့်သည် လာတာမပြောနဲ့၊ ခြံရှေ့က လူဖြတ်သွားရင်တောင် ကြိုက်တာမဟုတ်တော့ ခုလို မကြွစဘူး ဆရာတော်ကိုယ်တော်တိုင် ကြွလာတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"ဘာကိစ္စရှိလို့ပါလဲ – ဘုရား"

"ကိစ္စရှိမှ ငါက ကြွရမှာလား။ ရွာဦးစေတီ ပြုပြင်ဖို့အတွက် အလှူလာခံတာ"

"မဟုတ်ပါဘူး – ဘုရား၊ ဒါဆိုလည်း ခဏစောင့်ပါဘုရား"

စကားပြောရင် ခွကျကျပြန်ပြောတတ်တာကလွဲရင် အကျင့်သီလပါ ပြည့်စုံပြီး ငယ်တည်းက ပုတီးစိပ်တရားထိုင်ကျင့်လာခဲ့တော့ ခုချိန်များ တစ်ခုခုများ မြင်လိုက်ရင်ဆိုတဲ့အတွေးနဲ့ ဒေါ်မှုန်အိမ်ထဲ အမြန်ပြေးဝင်လိုက်သည်။ အလှူငွေထည့်ဖို့ ပိုက်ဆံအိတ်ယူလိုက်စဉ် အပေါ်ထပ်က ဖန်ခွက်တချွကွဲသံ ကြားတာကြောင့် သဘောပေါက်လိုက်သည်။

ခြံရှေ့က ထိုင်နေတဲ့ ဆရာတော်ကလည်း အိမ်ထဲက အရိပ်အခြေကို ကြည့်ပြီး ချက်ချင်းပြန်လှည့်ထွက်သွားတာကို အသားထုပ်တွေဆွဲလာတဲ့ မိလှိုင် မြင်သွားသည်။ ဒီအချိန်ကြီး ဆရာတော် အိမ်ကို ဘာလို့ကြွလာတာပါလိမ့်။ အမေတို့က လူစိမ်းလာတာ ကြိုက်တာမဟုတ်ဘူး။ အောင်စိန်က လည်း ဒီနေ့ကျမှ နေမကောင်းလို့ဆိုပြီး မလာဘူး။ အသားသွားဝယ်ရတာ ဟိုတကြည့်၊ ဒီကစပ်စုနဲ့ ရွာထဲကဟာတွေက စိတ်ရှုပ်ဖို့ကောင်းသည်။



"မိလှိုင် ဘာဖြစ်လာတာလဲ"

"မသိဘူး – မမရေ၊ တစ်ခါမှ မဝယ်ဘူးလို့ သွားဝယ်မိတာ၊ နည်းနည်း ချောင်သွားလို့လား မသိဘူး၊ ကြက်သီးတွေထပြီး တစ်မျိုးကြီး ဖြစ်နေတယ်၊ နောက်ဆို သွားမဝယ်ချင်တော့ပါဘူး"

"ခွမ်း – ဒုတ် – ဒုတ်"

မိလှိုင် စကားမဆုံးခင် ကြားလိုက်တဲ့ အသံတွေကြောင့် ညီအစ်မတွေ တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ရင်း တောင်းပန်ရတော့သည်။ ခုတလော အဖေတို့ ဘာလို့ ဒီလောက်စိတ်ဆိုးနေတာလဲ။ အားလုံး ပုံမှန်လုပ်ပေးပေမယ့် အရင်ကလို နေရတာ စိတ်မအေးရတာတော့ အမှန်ပါ။



...လား။ နင်တို့ တော်တော်မိုက်ကြတာပဲ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဖြစ်ပြီး အယူမှားနေကြပါလား။ လူတစ်ယောက် သေဆုံးပြီးပြီဆိုတာနဲ့ ဘဝကူးကောင်းဖို့ အလှူလုပ် မေတ္တာပို့အမျှဝေပြီး လွှတ်ကျွတ်အောင် လုပ်ပေးရမှာလေ။ ခုတော့ – နင်တို့က ချစ်လွန်းလို့ မခွဲနိုင်လို့ဆိုပြီး ခေါ်ထားလို့ရမလား။ အခု နင်တို့ လုပ်နေတာတွေက ကိုယ့်ကို အသတ်ခံဖို့ စောင့်နေတာလား ...



www.burmeseclassic.com

www.burmeseclassic.com

ဘယ်အချိန်များ စိတ်ဆိုးပြီး တစ်ခုခုလုပ်လိုက်မလဲဆိုတာတွေးရင်း ညဆို ညီအစ်မနှစ်ယောက် ကျောချင်းကပ်အိပ်ရတာ၊ ကြောက်ရတာ လူ လည်း တော်တော်ပိန်နေပြီ၊

နောက်တစ်နေ့ မနက်မိုးလင်းတော့ အောင်စိန်နဲ့ ကိုရင်လေးတစ်ပါး ရောက်လာသည်၊

"ဒေါ်မုန်နဲ့ မလှိုင်တို့ ဆရာတော် ခေါ်ခိုင်းလိုက်တယ်"

"ဘာကိစ္စလဲဟေ့ - အောင်စိန်"

"မသိဘူး - ခုချက်ချင်း လိုက်ခဲ့တဲ့"

ရွာကျောင်းမှာ စာသင်လာခဲ့တဲ့ သူတို့ညီအစ်မအတွက် ဆရာတော် ကြိမ်လုံးက အခုချိန်ထိ မကျေနပ်ရင် အချိန်မရွေး နေရာမရွေးတာကြောင့် ငယ်တည်းက ကြောက်ရတဲ့ဒေါ်မုန်လည်း ဆရာတော်စကားကို ဘယ်တော့မှ မပယ်ရှားရဲပါ။

လမ်းတစ်လျှောက် သူတို့နောက်ကနေ မလုံသလို ခေါင်းငိုက်စိုက်ချ လိုက်လာတဲ့ အောင်စိန်ကတော့ စကားတစ်လုံးမှမပြောဘဲ ခပ်ဝေးဝေးက သာ လျှောက်လိုက်လာခဲ့သည်၊

ကျောင်းရောက်တော့ ဆရာတော်မျက်နှာက တစ်မျိုးဖြစ်နေတာမို့ အထဲမဝင်သေးဘဲ ရပ်နေမိသည်၊ တစ်ခုခုတော့ ထူးခြားပြီဆိုတာ သူတို့ ညီအစ်မ သိလိုက်ပြီ၊ နေမကောင်းဘူးဆိုမနေ့ကမလာတဲ့အောင်စိန်က အခု အကောင်းကြီးဆိုတော့ ဒီကောင် ဆရာတော်ကိုများ လျှောက်လိုက်လား၊

"ဝင်လာခဲ့ကြပါ - ဆရာမကြီးတွေရဲ့"

"ဘာများမိန့်မလို့ပါလဲ - ဘုရား၊ တပည့်တော် စေတီအတွက် အလှူငွေ လည်း ယူလာခဲ့ပါတယ်"

"အရင်ထိုင်ပါဦး၊ နင်တို့နှစ်ယောက် ငါမေးတာကို မှန်မှန်ပြောမှာ လား"

"ပြော - ပြောပါမယ် - ဘုရား"

"နင်တို့အိမ်ထဲက အကောင်ကြီးနှစ်ကောင်က ဘာတွေလဲ"



"ဟင် - ဘာ - ဘာတွေကို ပြောတာလဲ - ဘုရား၊ တပည့်တော်တို့ နား မလည်ပါဘူး ဘုရား"

ဒေါ်မုန်က အမူအရာမပျက် ပြောနေပေမယ့် မိလှိုင်ကတော့ ကြောက် သည်၊ ဆရာတော်ကိုလည်း မကြည့်ဘဲ ခေါင်းငိုက်စိုက်ချကာ မျက်နှာပျက် နေသည်၊

"ဟဲ့ - နင်တို့တွေ တခြားလူကိုသာ လိမ်လို့ရမယ်၊ ဘုန်းကြီးကိုတော့ ဆိမ်လို့မရဘူး၊ အမှန်အတိုင်းမပြောရင် ငါတစ်ရွာလုံးသိအောင် အကုန်ခေါ် ပြောလိုက်မယ်"

"မလုပ်ပါနဲ့ - ဘုရား၊ တောင်းပန်ပါတယ်၊ တပည့်တော်ပြောပါ့မယ်၊ အိမ် ထဲမှာ ဆရာတော်မြင်လိုက်တာတွေက တပည့်တော်ရဲ့အဖေနဲ့ အမေပါ"

"ဘာ - ဘယ်သူလဲ"

မိလှိုင်ပြောလိုက်တဲ့စကားက နားထောင်နေတဲ့ ဆရာတော်နဲ့တကွ ဘေးနားက ကိုရင်လေးရော၊ အောင်စိန်ပါ လန့်သွားကြသည်၊

"အမလေး၊ နင်တို့ တော်တော်မိုက်ကြတာပဲ၊ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးတွေဖြစ်ပြီး အယူမှားနေကြပါလား၊ လူတစ်ယောက် သေဆုံးပြီးပြီ ဆိုတာနဲ့ ဘဝကူးကောင်းဖို့ အလှူလုပ် မေတ္တာပို့အမျှဝေပြီး လွတ်ကျွတ် အောင် လုပ်ပေးရမှာလေ၊ ခုတော့ - နင်တို့က ချစ်လွန်းလို့ မခွဲနိုင်လို့ဆိုပြီး ခေါ်ထားလို့ရမလား၊ အခု နင်တို့ လုပ်နေတာတွေက ကိုယ့်ကို အသတ်ခံဖို့ စောင့်နေတာလား"

"ဘာကို ပြောတာပါလဲ - ဘုရား"

"အဖေနဲ့ အမေဆိုပြီး ခေါ်ထားတဲ့ဟာတွေက အမွေးတွေထွက်၊ အစွယ် တွေပေါက်ပြီး မကြာခင် နင်တို့နှစ်ယောက်ကို ကုပ်ချိုးသတ်စားတော့မှာ သလား"

"အမလေး"

"ဘုရား - ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် စကားကြောင့် ဒေါ်မှန်တို့ ညီအစ်မ နှစ်ယောက်လုံး အတော်ကို ကြောက်လန့်တုန်လှုပ်သွားကြသည်။ အောင်စိန်လည်း ခုမှ တစ်လတစ်ခါ သူ ဝယ်ပေးနေတာ သရဲတွေစားဖို့ အစာဖြစ်မှန်း သိတော့ သည်။ ဒါပေမဲ့ - အောင်စိန် မရှင်းတာတစ်ခုရှိသည်။ အောက်ထပ်မှာ ဘုရား စင်ထားရဲ့သားနဲ့ ဘာလို့ ဒီလိုနေလို့ရတာလဲဆိုတာ သိချင်လွန်းတာကြောင့် ဆရာတော်ကို ထမေးလိုက်သည်။

"တပည့်တော်မသိလို့ မေးပါရစေ - ဘုရား။ ဒေါ်မှန်တို့အိမ်မှာ ဘုရား လည်းရှိ၊ အိမ်စောင့်နတ်ဆိုတာလည်း ရှိရဲ့သားနဲ့ ဘာလို့ -"

"အေး - မင်းပြောသလို ဘုရားရှိလည်း သူတို့တွေက ဘုရားကို သေချာ ရှိသေစွာ ကိုးကွယ်ကြလို့လား။ ပြီးတော့ - အိမ်ပိုင်ရှင်တွေ ကိုယ်တိုင်ကိုက ခေါ်ထားတာဆိုတော့ ဘာမှလုပ်မရဘူးလေ။ ဒင်းတို့က ပိုက်ဆံပေါ်နေတော့ တိုယ့်သတ်မယ့် သရဲတွေကို တစ်လတစ်ခါ အစာကျွေးလိုက်၊ အရည်တိုက် လိုက်နဲ့ မြှုစုနေတာလေ။ နင်တို့ လုပ်တာတွေကို အောင်စိန်က အားလုံး ပြောပြပြီးပြီ။ သူ ပြောတုန်းက မယုံလို့ ငါကိုယ်တိုင် လာကြည့်တာတဲ့။ ဘယ် လိုလဲ ဒီဟာတွေကို ရှင်းမလား၊ အသေခံမလား။ တစ်ခုပဲရွေးတော့ ငါတော့ တွေးလေလေ စိတ်ဆိုးလေပဲ။ သူတို့တွေက နောက်ဆို တစ်ရွာလုံး ဒုက္ခပေး ပြီး ရွာပါ ပျက်သွားလိမ့်မယ်"

ညီအစ်မနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငိုကြ သည်။

"ဆရာတော် - တပည့်တော်တို့မှားမှန်းလည်း သိပါပြီ။ ဆရာတော် ပြော တဲ့အတိုင်း လုပ်ပါ့မယ်"

"မနက်ဖြန် ဟိုဘက်ရွာက ဘုန်းကြီးတွေပါ နင်တို့အိမ်ပင့်ပြီး ပရိတ်ရွတ် တမ္မဝါဖတ်၊ တရားနာလုပ်မယ်။ အဲ - တစ်ခုတော့ရှိတယ်၊ အခုချိန်ကစပြီး နင်တို့ ဟိုဘက်က ဇရပ်မှာ သွားနေကြ။ အိမ်မပြန်နဲ့တော့။ ငါတို့ပြောတာ တွေကို နင့်အိမ်ကဟာတွေ သိကုန်ပြီး အိမ်ပြန်ရင် နင်တို့ ညီအစ်မ ကုပ်ချိုး လိမ့်မယ်။ သွားတော့ - ငါ ရွာထဲမှာ လုပ်စရာရှိတာလုပ်ခိုင်းဖို့ စီစဉ်ရဦးမယ်"



ဆရာတော်စကားတွေကို မလွှင်ကတော့ ယုံပြီး ဇရပ်ကို သွားပေမယ့် ဒေါ်မှန်က သိပ်ဘဝင်မကျပါ။ အိမ်ကို တစ်ခါလောက်ပြန်ပြီး ဒီလိုဟုတ်ရဲ့လား ဆိုတာ စစ်ဆေးကြည့်ချင်သည်။

"ငါ - အိမ်ခဏပြန်ဦးမယ် - မိလွှင်၊ နင် - သွားနှင့်။ အဖေတို့က ငါတို့ကို အရမ်းချစ်တာ။ ဒီလိုလုပ်တာသိရင် ဘယ်စိတ်ကောင်းမလဲ"

"ဒေါ်မှန် ငါ့စကားကို နားမထောင်ဘူးပေါ့ ဟုတ်လား။ သွားရဲရင်သွား လေ တစ်ခုခုဖြစ်ရင် ဒီလိုဘဝနဲ့ တိရစ္ဆာန်ဖြစ်မှာသေချာတယ်"

စိတ်ဆိုးဆိုးနဲ့ ခပ်ပြတ်ပြတ်ပြောသွားတဲ့ ဆရာတော်စကားကြောင့် ဒေါ်မှန် ဘာမှဆက်မပြောတော့ဘဲ ဇရပ်အောက်ဝင်လာခဲ့တော့သည်။ ည ရောက်တော့ အတော်ကြောက်စရာကောင်းလောက်အောင် တစ်ရွာလုံးမှာ ရှိတဲ့ခွေးတွေအားလုံးအူကြ၊ ဟောင်ကြသည်။ ငှက်ဆိုးတွေက တကီးကီးအော် ကြသည်။

ဘာကြောင့် ဒီလိုဖြစ်မှန်းမသိတဲ့ ရွာသားတွေကတော့ အိမ်အပြင် မထွက်ရဲပေမဲ့ ရွာထိပ်က ဘုန်းကြီးကျောင်းနားမှာ အရိပ်မည်းမည်းကြီးတွေ ဖြတ်ပြေးနေတာ မြင်ကြတာကြောင့် ကြောက်လန့်နေကြသည်။ အောင်စိန် လည်း အိမ်မပြန်ဘဲ ဘုန်းကြီးကျောင်းမှာ အိပ်သည်။

မနက်မိုးမလင်းခင် ဆရာတော်အပါအဝင် တခြားရွာက သံဃာတော် ဆယ်ပါးနှင့်အတူ ဒေါ်မှန်တို့အိမ်ကို သွားကြသည်။ အိမ်ထဲဝင်လိုက်တာနဲ့ ပုပ်စော်နံ့က ထောင်းခနဲ နံလာသလို အိမ်အမိုးပေါ်ကိုလည်း သဲတွေ၊ ခဲတွေ ကျလာတာကြောင့် ဘာဖြစ်မလဲလို့ စိတ်ဝင်တစားနဲ့ လိုက်လာတဲ့ ရွာသား တွေအားလုံး ကြောက်လန့်ကုန်ကြသည်။

ဆရာတော်နှင့်တကွ သံဃာတော်တွေကတော့ ဒေါ်မှန်ကို ဘုရား ကျောင်းဆောင်ရှေ့အရင်သွားခိုင်းလိုက်သည်။ လက်အုပ်ချီပြီး ပြောလိုက် တဲ့ ဒေါ်မှန်စကားတွေကြောင့် နားထောင်နေကြတဲ့ သူတွေ အကုန်လုံး ထိတ် လန့်မှုနဲ့အတူ အံ့သြကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်ကြီးမှာ အသက်ရှင်စဉ်ကအတိုင်း နေထိုင်ဖို့ခေါ်ထားတဲ့ အဖေနဲ့အမေတို့ အခုရှိန်ကစပြီး ကောင်းရာဘဝ ကူးပြောင်းဖို့တောင်းဆိုပါတယ်။ ဒီအိမ်ပိုင်ရှင်ဟာ ကျွန်မ ဒေါ်မှန်ဖြစ်ပြီး ဘဝတစ်ပါးပြောင်းသွားရှာတဲ့ အဖေနှင့် အမေတို့နဲ့ ဘာမှမပတ်သက်တော့ပါဘူး။ ဒါကြောင့် – အခု တရားနာဆွမ်းသွတ်တာ အမျှဝေတာကို သာဓုခေါ်ပါ အဖေနှင့်အမေ – အိး ..."

ဒေါ်မှန်စကားဆုံးတာနဲ့ မိလှိုင်ပါ အတူဖက်ငိုကြသည်။ ပရိတ်ရွတ်တာ တမ္ဘဝါဖတ်တာတွေ ဆုံးတာနဲ့ ခေါင်မိုးပေါ် ခဲနဲ့ပစ်တာတွေ ရပ်သွားတော့သည်။ မိဘတွေကို ချစ်လွန်းလို့ သေဆုံးသွားတာတောင် အိမ်မှာခေါ်ထားပြီး မကျွတ်မလွတ်နိုင်အောင် ချုပ်ထားတဲ့ ဒေါ်မှန်တို့လုပ်ရပ်က ကြားရသူတိုင်း ကြောက်စရာ စိတ်ဆိုးစရာကောင်းသည်။ တရားတော်နှင့်လည်း မညီညွတ်နိုင်ပေ။

ဆရာတော် ကြောက်လို့သာ ပေါ်တင်မပြောရဲပေမဲ့ ကွယ်ရာမှာတော့ ဒေါ်မှန်တို့ ညီအစ်မကို ရွာမှာမထားဘဲ နှင်ထုတ်ဖို့တိုင်ပင်နေကြသည်။ ဒါပေမဲ့ – သူတို့ ဆန္ဒအကောင်အထည် မဖော်ဖြစ်လိုက်ပါ။

ဒီကိစ္စတွေဖြစ်ပြီး နောက်တစ်နေ့မနက်မှာတင် ဒေါ်မှန်တို့ညီအစ်မ ရွာမှ အပြီးတိုင်ထွက်သွားကြသည်။ သူတို့ နေထိုင်ရာ အိမ်ကြီးကို ဆရာတော်ထံမှာ တရားစခန်းအဖြစ် အသုံးပြုဖို့ လှူခဲ့သည်။ မိုးမလင်းခင် သွားကြတာမို့ သူတို့ညီအစ်မ ဘယ်ကိုသွားတယ်ဆိုတာ ဆရာတော်မှလွဲ၍ ဘယ်သူမှ မသိကြတော့ပါ။

▸▸ ထိုက်သရင်

ငါန်းကွန်မောင်လှမ်းမှန်

# အင်ကြင်းတာရွှေ



www.burmeseclassic.com

www.burmeseclassic.com

# အင်ကြင်းတစ္ဆေ

ဩန်း ဩန် မောင် လွမ်း မွန်

တောစိမ်း တောင်စိမ်း

လယ်ယာစိမ်းမြ

လှပမြစ်ချောင်း

ပန်းပေါင်းဝေဆာ

"မြိုင်သေလာ" ...တဲ့။

ရွာနာမည်က မြိုင်သေလာ။ တောတွေ ဝိုင်းရံပြီး တောင်တွေ ကာရံလို့ မြစ်ချောင်းတွေ ပေါလို့၊ ပန်းတောဆန်တာ မြိုင်သေလာ။

ဧရာဝတီမြစ်ကနေ ခွဲထွက်တာလား ဒါမှမဟုတ် ဧရာဝတီမြစ်ထဲကိုပဲ စီးဆင်းပြီး ကြီးပြင်းနေတာလား။ "မမြင်ဘူးတော့လည်း မူးကိုမြစ်ထင်တယ်" လို့ မြန်မာတို့ ဆိုရိုးစကားနဲ့ လူသိများတဲ့ မူးမြစ်ကမ်းရဲ့နံဘေး။ သစ်ယာ၊ အင်ကြင်း၊ သစ်မင်း

တောက်၊ ထောက်ရှာ ပျဉ်းကတိုး ... စတဲ့ အဖိုးတန်သစ်တောတွေကလည်း ရွာနဲ့ မလှမ်းမကမ်း ထီးတန်းတောင်ကြောမှာ ပေါချင်တိုင်း ပေါတဲ့အပြင် ထီးတန်း၊ မြစ်ခွေ၊ ရေသေ၊ ရေလဲ စတဲ့ တောင်တွေဝန်းရံပြီး အဲဒီတောင်တွေ ပေါ်က ကျ့ကျလာတဲ့ တောင်ကျချောင်းရေကလည်း ရွာရဲ့အရှေ့အနောက်၊ တောင်မြောက်ကနေ ခွေပတ်စီးရင်း မူးမြစ်ထဲကို ဆင်းသွားကြ။ ရွာက အိမ်ခြေတစ်ရာကျော်၊ သစ်ခုတ် ဝါးခုတ်၊ မို့နုတ်၊ မျှစ်ချိုး၊ ငါးရှာ ဖားရှာပြီး ဝမ်းစာအတွက် ရိုးသားတဲ့လက်တွေနဲ့ မျက်ခြည်မပျက် နေခဲ့ကြ။ လက်လုပ်လက်စား သူရင်းငှားနဲ့ ပညာတတ်မရှိတဲ့ရွာ။ စာသင်ကျောင်းဝေးလို့ ဘုန်းကြီးကျောင်းတစ်ကျောင်းတောင် မရှိ။

ရွာထဲကိစ္စရှိလို့ ဘုန်းကြီးပင့်ချင်ရင် ရွာရဲ့အရှေ့ဘက်က တစ်မိုင်သာသာ လောက်ဝေးတဲ့ မြစ်ခြေရွာအထိ သွားပင့်ကြရတယ်။ ဝါးတွေ၊ ထင်းတွေ၊ သစ်တွေကိုခုတ်ပြီး တင်စရာ တိုက်စရာ လှည်းမရှိ၊ ထော်လာဂျီမရှိ၊ မော်တော်မရှိ၊ သစ်ပွဲစား၊ ဝါးပွဲစားတွေက ကိုယ်တိုင်လာတိုက်ကြရတယ်။ ရိုးသားတဲ့ သူတွေဆိုတော့ ပွဲစားတွေပေးတဲ့ ဈေးနဲ့ပဲရောင်းကြတာ။ ပွဲစားတွေကလည်း တိုက်တော့ ကြိုးပြီးတောင် မှာကြတယ်။ ရွာကိုအုပ်ချုပ်တဲ့ လူကြီးတစ်ယောက်နဲ့ အကြံပေးဆွေးနွေးညှိနှိုင်းဖို့ အသက်လည်း နည်းနည်းရပြီး ဗဟုသုတလည်း နည်းနည်းရှိတဲ့ လူကြီးလေးဦးလောက်နဲ့ ငါးဦးကော်မတီဖွဲ့ပြီး ရွာရဲ့ လူရေးတန်းရေး၊ သာရေး နာရေး၊ လူမှုရေးကိစ္စတွေကို ဆောင်ရွက်နေကြတယ်။

တစ်နေ့လုပ် တစ်နေ့စား၊ ကြုံရာကျပန်းသမားတွေဆိုတော့ စုဆောင်းရကောင်းမှန်းလည်း မသိကြပါဘူး။ အဲဒီတော့ သိပ်အချမ်းသာကြီးတွေလည်း မရှိဘူး။ အလှူကြီး အတန်းကြီးထက် ဆွမ်းဆန်စိမ်းလို့ခေါ်တဲ့ အလှူကလေးတွေလုပ်ပြီး ကိုယ့်သားသမီးတွေကို ရှင်ပြုပေးကြတယ်။ မြစ်ခြေရွာ ဘုန်းကြီးဦးသောမနထံမှာ ကိုရင်ဝတ်ပြီး တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် စာလိုက်ခိုင်းထား၊ ပြီးရင် - လူထွက်၊ လူထွက်ပြီးတာနဲ့ တောတက်တောင်တက်ပဲ၊ သစ်ခုတ်၊ ဝါးခုတ် မိရိုးဖလာအလုပ်ပဲ လုပ်ကြပေါ့။ ဒါကမြိုင်သေလာ

www.burmeseclassic.com

ရွာရဲ့အသက်မွေးမှု စည်းကမ်းပဲ၊ ဇာတိ၊ စရိုက်၊ ဗီဇဆိုရင်လည်း မမှားဘူး ပေါ့၊

✷

တချို့မြိုင်သေလာသူတွေ (အမျိုးသမီးတွေ)က တောင်ပေါ်တောထဲက သစ်ခွတို့၊ မှားရှည်တို့၊ ဆေးဖက်ဝင် သစ်ဖုသစ်ဥတို့ကို ယောကျ်ားလုပ်သူက ရလာတဲ့အခါ စုထားဆောင်းထားပြီး မြို့က သစ်ပွဲစား၊ ဝါးပွဲစားတွေလာတဲ့ အခါရတဲ့ ဈေးနဲ့ရောင်းချပြီး ငွေရှာကြတယ်၊ တချို့ပွဲစားတွေက ဆန်၊ ဆီ၊ ဆား ဟင်းချက်စရာတွေနဲ့ လဲလှယ်တတ်ကြပြီး တချို့ပွဲစားတွေက ပွဲစား ကတော်တွေလည်း ပါလာတတ်ပြီး အဝတ်အထည်၊ တွယ်အပ်၊ ကလစ်၊ ဆံညှပ်၊ မိတ်ကပ် စတဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ လဲလှယ်တတ်ကြ တယ်၊ ရွာက ဘုရားပွဲမရှိ၊ အလှူကြီးမရှိလို့ ရွာလှည့်ပွဲလည်း မရှိတဲ့ရွာ၊ မြစ်ခြေတို့၊ သောင်ရင်းတို့ဘက် ပွဲလိုက်မှ ဝတ်စားဆင်ယင် အလှပြင်ကြတာ ဆိုတော့ ဝတ်ကောင်းစားလှလည်း သိပ်မလိုပါဘူး၊ မူးမြစ်ရဲ့ ချောင်း၊ မြောင်း တွေက ရတဲ့ငါးကို တောထဲကရတဲ့ ဟင်းသီးဟင်းရွက် သဘာဝထွက်တွေ နဲ့ ချက်ပြုတ်ပြီး ဖြစ်သလိုစား၊ ဖြစ်သလိုနေတတ်တဲ့ရွာဟာ မြိုင်သေလာ ပါပဲ၊

အဲ – ရွာရဲ့တောင်ဘက် အင်တိုင်းတောစပ်မှာတော့ ရှေးဟောင်းဘုရား ပြိုဘုရားပျက်လေးတစ်ဆူရှိတယ်၊ ဘုရားပြို၊ ဘုရားပျက်ဆိုတာထက် ဘုရား အိုလို့ဆိုရင် ပိုမှန်လိမ့်မယ် ထင်တယ်၊ ရှေးဟောင်းဘုရားစေတီလေးဟာ လက်ရာမပျက်သေးဘူး၊ အင်္ဂတေတွေ နည်းနည်းကွာတာရှိပေမယ့် အုတ် ရိုးတွေက အကောင်းအတိုင်း၊ ဉာဏ်တော်ကလည်း မြင့်ပြီး လုံးပတ်ကလည်း ကြီးတယ်၊ သစ်ပွဲစားတချို့က ပြောဖူးတယ်၊ ခင်ဗျားတို့ဘုရားက ပုဂံမှာရှိတဲ့ အာနန္ဒာဘုရားနဲ့ တော်တော်တူတယ်ဆိုပဲ၊ ကျွန်တော်တို့ အဖေကြီးတို့ လက်ထက်ကတည်းက အဲဒီလို သစ်ပွဲစားတွေ ပြောစကားအရ ရွာက ဘုရား ကိုလည်း အာနန္ဒာဘုရားလို့ လွယ်လွယ်ဘွဲ့ပေးလိုက်ကြသတဲ့၊ အဲဒီ



ရှေးဟောင်းဘုရားကြီးရဲ့အနီးက တောဟာ ပိတောက်နဲ့ သစ်ယာတွေ ပေါ လို့ သစ်ကောင်းကောင်းမှာတဲ့ ပွဲစားရှိရင် "ဟေ့ – ဒီနေ့ အာနန္ဒာက တောကို သွားမယ်ဟေ့"

"အာနန္ဒာတောထဲက သစ်ခုတ်မယ်ဟေ့" စသည်ဖြင့် ပြောရိုးပြောစဉ် ပြောခဲ့ကြတာ၊ အခု – ကျွန်တော်တို့ လက်ထက်အထိပါပဲ၊ အဲဒီရှေးဟောင်း ဘုရားကြီးက အရှေ့ဘက်လှည့်ထားတဲ့ မုခ်ပေါက်တစ်ခုထဲရှိပြီး ကျောက် ဆင်းတု မတ်တတ်ရပ်ရပ်ပွားတော်တစ်ဆူ ရှိပါတယ်၊ ဗျာဒိတ်ပေးမုဒြာလို့ ပြောတာပဲ၊ ကျွန်တော်တို့ကတော့ ဘယ်သိမှာလဲဗျာ၊ သစ်ပွဲစားတွေကပဲ



တချို့ ရွာသားတွေကတော့ ပန်းကောက်ပြီးတဲ့အခါ မိန်းမပျိုလေးတွေဟာ လွမ်းစရာကောင်းတဲ့ သီချင်းတွေကို ဆိုညည်းပြီး အာနန္ဒာဘုရားရဲ့ မုခ်ပေါက်လိုဏ်ခေါင်းထဲ ခုန်ပေါက် ဝင်ရောက်ပြီး ပျောက်ကွယ်သွားကြသတဲ့။ ရွာက ရှေးလူကြီးသူမတွေ ကတော့ အဲဒါဟာ ဘုရားရဲ့ ရတနာပစ္စည်းတွေကို သာသနာဖျက် မိစ္ဆာလူဆိုးတွေ မခိုးမဝှက် မဖျက်မဆီးနိုင်အောင် စောင့်ရှောက်နေကြ ရတဲ့ သိုက်နန်းရှင် ဥစ္စာစောင့်တွေလို့ ပြောပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ သိကြရတာ။ ပုဂံက အာနန္ဒာဘုရားရဲ့ရုပ်ပွားဆင်းတုတော်တွေဟာ လည်း လေးဆူစလုံး အခုလို မတ်တတ်ရုပ်ရုပ်ပွားတွေချည်းပဲ။ ညာဏ်တော် ကတော့ ကျွန်တော်တို့ ဘုရားထက် မြင့်တယ်လို့ ပြောကြတာပဲ။ ဒါဆိုရင် တော့ ကျွန်တော်တို့ မြို့ငသေလာမှာရှိနေတဲ့ ဘုရားကိုလည်း ပုဂံခေတ်က မင်းတစ်ပါး တည်ခဲ့တာဖြစ်မှာပေါ့လို့တော့ ယူဆကြရတာပါပဲ။ ရုပ်ပွားတော်ရဲ့ ကျောက်ဆင်းတုလက်ရာက အတော်ကောင်းတယ်။ ဖူးမြော်မိရင် ဖူးမြော်လို့ ကို မဝဘူး။ ကျောက်သားကလည်း စိမ်းနုနေတာ။ မျက်လုံးတွေကဆိုရင် အသက်ဝင်နေသလား အောက်မေ့ရတယ်။ တစ်နှစ်ကို သုံးလေးခါတောင် ရောင်ခြည်တော်လွှတ်တာဆိုတော့ "မင်းတို့ရွာက ဘုရားက တန်ခိုးကြီးလို့ ပေါ့ကွာ။ မင်း တို့ ဘုရားပွဲလေး ဘာလေးလုပ်သင့်တယ်" လို့ မြစ်ခြေရွာသား ကိုတင့်တို့ ပြောနေတာ ကြားဖူးသား။ ကျွန်တော်တို့ကတော့ ဘာသာရေး လည်း သိပ်နားမလည်ပါဘူး။

"သေရင်လည်း အပါယ်မကျဘူး"

"သံသရာမှာလည်း မှန်စွာချမ်းသာလှကွ"။ မင်းတို့ အဲဒီဘုရားကို ထုံး သကန်းလေးကပ်ပြီး ဆွမ်းတော် ပန်းတော်တင် ရှိခိုးဆုတောင်းကြ" လို့လည်း သောင်ရင်းရွာက ထွန်းထွန်းဝင်းတို့ အကြံပေးဖူးပါရဲ့။ ဒါပေမဲ့ - သိတဲ့အတိုင်း ရွာက ဘယ်သူမှ အဲဒီလို ဘုရားအကျိုးဆောင်မယ့် သူ ပေါ်မလာဘူး။ တစ်ခါတစ်ရံ နေခြည်ထိုးလို့ ဘုရားစိန်ဖူးတော်က အရောင်ဝင်းပြက်ပြက်ဟာ ရွာရိုးတစ်လျှောက်ကို စလိုက်ထိုးထားသလိုပဲ လင်းခနဲ လက်ခနဲ နေတာပဲ။ ကြည့်မိရင် မျက်စိစူးတယ်။ အဲဒါကိုတော့ ကျွန်တော်တို့ တစ်ရွာလုံး လူမှန်း သိစကတည်းက ကိုယ်တွေ့ကြုံကြရတဲ့ မထူးဆန်းတဲ့ ကိစ္စပေါ့ဗျာ။ ထီးတော် ကြီးကတော့ ဟောင်းပြီး ရွှေမရှိတော့ဘူး။ သံချေးတွေတောင် တက်လို့။

ထူးတာတစ်ခု ရှိသေးတယ်။ ဘုရားနားမှာ ကပ်ပေါက်နေတဲ့ အင်ကြင်း ပင်ကြီးတစ်ပင် ရှိတယ်။ သူ့သက်တမ်းကလည်း မနည်းလောက်တော့ဘူး ကျွန်တော်တို့ မွေးကတည်းက အဲဒီအင်ကြင်းပင်ကြီးက ဒီအရွယ်၊ ဒီလုံး အခု အသက် (၃၀)ကျော်လာပြီ။ အဲဒီအင်ကြင်းပင်ကြီးက မပြောင်းလဲဘူး ဒီအချိုး၊ ဒီအရိုး၊ ဒီအရွက်၊ ဒီအခက်တွေပဲ။ ပြီးတော့ - တစ်နှစ်လုံး အပွင့် ဖျက် ပွင့်တာ။ တစ်ရွာလုံး ဘယ်သူမှ အဲဒီအပင်ပေါ်ကို မတက်ရဲကြဘူး။ အပွင့်ခူးဖို့ နေနေသာသာ အောက်ကြွေတဲ့ ပန်းတောင်မှ မကောက်ရဲကြ ဘူး။ ဘုရားပန်းတွေ၊ နတ်တွေစောင့်တဲ့ ပန်းတွေဆိုပြီး ယောင်လို့တောင် မနမ်းရဲဘူး။

"ငါတော့ အင်ကြင်းတစ်ခိုင်လောက် ခူးသွားဦးမှပဲ" လို့ တွေးပြီး စိတ်က ကြံစည်နေတုန်း ရှိသေးတယ်။ အဲဒီလူ ခလုတ်တိုက်ပြီး လဲတယ်။ ဒူးကွဲရုံ တင်ဘူး လေဖြတ်သွားလို့ တစ်သက်လုံး လမ်းမလျှောက်နိုင်တော့တာ ရွာမှာ ထကယ်ရှိနေတာကိုး။ တချို့လည်း အင်ကြင်းပန်းအကြွေကို ကောက်နမ်းမိ တာနဲ့ ရင်ထဲက တလှပ်လှပ်ဖြစ်ပြီး မူးမော်အော့အန် မချိမဆန့်ခံစားရတာ (၇)ရက်လောက် ဖျားတော့တာ။ ရွာမှာ လက်တွေ့ဖြစ်ခဲ့ဖူးတာကိုး။ အဲဒီ တော့ - သတိထားပြီး ဘယ်သူမှ စိတ်နဲ့တောင် မပြစ်မှားရဲတဲ့ အင်ကြင်းပင် တာလည်း မြို့ငသေလာရွာရဲ့အာနန္ဒာဘုရားမှာ ရှိနေပြန်ပါတယ်။

တချို့မြို့ငသေလာရွာသားတွေ သစ်ခုတ်၊ ဝါးခုတ်အပြန် တောင်ပေါ်က အဆင်း တောထဲကအထွက် အာနန္ဒာဘက်ကဆိုရင် ညနေမိုးချုပ်ရုပ် အဲဒီ အင်ကြင်းပင်ကြီးရဲ့အောက်မှာ ဝတ်စုံတူနဲ့ မိန်းမပျိုလေးတွေဟာ အင်ကြင်း ပန်းတွေ အလုအယက် တပျော်တပါးကြီး ကောက်နေကြတာကို တွေ့ကြရ သတဲ့။

တချို့ရွာသားတွေကတော့ ပန်းကောက်ပြီးတဲ့အခါ မိန်းမပျိုလေးတွေ ဟာ လွမ်းစရာကောင်းတဲ့ သီချင်းတွေကို ဆိုညည်းပြီး အာနန္ဒာဘုရားရဲ့မုခ် ဒေါက်လိုက်ခေါင်းထဲ ခုန်ပေါက်ဝင်ရောက်ပြီး ပျောက်ကွယ်သွားကြသတဲ့။ [illegible] ရေးလူကြီးသူမတွေကတော့ အဲဒါဟာ ဘုရားရဲ့ရတနာပစ္စည်းတွေကို [illegible]သနာဖျက် မိစ္ဆာလူဆိုးတွေ မခိုးမဝှက် မဖျက်မဆီးနိုင်အောင် စောင့် [illegible]နေကြရတဲ့ သိုက်နန်းရှင် ဥစ္စာစောင့်တွေလို့ ပြောပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့ မြို့ငိသေလာရွာမှာ သစ်ပွဲစား၊ ဝါးပွဲစား၊ ထင်းပွဲစားတွေနဲ့ အစည်အလာမပျက် ရောင်းဝယ်ဖောက်ကားလျက်က တစ်နေ့တော့ သစ်ကုန်သည်အသစ်တစ်ယောက် ရောက်လာပါတယ်။ လူငယ်တစ်ဦးဖြစ်ပြီး တော်တော်ချမ်းသာပုံပေါက်တဲ့ အဲဒီသစ်ကုန်သည်ဟာ ကိုအောင်ကျော်ဝင်း ဖြစ်ပါတယ်။ ကိုယ်ပိုင်ဖိမ်စံကားလေးနဲ့ ဘီယာကို ဖာ့လိုက်တင်ပြီး စီးကရက်တွေ တသွင်သွင်သောက်လို့၊ မင်းသားပုံပေါက်နေတဲ့ ကိုအောင်ကျော်ဝင်းဟာ ရွာထဲက ဆင်းရဲပြီး ရွာသားလူငယ်တွေကို ဘီယာတွေတိုက်၊ စီးကရက်တွေ ဝေခြမ်းပြီး သူလိုတဲ့ သစ်အကောင်းစား သစ်ယာ၊ ပျဉ်းကတိုးအမျိုးမျိုးနဲ့ တခြား အဖိုးတန်သစ်တောထွက်ပစ္စည်းတွေကို တခြားသော ကုန်သည်ပွဲစားတွေထက် ဈေးပိုပေးပြီး ဝယ်ယူပါတယ်။ ဈေးလည်း သူများထက်တိုးပေး၊ စီးကရက်တွေ၊ ဘီယာတွေ မသောက်ဘူးတဲ့ အရသာတွေနဲ့ ဖြားယောင်းခံရတဲ့ ရွာသားတွေဟာ ကိုအောင်ကျော်ဝင်းကိုပဲ သူတို့ရဲ့ သစ်တွေ၊ သစ်တောထွက်ပစ္စည်း၊ အဖိုးတန်တွေကို ထိုးအပ်ခဲ့ကြပါတယ်။ အဲကြောင့် - ပထမဆုံးအခေါက်မှာတင် ကိုအောင်ကျော်ဝင်းဟာ သစ်အကောင်းစားတွေ ဆေးဖက်ဝင် သစ်တောထွက်ပစ္စည်းတွေကို မြိုးမြိုးမြက်မြက် ရလိုက်ပါတော့တယ်။

အဲဒီလိုနဲ့ မြို့ငိသေလာရွာကို တစ်ခေါက်က နှစ်ခေါက်၊ နှစ်ခေါက်က သုံးခေါက်၊ စီးပွားလမ်းပေါက်လာတဲ့ ကိုအောင်ကျော်ဝင်းဟာ အာနန္ဒာဘုရားရဲ့ အနီးက အင်ကြင်းပင်ကြီးရဲ့အောက်မှာ တဲတန်းလျားကြီးဆောက်ပြီး သစ်အဝယ်ဒိုင် အကြီးအကျယ် ဖွင့်ပါတော့တယ်။ သူ့စီမံကိန်းကတော့ အင်တိုင်းတောစပ်က အဖိုးတန်သစ်မာတွေကို သူတစ်ယောက်တည်း လက်ဝါးကြီးအုပ်ချင်တဲ့ သဘောနဲ့ပေါ့။

မြို့ပေါ်က စားကောင်းသောက်ဖွယ်တွေယူလာပြီး သစ်ခုတ်သမားမိသားစုတွေကို ဝေခြမ်းပေးကမ်းကာ စည်းရုံးထားတဲ့ ကိုအောင်ကျော်ဝင်းဟာ တစ်နေ့တော့ မကြံကောင်းမစည်ရာ ကြံစည်ကာ ယုတ်မာရိုင်းစိုင်းတဲ့လောဘစိတ်ရိုင်းတွေကြောင့် ရှူးနောက်ကြောက်လန့်ပြီး အသက်ပင်ဆေးဆပ်လိုက်ရပါတော့တယ်။

✷

တစ်နေ့ …။

အင်ကြင်းပင်အောက်က သူ့တဲနန်းရိပ်သာမှာ ဘီယာခွက်နဲ့ စည်းစိမ်ယစ်နေတဲ့ ကိုအောင်ကျော်ဝင်းဟာ မထင်မှတ်ဘဲ အာနန္ဒာဘုရားရဲ့ စိန်ဖူးတော်အပေါ် စိတ်ကစားမိသွားပါတယ်။

"အရောင်တလက်လက်ထွက်နေတဲ့ ဘုရားစိန်ဖူးတော်ကြီးဟာ ရှားပါးတန်ဖိုးကြီးတဲ့ စိန်အစစ်ကြီးပဲ။ ဒါကြီးကို စိန်အတုနဲ့ လဲလှယ်ပြီး တစ်ဖက်နိုင်ငံကို ရောင်းလိုက်ရင် ဟောဒီမြန်မာပြည်မှာ ငါဟာ အချမ်းသာဆုံးလူ ဖြစ်မှာပဲ" ဆိုတဲ့ အတွေးနဲ့ ပီတိတွေတွေးပြီး မှေးခနဲအိပ်ပျော်သွားပါတယ်။

အိပ်ပျော်နေတဲ့ ကိုအောင်ကျော်ဝင်းဟာ တစ်ယောက်ယောက်က လှုပ်နှိုးနေသလို ခံစားရပြီး မျက်လုံးကိုဖွင့်ပြီး ပွတ်သပ်ကြည့်မိတဲ့အခါ အင်မတန် ချောမောလှပတဲ့ မိန်းမပျိုလေးတွေငါးယောက်ဟာ အပြုံးမျက်နှာလေးတွေကိုယ်စီနဲ့ မချိမချဉ်၊ မခို့တရို့အမူအရာတွေနဲ့ ဝတ်စားထားတွေကလည်း ရှေးရင်တွေကလည်း ဖွံ့ဖွံ့ထွားထွား။ ကြာမျက်လုံးနဲ့ အပြုံးမျက်နှာပိုင်ရှင် ဣတိယအပျိုစင်လေးတွေရဲ့ကြားမှာ မြူးမိတဲ့ငါးလို မလူးသာမလွန့်သာ၊ ကိုအောင်ကျော်ဝင်းတစ်ယောက် ရေငတ်သလို ရင်တွေလည်း တလှပ်လှပ် ခုန်လာတယ်။ တကျာရမွှက်တွေနဲ့ အာသာတွေ ငမ်းငမ်းတက်လာတယ်။

မိန်းမပျိုလေးတစ်ယောက်က သူ့ရင်ခွင် တိုးဝင်လို့ …

"မောင်ကြီးက အိပ်နေလိုက်တာ၊ လောကကြီးကို မေ့လို့" ဆိုပြီး မေးစေ့ကိုပွတ်သပ်ပေးနေတယ်။ နောက်တစ်ယောက်ကလည်း "မောင်ကြီးအတွက် မောင်တော်တို့က ဒါလေး ယူလာတာ။ မောင်ကြီးက ဒါကို လိုချင်လို့ ကြံနေတာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား" ဆိုပြီး အာနန္ဒာဘုရားရဲ့ စိန်ဖူးတော်ကို လက်ထဲကိုင်ပြီးပြနေတယ်၊ ကိုအောင်ကျော်ဝင်းရဲ့ မျက်လုံးဟာ မီးဟုန်းဟုန်းတောက်သွားပါတယ်၊ တဏှာရမ္မက်အပေါ် လောဘဇောတက်နေတဲ့ သူ့အနီးမှာ ကျန်တဲ့ မိန်းမပျိုလေးတွေက နောက်ကနေ သိုင်းဖက်တဲ့ သူကဖက်၊ လက်ကိုဆွဲပြီး ပါးစပ်ထဲ ငုံတဲ့သူကငုံ၊ သူ့ရှေ့မှာ ဒူးထောက်ပြီး မျက်နှာလေးကိုမော့ကာ "နမ်းပါတော့ မောင်" လို့ ပြောနေသယောင်တွေကြောင့် သူ့ကိုယ်သူတောင် အရှင်လတ်လတ် နတ်ပြည်ရောက်နေတဲ့ နတ်သားတစ်ပါးယောင်ယောင် ထင်လို့၊

လေပြည်ညင်းက ချိုသင်းမွှေးရီ၊ မိန်းမပျိုလေးတွေရဲ့ အထိအတွေ့က အိစက်နွေးထွေး၊ သူ လိုချင်တဲ့ စိန်ဖူးတော်ကြီးကလည်း လက်တစ်ကမ်းမှာပဲ ဝင်းထိန်ပြီးပြက်၊ သူ့ပီတိမျက်လုံးတွေက တောက်ပြောင်ဝင်းလက်လို့ပေါ့၊

"ရော့ပါ - မောင်ကြီး၊ တစ်ခွက်လောက် သောက်လိုက်ပါဦး" လို့ မိန်းမပျိုလေးတစ်ဦးက လက်ထဲကို ဘီယာခွက်ငုံပြီးကမ်းပေးတယ်၊ သူက ဝမ်းသာအားရနဲ့ ခွက်ကိုယူပြီး တစ်ကျိုက်ထဲ မော့ပစ်လိုက်တယ်၊

ချိုမြိန်းခါးသက်ရမယ့် ဘီယာရဲ့ အရသာဟာ ငရဲမီးအလား ပူလောင်မြိုက်ခြ၊ အနံ့အသက်ကလည်း ပုပ်အဲ့နံစော်ညှီလို့၊ သူ မျက်လုံးမျက်ဆန်တွေ ပြူးသွားတယ်၊ လျှာပေါ်က အပူဟာ လည်ချောင်းထဲမှာပိုပူပြီး လည်ချောင်းထဲကတစ်ဆင့် ဝမ်းခေါင်းထဲ ရောက်သွားတဲ့အခါ မီးပင်လယ်ကြီးအလား တဖွားဖွားတောက်လောင်လို့၊ လန့်ဖျပ်ပြီး သူ့အပေါ် မှီတွယ်နေတဲ့ မိန်းမပျိုတွေကို သေသေချာချာ ပြန်ကြည့်မိတဲ့အခါ...

မျက်လုံးတွေက နီရဲတောက်ပြောင်လို့...၊

နှုတ်ခမ်းရဲရဲတွေထဲက လျှာတွဲလွဲတွေက နစ်ခွ၊

ပါးစပ်ကလည်း...

"ဘုရားပစ္စည်းကို လောဘကြီးပြီး လိုချင်တဲ့အကောင် - သေပေတော့"

"ခစ် - ခစ် - ခစ် - ခစ်"

"ဘုရားပစ္စည်း ငရဲမီးတဲ့ မသိဘူးလား၊ နင်မှီ ပြစ်မှားရဲတယ်"



ခန္ဓာကိုယ်တွေနဲ့ သူ့ကို ရစ်ပတ်ဖွဲ့နှောင်ထားကြ၊ တရွေ့ရွေ့ပွတ်သပ်သွားတက်နေကြ၊

"မြွေတွေ..."

"မြွေတွေ..."

သူတို့လျှာတွေက ပြူတစ်ပြူတစ်နဲ့၊

သူ့ကို ဝိုင်းချစ်တော့မယ့် အဆိပ်ပြင်းတဲ့...

"နတ်မြွေတွေ"

"စုန်းမြွေတွေ"

"ကယ်ကြပါဦး - လာကြပါဦး၊ ဒီမှာ - သူ့မျက်လုံးတွေ ပြာဝေသွားပြီး ချာပတ်ချာလည်သွားပြီ"

"အမလေးဗျ - မြွေတွေ"

"မြွေတွေ..."

"ငါ့ကို သတ်ကြတော့မယ်"

"ကယ်ကြပါဗျို့"

ကြောက်လန့်တကြား၊ ရောက်ရှားသွေးလန့်ကာ သွေးပျက်နေတဲ့ အော်သံဆိုးကြီးဟာ အာနန္ဒာဘုရားဝန်းကျင် အင်တိုင်းတောကြီးမှတစ်ဆင့် ထီးတန်းတောင်တစ်ကြောလုံး ပဲ့တင်ထပ်ကာ ပြန့်နှံ့လွင့်မျောသွားပါတယ်၊ ငှက်တွေလည်း လန့်ပျံကုန်တယ်၊

ကိုအောင်ကျော်ဝင်းရဲ့ ထိတ်လန့်သွေးပျက်နေတဲ့ အော်သံကြောင့် တောထဲမှာ သစ်ခုတ်နေကြတဲ့ မြို့ငသေလာရွာသားတွေဟာ တောင်တွေပေါ်က ပြေးလွှားခုန်ပေါက် ဆင်းလာကြ၊ အင်တိုင်းတောထဲကို ဒရောသောပါး ဖြတ်ပြေးပြီး အင်ကြင်းပင်အောက်ကို ရောက်လာခဲ့ကြပါတော့တယ်၊

သူတို့မြင်လိုက်ကြရတဲ့ မြင်ကွင်းကတော့ အင်ကြင်းပင်အောက်က မြေကြီးပေါ်မှာ လူးလိမ့်ပြီး အော်ဟစ်ရင်း ကိုအောင်ကျော်ဝင်းဟာ သွေးပွက်ပွက်အန်လျက်၊ ပါးစပ်ကလည်း...



www.burmeseclassic.com

www.burmeseclassic.com

"မလိုချင်တော့ပါဘူး"

"စိန်ဖူးတော်ကို မလိုချင်တော့ပါဘူး"

"ကျွန်တော့်ကို မသတ်ကြပါနဲ့"

"အသက်ကို ချမ်းသာပေးကြပါ" လို့ အော်ဟစ်ငိုကြွေးနေရှာရဲ့။


အဲဒီနေ့က တစ်နေ့နဲ့ တစ်ညလုံး ရှန်းရင်းဆန်ခတ် သွေးပျက်အောင် ငိုကြွေးပြီး ကယောင်ကတမ်းတွေပြောကာ ကိုအောင်ကျော်ဝင်းဟာ နောက်တစ်နေ့မနက် မိုးစင်စင်လင်းတဲ့အခါ အသက်ထွက်သွားပါတော့တယ်။ သူ့ရဲ့အလောင်းကိုလည်း သူ့ သေဆုံးရာ အင်ကြင်းပင်ကြီးရဲ့အောက်မှာ မြှုပ်နှံခဲ့ကြပေမယ့် မြစ်ခြေက ဘုန်းကြီးကြွမလာလို့ သရဏဂုံမတင်လိုက်ရရှာဘူးတဲ့။

မြိုင်သေလာရွာသားတွေကတော့ ညနေ နေဝင်ရီသရောမှာ အာနန္ဒာဘုရားရဲ့အင်ကြင်းပင်အောက်ကို လှမ်းပြီးတော့များ ယောင်လို့တောင် သတိမထားလိုက်ကြပါနဲ့တဲ့။

အဲဒီအပင်အောက်မှာ ဘီယာထိုင်သောက်နေတဲ့ လူတစ်ယောက်ဟာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ အာနန္ဒာဘုရားရဲ့ စိန်ဖူးတော်ကြီးကို ဖူးမြော်နေတာကြီးကိုများ သင်တို့ တွေ့ရရင် . . .

တင်ပါးနဲ့ ခြေဖဝါး တစ်သားတည်းကျအောင် ပြေးနေရမှာကို စိုးရိမ်လို့ပါတဲ့ဗျာ။

▶▶ ငါန်းရွှန်မောင်လျှမ်းမွှန်




www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုကို ရင်ဆိုင်ပြီး အတူယှဉ်တွဲရန်းကန်ဖို့ မြည့္ဂန့် ဆုံးဖြတ်ခဲ့သ
ထိုဆုံးဖြတ်ချက်သည် မိမိအဖို့ မှန်ကန်သည်ဟု ထင်သည်။
တစ်ရွာသားကို ရည်းစားလုပ်မိသည့်အတွက်
နောင်တ မရခဲ့။ လွမ်းရဖို့ကိုလည်း မစဉ်းစား၊ နှစ်ဦးသား၏ ရင်ထဲမှ
နှလုံးသားချင်း ဖလှယ်လိုက်သည်။ တစ်ဦး နှင့်တစ်ဦး၊
တစ်ယောက်နှင့်တစ်ယောက် ချစ်ကြလျှင် အချစ်စစ်ဖြစ်သည်။
ထို့ကြောင့် ဘဝတစ်ခုကို ထူထောင်ရန်အတွက်
ဆုံးဖြတ်ချက်ကို အမြန် ချခဲ့ကြသည်။

# အရင်ကတော့ ကျွန်မချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ကို ယုံပါ၊ ကျုပ် မြည္ဇွန်ကို တကယ် နှ[illegible] ရိုးမြေကျ ပေါင်းပါ့မယ်ဗျာ၊ ဘယ်တော့မှ သစ္စာမဖောက်ပါဘူး"

စကားလုံး အနအရွ၊ အလှအပ တန်ဆာမဆင်ဘဲ ပြောလာသော ကိုဝေလကို မြည္ဇွန်က ယုံကြည်လိုက်သည်၊ ကိုဝေလသည် တစ်နယ်တစ်ကျေးက လာပြီး မြည္ဇွန်တို့ရွာတွင် အရောင်းအဝယ်ပြုလာသူ ဖြစ်သည်။ မြည္ဇွန်တို့နေသည့် ရွာလေးမှာ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် ရှိသော ရွာသေးရွာမွှားလေး ဖြစ်သည်။ လယ်ယာလုပ်ငန်း လုပ်ကြသူတွေ ရှိကြသလို တံငါလုပ်ငန်း လုပ်ကြသူတွေလည်း ရှိသည်၊ တိုင်းရင်းသားလူမျိုးစုတို့ စုပေါင်းနေထိုင်ကြသည်။ ရိုးသားအေးဆေးစွာ နေတတ်ကြသည်။ ထို့ပြင် ရောင့်ရဲတင်းတိမ်မှု ရှိကြသည်။ နှစ်လိုဖွယ်ရာ ကောင်းလေသည်။

ထိုရွာလေးကို မျက်စိလည် လမ်းမှားရင်း ရောက်လာခြင်းမဟုတ်သော်လည်း ဧရာဝတီမြစ်ရိုးတစ်လျှောက် အရောင်းအဝယ်နှင့် စုန်ဆင်းလာခဲ့ရာမှ မြည္ဇွန်တို့ ရွာလေးသို့ ရောက်လာရသည်၊ ကိုဝေလသည်လည်း တိုင်းရင်းသားတစ်ဦး ဖြစ်သည်၊ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ခန့်ခန့်ထွားထွားနှင့် ယောကျ်ားပီပီသသ အသွင်သဏ္ဍာန်ရှိသည်၊ လေးထောင့်စပ်စပ် မျက်နှာအသွင်သဏ္ဍာန်တွင် နှုတ်ခမ်းနှစ်လွှာက စေ့စပ်တိကျသည်။

မြည္ဇွန်က အသက်ဆယ့်ရှစ်နှစ်ကျော်စ အပျိုစင်လေးတစ်ဦး ဖြစ်သည်။ မိဘနှစ်ပါးနှင့် မောင်နှမသားချင်းတို့ မရှိကြပေ၊ သူ ငယ်စဉ်အခါကပင် မိဘနှစ်ပါးနှင့် မောင်လေးနှစ်ယောက်မှာ အိမ်နှင့်အတူ နာဂစ်မုန်တိုင်းအဏ်ကို ခံလိုက်ရပြီး နဒီရေအဏ္ဏဝါကြောတွင် အသက်စတေး ခံလိုက်ကြရသည်။ ထိုအချိန်တွင် မြည္ဇွန်မှာ တစ်မြို့တစ်ရွာသို့ ကြီးဒေါ် ဒေါ်စံခနှင့် အဖော်လိုက်ပါသွားခဲ့၍ အသက်ရှင်လျက် ကျန်ခဲ့သူဖြစ်သည်၊ သို့သော် - မြည္ဇွန်အတွက် ပြန်စရာ ရွာမရှိ အိမ်မရှိ၊ မိဘဆွေမျိုးသားချင်းမရှိဘဲ ရေလွှတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသော ဒေါ်စံခတို့ မိသားစုမှာပင် ခိုနားရတော့သည်။ ပြန်လည်ထူထောင်မှု ပြုလာသော ရွာမှာပင် ဒေါ်စံခတို့ အခြေပြန်ချသည်။



မြည္ဇွန်လည်း ပါသည်၊ ဒေါ်စံခတွင် သမီးနှစ်ယောက်ရှိသည်၊ မြည္ဇွန်နှင့်အတူ ရွယ်တူတွေဖြစ်သည်၊ လယ်ယာအပိုင်မရှိ၊ ကောက်စိုက်ပျိုးနုတ်၊ အငှားအကူ လက်ခစား လုပ်ကြသည်၊ အဆင်းလှအောင် ဝတ်စားမပြင်ဆင်နိုင်သော်လည်း ဝမ်းဝအောင်တော့ ငါးပိရေနှင့် တို့စရာကို ဖောဖောသီသီ စားနိုင်ကြသည်။

အသက်လေးရလျှင် အရွယ်လေးကပါ အလှပန်းဆင်လာသည်က မြည္ဇွန်ဖြစ်သည်၊ ကြည်လင်စိုပြေသော အသားအရေ၊ နက်မှောင်ရှည်လျားသော ဆံကေသာကို ဆံထုံးပုံ့ပုံ့အိအိ ထုံးထားလျှင် သွယ်လျသော မျက်နှာ၊ ရွှန်းလဲ့သော မျက်လုံးအစုံနှင့် လှပလွန်းသည့် မြည္ဇွန်၏အလှနှင့် လိုက်ဖက်လေသည်၊ ပြည့်တင်းသွယ်လျမှုမောက်သော အရှိက်အဝန်းတို့နှင့် ကောက်ကြောင်းထင်ရှားလှသော မြည္ဇွန်၏ ခန္ဓာကိုယ်အလှမှာ တောနှင့်မတန်အောင်ပင်။

"ဟဲ့ - ဟို - ဦးရွှေလှတို့ အိမ်ကိုလာတဲ့ ညည်းသည်ဆီမှာ ဆေးမြစ်နဲ့ ပျားရည်တွေ ပါတယ်"

ပျားရည်စစ်စစ် ရဖို့ဆိုသည်မှာ အလွန်ရှားသည်၊ ယခု ပျားရည်စစ်စစ် လာရောင်းသည်ဆိုလျှင် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော အဘိုး၊ အဘွားတို့အတွက် ဆေးဖက်ဝင်၍ လိုသလောက်ကို ဝယ်ယူကြလေသည်၊ သို့နှင့်ပင် ဒေါ်စံခတို့အိမ်သို့ကိုဝေလ ရောက်လာသည်။ ဒေါ်စံခကလည်း ဖော်ရွေသည်၊ သမီးနှစ်ယောက်ကလည်း မိမိတို့ ချစ်သူများနှင့် မိတ်ဆွေဖြစ်နေသော ကိုဝေလအား ခင်မင်ကြသည်၊ ကိုဝေလကလည်း မြည္ဇွန်ကို တွေ့သည့်နေ့မှ စပြီး ရင်တွင်းမှာ ကြင်နာယုယိဇိတ် ခံစားမှုစိတ်လေးက ဝင်လာသည်၊ ခရီးကထောက်၍ တစ်ကြိမ်တစ်ခါမှ လာရောက်နိုင်သော်လည်း ကိုဝေလရင်ထဲတွင် မြည္ဇွန်ကို နှစ်နှစ်ကာကာ ချစ်မိနေပြီ၊

"ကျုပ် - အမေခကို အရဲစွန့်ပြီး ဖွင့်ပြောတာပါ၊ မြည္ဇွန်ကို ကျုပ်နဲ့လက်ဆပ်ပေးစားပါ။ ရွာပြန်စားစရိတ်ပဲချိန်ပြီး မြည္ဇွန်ကို တောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုဝေလနှင့် မြည္ဖွန့် လက်ထပ်ဖို့အရေးကို ဒေါ်စံခကလည်း သဘောတူပါသည်။ မိသားစုသုံးယောက်အတွက် ဝမ်းရေးအခက်အခဲကို မနည်းရုန်းကန်နေရသည့်အတွက် မြည္ဖွန့်အား ကိုဝေလနှင့် လက်ထပ်ပေးစားဖို့ သဘောတူလိုက်သည်။ တစ်ကောင်ကြွက် တစ်မျက်နှာ၊ မြည္ဖွန့်ကလည်း မိမိဘဝအတွက် ကိုဝေလကိုသာ အားကိုးစရာအဖြစ် မှတ်ယူလိုက်သည်။ ထို့ကြောင့် သျှောင်နောက်ဆံထုံးပါဆိုသလို ကိုဝေလ နေထိုင်ရာသို့ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် နောက်တော်ပါးက တစ်ဖဝါးမခွာ လိုက်ခဲ့တော့သည်။ ရေမြေတောတောင် သဘာဝအနေအထား ခြားနားလှသော်လည်း ချစ်သူရင်ခွင်ကို တစ်မိုးတစ်ရိပ်ထင်ကာ ခိုဝင်နားခဲ့၍ မြည္ဖွန့်ဘဝကို ကျေနပ်သည်။ ချစ်သူတစ်မျက်နှာသည် သူ့အတွက် တစ်ရွာပင်မလာ၊ တစ်ကမ္ဘာပင် ထင်မှတ်သည်။ မောင့်လက်ကိုတွဲကာ ရဲရဲဝံ့ဝံ့ဘဝကို ရင်ဆိုင်တော့မည်။ ကိုဝေလသည် မြည္ဖွန့်အတွက် မှီခိုစရာ နောက်ခံအင်အားဖြစ်သည်။

ကိုဝေလသည် မိမိကိုသာ အားကိုးအားထားပြုပြီး ချစ်ရသူလေးအပေါ်တွင် မြတ်မြတ်နိုးနိုး ချစ်ရသည်။ ချစ်တဲ့သူဇနီးအလှ စိတ်ဆင်းရဲရမည်ကိုလည်း လုံးဝမလိုလားပေ။ တတ်နိုင်သမျှ ဖေးမကာ နှစ်သိမ့်ကြည်ဖြူရသည်။

"မိန်းမရယ် - မင်းက ကျုပ်တို့ရဲ့ဓလေ့သဘာဝကို နားမလည်သေးတော့၊ လုပ်ရကိုင်ရတာ ပင်ပန်းလှပါတယ်။ ကျုပ်က ယောကျ်ားသားလည်းဖြစ်၊ ဓလေ့စရိုက်ကလည်း ကျင့်သားရနေပြီးဖြစ်တော့ ကျုပ်အတွက်ကတော့ ပင်ပန်းလှတယ်လို့ မထင်ဘူး။ နေ့စဉ် လုပ်ရမယ့် လုပ်နေကျပဲလေ"

✷

တစ်နှစ်ကို အနည်းဆုံး နှစ်ခေါက်လောက်တော့ မြည္ဖွန့်တို့ မြို့နယ်စွန်လေးသို့ ကိုဝေလ ရောက်ရောက်လာတတ်သည်။ ပျားရည်ပါသည်။ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥအပြင် စပါးကြီးသည်းခြေစသော တောကောင်တို့၏ အရေခွံ၊ အရိုး စသည်တို့လည်းပါသည်။ မြည္ဖွန့်တို့ရွာတွင် အရောင်းအဝယ်ပြီးလျှင် တခြားတစ်နေရာ ရွာတချို့ကို လှည့်လည်၍ ရောင်းသည်။ ကုန်တွေကုန်လျှင် မြည္ဖွန့်တို့ ရွာအပြင် တခြားရွာတွေမှ ငါးခြောက်၊ ဆီ၊ ဆား၊ ငါးပိတို့ကို ဝယ်ပြီးပြန်သည်။ အလာကုန်နှင့်အသွားကုန်ဖလှယ်ပြီး ဝယ်ယူသယ်ပို့ရောင်းသည်။ ကိုဝေလတို့၏ စားဝတ်နေရေး ဘဝပေးအခြေအနေ ဖြစ်သည်။

ကိုဝေလ၏အတိနယ်လေးမှာ ကသာခရိုင်၏မြို့နယ်တစ်နယ်လေး ဖြစ်သည်။ ပင်လယ်ဘူးဟု ခေါ်သော မြို့လေးပင်။ ရန်ကုန် - မြစ်ကြီးနား မီးရထားလမ်းဖြင့် ကောလင်းမြို့သို့ လာရသည်။ ယင်းမှ ပင်လယ်ဘူးမြို့သို့ ကားဖြင့်လာသည်။ ဖခင် ပင်လယ်ဘူးသားနှင့် မိခင်မြေပြန့်သူတို့က ကိုဝေလအား ပင်လယ်ဘူးမှာပင် မွေးဖွားခဲ့သည်။ ရန်ကုန်မှ ကောလင်းသို့ (၅၃၅ ၁/၄) မိုင်ဝေးသည်။ ကောလင်းမှ ပင်လယ်ဘူးသို့ (၃၉)မိုင် ဝေးသည်။ ကောလင်း ပင်လယ်ဘူးသွားရာ ကားလမ်းသည် (၃၀၇၆) ပေမြင့်သော မုန်ကင်းတောင်သားပန်းကို ဖြတ်၍ ဖောက်ထားသည်။ မုန်ကင်းတောင်တန်းကြီးသည် ထာဝစဉ် တောင်နိုးတောင်ငွေ့များဖြင့် လာရောက်ကြသော ခရီးသည်၊ ရှုစည့်သည်တို့ကို ကြိုဆိုလျက်ရှိလေသည်။ ပြာမှိုင်းရီဝေသော မုန်ကင်းတောင်မကြီးကိုကပ်မိ၊ ရောက်လာပြီဆိုလျှင်စိမ့်၍အေးလာသည်။ ကားလမ်းတစ်လျှောက်တွင် ကြောက်ဖွယ်လိလိ ချောက်ကမ်းပါးကြီးများသည် အန္တရာယ်ကြုံကာ ကျဆင်းလာမည့်သူကို ပါးစပ်ဟပြီး ထားသလိုပင်။

နွေ၊ မိုး၊ ဆောင်း ရာသီဥတု သုံးမျိုးစလုံး သူ့ရာသီအလိုက် ဖူးပွင့်ဝေဆာသော ပန်းရနံ့တို့က (၃၉)မိုင် ဝေးသော ပင်လယ်ဘူးသို့ လာကြသူများအား ရင်ကိုငြိမ်းအေးစေသည်။ ကိုဝေလသည် ပင်လယ်ဘူး ရွာသားအဖြစ် မွေးဖွားလာရသူအနေနှင့် မိမိကိုယ်မိမိ ဂုဏ်ယူသည်။ ကိုဝေလ၏ အဖေသည် ဗဟုသုတနှံ့စပ်သော ရေးလူကြီးဖြစ်သည်။ အဖေ့ထံမှ ကိုဝေလသည် ပင်လယ်ဘူးမြို့နှင့် ပတ်သက်သမျှကို သိသင့်သိထိုက်စွာဖြင့် ကြားခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

"အဖတို့ရဲ့ပင်လယ်ဘူးမြို့ရဲ့အမည်က အရင်က အဲဒီလို မခေါ်ဘူး၊ ပင် - ကိုင် - ဖရူးလို့ ခေါ်တယ်"

အဖ ပြောပြသည့် ပင်လယ်ဘူးမြို့၏ ရာဇဝင်လေးက နားထောင်ချင်စရာ ကောင်းသည်၊ ဂငယ်သုံးရ ဥသျှစ်ထုဆိုသည့် စကားအရ သက္ကရာဇ် (၈၈၈) ခုနှစ်တွင် မိုးညှင်းစလုံသည် သားတော်သိုဟန်ဘွားကို အင်းဝထီးနန်း တင်ခဲ့သည်၊ အပြန်တွင် မူးမြစ်အတိုင်း ဆန်တက်ခဲ့သည်၊ ရေကို ဒီစကြိတ် ကန့်ဘလူအနောက်ဘက် မူးမြစ်ကမ်းပါးတစ်နေရာတွင် ရွှေညောင်ပင် စိုက်ပြီး ထိုရွာကို မိုးကောင်းညောင်ပင် စိုက်ရွာဟု အမည်သမုတ်ခဲ့သည်၊ ယင်းမှ ဆန်တက်ခဲ့ရာတွင် သရက်ဖြူပင်ကြီးများ ပေါက်ရောက်သော ကိုင်းကြီးကုန်းရွာသို့ ရောက်လာသည်၊ ထိုရွာတွင် တပ်ချနားသည်၊

တပ်ချနားစဉ် မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဌာပနာကာ စေတီငယ်တစ်ဆူကို တည်သည်၊ "မိုးဆုတောင်း" စေတီဟုခေါ်သည်၊ မိုးညှင်းစလုံ မင်းတရားကြီးသည် စေတီတည်ပြီးနောက် လူသူနေထိုင်ရန် မြို့ရွာကိုပါတည်ထောင်ရန် ဆန္ဒရှိသဖြင့် နေရာကို လိုက်ရှာရာတွင် တိုင်းကွင်းတစ်ခုမှ တောကြက်ဖတစ်ကောင်သည် ထန်းပင်တစ်ဖျားခန့် ကောင်းကင်သို့ ပျံတက်သွားသည်ကို တွေ့ရသည်၊ ထို့ကြောင့် နိမိတ်ယူလိုက်သည်၊ အတိတ်ကောင်းသည့် နောင်ကာလတွင် ကြက်ပျံမကျ စည်ကားမည်ဟု ယူဆပြီး ထိုကိုင်းကွင်းကြီးတွင် ရွာတည်လေသည်၊ ထိုရွာကို ပင် - ကိုင် - ဖရူးဟု ခေါ်သည်၊ ပင်သည် ကိုင်းပင်၊ ကိုင်မှာ ကြက်၊ ဖရူးမှာ ပျံသည်၊ ထို့ကြောင့် ကိုင်းတောမှ ကြက်ပျံတက်သော နေရာဟု ဆိုလေသည်၊

ကိုဝေလ သိသမျှကို မြည္ွန့်ကိုလည်း ဗဟုသုတ ဝေငပေးလိုက်သည်၊ မြည္ွန့်ကလည်း ချစ်သူလင်သားနှင့်သာဆိုလျှင် ဘဝခရီးတစ်ခုကို မမောတမ်း လျှောက်လှမ်းမည့်သူပင်၊ ကိုဝေလနှင့် မြည္ွန့်တို့နေသော ရွာလေးမှာ ဈေးမြို့နှင့် သိပ်မဝေးလှပေ၊ တောရောက်သော အတွင်းဘက်ကျသည့် နေရာတွင် မဟုတ်ပေ၊ အရောင်းအဝယ်လုပ်ငန်းဖြင့် ပါလာသည့် ငွေကြေးအား လိုအပ်သော အိမ်ထောင်ပစ္စည်းစားစရာတို့ကို ဝယ်ရသည်၊ ချစ်စ၊ ခင်စကြားလေသွေးလျှင်တောင် ဝေးမည်စိုး၍ စီးပွားရေးကို မစဉ်းစားသေးဘဲ နေကြသည်၊

"ကျုပ်နဲ့ နေရတာ မြလေး ပျော်ရဲ့လားဟင်"

"ပျော်တာပေါ့ - အစ်ကိုရယ်၊ ကိုယ်ပိုင် ဘဝလေးတစ်ခုကို ဖန်တီးခွင့်ရတာ၊ မပျော်ဘဲ နေပါ့မလား"

"ကျုပ်က မြလေးကို သိပ်ချစ်တာ၊ ဘာမဆို မြလေးအတွက်ဘဲ စဉ်းစားတယ်၊ မြလေး ကျုပ်နဲ့ လိုက်နေပြီး မပျော်တော့ဘဲ ပြန်သွားမှာကို သိပ်စိုးရိမ်တာ"

"မြလေး - အစ်ကိုကို ဘယ်တော့မှ ခွဲမသွားဘူး၊ အစ်ကိုနဲ့အတူ အသက်ကြီးလို့ သေတဲ့အထိ သားသမီးတွေနဲ့ နေမှာ"

စကားတန်ဆာ မာယာမဆင်ဘဲ နှစ်ယောက်သား တစ်ဦးကိုတစ်ဦး အားပေးနှစ်သိမ့်ကြသည်၊

"ကျုပ်တော့ ဒီသကြန်အခါကာလပြီးရင် အလုပ်ပြန်စရတော့မယ်"

"ဘာလဲ - အစ်ကို ပျားရည်ရှာရတော့မှာလား"

"ဟုတ်တယ် - မြလေး၊ ဒီတစ်ခါ ပျားရည်တို့၊ ဆေးမြစ်ဆေးဥတို့ရရင် ဝေးတဲ့နေရာ ရွာတွေကို သွားမရောင်းတော့ဘူး၊ မြလေးတစ်ယောက်တည်း ကျန်ရစ်မှာစိုးလို့"

"အော် - အစ်ကိုရယ်၊ အနီးအနားမှာလည်း အဖော်တွေရှိနေတာပဲ၊ မြလေး မကြောက်တတ်ပါဘူး"

"မြလေးနဲ့ အစ်ကိုတို့က ဘဝတူတွေပဲ၊ ဒါကိုလည်း ကျုပ် သိပါတယ်၊ ဒါပေမဲ့ - မြလေးနဲ့ တစ်ညလေးတောင် မခွဲနိုင်တော့ ခက်တာပေါ့"

"ဟင်း - ဟင်း - အစ်ကိုလည်း စကားတွေချွဲ ပိုပြီးပြောတတ်လာပြီနော်"

"တကယ်ပြောတာပါ - မြလေးရယ်"





www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ - အစ်ကိုရေ စိတ်ချ၊ မြလေးကလည်းလေ ဟောဒီချစ်တဲ့ လင်တော်မောင်ကို တစ်သက်လုံး *အနားကမခွဲမခွာဘဲနေမှာ၊ ဒါနဲ့ အစ်ကို ပျားဖွပ်* သွားမှာ ဘယ်တော့လဲဟင်"

"အခု နွေရောက်ရင် သွားမယ်"

"ပျားဖွပ်သွားရမှာ ဒီရွာနဲ့ တော်တော်ဝေးသလားဟင်"

"မြလေးတို့ မိန်းမသား ခြေလှမ်းနဲ့ဆို ဝေးတယ်ခေါ်ရမှာပေါ့၊ အစ်ကိုတို့က ယောကျ်ား ခြေလှမ်းနဲ့တော့ ဝေးလှတယ် မဟုတ်ဘူးပေါ့၊ မိုင်းသုံတောင်နဲ့ မှန်ကင်းတောင်ခြေနားမှာ ပျားသိပ်ကျတာ၊ ပျားဖွပ်တာ နွေပျား မိုးပျား ရှိတယ်လေ၊ နွေမှာအုံတဲ့ပျားကို နွေပျား၊ မိုးမှာ အုံတဲ့ပျားကို မိုးပျားလို့ ခေါ်တယ်၊

ပျားဖွပ်ခြင်းသည် ကိုဝေလကို တစ်ရွာလုံးအတွက် စီးပွားရေးလုပ်ငန်းဖြစ်သည်၊ တချို့က တောင်ယာလုပ်သည်၊ တောင်ယာလုပ်ရာမှနေ တောကောင်တွေကို ခြောက်လှန့်ရင်းက အမဲလိုက်ကြသည်၊ တချို့က ပျားဖွပ်ကြသည်၊ အလုပ်လုပ်ရာတွင် အစုလိုက် အဖွဲ့လိုက် လုပ်ကြရသည်၊ တောထဲတောင်ထဲ ဝင်ကြ၊ သွားကြရသည်တွင် အန္တရာယ်ရှိကြသဖြင့် အုပ်စုဖွဲ့ကာ သွားလာကြသည်၊

"အစ်ကို - ဘယ်သူတွေနဲ့ သွားမှာလဲ"

"ခါတိုင်း သွားနေကျ အောင်သာတို့နဲ့ပဲ သွားမယ်၊ ဒီတစ်ခါ အုပ်စုလိုက်ခွဲထွက်ကြမှာ၊ အခု နွေဦးရာသီရောက်ပြီ၊ နွေပျားတွေ ရတော့မှာ"

✷

ကိုဝေလတို့ အတူနေကြသူတွေ နေထိုင်သည့် ပင်လယ်ဘူးမြို့လေးသည် မူးမြစ်ဖျားတွင် ရှိသည်၊ တောတောင်ထူထပ်ပြီး စိမ့်စမ်းရေတံခွန်ပေါများလေသည်၊ အကျယ်အဝန်းများ စတုရန်းမိုင် (၁၂၉၉) ခန့်ရှိသည်။ မြောက်ဘက်တောင်ကုန်းဒေသမှ တောင်ကြီးများသည် တောင်ဘက်သို့ ထိုးဆင်းနေသည်၊ တောတောင်ထူထပ်ပြီး မိုးက မကြာခဏ သဲသဲမဲမဲ ရွာတတ်သည်၊ ပင်စောက်ပင်ကြီးများ ရှိကြသည်၊ ဆေးဖက်ဝင်သော သီးပွင့်၊ သစ်ရွက်၊ အမြစ်၊ ဥ စသည်တို့လည်း ရှိသည်၊

ကိုဝေလတို့ အုပ်စု ရွာမှ စတင်ခရီးထွက်ခဲ့ကြသည်၊ ပျားဖွပ်ရန်အတွက်ဖြစ်သည်၊ ကိုဝေလတို့နှင့်အတူ ရွှေအေး၊ ထွန်းခင်၊ သားကြီးတို့လည်း ပါလာသည်၊ ပျားဖွပ်ရန်ဆိုပြီး လူချည်း လာခဲ့ကြရသည်မဟုတ်၊ ကိရိယာတန်ဆာဝလာအစုံလည်း ပါကြရသည်၊ သံပုံးကြီး၊ သံပုံးငယ်၊ ပျားထည့်ရန် ခြင်းကြားထက်မြသော တစ်တောင်သာသာရှိ ဓားတစ်လက်၊ ကြိုးခွေအရှည်၊ မီးနိုးမိုင်းတုတ် စသည်တို့ ဖြစ်သည်၊ ယောကျ်ားခြေလှမ်း ခပ်ကြမ်းကြမ်းနှင့် လျှောက်လှမ်းလာခဲ့ကြသည်၊

"ဟေး - ဆက်မသွားနဲ့တော့"

အောင်သာက လှမ်းအော်လိုက်သည်၊ သူတို့ သိလိုက်သည်၊ ယခုရောက်ရှိနေသော ချောက်၊ လျှိုမြောင်ကြားနှင့် တောင်ကမ်းပါးယံတွင် စခန်းချရတော့မည်၊ ယာယီတဲဆိုသော်လည်း သေသေချာချာ ခိုင်ခိုင်ပြုလုပ်ရသည်၊ တော်ရုံတောကောင်တို့ ရန်မှုမလာနိုင်အောင် အကာအကွယ်လည်း လုပ်ရသည်၊

"ကဲ - မွန်းတည့်စပြုပြီ၊ လင်းလင်းထင်းထင်းရှိတုန်း ပျားအုံတွေ လိုက်ရှာရအောင်၊ ဒါမှ ညဘက် ပျားဖွပ်တော့ အဆင်သင့်ဖြစ်မှာ၊ အောင်သာ - ခင်းက အောက်လူဆိုပေမယ့် မင်းလည်း လိုက်ကြည့်ရမှာပဲ"

ကိုဝေလ စကားကို အားလုံးက လက်ခံကြသည်၊ ပျားဖွပ်ရာတွင် အထက်လူ၊ အောက်လူဆိုတာ သတ်မှတ်ထားသည်၊ အထက်လူကို အပေါ်လူဟုလည်း ခေါ်ကြသည်၊ အပေါ်လူသည် ပျားဖွပ်သည့်အခါတွင် သစ်ပင်တက် ကျွမ်းကျင်ပြီး စွန့်စားတတ်၊ လုံ့လရှိကာ လျင်မြန်ဖျတ်လတ်ရမည်၊ အထူးသဖြင့် ပျားအကြောင်းကိုလည်း နားလည်ရသည်၊ အောက်လူသည် ပျားဖွပ်သင်ခါစလူဖြစ်သည်၊ မြေပြင်မှနေပြီး အပေါ်လူခိုင်းသမျှကို လုပ်ပေးရသည်၊





www.burmeseclassic.com

www.burmeseclassic.com

"တွေ့ခဲ့ကြလားဟေ့"

ကိုဝေလတို့အား အတူလာကြသူထဲမှ တစ်ယောက်က လှမ်းမေးလိုက်သည်။ ပျားဖွပ်ရန်အတွက် ပျားအုံရှိသည့်နေရာသို့ သွားကြည့်ပြီး ပြန်လာကြခြင်း ဖြစ်သည်။

"တွေ့ခဲ့ပါ့ကွယ်၊ အင်ကညင်ပင်ကြီး အမြင့်ကြီးပဲ၊ ပေ(၆၀)၊ (၈၀) လောက် ရှိမှာ။ ပျားအုံကြီးကလည်း တို့လက်တစ်ဖက်စာမက၊ နည်းမှ မနည်း - ကြီးပါ့ကွာ"

"ဒါဆို ညဘက် သွားရင် ဆိတ်နံကြီးရွက်၊ မှန်လာရွက်တွေနဲ့ မှိုင်းတုတ်လုပ်ရအောင် အရင်းနဲ့အဖျား ဝါးရင်းတုတ်ကို မမှားစေနဲ့နော်၊ မှားရင် အန္တရာယ်ရှိတယ်"

ပျားဖွပ်သူတို့၏ ရှေးရိုးအယူအဆ ဖြစ်သည်၊ မှိုင်းတုတ်ပြုလုပ်ရာတွင် မီးတုတ်စည်းရာ၌ အရင်းမှမစည်းမိဘဲ အဖျားမှစည်းလျှင် ပျားတက်ဖွပ်သူအတွက် အန္တရာယ်ရှိလေသည်။

"ကဲ - ခြင်းကြားထဲမှ အပေါက်ကနေ ယိုမကျအောင် ဖက်တွေကို သေသေချာချာ ခင်းနော်၊ ပျားအုံချတဲ့ ကြိုးရှည်ကိုလည်း သေသေချာချာ အခွေလိုက်ထား၊ နောက်ဓားပါ ပါစေနော်"

အုပ်စုလိုက် ညနေစာကို အမြန်စားပြီး ဆိတ်နံကြီးရွက်၊ မှန်လာရွက်များ စည်းထားသော မှိုင်းတုတ်များ၊ ပျားထည့်ရန် ခြင်း၊ ဓား စသည်တို့ကို ယူကာ ပျားအုံရှိရာ သစ်ပင်အောက်သို့ သွားကြလေသည်။

"ကဲ - ကဲ - သစ်ပင်အောက် ရောက်ပြီ၊ မီးလင်းဖိုကြ"

ကိုဝေလက မြေပြင်ပေါ်တွင် နေခဲ့ကြမည့်သူများကို မီးဖိုရန် သတိပေးလိုက်သည်။ သူကိုယ်တိုင်က ဝတ်လာသည့် အပေါ်ပုဆိုးကိုချွတ်ပြီး အသားကပ်ဘောင်းဘီတိုက ဒူးဆစ်အောက်အထိ ရှည်သည်ကို ပြန်ပြင်ဝတ်ပြီး ပါလာသော လက်မလုံးလောက်ရှိ နိုင်လွန်ကြိုးခွေကို ခါးတွင်ပတ်နှောင်ချည်လိုက်သည်။ ပျားခြစ်ရန်အတွက် ယူလာသောဓားကို ပါးစပ်ဖြင့် ကိုက်ကာ သစ်ပင်တက်ရန် ပြင်ရတော့သည်၊ တက်ရန်ခက်သည့် ကညင်ပင်



အရှည်များတွင် စို့များရိုက်ပြီး တက်ရသည်၊ ကိုဝေလသည် လုပ်ငန်းကို ကျွမ်းကျင်ရုံမက သစ်ပင်တက်ပါ ကျွမ်းကျင်သည်။ မကြာမီ သစ်ပင်အပေါ်သို့ ရောက်သည်။ ပျားအုံသည် ပေရှစ်ဆယ်ခန့်အမြင့်တွင်ရှိသော ကြောင်လျှောက်ကိုင်းများတွင် အုံဖွဲ့နေသည်။ ညကာလတွင် ကညင်ကိုင်းမှာ တံတားသဖွယ် အရောင်ဖွေးဖွေးရှိနေပြီး ပတ်ဝန်းကျင်မှာလည်း မည်းမှောင်နေသည်၊ ကိုဝေလသည် ထိုသစ်ကိုင်းကြီးကို မတ်တတ်လျှောက်ပြေးသွားလိုက်သည်၊ ပတ်ဝန်းကျင်မှာ မည်းမှောင်နေ၍ လျှောက်ရလွယ်ကူသည်။ သို့သော် အပေါ် အမြင့်ရောက်လေ၊ လေက တိုက်ခတ်မှုများလေဖြစ်၍ သတိကြီးစွာထားပြီး



ဖို၏ အလင်းရောင်၊ အပင်ထက်မှ မီးတောက်အလင်းရောင်တို့ကြောင့် ကိုဝေလ သစ်ပင်ထက်မှ ခိုစီးကျလာသည်ကို မြင်ကြရသည်။ သို့သော် အရှိန်ဖြင့် ကျဆင်းလာသောကြောင့် မြေပြင်ပေါ်တွင် ရှူးရှူးဝါးဝါး အသံနက်ကြီးဖြင့် ကိုဝေလ ခန္ဓာကိုယ်ကြီးမှာ ဝန်ထုပ်ကြီးတစ်ထုပ် ပစ်ချလိုက်သည့်ပုံ မြည်ဟည်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ရသည်၊ လွယ်ကူလှသည်တော့ မဟုတ်ပေ၊ အကယ်၍ နင်းကွက်တစ်ချက်မှားလိုက်လျှင် မြေပြင်သို့ကျလျှင် အသက်ခန္ဓာမြဲတော့မည်မဟုတ်မှန်း သေချာလှပေသည်၊

အသက်အောင့်ပြီး ကိုင်းဖျားအထိ ရောက်လာကာ ပျားအုံအနား ရောက်လျှင် နေရာယူလိုက်သည်၊ ခါးတွင် ချည်နှောင်ထားသော ကြိုးစကို အောက်လူသိအောင် အချက်ပေးလှုပ်လိုက်သည်၊ အောက်လူသည် မီးညှိထားသော မိုင်းတုတ်အား ချိတ်ဖြင့်တပ်ကာ ကြိုးစတွင် ချည်ပေးလိုက်ပြီး အချက်ပြလိုက်သည်၊ အပေါ်လူက ကြိုးစကို မိမိထံရောက်အောင် တဖြည်းဖြည်း ဆွဲငင်ယူရသည်၊ မိုင်းတုတ်ရသည့်အခါတွင် ပျားအုံအနီးတွင် ချိတ်ဆွဲလိုက်သည်၊

ဝီ-ဝီ-ဖလပ်-ဖလပ်-ဖလပ်၊

မိုင်းတုတ်လုပ်ထားသော ဆိတ်နံမှိုင်းမီးခိုးငွေ့ကြောင့် ပျားတို့သည် တစ်ကောင်ပေါ်တစ်ကောင် လုံးထွေးရစ်ထပ်လာကာ မူးနောက်ရီဝေလာသည်၊ ထိုသို့ ပျားများ မူးဝေလာသည့်အခါတွင် ကိုဝေလသည် ပါးစပ်တွင် ကိုက်ပြီး ယူလာ သော ဓားနှင့် ပျားများကို ခြစ်ခွာချလိုက်သည်၊ ပျားတို့မှာ မူးနေ၍ ပျားတက်သော ကိုဝေလကို မကိုက်နိုင်၊ ပျားတို့သာ မြေသို့ကျသွားလေသည်၊ သေတော့ မသေ၊ အမူးပြေသောအခါ မြေပြင်မှ မီးဖိုတွင် ပျံဝဲကာ ရန်သူကို ရှာကြပြန်လေသည်၊ မှောင်နေ၍ မိမိတို့ ပျားအုံရှိရာသို့ ပျံတက်နိုင်စွမ်းမရှိသဖြင့် အောက်လူသည် ပျားအုံထည့်ရန် ခြင်းကြားကို ကြိုးစတွင် ချိတ်ပြီး အပေါ်လူအား ဆွဲယူရန် အချက်ပေးလိုက်သည်၊

ကိုဝေလသည် ပျားအုံအား ခြင်းကြားတွင်ထည့်ကာ အောက်တွင်ရှိ အောင်သာကို အချက်ပေးလိုက်သည်၊ ပျားအုံကို ခြင်းကြားထဲသို့ ဓားဖြင့် လှီးဖြတ်ထည့်ရသည်၊ အောက်လူဖြစ်သော အောင်သာလည်း ပျားအုံ ရပြီ ဖြစ်ကြောင်း ကြိုးစကိုဆွဲကာ အချက်ပေးလိုက်သည်၊ အပင်ထက်မှ ပျားဖွပ်ရသူ ကိုဝေလတစ်ယောက် လေတိုက်ခံနေရသည်မှာ တစ်ကိုယ်လုံး အေးစက်ပြီး ခြေလက်တွေမှာ တောင့်တင်းနေသည်၊ ကြာကြာမနေနိုင် မြေပြင်



သို့ ပြန်ဆင်းရတော့မည်၊ သတိထားကာ သစ်ပင်ထက်မှ ပြန်ဆင်းရန် ခြေလှမ်းကို ပြန်လှည့်ရသည်၊

"ဟာ-ဒုက္ခပဲ"

နှုတ်မှ ရုတ်တရက် ထွက်သွားသည်၊ မိုင်းတုတ်မှ မီးပွားစတို့မှာ ကညင်ပင်၏ အကိုင်းအဖျားပေါ်သို့ကျကာ မီးလောင်လေသည်၊ မီးစွဲလောင်နေသည့် ကညင်ပင်သည် အဆီထွက်သောကြောင့် မီးနှင့်တွေ့လျှင် မီးတောက်လွယ်သည်၊ ကညင်ကိုင်းများကို မီးစွဲလောင်နေပြီ၊ အပင်အောက်မှ အောင်သာတို့ အုပ်စုကလည်း နောက်ထပ်တစ်ပင် ထပ်တက်ရန်အတွက် ပြင်ဆင်နေကြ၍ အပေါ်တွင်ရှိသော ကိုဝေလအား ဂရုမစိုက်နိုင်အားပေ၊ မီးစွဲလောင်စပြုနေသော ကညင်ကိုင်းတို့မှ တဖျစ်ဖျစ်မြည်လာကြသည်၊

"ဟေ့-ဟေ့-ဝေလ-သတိထား ဆင်းပေတော့"

မီးလောင်နေပြီဖြစ်၍ အသက်ဘေးမှလွတ်ရန် စွန့်စားရတော့သည်၊ နီးရာသစ်ကိုင်းကို ဓားဖြင့် ခုတ်လိုက်သည်၊ ပြတ်လုတဲတဲ အကိုင်းကို မြဲမြဲကိုင်ကာ ခိုပြီး လေအဟုန်စီးကာ မြေပြင်သို့ ထိုးဆင်းလိုက်ရသည်၊ ကညင်ပင်မှာ မီးစွဲမိလျှင် တော်တော်နှင့် မငြိမ်းနိုင်သောကြောင့် မီးငြိမ်းသည်အထိ စောင့်ရန် မဖြစ်နိုင်လျှင် ယခုလို စွန့်စားကာ ဆင်းရခြင်းဖြစ်သည်၊

"ဝေါ-ဝေါ-ဝိုး-ဝိုး"

"ဘုတ်-အား"

မီးဖို၏အလင်းရောင်၊ အပင်ထက်မှမီးတောက်အလင်းရောင်တို့ကြောင့် ကိုဝေလ သစ်ပင်ထက်မှ ခိုစီးကျလာသည်ကို မြင်ကြရသည်၊ သို့သော် အရှိန်ဖြင့် ကျဆင်းလာသောကြောင့် မြေပြင်ပေါ်တွင် စူးစူးဝါးဝါး အသံနက်ကြီးဖြင့် ကိုဝေလ ခန္ဓာကိုယ်ကြီးမှာ ဝန်ထုပ်ကြီးတစ်ထုပ် ပစ်ချလိုက်သလို မြည်ဟည်းသွားလေသည်၊

"ဟာ-လုပ်ကြပါဦး၊ ဝေလ-ဝေလ-ကျလာတယ်ဟေ့"

အားလုံး စိုးရိမ်ပူပန်စိတ်များဖြင့် ကိုဝေလ ကျလာသည့် ကညင်ပင်နှင့် အနည်းငယ်လှမ်းသော ချုံနွယ်ထဲသို့ အပြေးလာရောက်ကာ ရှာကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဝေလ - ဝေလ - ဝေလ"

အမှောင်ထုထဲ အလင်းရောင်မသဲမကွဲ တဖျောက်ဖျောက်နှင့် မီးလောင်နေသော မီးပွားမီးမှုန်ကြားတွင် ကိုဝေလအား စိုးရိမ်တကြီးဖြင့် ခေါ်နေကြသည်။

"ဝေလ - ဝေလ - ဝေလရေ"

"အေး - ငါ - ဒီမှာဟေ့"

ခေါ်သံအဆုံးတွင် ကိုဝေလ၏ အသံသြသြဖြင့် ပြန်ထူးသံကို ကြားရသည်။ မီးတုတ်အလင်းရောင်ဖြင့် ချုံများကိုဖယ်ကာ ကိုဝေလကို ကြည့်ရသည်။

"ဟာ - ဝေလ - မင်း - မင်း - ဘာမှ မဖြစ်ဘူးနော်"

"ဟား - ဟား - ဟား - မင်းတို့ မြင်တဲ့အတိုင်းပဲလေ"

အားလုံးက အံ့အားသင့်ကြသည်။ မြင့်မားလှသော သစ်ပင်ကြီးထက်မှ သစ်ကိုင်းကို နိစီးပြီးပြုတ်ကျလာသော ကိုဝေလမှာ ဒဏ်ရာဒဏ်ချက် တစ်ခုမှမရှိဘဲ ထိုင်နေပြီး အောင်သာတို့ကို စကားပင် ပြောလိုက်သေးသည်။

"ဝေလ - ဝေလ - မင်း - ဘယ်နေရာတွေ နာသွားသလဲ"

"ဘယ်နေရာမှ မနာဘူး။ တဲကို ပြန်မယ်၊ ထမင်းဆာတယ်ကွာ"

ပြောရင်းက ကောက်ကာငင်ကာ ထပြီး လမ်းလျှောက်ပြန်လာသည်။ သွက်လက်သော ခြေလှမ်းနှင့် လှမ်းနေသော ကိုဝေလကို အားလုံးက မနည်းအမြန်လျှောက်ပြီး အမီလိုက်ကြရသည်။

"ပင်ပန်းလို့လားမသိဘူး ဆာတယ်ကွာ၊ သိပ်ဆာတာပဲ"

တဲအတွင်းသို့ရောက်လျှင် မည်သူ့ကိုမှ စကားမပြော၊ ထမင်းအိုးဟင်းအိုးဖွင့်ကာ ပန်းကန်ပြားတစ်ချပ်ကိုယူပြီး စိတ်တိုင်းကျ ရှုးခပ်စားတော့သည်။ ဆာလွန်း၍လားမသိ တစ်ယောက်တည်း စားသည်မှာ ထမင်းအိုးနှင့် ဟင်းအိုးတို့မှာ အကုန်ပြောင်လုနီးပါး ဖြစ်သည်။

"ဟေ - ဟေ့ စားလို့ကောင်းလိုက်တာကွာ၊ ငါ အိပ်ချင်ပြီ၊ မီး မထွန်းကြနဲ့တော့"



တဲအတွင်းဝယ် မြင်သာထင်သာရှိသော အလင်းရောင်ကိုပင် ကိုဝေလက မီးမှုတ်ခိုင်းလိုက်သည်။ ကိုဝေလ ထမင်းစားပြီးနောက် ကျန်လူတွေ ထမင်းစားရန်အတွက် မီးကိုမှိန်မှိန်လေးထားတာ ထွန်းထားသည်ကိုပင် ယခု ကိုဝေလက အလင်းရောင်ကို မလိုချင်ဘဲ မီးမထွန်းရန် ပြောနေသည်။

"ငါတို့ ထမင်းစားကြဦးမယ်လေ၊ မီးမှိတ်လိုက်ရင် မြင်မှ မမြင်ရတာ၊ ဘယ်ဖြစ်ပါ့မလဲ"

အားလုံးက ကိုဝေလကို ဝိုင်းပြီးပြောကြသည်။

"မလိုဘူး - မီးလင်းရင် ငါ မအိပ်နိုင်ဘူး။ ငါက မှောင်မှ အိပ်လို့ရတာ"

ခါတိုင်း ကိုဝေလ၏ အမူအကျင့်နှင့် မတူသောကြောင့် ထူးဆန်းနေသည်။ စကားအပြော ချိုသည်၊ အနေက အေးသည်၊ ယခုတော့ အသံက သြသြ၊ မျက်လုံးတို့က ဟိုသည်ကြည့်ကာ ငြိမ်ငြိမ်မနေ။ မီးအလင်းရောင်မရောက်သည့်တဲ၏ ထောင့်အမှောင်ကွယ်အတွင်းသို့သာ တိုးဝင်နေသည်။ အားလုံး ထမင်းကို အမြန်ပြီးအောင် စားလိုက်ကြသည်။ ပျားရည်ထည့်ထားသော သံပုန်း၊ ခြင်း၊ ကြိုး၊ ဓားနှင့် မီးတုတ် လုပ်ရမည့်အရာများကို သေသေချာချာ ထုပ်ပိုးသိမ်းဆည်းလိုက်ကြပြီး မီးအလင်းရောင်ကို မှောင်ချလိုက်သည်။ တဲထောင့်တစ်နေရာတွင် ကိုဝေလတစ်ယောက် အားပါးတရဟောက်ပြီး အိပ်မောကျနေသည်။ ကျန်လူအားလုံးတို့မှာ မောသော်လည်း အိပ်မပျော်ကြ၊ အိပ်ရာတွင် ကျောလွဲ၍သာ နေကြသည်၊ အတွေးစိတ်ကူးစဉ်းစားရသည်က များနေကြ၍ အိပ်၍မပျော်နိုင်အောင် ဖြစ်ကြသည်။

မှောင်ရီပျိုးစပြုပြီ၊ မြူခိုးမြူငွေ့တို့က ကြည်ကြည်လင်လင် မရှိသေး၊ မြင်ရသော အလင်းရောင်ကိုပင် အားပြုကာ ကိုဝေလတို့ အုပ်စုရွာဘက်ဆီသို့ ပြန်ရန်ဆင်းလာခဲ့ကြသည်။ ကိုဝေလအား အောင်သာတို့အုပ်စုက သစ်ပင်အမြင့်ကြီးပေါ်မှ ကျလာရသူဖြစ်သောကြောင့် ညာတာသည့်အနေနှင့် စောင်ပုခက်ဆင်ကာ ဝါးလုံးနှင့် ထမ်းပိုးခေါ်မည်ဟု ပြောကြသည်။ ကိုဝေလက လက်မခံပေ၊ ခေါင်းကိုသာ ဘယ်ညာခါပြီး ပါးစပ်မှလည်း အသံကို လေးလေးပင်ပင်မြည်တမ်းကာ ညည်းလေသည်။

www.burmeseclassic.com

ထို့ပြင် ကိုလေဝ၏ သွားလာလှုပ်ရှားမှုမှာ အောင်သာတို့ထက် ပိုပြီး ဖျတ်လတ်လျင်မြန်နေသည်။ အားလုံးကလည်း သည်လောက်အမြင့်ကြီးမှ ကျလာပါသော်လည်း နာခြင်း၊ ကျင်ခြင်း၊ ထိခိုက်ရှနာခြင်း မရှိဘဲ ယခုလို ဘေးအန္တရာယ်ကင်းကင်းနှင့် သွားလာနိုင်သော ကိုဝေလအား ကြည့်ပြီး ဝမ်းသာကြသည်။ မကြာမီ ရွာသို့ မွန်းမတည့်မီ ရောက်လာကြသည်။

"မြည္ဒွန့်ရေ - မြည္ဒွန့်ရေ"

အောင်သာတို့က ရွာထဲသို့ဝင်လာသည်နှင့် နာမည်အသီးသီးကို ခေါ်လာကြသည်။ သက်ဆိုင်သော အိမ်သူအိမ်သားတို့ကလည်း အပျော်မျက်နှာ၊ ဝမ်းသာကြည်နူးသောပုံရိပ်တို့ဖြင့် အားပါးတရ ခေါ်ငင်ကြိုဆိုကြသည်။ သူတို့ ပြန်လာကြသည်မှာ ပျားဖွပ်ပြီးပြီးချင်း ပြန်လာကြခြင်း မဟုတ်ပေ။ ပျားအုံများကို တစ်ပင်တက်၊ တစ်ပင်ဆင်းဖွပ်ကြပြီး တဲသို့ ပြန်လာကြသည့်အခါတွင် အောက်သားလူ တပည့်ဖြစ်သူတို့က ပျားရည်ကို ညှစ်ကာ ဘံပုံးထဲသို့ ထည့်ကြသည်။ ပျားသလက်ကို ခေါင်းတင်ပြီး ပျားဖယောင်းကို ထုတ်ယူကြရသည်။ ယခုကဲ့သို့ သက်စွန့်ဆံဖျား ဖွပ်ရသော ပျားရည်များ၊ ဖယောင်းတို့ကို စုဆောင်းကာ မိုးဦးကျခါစတွင် စခန်းသိမ်းပြီး အဆင်ပြေလျှင် မြို့ပေါ်မြို့ထဲ အနယ်နယ်သို့ သွားရောက်ရောင်းချကြခြင်း ဖြစ်သည်။

"မြည္ဒွန့်ရေ - ဒီမှာ ဝေလပြန်ရောက်ပြီ"

အောင်သာနှင့်အတူ ကိုဝေလတို့ အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် ထိုင်လိုက်ကြသည်။

"ဟယ် - အစ်ကို၊ အစ်ကို ပြန်လာပြီ၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ မြလေးက မျှော်နေတာ၊ နေ့တိုင်း မျှော်ရတယ်"



ကိုဝေလအနားသို့ မြည္ဒွန့်ရောက်လာသည်။ ဝမ်းသာအားရ စိတ်နှင့် သတ်မောင်းကို ဖက်ကိုင်ကာ ပြောလိုက်သည်။ ကိုဝေလကမူ အသက်မပါသလို မှုန်တေတေ မျက်နှာထား၊ ပြူးကျယ်သော မျက်လုံးအစုံက အိမ်အတွင်းဘက်သို့ ဝေ့ကာဝိုက်ကာ စူးစမ်းဟန်ဖြင့် လျှောက်ကြည့်နေသည်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ထားသည်။

"အစ်ကို - မြလေးကို စကားမပြောဘူးလား၊ ဘာတွေ တွေးနေတာလဲ ဆင်"

ချစ်လင်အား ပခုံးကိုကိုင်လှုပ်ကာ စပ်ဆတ်ဆတ်လေး မေးလိုက်သည်။ ကိုဝေလက မြည္ဒွန့်အား မျက်လုံးအစုံက ပြူးကြောင်ကြောင်ဖြင့် ကြည့်နေသည်။

"ငါ ဗိုက်ဆာတယ်၊ ထမင်း ကျွေးပါ"

ကိုဝေလ စကားကြောင့် မြည္ဒွန့် အံ့အားသင့်သွားသည်။ ဟိုယခင်အခါန်းကဆိုလျှင် မိမိနှင့်အတူ ထမင်းပွဲတွင် ထမင်းစားသည့်အခါ စကားကို အေးဆေးစွာပြောပြီး ညင်သာစွာ ထမင်းစားသည်။ ယခုတော့ အသံက ဒေါသသံ ပါနေသည်။ စကားပြောသံကလည်း လေးလေးပင်ပင် ဩဩကြီး ဖြစ်နေသည်။ မြည္ဒွန့်တစ်ယောက် ထမင်းပွဲကို အမြန်ပြင်လိုက်သည်။ ထမင်းပွဲတွင် ဟင်းရွက်စုံကို အသားနှင့်ရောကာ ချက်ထားပြီး ငရုတ်သီးဆားထောင်းဟင်းဖြစ်သည်။ ထမင်းပွဲ တွင် ကိုဝေလ ဝင်ထိုင်လိုက်သည်။ မြည္ဒွန့်ကိုလည်း စောရန်လာဖို့မခေါ်၊ နှုတ်ပင် မဆက်ချေ။ သူတစ်ဦးတည်း ဝင်ထိုင်စားသည်။ ကြွေရေသုတ်ဇလုံကြီးထဲတွင် ထည့်ထားသော ထမင်းထဲကို ဟင်းခပ်ထည့်လိုက်သည်။ အသားတုံးများကို ဆယ်ယူထည့်ပြီး ညာဘက်လက်ဖဝါးနှင့် အားရပါးရနယ်ကာ ထမင်းလုတ်ကြီးကြီး တရစပ် ယူစားလိုက်သည်။

"ဟင်း - ဟင်း - ဟင်း"

ထမင်းစားရင်းက မြည္ဒွန့်ဘက်သို့ လှည့်ကာ ထမင်းစေ့တွေနှင့် ပေပွနေသော ပါးစပ်ကို အားရပါးရဟပြီး ရယ်နေလိုက်သေးသည်။

"ကိုဝေလ - ထမင်းစားလို့ ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း - ဟင်း - ကောင်း - ကောင်းတယ် - စားလို့ကောင်းတယ်"

သူနာမည်ကို ခေါ်ကာ မြည္ဟွန့်က မေးလိုက်သည်။ တောထဲတောင်ထဲမှ ပြန်လာသောကြောင့် ခေါင်းထက်က ဆံပင်တို့မှာ သစ်ရွက်စ၊ အမှိုက်စ၊ ပြာမှုန်တို့နှင့် ထိတွေ့ထား၍ ဆံပင်တို့မှာ စေးကပ်ကပ် ဖြစ်နေသည်။ မေးစေ့နှင့် ပါးပြင်တို့တွင် ရက်ရှည်ကြာ မရိတ်၊ မသန့်စင်ရသဖြင့် ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးတို့က တစ်လက်မ မက ရှည်နေကြသည်။ ရုပ်အဆင်းသဏ္ဌာန်မှာ ကြမ်းတမ်းနေသည်။ သုတ်သင်ရှင်းလင်းဖို့ စိတ်ကူးပုံမရ၊ မိမိကိုယ်ကိုမိမိ ဘာဖြစ်နေသည်ကိုပင် သိပုံမရ။

ထမင်းစားပြီးသောအခါ လက်ဆေးခြင်းပြုခြင်းမရှိဘဲ ကိုယ်တွင် ဝတ်ထားသော ပုဆိုးနှင့် သုတ်လိုက်သည်။ ပါးစပ်တွင်းရှိ ကျန်နေသောအစာတို့အား စားမြုံ့ပြန်သလို ပြန်စားနေသည်။ စားပြီးဖြစ်၍ ထမင်းပွဲကို သိမ်းနေသည့် မြည္ဟွန့်က ကိုဝေလ၏ အပြုအမူကို သတိထားကာ ကြည့်နေသည်။ ထူးခြားသော အမူအရာကို တဖြည်းဖြည်းတွေ့လာသည်။

မြူငွေ့တွေ အုံ့ဆိုင်းလာသဖြင့် မြည္ဟွန့်တို့ ရွာလေးမှာ ညနေစောင်းသည်နှင့် အမှောင်ရိပ်က အနည်းငယ် အေးမြလာသည်။ အိမ်ရှေ့မြေပြင်တွင် ကိုဝေလ ထိုင်နေသည်။ ဒူးနှစ်ဖက်ကိုထောင်ပြီးထိုင်ကာ လက်နှစ်ဖက်ကို ဆန့်ပြီး ဒူးပေါ်တင်ထားသည်။ ကိုယ်အမူအရာ ကြမ်းတမ်းနေသည် ထင်ရသည်။

"အစ်ကို - အိပ်မယ်ဆို မြလေး အိပ်ရာပြင်လိုက်မယ်"

မြည္ဟွန့်မေးသည်ကို မသိသလိုနေသည်။ မြည္ဟွန့်လည်း ဆက်၍မမေးတော့ဘဲ အခန်းထဲဝင်ကာ ကိုဝေလအိပ်ရန် အိပ်ရာခင်းပေးလိုက်သည်။ တဖြည်းဖြည်းနှင့် ညဦးအမှောင်က ပိုမိုသိပ်သည်းလာသည်။ မြို့ဈေးလေး ရောက်စဉ်က ဝယ်လာသော အမွှေးတိုင်ထုပ်ကိုဖောက်ပြီး ဘုရားကျောင်းဆောင်တွင် အမွှေးတိုင်ပူဇော်ကာ မြည္ဟွန့် ဘုရားရှိခိုးသည်။ ပြီးလျှင် ဘုရားကျောင်းဆောင်တွင် ချိတ်ထားသော ကြေးစည်လေးအား ထုနက်ကာ အမျှဝေ လိုက်သည်။



"အားလုံး - ကြားကြားသမျှ အမျှ - အမျှ - အမျှ - ယူ - ယူ"

"အား - ဟီး - ဟီး - မဆိုနဲ့ - မဆိုနဲ့ - တော်တော့ - မြည္ဟွန့်၊ နင် - တော်တော့ - ဆက်မဆိုနဲ့"

အိမ်ရှေ့မြေပြင်တွင်ထိုင်ကာ ငေးနေသည့် ကိုဝေလက မြည္ဟွန့်ဘက်သို့ လှည့်ပြီး လက်ကာကာ အော်လိုက်သည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်ယင်နေသည်။ သူ့နားနှစ်ဖက်ကိုလည်း လက်နှစ်ဖက်ဖြင့် ပိတ်ထားသည်။ အမှောင်ထဲတွင် နားပိတ်ထားသော ကိုဝေလ၏ လက်ဝါး နှစ်ဖက်မှာ သစ်ကိုင်းခြောက်နှစ်ခု ဖုံးထားသလိုပင်။ ရုတ်တရက် လှမ်းမြင်လိုက်ရသည်က မြေပြင်ပေါ်တွင် ထိုင်နေသော ကိုဝေလ၏ ခန္ဓာကိုယ်



တိရစ္ဆာန်တစ်ကောင်ကောင် သေပြီးပုပ်သော အကောင်ပုပ်အနံ့ ဖြစ်သည်။ အစ်ကိုဝေလ တောလည်စဉ်က ရခဲ့သော အသားကောင်တစ်ကောင်မှထွက်သော အပုပ်နံ့ဖြစ်မည်။ မြည္ဟွန့် ခန္ဓာကိုယ်တွင် အေးစိမ့်သောခံစားမှုကို ရလိုက်သည်။ ကြက်သီးမွေးညင်းထလာသည်။ မှေးခနဲ တစ်ချက် အိပ်ပျော်သွားပြီး ဝေဒနာတစ်ခုခုကြောင့် လန့်နိုးလာသည်။

www.burmeseclassic.com

အောက်ပိုင်း ကွယ်ပျောက်နေခြင်းဖြစ်သည်။ မျက်စိက ပီပီပြင်ပြင် မမြင်ရ၍ အမှောင်ထဲတွင် မြင်ချင်သလိုမြင်၊ ထင်ချင်သလို ထင်နေပြီဟုလည်း မိမိကိုယ်မိမိ သံသယစိတ်ဖြင့် ငြိမ်သက်နေမိသည်။

ကိုဝေလရှိရာသို့ မြညွန့် သေသေချာချာကြည့်လိုက်သည်။ အမှန်တကယ်ပင် အမှောင်ထဲတွင် ကိုဝေလ ထိုင်နေသည်မှာ ခန္ဓာကိုယ်တစ်ဝက် ပျောက်နေသည်။ အမှောင်ထဲရှိ လေထဲတွင် ပေါ့ပါးစွာလွင့်နေသလိုပင်။

"ဝိုး - ဝိုး - ဝိုး - ဝိုး"

လေတွေက လေထဲတွင် တစ်နေရာထဲ၌ ကွက်ပြီး ထူးထူးခြားခြားတိုက်နေသည်။ သစ်ပင်သစ်ရွက်မှ အကိုင်းအခက်တို့သည် လေတိုက်ရာသို့ ယိမ်းနေသည်၊ တစ်ဖက်ထဲမဟုတ်၊ ဟိုဘက်သည်ဘက် ယိမ်းနွဲ့နေသည်။ အလင်းရောင်မဲ့သော အမှောင်၏အောက်တွင် အရိပ်မည်းကြီးတို့မှာ ကိုဝေလ၏ အနားတွင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရွေ့လျားနေကြကာ ထိုင်သည့်သူ ထိုင်နေသလို မတ်တတ်ရပ်ပြီး တချို့က ယိမ်းကနေကြသလိုပင်။ ကိုဝေလက သူ စားထားသမျှကို ပါးစပ်မှ ပြန်ပြီးအန်ချသည်၊ အနားရှိ အရိပ်မည်းမည်းတို့က အလုအယက်ပြန်ကောက်စားသည်ကို မနစ်မြုပ်ဖွယ် မြင်ကွင်းဖြင့် မမြညွန့် မြင်ရသည်၊ ကြောက်စရာ မြင်ကွင်းပေတကား၊ ဘယ်လိုဖြစ်ပါလိမ့်၊ ရင်တွေ တလှပ်လှပ် ခုန်လာသည်၊ ရင်ထဲတွင် အော်ဂလီဆန်လာသည်၊ ဆက်ပြီး မကြည့်တော့ဘဲ အိမ်ထဲသို့ ပြန်ဝင်လာသည်။

"မြလေး - မြလေး"

နောက်နားဆီမှ ခေါ်သံလေးလေးကို ကြားရသည်၊ ပြန်လှည့်မကြည့်၊ အသံမပေးဘဲ ရပ်နေလိုက်သည်။

"မြလေး - မြလေး - အစ်ကိုခေါ်တာပါ"

လေသံ၊ ခေါ်သံ၊ နစ်ခုစလုံး ပြောင်းသွားသည်။ ကိုဝေလ၏ ပုံမှန်လေသံအတိုင်း မြညွန့်ကိုခေါ်လိုက်ခြင်း ဖြစ်သည်။

"အစ်ကို နည်းနည်းခေါင်းနောက်လို့ မြလေးကို ဂရုမစိုက်နိုင်တာကို ခွင့်လွှတ်နော်"

✵



ထူးဆန်းသည်၊ ကိုဝေလ၏ လေသံက ပုံမှန်ထက် ပိုပြီးချိုမြလာသည်၊ စောစောက မြညွန့် မြင်လိုက်သည့်မြင်ကွင်းတို့မှာ မျက်စိမှောက်သွားပြီး မြင်လိုက်သည်လို့ ထင်လိုက်သည်၊ ပျားဖွပ်သွားရာတွင် ပင်ပန်းလွန်း၊ အိပ်ရေး ပျက်ခဲ့ရသည့်အတွက် အနေအထားမမှန်၊ ငြီးစီစီ၊ ကြောင်တောင်တောင် ဖြစ်နေသော ကိုဝေလအပေါ် အထင်အမြင်မှားလိုက်သည်ကို စိတ်မကောင်းဖြစ်သွားသည်။

"မြလေး - အစ်ကို ပင်ပန်းလာလို့ အိပ်ချင်ပြီ"

မြညွန့်၏ ပခုံးကိုလာဖက်ပြီး ပြောသည်၊ အမှောင်ထဲ လေတိုက်နေသည့်နေရာတွင် ထိုင်ခဲ့၍လားမသိ၊ ကိုဝေလ၏ လက်မှာ အေးစက်နေ၍ မြညွန့်၏ ပခုံးပေါ်သို့ လက်တစ်ဖက်ရောက်လာသည့်အတွက် ရုတ်တရက် တွန့်သွားသည်။

"အစ်ကို အိပ်တော့မယ်လေ - မြလေး"

ခင်းထားသည့် အိပ်ရာထက်တွင် မတ်တတ်ရပ်နေရာမှ ထိုးလှန်ပြီး အိပ်ချလိုက်သည်၊ မြညွန့်လည်း ကိုဝေလ၏ အနားတွင် ဖြည်းဖြည်းသာသာ အနားကပ်ပြီး ယှဉ်အိပ်လိုက်သည်၊ ထိုစဉ် . . .

"ဟင် - နံ - နံ - လိုက်တာ၊ ဘာနံ့ကြီးလဲ"

တိရစ္ဆာန်တစ်ကောင်ကောင်၏ သေပြီးပုပ်သော အကောင်ပုပ်အနံ့ ဖြစ်သည်၊ အစ်ကိုဝေလ တောလည်စဉ်က ရခဲ့သော အသားကောင်တစ်ကောင် ထွက်သော အပုပ်နံ့ဖြစ်မည်၊ မြညွန့် ခန္ဓာကိုယ်တွင် အေးစိမ့်သော ခံစားမှုကို ရလိုက်သည်၊ ကြက်သီးမွေးညင်းထလာသည်၊ မေးခန် တစ်ချက် အိပ်ပျော်သွားပြီး ဝေဒနာတစ်ခုခုကြောင့် လန့်နိုးလာသည်။

"ဟင် - အစ်ကို၊ ဒါ - ဒါက - ဘာ - ဘာဖြစ်လာတာလဲဟင်"

အနားတွင် ငုတ်တုတ်ကြီးထိုင်ကာ သူ့ကို စိုက်ကြည့်နေသော ကိုဝေလကို မြညွန့် တွေ့ရပါသည်၊ အိပ်ရာထဲမှ ထရန်အတွက် ဘေးစောင်းသော အားယူထလိုက်သည်၊ မြညွန့် တစ်ကိုယ်လုံး နုံးချိအားပျော့နေသည်၊ သူ့ ခန္ဓာကိုယ်ထဲက အားတွေ ကုန်ခန်းသွားသလိုပင်၊ အမှတ်မထင်



www.burmeseclassic.com

www.burmeseclassic.com

မြည္ဝန်၏ လက်ဖဝါးက လည်ပင်းတစ်နေရာသို့ ရောက်သွားသည်။ ချွေး ကြောင့်လားမသိ စေးကပ်ကပ်ဖြစ်နေသည်။ အနံ့က သွေးညှီစို့စို့ အနံ့ရသည်။ အိပ်ရာထဲ လှဲနေချင်သည်။ ထထိုင်ရမှာကိုပင် အားမရှိသလို ခံစားရသည်။ နုံးခွေနေသည်။ ငုတ်တုတ်ထိုင်နေသည့် မြည္ဝန်အနားမှ ကိုဝေလ ထလာခဲ့သည်။

"ဂလုန် - ဝွမ်း - ဒုန်း - ဒုန်း - ဒုန်း"

မီးဖိုဆောင်ဘက်မှ ဆူညံသံကိုကြားရသည်။ အိုးခွက်တွေ မှောက်သည့်အသံ၊ ပန်းကန်ကွဲကျသံတွေ ဖြစ်သည်။ မြည္ဝန် ထပြီးမကြည့်နိုင်။ နုံးချိချိနှင့် ခန္ဓာကိုယ်က အားမရှိသလိုဖြစ်နေသည်။ မျက်လုံးကို မှိတ်ထားလိုက်သည်။ တဖြည်းဖြည်းနှင့် မိုးလင်းစပြုလာပြီ။ မှိုင်းညို့ညို့တောင်တန်းဆီမှ နေမင်း၏ အရုဏ်တက်စ နီဝေ့ဝေ့အလင်းရောင်ကို မြင်ရပြီ။

"ဟော - တော့"

ထူးဆန်းသည်။ ကိုဝေလတစ်ယောက် သူ့အနားတွင် တခေါခေါဟောက်ကာ အိပ်မောကျနေသည်။ ပါးစပ်တစ်ခုလုံးလည်း ဟင်းစ၊ ထမင်းစ၊ ထို့ပြင် သွေးစ၊ သွေးနတို့ကိုလည်း တွေ့ရသည်။ မသင်္ကာစရာ ...။ တောင်ယာစိုက်ခင်း ဆင်းကြမည့် သူတွေ၏ အသံတွေကို ကြားရသည်။

"ဝေလရေ - ပျားရည်တွေရောင်းဖို့ တို့ - စီစဉ်နေပြီဟေ့"

တဲရှေ့မှ အောင်သာတို့အုပ်စု လှမ်းအော်သံကို ကြားလိုက်ရသည်။

ကိုဝေလက လုံးဝမလှုပ်၊ ဟောက်သံအကျယ်ကြီးနှင့် အိပ်မောကျလျက်ရှိသည်။ တစ်ခုတည်းသောပြတင်းပေါက်မှဝင်လာသောအလင်းရောင်ကို မမြင်လို၍ ကွယ်ထားသည့်အနေနှင့် မျက်နှာပေါ်တွင် အဝတ်ဟောင်းတစ်ခုကို ဖုံးထားသည်။ မြည္ဝန်တဲပေါ်မှ ခြေသံဖြည်းဖြည်းနင်းကာ ဆင်းလာသည်။ အောင်သာတို့အုပ်စု ခပ်လှမ်းလှမ်းတွင် ရှိနေသည်ကို တွေ့ရသည်။ မြည္ဝန် ခြေလှမ်းသွက်သွက်ဖြင့် သူတို့ရှိရာသို့ လျှောက်သွားလိုက်သည်။

"ကိုအောင်သာ - ကိုအောင်သာ"

"ဟေ - ဘာလဲ - ဘာကိစ္စရှိလို့လဲ"



"ကျွန်မ တစ်ခု မေးချင်လို့ပါ"

"ဘာမေးချင်တာလဲ - မေးလေ"

အလျင်အမြန် လျှောက်လာရသည့်အတွက် ခဏအမောဖြေပြီးမှ သူ မေးချင်သည့်အကြောင်းအရာကို မေးလိုက်သည်။

"ကိုဝေလတစ်ယောက် သူ တောထဲမှာ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ လို့ပါ။ တစ်ခုခု ဖြစ်လာတယ် ထင်တယ်"

"ဘာဖြစ်လို့လဲဟ"

"သူလေ အိမ်ပြန်ရောက်ကတည်းက ကျွန်မကိုလည်း စကား၊ ကောင်းတောင်းမပြောဘူး။ မျက်လုံးကလည်း နီကြောင်ကြောင်နဲ့ ပြူးနေတာ။ ကျွန်မကို သူ ကြည့်တာ ကြောက်စရာကြီး"

"ဒါဆို - ဆက်ပြောဦး"

"ပြောပြပါ့မယ်၊ သူ စကားပြောတော့လည်း အသံက သြသြကြီးနဲ့ ပါးစပ်ကလိုက်ရင် သိပ်နံတာပဲ။ သူ့ကိုယ်က အေးစက်နေတာ။ ကျွန်မက သူ အပြင်လေအေးထဲမှာနေလို့ သူကိုယ်ကြီးက အေးတာပဲလို့ ထင်တာ။ နောက်ပြီး -"

"အေး - နောက်ပြီးတော့ ဘာဖြစ်သလဲ၊ ဆက်ပြောလေဟာ"

"ကျွန်မ သူ့အနားကပ်ပြီး အိပ်တာ အိပ်မပျော်ဘူး။ အိပ်ချင်ယောင်ဆောင်နေတာ၊ သန်းခေါင်ယံမှာ သူအိမ်ရှေ့ထွက်ပြီး အရိပ်မည်းမည်းကြီးတွေနဲ့ စကားပြောတာကို လှမ်းမြင်ရတယ်။ နောက်ခြေသံပြင်းပြင်းနဲ့ အိမ်ထဲဝင်လာတယ်။ မီးဖိုချောင်က ရှိသမျှအစားတွေကို ရှာစား၊ ပန်းကန်တွေ ကွဲကုန်တဲ့၊ အိမ်ထဲကို ပြန်ဝင်လာတော့ သူ့ကိုယ်ကြီးကို ပါးစပ်ထဲက လျှာအရှည်ကြီးထုတ်ပြီး လုံးလုံးကြီးလုပ်ပြီး အိပ်ရာထဲဝင်လာတယ်။ ကျွန်မဖြင့် ကြောက်လိုက်တာရှင်၊ ရှင် - ဘယ်လိုတွေ ဖြစ်လာတာတုံး"

အောင်သာတို့လူစုသုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အခုမနက်ကျတော့လည်း အိပ်ရာထဲမှာ လူကောင်းအတိုင်း နှစ်နှစ်ခြိုက်ခြိုက် ပျော်ပြီးအိပ်နေတယ်၊ ညက မြင်ရတာ ကျွန်မ မျက်စိအမြင်မှားတာလားလို့"

အားလုံး ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားနေကြသည်၊ အောင်သာက မြညွန့်ကို ကြည့်လိုက်မိသည်၊

"ဟဲ့ - မြညွန့် နင်လည်းပင်က ဘာဖြစ်တာလဲ"

မြညွန့်၏ လည်ပင်းတွင် သွားစွယ်ရာလေးနှစ်ခု သွေးခြေဥထားသလို ညိုမည်းနေသည်၊ မြညွန့်က သူ ဘာမှမသိကြောင်း ပြန်ဖြေသည်၊

"သူ - မျက်ဖွပ်ပြီး ကညင်ပင်က ပြန်ဆင်းတော့ မီးတုတ်က မီးပွားတွေအကိုင်းကိုကူးပြီး လောင်လာတာနဲ့ သူ မီးလွတ်တဲ့အကိုင်းကို ခုတ်ပြီး နိဆင်းလာတာ အမြင့်က ပြုတ်ကျသွားတယ်"

"အမလေး - ဒါဆို ကျွန်မလင် သေပါပြီတော်"

"မသေပါဘူးဟာ တို့က စိုးရိမ်လို့ သူ့ဆီသွားတာ သူက အေးအေးပဲ၊ ဘာဒဏ်ရာမှ မရှိဘူး၊ ပြန်လာတော့လည်း သူက လမ်းလျှောက်တာမြန်လို့ မနည်းမီအောင် လိုက်ရတယ်၊ အခုမှ ဘယ်လိုဖြစ်တာလည်းဆိုတာ ငါတို့လည်း မသိတတ်တော့ဘူး၊ တောထဲမှာ အဲဒီလိုတော့ ဖြစ်ခဲ့တယ်ဟ"

"အပင်အမြင့်ကြီးက ကျတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ - သူ ဘာအနာမှ မရှိဘူး၊ ဒဏ်ရာ မရခဲ့တာ သေချာတယ်"

အပင်အမြင့်ကြီးပေါ်မှ ကျလာပြီး ဒဏ်ရာဒဏ်ချက်လည်းမရှိ၊ အသက်အန္တရာယ်အတွက်လည်း ဘာမှမထိခိုက်ဘဲ ရှိနေသည်က ထူးဆန်းလှသည်၊ မြညွန့်တို့ရွာတွင် ထန်းပင်ပေါ်မှ ကျလာပြီး သေသွားသူတွေလည်း ရှိခြေသည်၊ ကျပြီဆိုလျှင် သေဖို့များသည်၊ ရှင်လျှင်လည်း ဒုက္ခိတ ဘဝ၊ ယခုတော့ ပေလေးငါးရစ်ဆယ်မျှမြင့်သော အပင်ပေါ်မှကျပြီး အထိအခိုက် မရှိသည်ကို မြညွန့် စဉ်းစားရတော့သည်၊ အိမ်နောက်ဘက်သို့ လျှောက်လာပြီး မီးဖိုချောင်ရှိ ရေစင်မှ အိမ်ပေါ်သို့တက်ရန် ခြေလှမ်းပြင်လိုက်သည်၊

"ကျွိ - ကျွိ - ကျွိ"

အသံကို ကြားရသည်၊ သိလိုစိတ်နှင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်၊ မြင်ရသည့် မြင်ကွင်းက ကိုဝေလသည် ...

အိမ်ပေါ်သို့တက်လာသော မြွေကြွက်ကြီးတစ်ကောင်ကို အရှင်လတ်လတ် အရေခွံအား သွားနှင့်ကိုက်ဖြတ်ပြီး သွေးစုပ်ကာ စားသောက်နေခြင်းပင်တည်း၊ ကိုဝေလ၏ မူလစိတ်၊ ပုံသဏ္ဍာန်မရှိတော့၊ ခန္ဓာကိုယ်မှာလည်း ပြောင်းလဲနေသည်၊ ကြွက်ကို ကိုက်ထားသော နှုတ်ခမ်းနှစ်ခုမှ ကျယ်ကျယ်ဟပြဲနေပြီး လက်နှစ်ဖက်မှာလည်း အမွေးအမှင်မည်းမည်းတွေ ပေါက်နေသည်၊ မျက်လုံးအစုံမှာ မီးလုံးကို စက္ကူအစိမ်းနီနီဖုံးပြီး ထွန်းထားသလို၊ အစိမ်းရောင် စူးရှရှထွက်နေသည်၊ ခြေသည်း လက်သည်းတို့မှာ ရှည်ပြီး ညည်းမှောင်ကာ ကောက်ကွေးနေသည်၊ ကြောက်စရာ သတ္တဝါကြီး ဖြစ်နေသည်တကား၊

မြညွန့် ပါးစပ်မှ မအော်မိအောင် စိတ်ကို မနည်းထိန်းလိုက်ရသည်၊ နှုတ်မှ ဂုဏ်တော်ကိုရွတ်ကာ အိမ်ပေါ်သို့ တက်လိုက်သည်၊

"ဝုန်း - ဒုန်း - ဒုန်း"

တစ်ခုခုပြိုကျသလို အသံကြားရသည်၊ အရဲစွန့်ကာအိမ်ထဲသို့ မြညွန့် ဝင်လိုက်သည်၊ စူးရှရှနေ၏အလင်းရောင်က အားလုံးကို ပီပီပြင်ပြင် မြင်ရသည်၊

"အစ်ကို - အစ်ကို"

အိမ်ထဲတွင် ငူငူကြီးထိုင်နေသော ကိုဝေလအား မြညွန့်က ခေါ်လိုက်သည်၊

"ဒါ ဒိုက်ဆာတယ် ဘာစားရမှာလဲ"

ကိုဝေလ၏ အနားတွင်သွေးစပေနေသော အဝတ်ဟောင်းစမှလွဲ၍ ဘာမှမရှိ၊ မြညွန့် လှမ်းမြင်ရသော မြွေကြွက်ကြီးကိုလည်း မတွေ့ရ၊ သူ့စိတ်ထဲ၌ ဝေဝါ ပြန်ဖြစ်သွားသည်၊ ကိုဝေလ ဆာသည်ဆိုလျှင် ထမင်းကို အမြန်ချက်ရသည်၊ အိမ်က ကြက်တစ်ကောင်လောက်ယူပြီး ကိုဝေလ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com

ပိန်းဥနှင့်ရောကာ ရေတ်သီးစပ်စပ် ချက်ပေးရမည်၊ စဉ်းစားရင်းက လက်တွင်ကိုင်ထားသောအိုး လွတ်ကျသွားသည်၊

"အမယ်လေး - မြတ်စွာဘုရား"

"မဆိုနဲ့ - မဆိုနဲ့ - ဝေးဝေးသွား၊ ငါ့နား - မလာနဲ့ - ငါ ပူတယ်"

အသံသြသြ၊ အသံနက်နက်ဖြင့် ကိုဝေလက လှမ်းအော်ပြီး နားနှစ်ဖက်ကို ပိတ်လိုက်သည်၊ နားနှစ်ဖက်ကို ပိတ်ထားသော လက်ဖဝါးတို့မှာ မည်းမည်းအမွေးရှည်နှင့် လက်သည်းတို့မှာလည်း ရှည်ကာကောက်နေသည်၊

✵

ထမင်းဟင်းအားလုံး ကျက်သွား၍ မြညွန့်လည်း ကိုဝေလအတွက် ခူးခပ်ကျွေးလိုက်သည်၊ မနက်က သူ အောင်သာတို့အား အကျိုးအကြောင်းပြောပြီး အကူအညီတောင်းထားသည်၊

"ငါတို့ နေဝင်ခါနီးလောက် ပြန်လာခဲ့မယ်၊ အဘဖိုးဖြူကိုလည်း ခေါ်လာမယ်"

ထမင်းစားနေသည်မှာ လူတစ်ဦးတစ်ယောက်စားနေခြင်းနှင့်မတူ၊ အသားစား သတ္တဝါတစ်ကောင်ကောင်၏ ပုံသဏ္ဌာန်နှင့် ဆင်လေသည်၊ မြညွန့်၏ နှုတ်မှ ရသမျှ ဘုရားစာကို ရွတ်နေသည်၊

"ပါးစပ်ပိတ်စမ်း - ဘာမှမဆိုနဲ့"

"ရှင် - ဘာဖြစ်လို့လဲ - အစ်ကို"

"ဟီး - ဟီး - ဟီး - ငါ - ငါနေလို့ မရဘူး"

စကားပြောနေသည်မှာ ကိုဝေလ၏ အသံမဟုတ်၊ တခြားတစ်နေရာမှ လှမ်းအော်ပြောလိုက်သလို အသံကြီးမှာ ဟိန်းထွက်နေသည်၊ မြညွန့် ရင်ထဲမှ အောင်သာတို့အား အမြန်ရောက်လာစေရန် ဆုတောင်းမိသည်၊

"မြညွန့်ရေ - ဟေ - မြညွန့်"

"ဟော - အောင်သာတို့လာပြီ၊ အမလေး - ဝမ်းသာလိုက်တာရှင်"



"ဒုန်း - ဒုန်း"

ခြေသံစပ်ပြင်းပြင်း ဆောင့်သံထွက်ပေါ်လာသည်၊ ထိုင်နေရာမှ ထလိုက်ပြီး ကိုဝေလ ခြေတစ်ဖက်ကို ဆောင့်နင်းလိုက်ခြင်း ဖြစ်သည်၊

"အိမ်ပေါ်ကနေ မဆင်းနဲ့ - မဆင်းရဘူး"

အိမ်ထဲတွင်ရှိသော မြညွန့်အား အိမ်အပြင်သို့ မထွက်ရန်တားလိုက်သည်၊ ကိုဝေလ၏ မျက်နှာကြီးသည် မှုလရုပ်ပျောက်လာသည်၊ စကားပြောနေရင်းမှ မျက်လုံးကြီးနှစ်လုံးမှာ စိမ်းလိုက်နီလိုက် ဖြစ်နေသည်၊ ပါးစပ်ကြီးမှာ ကျယ်လာပြီး သွားဖွေးဖွေးမဟုတ်ဘဲ မည်းညိုညစ်သော သွားတွေကို လျှာပြားကြီးအောက်မှ တွေ့ရသည်၊ လျှာကြီးမှ သွားရေတများများထွက်ကျနေသည်၊ လက်နှစ်ဖက်တွင် အမွေးအမှင်မည်းမည်းတွေက ထိုးထိုးထောင်ထောင် ဖြစ်လာသည်၊

"မြညွန့် - ဒီမှာအဘ ဖိုးဖြူလည်း ပါတယ်၊ နင် ရအောင်ဆင်းလာခဲ့၊ အိမ်ထဲမှာ မနေနဲ့"

"မဆင်းရဲဘူး - ငါ့အိမ်ပေါ်ကို ဘယ်သူမှလည်း မလာနဲ့၊ ငါ့အကြောင်း သိစေရမယ်"

အိမ်ရှေ့တွင် ကိုဝေလက အသံနက်ကြီးဖြင့် အော်ပြောနေစဉ် အိမ်နောက်ဘက် မီးဖိုခန်းမှနေ မြညွန့် အိမ်အောက်သို့ အမြန်ခုန်ဆင်းလိုက်သည်၊

"အဘ - အဘ - ကျွန်မ ယောကျ်ားကို ကယ်ပါဦး - အဘရယ်"

အဘ ဖိုးဖြူအနားသို့ ရောက်လျှင် မြညွန့်လည်း ဒူးထောက်ကာ လက်အုပ်ချီပြီး အဘအား ပြောလိုက်သည်၊

"အေး - အောင်သာတို့ပြောဖို့ အဘကြည့်လိုက်တယ်၊ မိန်းကလေးရဲ့ ယောကျ်ားက သစ်ပင်ကြီးပေါ်က ကျလာကတည်းက သေသွားပြီကွဲ့"

"ရှင် - ဖြစ်နိုင်ပါ့မလား - အဘရယ်၊ သစ်ပင်ပေါ်ကကျပြီး အောင်သာတို့နဲ့ လေးငါးရက်တောင် အတူနေ၊ အတူစားနေတာ ပျားရည်ညှစ်တဲ့တို့ ငှားသလက်ပေါင်းတာတို့လည်း သူ လုပ်နေတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေး အဲဒါ သူ မဟုတ်ဘူးကွဲ့၊ အပမှီသွားတာ၊ သူလည်း သေ ဆော၊ အနီးအနားမှာ အသင့်စောင့်နေတဲ့ တစ္ဆေအကောင်က ဝင်လိုက်တာ၊ ဖုတ်ဝင်တယ်လို့ ခေါ်တယ်၊ အဲဒီဖုတ်က အောင်သာတို့နဲ့ အတူနေပြီး လိုက်လာခဲ့တာ၊ အခု မင်းဆီမှာလည်း ဝေလ အယောင်ဆောင်ပြီး ဘီလူးသရဲ စားသောက်နေတာ"

"အဘရယ် - ကျွန်မတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး"

"ကဲ - ကဲ - မစဉ်းစားနဲ့၊ အဘရဲ့အစီအရင်နဲ့ စီစဉ်မယ်၊ သတိပြုရမှာက အဲဒါ မိန်းကလေးရဲ့ယောက်ျား ဝေလမဟုတ်တော့ဘူးဆိုတာပဲ၊ သူ ဘာကောင်လည်းဆိုတာ သိရအောင်"

အောင်သာတို့နှင့်အတူ အဘဖိုးဖြူလည်း အိမ်ပေါ်သို့ တက်လာသည်၊ အိမ်အဝတွင် ကိုဝေလရပ်နေသော်လည်း သူ့ကိုဖယ်ကာ ဝင်လာခဲ့ကြသည်၊ ကိုဝေလ မကျေမနပ်ဖြစ်ကာ အိမ်ပေါ်တွင် တဒုန်းဒုန်းနှင့် ခုန်နေသည်၊

"ကဲ - အဘကို ရေသန့်သန့်တစ်ခွက်ပေး"

မြည္ဟန်က သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ကာ အဘဖိုးဖြူကို ပေး လိုက်သည်၊

"အဘ ဘုရားကျောင်းဆောင်ရှေ့မှာထိုင်ပြီး အာရုံပြုနေတုန်း ဒီ မကောင်းဆိုးဝါးကောင်ကြီး လာအော်ဟစ်နေလည်း မင်းတို့ မကြားသလို နေပြီး ဘယ်မှမသွားကြနဲ့"

အဘဖြူသည် လွယ်လာသော လွယ်အိတ်ထဲမှ ကျောက်စရစ်ခဲလေး များအား ရေခွက်ထဲသို့ထည့်ပြီး ဘုရားကျောင်းဆောင်ရှေ့တွင် ထိုင်ကာ သီလခံယူကာ နှုတ်မှ ဘုရားစာကို ရွတ်ဆိုလေသည်၊

"သွား - သွားကြ - ငါ့ အိမ်ပေါ်ကဆင်းကြ - သွားကြလေ"

ကိုဝေလသည် အသံစူးရှရှာအော်ဟစ်ပြီး အိမ်ရှေ့တွင် ခင်းထားသော ဖျာကြမ်းပေါ်တွင် လူးလိမ့်ကာနေသည်၊ မီးအပူဟပ်ခံရသလို ခံစားနေရ သည်၊

"ဥုံစတုဒိသာ၊ သီလဝန္တံ၊ ဗျဋ္ဌယက္ခမဟာသကာ၊



မနုဿဟတ္ထိ၊ အဿစောရာနိ၊ သပ္ပေါရာဇာ သီဟော ဒီပိ၊ ဒုရေဂတော"

"ဒီဂါထာက သီလရှိတဲ့ သူတွေရဲ့အနားကို ကျား၊ ဆင်ကအစ ညှဉ်းဆဲ သတ်ဖြတ်ခြင်း၊ သရဲတစ္ဆေ၊ ဘီလူး၊ အလုံးစုံသော ရန်သူအပေါင်းတို့မှ ကင်းဝေးအောင် စောင့်ရှောက်ပေးတဲ့ သရဲနှင်ဂါထာ ဖြစ်တယ်၊ ကိုင်း - အခု အဘ ဒီဂါထာကို ရွတ်ပြီးပြီ၊ မဟာဒီရေခွက်ထဲက ကျောက်စရစ်ခဲနဲ့ မိစ္ဆာ ကောင်ကို ပေါက်လိုက်မယ်၊ ကဲ - လာလေ့"

"အာ - ပူလိုက်တာ - ပူလိုက်တာ"

ဖျာပေါ်တွင် အော်ဟစ်ကာ လူးလိမ့်နေသည်၊ မြည္ဟန်၏ မျက်လုံးအိမ် တွင် ချစ်လင်အတွက် ယူကြုံးမရ ဖြစ်မိသည်၊ လူးလိမ့်ကာ ခံစားနေရသော သူ့ခန္ဓာကိုယ်ကြီးကို မြင်နေရ၍ ကြေကွဲစွာ ခံစားရသည်၊

"ကဲ - ပြော - ပြောစမ်း၊ နင် ဘယ်သူလဲ - ပြောလေ၊ မပြောရင် ဒီထက် နာလိမ့်မယ် - ပြောစမ်း"

လူးလိမ့်နေသော ကိုဝေလ၏ ခန္ဓာကိုယ်ကြီးမှာ အော်ဟစ်ရင်းက မျက်ရည်တွေ စီးကျလာသည်၊

"သယ် - ငါ့ကို အာခံနေတုန်းလား၊ နောက်ထပ် နာချင်ပြန်ပြီနဲ့ တူတယ်၊ ကဲ ..."

ရေမန်းခွက်ထဲမှ ကျောက်စရစ်ခဲနှင့်ထပ်ပြီး ပေါက်လိုက်သည်၊

"အား - ကြောက်ပါပြီ - ကြောက်ပါပြီ - ပူလိုက်တာ - ပူလိုက်တာ"

"ပြော - ပြောစမ်း၊ နင် - ဘယ်သူလဲ"

"ကျုပ် - ကျုပ် အဲဒီက ငမည်းပါ၊ အစာမစားရတာကြာလို့ ဒီကောင် သေတာနဲ့ ပူးဝင်လိုက်တာ"

"ဒါဆို နင်က ဒီအိမ်ကနဲ့ ဘာမှမဆိုင်ဘူး၊ နင့်နေရာ နင် ပြန်သွားဖို့ ငါ ပြောတယ်၊ ငါ့အမိန့်၊ ငါဆရာ အမိန့်၊ အထက်ဆရာကြီးများရဲ့အမိန့် ..."

"ကျုပ် အစားဝဝ စားချင်လို့ပါ၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးပါဘူး၊ နေပါရ စေ"



www.burmeseclassic.com

www.burmeseclassic.com

"မရဘူး – မင်းနဲ့ ဒီအိမ်၊ ဒီခြံဝင်းနဲ့က ဘာမှပတ်သက်စရာမရှိဘူး၊ ကိုယ့်နေရာ ကိုယ်ပြန်တော့"

ငိုရင်း ငိုရင်းလူးလိမ့်နေသော ကိုဝေလ၏ ခန္ဓာကိုယ်ကြီးမှာ ဖျာကြမ်းပေါ်တွင် ငြိမ်သက်လို့သွားသည်၊ ထို့နောက် တဖြည်းဖြည်း ရုပ်အလောင်းကြီးမှာ ဖောင်းပွရာမှ အသားအရေတို့ ကွဲအက်ပြီး ပုပ်စော်နံလာသည်၊

"ကဲ – ဒီရုပ်က ဝေလရဲ့ရုပ်အလောင်းပဲ၊ ရွာပြင်ထုတ်ပြီး မီးသင်္ဂြိုဟ်ရအောင် စီစဉ်ကြ"

✷

ကိုဝေလ၏ ရုပ်အလောင်းအား မီးသင်္ဂြိုဟ်ပြီးနောက် အိမ်ပြန်လာသည့်အခါတွင် အိမ်ထဲတွင်ရှိသော မြညွန့်အား တစ်ဦးတစ်ယောက်က စောင့်ကြည့်နေသလို ခံစားရသည်၊

"မြလေးရေ – မြလေး – ကျုပ် မင်းရဲ့အနားမှာ ရှိတယ်၊ မင်းနဲ့ ဝေးဝေးမှာ မနေနိုင်လို့ပါ၊ မြလေးကို ချစ်လွန်းလို့ စောင့်ရှောက်နေမှာပါ"

နားထဲတွင် ကိုဝေလ၏ အသံကို ခပ်ဝေးဝေးက ကြားရသလိုလို အနီးကပ်ပြီး လာပြောသလိုလို ခံစားရသည်၊ တစ်ယောက်တည်း ရှိနေသည့် အိမ်အတွင်း၌ မြညွန့်၏ခန္ဓာကိုယ်လေးမှာ ချမ်းစိမ့်စိမ့်ဖြင့် ကြက်သီးမွေးညင်းထသွားလေတော့သည်၊

▶▶ ပြုပြင်



www.burmeseclassic.com

# ရာဇဝင်ထဲက တစ္ဆေများ

တောက်ထိန်

ကျွန်တော်က သေကံမပါတဲ့သူ ခေါင်းစဉ်ဖြင့် ဂမ္ဘီရလောကမဂ္ဂဇင်းတွင် ဝတ္ထုတစ်ပုဒ် ရေးသားခဲ့ရာမှာ ကျွန်တော် ငယ်စဉ်က သေလောက်သော မတော်တဆမှုများ (ရေနစ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ မြင်းပေါ်က ကျခြင်း၊ ကျားသစ် ကုတ်ခံရမလို ဖြစ်ခဲ့ခြင်း၊ သစ်လုံးပိခြင်းမှ သီသီကလေး လွတ်ခဲ့ခြင်း)မှ သေကံမပါသေး၍ လွတ်ခဲ့ပုံများကို ဖော်ပြခဲ့ပါသည်။ ထိုဝတ္ထုကို ဖတ်ရသော ပြောမနာ၊ ဆိုမနာ မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို – "ခင်ဗျားဗျာ – အဲဒီတုန်း က သေဖို့ကောင်းတယ်" တဲ့ သူက ဆက်ပြီး – "ခင်ဗျား – အဲဒီတုန်းက မသေတော့ ခု စာရေးဆရာ ဖြစ်လာပြီး ခင်ဗျားရေးတဲ့ တစ္ဆေဇာတ်လမ်းတွေက ယုတ္တိရှိတော့ ကျုပ်အိမ်ကဟာတွေ ညဥ့်ဘက်ကို တစ်ယောက်တည်း မနေရဲကြဘူး" တဲ့။

ဘြော် – ကျွန်တော်ကြုံခဲ့ဖူးသည့် ကိုယ်တွေ့အဖြစ်အပျက်လေးတွေကို အမှန်အတိုင်းပြန်ရေးပြသည့်ဇာတ်လမ်းတွေအပေါ် ကျွန်တော့်မိတ်ဆွေက အဲ့ဩရိပုံပြင်တွေ၊ လုပ်ဇာတ်တွေဟု ထင်သလား မသိပါ။ အမှန်အတိုင်း ပြောရလျှင် ကျွန်တော်ကလည်း သရဲတစ္ဆေဆိုတာတွေကို ယုံလှသည် မဟုတ်ပါ။ ထိုသို့ ကိုယ်တိုင်မယုံသည့်ကြားက အမှန်တကယ်ကြုံခဲ့၊ သိခဲ့တာတွေကို ရေးသားခဲ့တာဖြစ်သည်။ ကိုယ့်ဝတ္ထုဇာတ်လမ်းတွေ ဖတ်ပြီး ကြောက်တာ၊ လန့်တာတွေဖြစ်မှာစိုး၍ပင်လျှင် ကျွန်တော့်ဇာတ်လမ်းတွေကို ခပ်သောသော ခပ်ရှင်ရှင် ရေးပါသေးသည်။

✷

ကျွန်တော် ငယ်စဉ်က စာအလွန်ဖတ်ခဲ့ရာမှာ ထိုစဉ်က အလွယ်တကူ ရနိုင်သော သရဲတစ္ဆေဇာတ်လမ်းဝတ္ထုများ ဖတ်မိ၍ သရဲအလွန်ကြောက်ခဲ့ရပါသည်။ ညဥ့်ဘက်ဆို တစ်ယောက်တည်းမနေရဲ၊ အမှောင်ထဲ မသွားရဲ၊ နှီးမျိုးချွတ်ချွတ်သံကြားလျှင် လန့်ရုံမက ထိုဝတ္ထုများဖတ်ပြီး ညအိပ်သည့်အခါ အိပ်မက်ဆိုးများမြင်မက်ပြီး လန့်နိုး၊ လန့်အော်သည့်အထိ ဖြစ်ခဲ့ဖူးသည့် ထိုအတွေ့အကြုံကြောင့် ကျွန်တော်က ကျွန်တော့်စာကြောင့် စာဖတ်သူများ ထိတ်လန့်ကြောက်ရွံ့တာမျိုးဖြစ်သွားမှာ စိုးရိမ်သဖြင့် ကြောက်စရာကို ရယ်စရာစွက်၍ ရေးသားခဲ့ပါသည်။ (သရဲဝတ္ထုတွေဖတ်ပြီး သရဲကြောက်စိတ်ဖြစ်တာကို ကျွန်တော့် ဖခင်က သိသွားပြီး လက်တွေ့ကျကျ ဆိုဆုံးမသဖြင့် ကြောက်ရွံ့စိတ်များ ဖျောက်ပယ်နိုင်ခဲ့ပါသည်။)

တချို့အဖြစ်အပျက်တွေမှာ ကျွန်တော်ကိုယ်တိုင် သိတာကိုပဲ ရေးသည်။ ဘစ်ဆင့်ကြား ချဲ့ကားလာသည့်သတင်းမျိုးကို မရေးပါ။ ဥပမာ ကျွန်တော် ရေးခဲ့သည့် ဂမ္ဘီရလောကပါ ယုံရခက်ခက်ဝတ္ထုမှာ ယာဉ်မောင်းလုပ်သား တစ်ဦး ကားတိုက်မှုတွင် မြင်းလှည်းလက်တံနှင့် ရင်ဝကို ထုတ်ချင်းပေါက် ထိုးမိပြီး သေဆုံးသည်။ သူ့ မကွယ်လွန်မီညက ကျွန်တော်တို့နှင့် နောက်ဆုံး တွေ့ဆုံသေးရာ သူ့ထံမှ နန္ဒင်းစိမ်းနံ့ကြီး သိသိသာသာရသည်။ သူလွှက်သွား

www.burmeseclassic.com

တော့ နန္တင်းနဲ့ ပျောက်သွားသည်၊ ဒါကို ကျွန်တော်အပါအဝင် တကယ်သိသူ သတ်သေဆယ်ဦးမက ရှိသည်၊ ထိုအဖြစ်မှန်ကို ထိုမျှသာ ကျွန်တော် ရေးခဲ့ပါသည်၊ သူ ကွယ်လွန်ပြီးနောက် ထပ်ကြားရသည့်သတင်းက သူ ယာဉ်မောင်းဖြတ်သန်းသွားနေကျ လမ်းဘေးရွာတစ်ရွာမှာ ကိုယ်ဝန်ဆောင်မိန်းမရွယ်တစ်ဦးက ခင်ပွန်းနှင့်ကွဲ၍ စိတ်ညစ်ပြီး ရွာထိပ်ညောင်ပင်ကြီးမှာ ကြိုးဆွဲချ၍ သေသည်၊ မိခင်နှင့် ဝမ်းတွင်းက ကလေးပါ အသက်ဆုံးသည်၊

ထို့နောက်မှာ ထိုညောင်ပင်နေရာတွင် သရဲအလွန်ခြောက်သည်၊ ညဉ့်အချိန်မတော် ညောင်ပင်ကြီးဆီမှ ကလေးငိုသံ ကြားရတတ်သည်၊ တစ်ခါတစ်ရံ မိန်းမတစ်ယောက် ညောင်ပင်အောက်မှာ နွယ်ကြိုးပုခက် လွှဲစီးနေတာ တွေ့ရတတ်သည်၊ ညဉ့်နက်သန်းခေါင် ထိုညောင်ပင်ကြီးဘက်ကို ဘယ်သူမှ မသွားရဲကြဟုဆိုသည်၊ ဒါကို ကျွန်တော်တို့ ဇာတ်လိုက်ယာဉ်မောင်းက အရက်ကလေးတမြမြနှင့် (သူက လူပြောင်လူနောက်တစ်ဦးဖြစ်သည်) ထိုညောင်ပင်ကြီးအောက်ကို သွားပြီး "အောင်မယ်လေး - အချစ်ကလေးရယ် - မောင်မောင့်ကိုပြောစမ်းပါတော့လား၊ မောင်တာဝန်ယူမှာပေါ့" စသည်ဖြင့် မကြာမကြာ သွားရောက်နောက်ပြောင်သည်ဟု ဆိုပါသည်၊ (ကွယ်လွန်သူမိန်းကလေးကလည်း တော်တော်ချောသည်ဟု သိရပါသည်)

ဒါတွေက ထိုသူ ယာဉ်မတော်တဆမှုနှင့် သေပြီးနောက်ပိုင်းမှာ ကြားရသိရတာတွေ ဖြစ်သော်လည်း သေချာသော သတင်းမဟုတ်၍ ကျွန်တော့်ဝတ္ထု (ယုံရခက်ခက် - ဂမ္ဘီရလောကမဂ္ဂဇင်း၊ အောက်တိုဘာ - ၂၀၁၃) မှာ ထည့်မရေးခဲ့ပါ၊ ဒီအကြောင်း မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိတော့ "ဆရာ့တောက်ဝတ္ထုတွေက ဖတ်ရင်းဖတ်ရင်း ဇာတ်လမ်းအမှန်ဆိုတာ သိသာလာတယ်ဗျ၊ အရွှန်းဖောက်ရေးတတ်တာတော့ ခင်ဗျား စတိုင်ပေါ့လေ၊ ဖတ်တဲ့သူက ခင်ဗျား အရွှန်းဖောက်တာကို ရယ်ချင်တာက တခြားအထဲမှာ ပါတဲ့ ဇာတ်လမ်းအဖြစ်အပျက်ကို ခံစားရင်ဖိုတာက တခြားဗျ" ဟု သူက ပြောပါသည်၊

✷



အင်း - သရဲတစ္ဆေဝတ္ထု ဇာတ်လမ်းဆိုတာက ကျွန်တော်မှ ရေးတာမဟုတ်၊ ဒီလိုင်းကို ဖောင်းပေး၍ ရေးနေသော စာရေးဆရာများ ယခင်ကလည်းရှိ၍ ယခုလည်း ရှိနေပါသည်၊ သူတို့ကလည်း သူတို့လက်ထက်မှ ဒီဇာတ်လမ်းဝတ္ထုတွေကို ရေးတာမဟုတ်၊ ရှေးပဝေသဏီကပင် ဆရာမြကြာတို့၊ မှော်စက်ရှင်တို့ ကဝေသာရအမည်များဖြင့် အထက်လမ်း၊ အောက်လမ်းသိုက် သမိုင်းတွေ ရေးခဲ့ကြသည်၊ ဒီထက် စောစောပိုင်းက ဆိုလျှင် ပြည် - ဦးခ၏ တစ္ဆေဇာတ်လမ်းများကို လူကြိုက်များခဲ့သည်၊ စာရေးဆရာမကြီးတစ်ဦးလည်း တစ္ဆေပုံပြင်တွေ ရေးခဲ့တာ မှတ်မိကြဦးမည် ထင်



ဘုရင့်တွေ နတ်ရွာစံခါနီး အတိတ်ဆိုး၊
နိမိတ်ဆိုးတွေ ပေါ်တတ်ရာမှာ ဘီလူးသရဲတွေ
နန်းတော်မှာ ကိုယ်ထင်ပြတတ်တာလည်း နိမိတ်တစ်ခုဖြစ်သည်။



ရာဇဝင်အဆိုအရ စလေမင်းခွေး နတ်ရွာစံချိန်နီးတော့
နန်းဦးမှာ ဘီလူးထန်းပင်တစ်ပင်အမြင့်ခန့် ကိုယ်ထင်ပြပါသတဲ့။
ကျည်းစိုမင်း နတ်ရွာစံလုတော့ လခွဲတိုင် ဘီလူးရယ်သံပေး၍
နန်းတော်ကို ခဲနင့်ပစ်သတဲ့။ ကျွန်တော်တို့၏ အနော်ရထာမင်းကြီး
လည်း နတ်ရွာစံချိန်နီးတော့ ပုဂံမြို့ သရပါ တံခါးထက်မှာ
ဘီလူးရယ်သံ ကြားရသည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဆရာကြီး ရွှေဥဒေါင်း၏ ဘဝတစ်သက်တာ မှတ်တမ်းစာအုပ်မှာလည်း သူ၏ တစ္ဆေအတွေ့အကြုံအဖြစ်မှန်ကို ရေးပြထားတာ ကျွန်တော်ဖတ်ခဲ့၊ ကြုံကြိုက်ခဲ့ကြသည်၊ တစ္ဆေသရဲပုံပြင်ဇာတ်လမ်းတွေကို ပြောသူတာပြော၍ကြုံကြိုက်သူက အများသားဖြစ်သည်၊ နားထောင်(ဖတ်ရှု)တော့ ရင်ခုန်သည်းမထိတ်ရဘူးလားဆိုလျှင် သည်းထိတ်ရင်ဖိုရတာကပင် အရသာတစ်မျိုးရှိနေတော့ ဒီလိုဇာတ်လမ်းတွေ ဘယ်တော့မှ တိမ်ကောပျောက်ကွယ်သွားလိမ့်မည် မထင် ပါ၊

နောက်တစ်ကြောင်းကလည်း သရဲတစ္ဆေဇာတ်လမ်းက လူ့တန်းစားအသီးသီးမှာ ဖြစ်ပေါ်သည်၊ ဆင်းရဲသား လက်လုပ်လက်စားအိမ်မို့ သရဲက *မခြောက်ဘူးဆိုတာမရှိ၊ သူဌေးကြီးအိမ်မို့ သရဲက မခြောက်ဆိုတာမရှိ၊* သူခြောက်လှန့်စရာ အကြောင်းရှိလျှင် သရဲခြောက်သည်သာ၊ မင်းစိုးရာဇာတွေမှာလည်း သရဲဇာတ်လမ်းနှင့် မကင်းပါ၊ ယခုမရှိတော့ပြီဖြစ်သော ပြည်လမ်းနှင့် ဝင်ဆာလမ်း၊ ရှင်စောပုလမ်းထောင့်က အင်္ဂလိပ်ဘုရင်ခံ အိမ်ဟောင်းတသရဲအလွန်ခြောက်သည်ဟု နာမည်ကျော်ခဲ့ဖူးသည်၊ ကျွန်တော်က ထိုအိမ်ကြီးမှာ အမှုထမ်းခဲ့ဖူးသူများ၏ အဆက်အနွယ်များနှင့် သိကျွမ်းခဲ့၍ သတင်းစုံ ကြားရသည်၊ သူတို့ သူတို့က သူတို့မိဘများ ပြောပြတာကို ကျွန်တော့်အား တစ်ဆင့်ပြန်ပြောတာဖြစ်၍ တစ်ဆင့်ကြားလောက်မက နှစ်ဆင့်ကြား တစ္ဆေပုံပြင်များဖြစ်နေ၍ ကျွန်တော့်ထုံးစံအတိုင်း စာမဖွဲ့ မရေးခဲ့ခြင်းဖြစ်ပါသည်၊ ရေးဖြစ်ခဲ့လျှင် ကမ္ဘာကျော်လေမလားမသိပါ၊ သရဲဇာတ်လမ်းတွေက အဆင့်တွေများလာလျှင် တဖြည်းဖြည်းရဲ့ကား၍ မူရင်းထက် ပိုပြီး နားထောင်ကောင်း၊ ဖတ်၍ကောင်းသော်လည်း ယုတ္တိယုတ္တာနှင့်ကင်းကွာ၍ သွားတတ်ပါသည်၊

အုပ်ချုပ်သူမင်းစိုးရာဇာ မြန်မာရှင်ဘုရင်များလက်ထက် နန်းတော်၊ အိမ်တော်တွေထဲမှာလည်း ဒဏ္ဍာရီဖြစ်ရပ်ဆန်းနှင့် သရဲဇာတ်လမ်းများ ရှိနေသည်၊ ရာဇဝင်၏ စောစောပိုင်း ပုဂံခေတ်ဦးက ပိုင်ရှင်ကို ခွင့်မတောင်းဘဲ သခွားသီး ခူးစားမိ၍ပိုင်ရှင်တောင်သူကြီးက ရှင်ဘုရင်ဟု မသိဘဲ တူရွင်းနှင့်



နှတ်၍ ဘုရင်ပွဲချင်းပြီးသည်၊ နောက်ကျ၍ရောက်လာသည့် ဘုရင့်ကိုယ်ရေးအတွင်းရေးမှူးကဖြတ်ထိုးညာက်သုံးသည်၊ တောင်သူကြီးကိုချော့ခေါ်လာပြီး မိုးရားထံ အပါသည် မိဖုရားကြီးက တိုင်းပြည် မငြိမ်မသက်ဖြစ်နိုင်သည့်အရေးကို ရှောင်ရှားရန် တောင်သူကြီးကိုပင် နန်းမူနန်းယာ ထီးသုံးနန်းသုံးအလေ့များကို သင်ကြားပေးပြီး တော်တော်အဆင်ပြေတော့မှ ဘုရင်ပါပဲဟု ညီလာခံမှာ ထုတ်ပြသည်၊ အမတ်တစ်ဦးက – "တို့အရှင် မဟုတ်ပါတကား" ဆိုမိသည်ကိုနန်းတော်စောင့်ကျောက်ရုပ်က ပြေးလာပြီး (ထု) ထောင်းသဖြင့် ထိုအမတ် သေသည်၊ အားလုံးကြောက်လန့်၍ တုတ်တုတ်မျှ မလှုပ်ကြတော့ ဘုရင်အသစ်ကို ဘုရင်အစစ်အဖြစ် လက်ခံလိုက်ကြတော့သည်၊ ကြောက်ပဲရှိမည်လား၊ သက်မဲ့ကျောက်ရုပ်က အသက်ဝင်၍အများရှေ့မှာ နှုတ်မစောင့်သည့်အမတ်ကို ပြေးလာထုထောင်းသည်၊ လူချင်းမို့ အထောင်းခံရလျှင် ဖူးယောင်ဒဏ်ရာ ရရုံသာရှိမည်ကို၊ ကျောက်ရုပ်ဆိုတော့ (ကျောက်တုံးနှင့် ထုသလို) ပွဲချင်းပြီး ဖေ့ဖေ့ညက်ညက်ကျေ၍ သေသည်၊

တောင်သူကြီးမှ ဘုရင်ဖြစ်လာသူက သည်ကျောက်ရုပ်ကို တော်တော်သဘောကျသွားသည်၊ သူ့ဘက်သားပဲဆိုကာ နေ့စဉ်နန်းဦးမှာအမဲဟင်းလျာအရက်ပွဲနှင့် မပြတ်တင်မြှောက်သည်၊ သို့သော် – နောက်နန်းတက်မည့်မင်းလောင်းပေါ်လာတော့ ထိုကျောက်ရုပ်ကပဲ သူ့ကို (တောင်သူကြီးမင်းကို) နန်းတော်မှ တွန်းချသည်ဟု ရာဇဝင်မှာ အထင်အရှားပါသည်၊ ထိုတောင်သူကြီးမင်း နန်းတော်ပေါ်မှ ကျွမ်းပြန်ကျ၍ နတ်ရွာစံချိန်နီးတော့ နန်းတော်မှာ ဘီလူး ကိုယ်ထင်ပြသည်ဟုဆိုသည်၊

ဘုရင်တွေ နတ်ရွာစံခါနီး အတိတ်ဆိုး၊ နိမိတ်ဆိုးတွေ ပေါ်တတ်ရာမှာ ဘီလူးသရဲတွေ နန်းတော်မှာ ကိုယ်ထင်ပြတတ်တာလည်း နိမိတ်တစ်ခုဖြစ်သည်၊ ရာဇဝင်အဆိုအရ စလေမင်းခွေး နတ်ရွာစံချိန်နီးတော့ နန်းဦးမှာ ဘီလူးထန်းပင်တစ်ပင်အမြင့်ခန့် ကိုယ်ထင်ပြပါသတဲ့၊ ကျည်းစိုမင်းနတ်ရွာစံ

www.burmeseclassic.com

လုတော့ လခွဲတိုင် ဘီလူးရယ်သံပေး၍ နန်းတော်ကို ခဲနင့်ပစ်သတဲ့၊ ကျွန်တော်တို့၏ အနော်ရထာမင်းကြီးလည်း နတ်ရှာစံရှိန်နီးတော့ ပုဂံမြို့သရပါတံခါးထက်မှာ ဘီလူးရယ်သံကြားရသည်ဟူ၏။ နောက်ကျန်စစ်သားမင်းကြီးကတော့ ပြာသာဒ်များမှာ ဘီလူးသုံးကောင် ကိုယ်ထင်ပြသည်၊ ကျစွာမင်းကြီးကျတော့ နတ်ရှာစံလုရှိန် ကွန်းပျောက်ဥကသံမှာ ဘီလူး ကိုယ်ထင်ပြသည်စသည်ဖြင့် ရာဇဝင်မှာ စာတင်ခဲ့တာ တွေ့ရသည်။

ဒီလို ဘီလူးသရဲတစ္ဆေဆိုတာတွေကို အလွန်ဝေးလှမ်းသော ပုဂံခေတ်ကိုထား၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူအပြင် ကုန်းဘောင်ခေတ်မှာလည်း ရာဇဝင်ထဲက တစ္ဆေများအဖြစ် တွေ့ရသေးသည်။ အင်းဝခေတ်မှာ ကျော်ကြားသော မင်းကြီးစွာစော်ကဲ၏သား ဆင်ဖြူရှင် တရဖျား (တရဖျားနားကျယ်လည်း ခေါ်သည်) နန်းတက်ပြီး နန်းသက်ငါးလအရမှာ တောကစား (အမဲလိုက်)ထွက်စဉ် အဖော်ကွဲ၍ တောနက်ထဲရောက်သွားပြီး ဖော်ဂျီနှင့်တွေ့သည်။ ဖော်ဂျီက ရှင်ဘုရင်မှာပါသော လက်ျာရစ်ခရုသင်းကို တောင်းသည်။ "ပေးလျှင် မင်းကြီးလိုသမျှအတတ်ကို သင်ပေးမည်" ဟု ဆိုသည်။ ရှင်ဘုရင်က "အခြားအတတ်ကို ငါမလို၊ နတ်သမီးကို လိုချင်သည်" ဟု မိန့်၏။ ဖော်ဂျီက လက်ဖျစ်တီး၍ မန်းမှုတ်လျှင် ကောင်းကင်က သူရဿတီနတ်သမီး ကျလာ၍ ရှင်ဘုရင်ကို ပေး၏။ ရှင်ဘုရင်က ဖော်ဂျီတောင်းသော လက်ျာရစ်ခရုသင်းကို ပေး၏။ ခရုသင်းရလျှင် ဖော်ဂျီကွယ်ပျောက်၏။ ဖော်ဂျီနှင့်အတူ နတ်သမီးလည်းပျောက်သွား၍ ရှင်ဘုရင် ရူးကြောင်ကြောင်ဖြစ်သွားပြီး နေမိနေရာနေ၍ အထိန်းတော်တကောင်းစား ငနောက်ဆံ လုပ်ကြံသဖြင့် ရှင်ဘုရင်သက်တမ်း ခုနစ်လနှင့် နတ်ရှာစံကြောင်း သမိုင်းမှာ ဖတ်ရသည်။

ယခုအဖြစ်အပျက်မှာ ဖော်ဂျီက ဗာတ်လိုက်ဖြစ်သည်။ ပေါ်နိုင်၊ ပျောက်နိုင်၊ နတ်သမီးကိုလည်း လက်ဖျစ်တီး၍ ခေါ်ပေးနိုင်သည်။ နတ်သမီးကလည်း နယ်နယ်ရရမဟုတ်၊ သူရဿတီနတ်သမီးဟု ဆိုထားပြန်ရာ ရှေးဟောင်းကျမ်းလာ ဘုန်းတန်ခိုးကြီးသောနတ်သမီးကို ဖော်ဂျီ၏ အဆင့်နှင့် သည်လိုခေါ်နိုင်ခြင်းအတွက် ကျွန်တော်က သံသယရှိသည်။ ထိုဖော်ဂျီသည်လည်းကောင်း၊ နတ်သမီးသည်လည်းကောင်း အယောင်ဆောင်တွေ၊ သရဲတစ္ဆေ၊ မကောင်းဆိုးဝါးတွေဖြစ်ဖို့ များပါသည်။

✷

အလားတူ ဆင်တူမှုကွဲဇာတ်လမ်းကို နောက်ထပ်တွေ့ရသေးသည်။ ရာဇဝင်မှာ ထင်ရှားခဲ့သည့် ဓမ္မစေတီမင်း၏ မြေးမွန်ဘုရင် သုရှင်တကာရွတ်ပိသည် တောသို့ ဆင်ဖမ်းထွက်ရာမှာ အစောင့်အရှောက်အဖော်များနှင့်ကွဲ၍ တစ်ကိုယ်တည်းရှိစဉ် ကိုယ်တွင် အဝတ်မရှိသော နတ်သမီးတစ်ယောက်သည် မင်းကို လှည့်ပတ်ဖြားယောင်း မြူဆွယ်၍ ကာယသံသဂ္ဂရှိပြီးနောက် ကွယ်ပျောက်၍သွား၏။ မင်းကြီး ထိတ်လန့်ခြင်းပြင်းစွာဖြင့် နန်းတော်ကိုပြန်ရောက်သည်။ ထိုည အပြင်းဖျား၍ နောက်တစ်နေ့ နတ်ရှာစံသည်ဟု ရာဇဝင်မှာ ပါခဲ့သည်။ ရာဇဝင်မှာက နတ်သမီးဟု ဆိုသော်လည်း နတ်ပြည်ခြောက်ထပ်နတ်သမီးဆိုလျှင် ကိုယ်လုံးတီးတော့လာမည်မထင်၊ ပြီးတော့ ရှင်ဘုရင်နှင့်လည်း အိပ်သေးသတဲ့၊ ကျွန်တော်ကတော့ ဒါ - သရဲမပဲ ထင်ပါသည်။ သူ့ကြောင့်ပဲ ရှင်ဘုရင်လည်း ညဥ့်တွင်းချင်း ကိစ္စချောခဲ့သည်မဟုတ်ပါလား။

မြန်မာရာဇဝင်မှာပဲ ထင်ရှားသည့် သာလွန်မင်းတရား၏သားတော် နန်းဆက်ဘုရင်လုပ်တော့ ညီတော်က နန်းလုသည်။ ထိုမင်း (သာလွန်မင်း၏တူ) နတ်ရှာစံတော့ သူ၏သား နန်းတက်သည်။ (သာလွန်မင်း၏တူက မွေးသော မြေးဖြစ်သည်) ထိုမင်း နတ်ရှာစံတော့ သားသမီးမကျန်၊ ညီအစ်ကိုတွေပဲကျန်၍ နန်းလုကြရာမှာ ညီတစ်ယောက်ဖြစ်သော မင်းရဲကျော်ထင် ဘုရင်ဖြစ်လာ၍ ကျန်ညီနောင်များ ပုန်ကန်ထကြွသည်။ နန်းတော်ပေါ်အတင်းဝင်ရောက်ထိုးခုတ်ကြ၍ နန်းကြမ်းပြင်မှာ သွေးရည်စပ်မျှရှိသည်။ အသေကောင်နှင့် အထွေးထွေးရှိသည်ဟု ရာဇဝင်က ရေးသည်။ ဒီလောက် သတ်ကြ၊ သေကြတာမို့ တစ်နန်းတော်လုံး တစ္ဆေခြောက်တော့သည်။ သူပုန်တစ္ဆေတို့ ကိုယ်ထင်ပြ၍ ခြောက်သည်။ မောင်းမငယ် ဆံထုံးကို ဆွဲသည်။ အုတ်ခဲနှင့် ပစ်

www.burmeseclassic.com

သည်၊ (ပုဏ္ဏက တိုက်တာမျိုး ဖြစ်ပါလိမ့်မည်) ဝုန်းဝုန်းဒိုင်းဒိုင်း ခုန်ပေါက် ခြောက်လှန့်သည်၊ နန်းတော်မှာသာ မဟုတ်၊ ရပ်ကွက်တွေမှာလည်းအလား တူခြောက်လှန့်သည်၊ ထိုအခြောက်အလှန့်များပြေပျောက်ရန် ငရဲဘုန်းကြီး (ငရဲနတ်စက်ရောင်ဆရာတော်ကို ဆိုလိုသလား မသိပါ) ရှင်မမွနန္ဒကာ စီရင်၍ အေးချမ်းသည်ဟု ရာဇဝင်အဆို ရှိပါသည်၊

သက္ကရာဇ် -၁၁၉၁ ခုနှစ်၊ နယုန်လဆန်း (၁)ရက်နေ့တွင် ကုန်းဘောင် (၆) ဆက်မြောက် ဘကြီးတော်ဘုရားက ဖွဲ့စည်းပေးခဲ့သည့် ရာဇဝင်တော် ရေးသားရေးအဖွဲ့ဝင်ရဟန်းပညာရှိ၊လူပညာရှိအများတိုင်ပင်ညှိနှိုင်းရေးသား သည့် မှန်နန်းရာဇဝင်တော်ကြီးမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း သရဲ တစ္ဆေဇာတ်လမ်းဖြစ်ရပ်များ ပါဝင်ပါသည်၊ ရာဇဝင်ရေးသူပညာရှိများက ရှေးဟောင်းမှတ်စုမှတ်တမ်း၊ ပေပုရပိုက်များကို ကိုးကားရည်ညွှန်းပြီး ရေးခဲ့ ကြတာဖြစ်သည်၊

အလားတူ ခေတ်ဟောင်းစာရေးဆရာများ၏ တစ္ဆေပုံပြင်၊ သိုက်သမိုင်း ဝတ္ထုများသည် သူတို့ ကြားရသိရ၊ ကြားဖူးသိဖူးတာတွေကို ပြန်ရေးကြတာ ဖြစ်သည်၊ မဂ္ဂဇင်းတွေမှာပဲ ကျွန်တော်ရေးခဲ့သည့် တောခြောက်ခြင်း၊ ယုံရ ခက်ခက်၊ တစ်ဆင့်ကြားတစ္ဆေ ဝတ္ထုများသည် ကျွန်တော်က ကိုယ်တွေ့တို့ ရေးသော်လည်း မဂ္ဂဇင်းမှာပါလာ၍ စာရှုသူတွေဖတ်ရတော့ ကျွန်တော့်ဆီက တစ်ဆင့် ပြန်ကြားရတာဖြစ်သွားခဲ့ပြီ၊ (ကျွန်တော်၏ တချို့ဝတ္ထုဇာတ်လမ်း များမှာ သူများဆီကတစ်ဆင့်ပြန်ကြားရတာဖြစ်ပြီး ထိုဇာတ်လမ်းတွေထဲက ယုံကြည်လောက်ဖွယ်အဖြစ်အပျက်နှင့် သက်သေခိုင်လုံသောဇာတ်လမ်း တွေကိုပဲရေးခဲ့တာဖြစ်သည်) စာရှုသူများ၊ စာဖတ်ပရိသတ်များသည်ရာဇဝင် ထဲကတစ္ဆေများ၊ ခေတ်ဟောင်း သိုက်သမိုင်းတွေထဲက မကောင်းဆိုးဝါးများ ကျွန်တော့်ဝတ္ထုတွေထဲက သရဲတစ္ဆေများကိုထိုရာဇဝင် ထိုဝတ္ထုစာအုပ်များမှ ဖတ်ပြီး သည်းထိတ်ရင်ဖိုရသောအရသာ ခံစားနိုင်ကြပါစေ၊

▶▶ တောက်ဆို့



www.burmeseclassic.com

www.burmeseclassic.com

# အရူးရူလား နတ်ရူလား

ကိုကံကြီးမောင်ဆိုတာက စာရေးသူနဲ့ တစ်ရပ်ကွက်ထဲနေတဲ့ သူငယ်ချင်းလည်းဖြစ်၊ ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ - စာရေးသူလည်း အိမ်ထောင်ကျ၊ သူလည်း အိမ်ထောင်ကျလို့ တစ်နယ်တစ်ကျေးဆီ ပြောင်းကြရွှေ့ကြနဲ့မို့ ခွဲခွာခဲ့ရတာ ကြာပါပြီ။ ဒါပေမဲ့ - ရေစက်ကတော့ မကုန်သေးဘူးနဲ့ တူပါရဲ့၊ မကြာခင်လပိုင်းကလေးကပဲ မြို့ထဲက လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ကိုကံကြီးမောင်နဲ့ ပြန်ဆုံမိပါတယ်။

ဒီလိုနဲ့ ကိုကံကြီးမောင်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ အာလာပသလ္လာပ ပြောရင်း တစ်ယောက်တစ်ယောက် လိပ်စာတွေ အပြန်အလှန်ပေး၊ ဖုန်းနံပတ်တွေ အပြန်အလှန်ပေးကြတော့မှ

အောင်

ကောင်း



ကိုကံကြီးမောင်နဲ့ စာရေးသူတို့ဟာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်က ရပ်ကွက်တစ်ခုထဲမှာ နေကြသူတွေ ဖြစ်ကြောင်း တအံ့တသြ ဖြစ်ကြပါတယ်။ စာရေးသူက (ခ) ရပ်ကွက်၊ အနော်ရထာလမ်းမှာနေပြီး ကိုကံကြီးမောင်က မင်းကြီးရန်နောင်လမ်းမှာပါ။

ဒါနဲ့ပဲ စာရေးသူနဲ့ သူငယ်ချင်းဟောင်းကြီး ကိုကံကြီးမောင်တို့ဟာ တစ်ယောက် အားလပ်ချိန်မှာ တစ်ယောက်အပြန်အလှန် လည်ပတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ - တစ်ယောက်အားလပ်ချိန်နဲ့ တစ်ယောက်အားလပ်ချိန် မကြုံတာကြောင့် တစ်ခါမှ စကားကြာကြာ မပြောဖြစ်ခဲ့ကြပါဘူး။

တစ်နေ့တော့ စာရေးသူ စာရေးနေတုန်း ကိုကံကြီးမောင်တစ်ယောက် သူ့ဆိုင်ကယ်လေးနဲ့ ရောက်လာခဲ့ပါတယ်။ သူ့ကိုမြင်တော့ ကျွန်တော်လည်း စာရေးတာကို နားပြီးတော့ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ပါတယ်။

"လာထိုင်ကွာ - ဘယ်က လှည့်ဝင်လာတာတုံး"

"ဘယ်ကမှ လှည့်ဝင်တာ မဟုတ်ပါဘူးကွာ။ တို့သူငယ်ချင်းနှစ်ယောက် တစ်ခါမှ စကားကောင်းကောင်း မပြောရသေးလို့ မင်းများ အားမလားလို့ ထွက်လာခဲ့တာပါ။ ဘာလဲ - ခုလည်း စာရေးနေတုန်းပဲလား"

"အေးကွာ - စာရေးနေတုန်းပဲ။ ဒါပေမဲ့ - ရပါတယ်ကွာ၊ ငါ့အလုပ်က ကိုယ်ပိုင်အလုပ်ပဲ။ ငါ အားချင်အားလို့ရတယ်။ ငါ မအားချင် အားလို့မရဘူး။ ဒီမှာ ဆူမယ့်ဟောက်မယ့် မန်နေဂျာလည်း မရှိဘူး။ ကုမ္ပဏီသူဌေးလည်း မရှိဘူး။ အထက်လူကြီးဆိုတာလည်း မရှိဘူးကွ"

"အေး - ဟန်ကျတာပေါ့ကွာ။ ငါ့မှာလည်း မင်းလိုပါပဲ၊ ဆူမယ့် ဟောက်မယ့် လူမရှိပါဘူး။ ဒါပေမဲ့ - အရောင်းအဝယ်သမားဆိုတာ အားချင်တိုင်း အားလို့ရတာ မရဘူး - မောင်ရေ့"

ဒီလိုနဲ့ ကျွန်တော်နဲ့ ကိုကံကြီးမောင်တို့ဟာ ကျွန်တော့်ဇနီးက ချပေးတဲ့ လက်ဖက်ရည်နဲ့ လက်ဖက်သုပ်ကို မြည်းစားကြရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမိပါတယ်။ ခုလို အာလာပသလ္လာပပြောရင်းကပဲ သူ့ညီလေး၊ ကံထူးအောင်အကြောင်း မေးမိပါတယ်။



www.burmeseclassic.com

"ငါ့ညီလေး ကံထူးအောင်က ငါ့လို ကံမကောင်းရှာဘူးကွာ"

ကျွန်တော် မေးလိုက်လို့ သူ့ညီလေးအကြောင်းတွေးပြီး စိတ်မကောင်း ဖြစ်ပုံရပါတယ်။ မျက်နှာတစ်ချက် ညှိုးပြီး ခေါင်းကို ခါယမ်းလိုက်ပါတယ်။ ကျွန်တော်လည်း ငါမေးမိတာ မှားပြီထင်ပါရဲ့လို့တွေးပြီး စိတ်မကောင်း ဖြစ်မိရပါတယ်။

"ဆောရီးကွာ - ငါ မေးမိတာ စိတ်မကောင်းပါဘူး"

သူက ခေါင်းတညိတ်ညိတ်နဲ့ ဆက်ပြောပါတယ်။

"ရပါတယ် - သူငယ်ချင်းရာ၊ ငါလည်း ဒီအကြောင်း မင်းကို ပြောပြချင်နေတာပါ။ မင်းက စာရေးဆရာဆိုတော့ ဒီအကြောင်းလေး ရေးစေချင်တယ်။ သင်ခန်းစာယူစရာ နောင်တရစရာလေးပါ"

ကျွန်တော်က ခေါင်းညိတ်ပြီး စိတ်ပါလက်ပါ နားထောင်တော့ ကံကြီးမောင်က ခုလိုဆက်ပြီး ပြောရှာပါတယ်။

"ငါ့ညီလေးက မနှစ်ကမှ ဆုံးသွားတာကွ"

"ဟင် - ဟုတ်လား၊ ပူပူနွေးနွေးကြီးပဲ ရှိသေးတာ၊ မင်း တော်တော်ခံစားရမှာပေါ့။ ဒါနဲ့ - ဆိုစမ်းပါဦး ဘာရောဂါနဲ့လဲ"

"ခံစားရပြီလားကွာ၊ ငါ ပြောပြရင် မင်း ပိုပြီး သဘောပေါက်လာလိမ့်မယ်"

ပြီးတော့ - ကံကြီးမောင်က သူနဲ့ သူ့ညီလေးအကြောင်းကို ဇာတ်စုံခင်းပြပါတော့တယ်။

ကံကြီးမောင်နဲ့ ကံထူးအောင်တို့ ညီအစ်ကိုနှစ်ယောက်ဟာ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်ကျော်လောက်ကတည်းက ဘောထုပ် (လေဘေးထည်)တွေကို နယ်တကာရပ်တကာလှည့်ပြီး ရောင်းချခဲ့ကြပါတယ်။ စောစောပိုင်းကတော့ ကိုကံကြီးမောင်ရယ် သူ့မိန်းမ မမြရီရယ်၊ သူ့ညီကံထူးအောင်ရယ် သုံးယောက်အတူ လှည့်လည်ရောင်းချခဲ့ကြတာပါ။ သူ့မိန်းမ မမြရီ သားဦးကလေးရလာတော့ မိန်းမနဲ့ ကလေးကို အိမ်မှာပဲထားပြီး ညီအစ်ကိုနှစ်ယောက် နယ်လှည့်ဈေးရောင်းခဲ့ကြပါတယ်။ တောင်ပေါ်ဒေသ ငါးရက်ဈေး



တွေ၊ ဖားကန့်၊ စိုင်းတောင် စတဲ့ ကျောက်တွင်းမော်တောတွေ၊ အညာအကျေက ကျေးလက်တောရွာတွေ အစုံပါပဲ။

✱

ဒါပေမဲ့ - ပြီးခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ဝေးဝေးမသွားချင်တော့တာနဲ့ သပိတ်ကျင်းနယ်ထဲက ရွှေတောတွေဘက် ကျက်စားခဲ့ကြတယ်။ လိပ်ကျူ၊ ကျည်တောက်ပေါက်၊ လက်ပံလှ အစရှိတဲ့ ရွှေတောတွေမှာလှည့်ပြီး ရောင်းချခဲ့ရာမှာ အဆင်ပြေမှုတွေ ရရှိလာခဲ့ကြတယ်။ တောင်ပေါ်တောင်အောက် ဈေးတွေစခန်းတွေ စုံအောင်ရောက်ခဲ့ကြပါတယ်။



ဒါတိုင်း ဒီနေရာမှာ ဒီရွာ
မရှိပါဘူး။ဘာဖြစ်လို့ နှစ်လ၊
သုံးလအတွင်း ခုလို ရွာကြီးတစ်ရွာ
ခိုင်ခိုင်မာမာ ဖြစ်နေရတာလဲ။ ပြီးတော့ -
ကောက်ညှင်းပေါင်းတာရော ဘာလို့
ဒီလောက်မြန်ရတာလဲ။
ပြီးတော့ - စောစောကကြားရတဲ့
ကြွက်တွန်သံတွေ၊ သီချင်းသံတွေကော
ဘာလို့ တိတ်ဆိတ်ကုန်တာလဲ။
မီးရောင်တွေရော အကုန်ငြိမ်းလိုက်ကြပြီလား။

www.burmeseclassic.com

အဲ - ပြီးခဲ့တဲ့နှစ်ကတော့ ခုလိုပဲ၊ ညီအစ်ကိုနှစ်ယောက် သွားနေကျလမ်း သွားနေကျရွာတွေဆီ ခြေဦးလှည့်သွားလာခဲ့ကြတယ်။

တစ်ရွာဝင် တစ်ရွာထွက် ခရီးဆက်ကြရာမှာ တစ်နေ့မှာတော့ နှစ်မိုင်ခွဲ သုံးမိုင်လောက်ဝေးတဲ့ခရီးကို ရွာစဉ်ကူးဖို့ ညီအစ်ကိုနှစ်ယောက် အထုပ်ကိုယ်စီထမ်းပြီး လာခဲ့ကြရာမှာ လမ်းခုလပ်တစ်နေရာရောက်တော့ တောင်ကုန်းပေါ်ကနေ တောင်ခါးပန်းက ရွာကလေးတစ်ရွာကို အပေါ်က စီးမြင်နေရပါတယ်။

အချိန်က ညနေစောင်းနေပါပြီ။ ရွာထဲက အိမ်ကလေးတွေ ကျိုးတိုးကျဲတဲ နွားတင်းကုပ်တွေ၊ ချက်ပြုတ်ကြော်လှော်ရာက မီးခိုးတန်းတွေ၊ နွားအော်သံနဲ့ ကြက်တွန်သံသဲ့သဲ့ကိုပါ ကြားနေရပါတယ်။

"အစ်ကိုရေ - ဟိုမှာ ကြည့်စမ်းပါဦး၊ ရွာကလေးတစ်ရွာ၊ ခါတိုင်းလည်း ကျွန်တော်တို့ ဒီလမ်းက လာတာပါပဲ၊ တစ်ခါမှ မတွေ့ဖူးပါဘူး"

"အေးကွာ - ဟုတ်တယ်၊ ငါတို့ မရောက်တဲ့ သုံးလေးလအတွင်းမှာ တစ်နေရာရာက ပြောင်းရွှေ့ပြီး ရွာတည်တာဖြစ်ရှာပေါ့ကွာ၊ ဒါမှမဟုတ် အဲဒီအနီးအနားမှာ ရွှေထွက်တယ် သတင်းရလို့နေမှာပေါ့"

"သိပ်မဝေးဘူး - အစ်ကိုကြီးရေ၊ ကျွန်တော်တို့ သွားပြီးနယ်မြေသစ်ရှာရအောင်၊ ဖောက်သည်တိုးတာပေါ့"

"အေး - ကောင်းသားပဲကွ၊ မိုးလည်း ချုပ်ခါနီးပြီဆိုတော့ နီးရာရွာမှာပဲ တည်းရတော့ပေါ့"

အဲဒီအခိုက်အတန့်မှာပဲ အသံကြားလို့ နောက်ကို လှည့်ကြည့်လိုက်တော့ နွားလှည်းတစ်စီးနဲ့ အသက် (၅၀)လောက် လူကြီးတစ်ယောက်ကို တွေ့ရပါတယ်၊ သူတို့လည်း လှည်းလမ်းဘေးထွက်ရပ်ပြီး ရှောင်သာအောင် ဖယ်ပေးလိုက်ပါတယ်၊ ဒီတော့ - လှည်းပေါ်က ဦးကြီးက ...

"မောင်ရင်တို့က ကုန်သည်တွေနဲ့တူတယ်၊ ဘာကုန်တွေပါလဲ၊ မိုးလည်း ချုပ်တော့မှာဆိုတော့ ကျုပ်တို့ရွာလိုက်ခဲ့ပါလား၊ ဟောဟိုအောက်တမြင်ရတာ ကျုပ်တို့ရွာပဲ၊ ဘာကုန်ပဲပါပါ ကျုပ်တို့ရွာက ဈေးနဲ့ အလှမ်းဝေးတော့ ဝယ်ကြမှာ သေချာတယ် - မောင်ရင်ရဲ့"



"ဟုတ်ကဲ့ - အဘ၊ ကျုပ်တို့က လေဘေးထည်တွေ လာရောင်းတာပါ၊ အဘပြောသလိုဆိုရင် အဘတို့ရွာလိုက်ပြီး ဈေးကွက်စမ်းဦးမှပဲ"

"ကောင်းတာပေါ့ကွယ်၊ ကဲ - လာ - လာ - လှည်းပေါ်တက်"

ဒါနဲ့ပဲ - ကံကြီးမောင်တို့ ညီအစ်ကိုနှစ်ယောက်က လှည်းကြုံနဲ့ လိုက်လာခဲ့ကြပါတယ်၊ တစ်နာရီနီးပါးလောက် သွားပြီးတော့ ရွာထဲကို မီးထွန်းချိန်မှာ ရောက်ပါတယ်။ လှည်းသမားအဘိုးက သူတို့ညီအစ်ကိုကို အိမ်ခေါ်သွားပြီး သူ့အိမ်မှာပဲ တည်းခိုစေခဲ့ပါတယ်။

ရွာကလေးက တော်တော်စည်ကားပါတယ်၊ ကြက်တွန်သံတွေ၊ နွားအော်သံတွေသာမက တွံတေးသိန်းတန် သီချင်းဟစ်သံတွေပါ ကြားနေရပါတယ်၊ ရွာလယ်လမ်းမှာလည်း ကလေးတစ်သိုက် ဘောလုံးကန်နေကြလေသေးရဲ့။

လှည်းသမားဦးကြီးက သူတို့ ညီအစ်ကိုနှစ်ယောက်ကို အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ အနားယူစေပါတယ်၊ အိမ်မှာက ဦးကြီးမိန်းမရယ်၊ လေးငါးနှစ်အရွယ် ကလေးနှစ်ယောက်ရယ် တွေ့ရပါတယ်၊

"ဧည့်သည်တွေပါတယ်ဟေ့၊ ဆာလှရော့မယ်၊ ဧည့်သည်ဖို့ ကောက်ညှင်းလေးပေါင်းပြီး ရေနွေးကြမ်းလေး ဘာလေးလုပ်ပါဦးကွ"

ဦးကြီးက အဲဒီလိုပြောပြီး အိမ်ထဲဝင်သွားပါတယ်၊ ကလေးတစ်ယောက်က ဆာလို့ဆိုပြီး တကျီကျီ ငိုယိုသံလည်း ကြားနေရပါတယ်၊

ဘာမှ မကြာလိုက်ပါဘူး၊ အံ့သြစရာကောင်းလောက်အောင် မြန်ပါတယ်၊ အငွေ့တထောင်းထောင်း ထနေတဲ့ ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်းတွေ၊ ထန်းလျက်တွေ ယူလာပါတယ်၊

ကံကြီးမောင်တို့ ညီအစ်ကိုလည်း ဘာပြောကောင်းမလဲ၊ ဆာဆာနဲ့ စားလိုက်ကြတာ ကောက်ညှင်းတစ်ပန်းကန် ပြောင်ပါလေရော၊ စားပြီးတော့ အိပ်ချင်တာနဲ့ ကွပ်ပျစ်ပေါ် ခဏလှဲမယ်အလုပ်မှာ လှည်းသမားကြီးက လှမ်းခေါ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ညှော်သည်တွေ အိမ်ထဲဝင်အိပ်ကြပါ၊ ပစ္စည်းတွေကို ဒီတိုင်းထားလို့ စိတ်ချရတာ မဟုတ်ဘူး၊ အိပ်ကြ - အိပ်ကြ၊ မနက်ကျမှ စကားစမြည် ပြောကြတာပေါ့"

ဒါနဲ့ပဲ ကံကြီးမောင်တို့ ညီအစ်ကိုလည်း ကိုယ့်အထုပ်ကိုယ်ယူပြီး အိမ်ထဲ ဝင်အိပ်ကြပါတယ်၊ သူတို့က ခေါင်းရင်းခန်းမှာပါ၊ အိမ်ရှင်တွေက ခြေရင်းခန်းမှာ အိပ်ပါတယ်၊ ခြင်ထောင်တွေ ဘာတွေလည်း အသင့်ထောင်ပေးထားတာကြောင့် ခရီးပန်းတာနဲ့ အိပ်ရာဝင်ခဲ့ကြပါတယ်၊ ကံထူးအောင်ကတော့ ခေါင်းအုံးနဲ့ ခေါင်းနဲ့ တွေ့တာနဲ့ တချိုးတည်း အိပ်ပျော်သွားပါတော့တယ်။

✷

ကံကြီးမောင်ကတော့ ငယ်စဉ်ကတည်းက ပြုကျင့်လာခဲ့တဲ့ အကျင့်အတိုင်း ဦးစွာမအိပ်မီ ဘုရားကို ဦးသုံးကြိမ်ချပြီး အိပ်ပါတယ်၊ ဒါပေမဲ့ - သူ အိပ်မပျော်ပါ။

ခါတိုင်း ဒီနေရာမှာ ဒီရွာမရှိပါဘူး၊ ဘာဖြစ်လို့ နှစ်လ၊ သုံးလအတွင်း ခုလို ရွာကြီးတစ်ရွာ နိုင်နိုင်မာမာ ဖြစ်နေရတာလဲ၊ ပြီးတော့ - ကောက်ညှင်းပေါင်းတာရော ဘာလို့ ဒီလောက်မြန်ရတာလဲ၊ ပြီးတော့ - စောစောက ကြားရတဲ့ ကြက်တွန်သံတွေ၊ သီချင်းသံတွေကော ဘာလို့ တိတ်ဆိတ်ကုန်တာလဲ၊ မီးရောင်တွေရော အကုန်ငြိမ်းလိုက်ကြပြီလား၊

"တွတ်တွတ် တွတ်တွတ်နဲ့ ခုထိ မအိပ်သေးဘူးလား၊ မိုးချုပ်လှပြီ အိပ်ကြတော့"

ဘုရား - ဘုရား၊

ကံကြီးမောင်စိတ်ထဲက တွေးနေတာကို သူတို့ သိများနေကြသလား။

"ဘာသိရမှာလဲ"

ဗုဒ္ဓေါ၊ ဒါနဲ့ပဲ ကံကြီးမောင် ဘာကိုမှ မစဉ်းစားမိအောင် ကြိုးစားပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ပါတယ်၊ ဒီအချိန်မှာပဲ ခြေရင်းခန်းထဲက အသံတွေ တိုးတိုး၊ တိုးတိုးနဲ့ ထွက်လာပါတယ်၊



"စားကြစို့"

"နေပါဦး"

"သားသား - ဆာလှပြီ"

"နေပါဦး - သူတို့ အိပ်တော့မှာပါ၊ အိပ်အောင် စောင့်ပါဦး၊ သားသား စားရမှာပါ"

"ဟင့်အင်း - ဟင့်အင်း - သားသား ဆာလှပြီ"

ကံကြီးမောင် ကြက်သီးမွေးညင်း ထလာပါတယ်၊ ဒါနဲ့ပဲ ဘေးနားမှာ အိပ်ပြီး အိပ်မောကျနေတဲ့ ညီတော်မောင် ကံထူးအောင်ကို လှုပ်နှိုးပါတယ်၊ ကံထူးအောင်က အင့်ခနဲ အသံထွက်ပြီး ပြန်အိပ်သွားပါတယ်၊

"အိပ်ကြတော့လို့ ပြောနေတာ မကြားဘူးလား"

အသံအက်အက်ကြီးကို ကြားလိုက်ရတော့ ကံကြီးမောင် မနေရဲတော့ပါဘူး၊ အိပ်ရာထ ဆောင့်ကြောင့်ထိုင်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အော်တစ်ရွတ်ဆိုပြီး ဘုရားရှိခိုးလိုက်ပါတယ်၊

အဲဒီအချိန်မှာပဲ တစ်ရွာလုံး ဆူညံပွက်လောရိုက်ရပါတော့တယ်၊ မြေးသံ လွှားသံတွေ၊ အော်သံ ဟစ်သံတွေ ကယ်ပါ ယူပါ တစာစာနဲ့ ရုန်းရင်းဆန်ခတ်ပါပဲ၊

"ဒါကြောင့်မို့ နေပါဦးလို့ ကျုပ်ပြောသားပဲ"

"ကလေးက တအားပူဆာနေတာကိုး"

ကို ကံကြီးမောင်တစ်ယောက် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဘယ်နခေါက်လောက် ရွတ်မိတယ် မသိပါဘူး၊ ဆူသံပွက်လောရိုက်သံတွေ၊ ကမ္ဘာပျက်သံတွေ ငြိမ်သွားတော့မှ မျက်စိကို မရဲတရဲနဲ့ အသာဖွင့်ကြည့်ပါတယ်၊

အလို - အံ့ဩစရာပါပဲ၊

ကွင်းပြင်ကျယ်ကျယ်၊ တလင်းပြင်ကြီးထဲက လရောင်အောက်မှာ အထုပ်ကလေးတွေ ဘေးချလို့ မြေကြီးပေါ်မှာ ညီအစ်ကိုနှစ်ယောက် အိပ်ပျော်နေလိုက်တာ၊ စောစောကတွေ့ခဲ့တဲ့ တဲတွေ၊ အိမ်တွေ၊ ကျွဲတွေ၊ နွားတွေ၊



www.burmeseclassic.com

www.burmeseclassic.com

တလေးတွေ၊ လူကြီးတွေ ဘယ်လိုကဘယ်လို ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တယ် မသိတော့၊

ဒီတော့မှ ကံကြီးမောင်လည်း သူ့ညီ ကံထူးမောင်ကို မရရအောင် ဖွတ် လှုပ်နှိုးလိုက်ပါတယ်၊ ကံထူးမောင်လည်း ဒီတော့မှ ရုတ်တရက် ထထိုင် မျက်စိဖွင့်ပြီး ထူးခြားတဲ့ မြင်ကွင်းကိုကြည့်ကာ တအံ့တသြ ဖြစ်နေပါတော့ တယ်၊

"အစ်ကိုကြီး - အစ်ကိုကြီး၊ ဒါက ဘယ်လိုဖြစ်တာတုံး"

"မင်းလိုသာဆိုရင်တော့ အားလုံးဒုက္ခများပြီပေါ့ - ငါ့ညီရာ"

ကံကြီးမောင်က ဖြစ်ပျက်သမျှကို အကျဉ်းချုံးပြီး ပြောပြလိုက်ပါတယ်၊

"ကဲ - ငါ့ညီ၊ လာ - သွားကြစို့၊ ဒီလိုနေရာမျိုးမှာ တစ်စက္ကန့်တောင် အချိန်ဆွဲဖို့ ကောင်းတာ မဟုတ်ဘူး"

တော်ပါသေးရဲ့ လက သာနေလို့၊

ညီအစ်ကိုနှစ်ယောက် ကြောက်ကြောက်နဲ့ အပြေးအလွှား မပြေးရဲ့ တစ်မည် က.လိုက်ကြတာ တစ်နာရီလောက် လျှောက်မိတော့မှ လှည်းသမား နဲ့ ဆုံတဲ့နေရာကို ပြန်ရောက်ပါတယ်၊ နောက်ထပ်နာရီဝက်လောက် ဆက် လျှောက်တော့ လရောင် ကျိုးတိုးကျဲတဲနဲ့ ညောင်ပင်ကြီးတစ်ပင်ကို တွေ့ပါ တယ်၊ သူတို့ ဘယ်ဆက်သွားရမှန်းမသိပါ၊ လမ်းလျှောက်လို့နေပါပြီ၊

"ကဲ - ညီလေးရေ၊ ငါတို့ မျက်စိလည်ပြီး မပြန်တတ်တော့ဘူး၊ ဒီတော့- ဒီတစ်ည ဒီညောင်ပင်အောက်မှာပဲအိပ်ပြီး မိုးလင်းမှ ခရီးဆက်ကြတာပေါ့ နိုးနိုးကြားကြား အိပ်ပေါ့ကွာ၊ သိပ်မကြာတော့ပါဘူး၊ နှစ်နာရီ၊ သုံးနာရီ လောက်ဆို မိုးလင်းတော့မှာပါ"

ညီအစ်ကိုနှစ်ယောက် အိပ်ရာလိပ်တွေကိုခင်းပြီး အိပ်ဖို့ ပြင်ဆင်ကြပါ တယ်၊ မအိပ်ခင်မှာတော့ ကံထူးအောင်က ညောင်ပင်စောင့် ရုက္ခစိုးကြီးကို တိုင်တည်ပါတယ်၊

"အရှင်ရုက္ခစိုးမင်းကြီး၊ ကျွန်ုပ်ရဲ့အသက်နဲ့ ခန္ဓာကို အသင် ရုက္ခစိုးမင်း ကြီးထံ အပ်ပါတယ်၊ ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ"



ကံထူးမောင် အိပ်ပျော်သွားပေမယ့် ကံကြီးမောင် မအိပ်သေးပါ၊ ဘုရား ရှိခိုးခြင်း၊ မေတ္တာပို့ အမျှဝေခြင်းကို ပြုပါတယ်၊

"အဇ္ဇ အာဒိ ကတွာ အဟံအတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ
အဇ္ဇ အာဒိ ကတွာ အဟံအတ္တာနံ ဓမ္မဿ နိယျာဒေမိ
အဇ္ဇ အာဒိ ကတွာ အဟံအတ္တာနံ သံဃဿ နိယာဒေမိ
ဇီဝိတ ပရိယတ္တိကံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယတ္တိကံ ဓမ္မံသရဏံ ဂစ္ဆာမိ
ဇီဝိတ ပရိယတ္တိကံ သံဃံသရဏံ ဂစ္ဆာမိ"

ဘုရားကိုးကွယ်ပါ၏၊

တရားကိုးကွယ်ပါ၏၊

သံဃာ ကိုးကွယ်ပါ၏၊

အသက်ထက်ဆုံး ရတနာသုံးပါးမှ တစ်ပါးကိုးကွယ်ရာ မရှိပါဘုရား၊

ကံကြီးမောင်နဲ့ ကံထူးအောင်တို့ ညီအစ်ကိုနှစ်ယောက် အိပ်မောကျ သွားချိန်မှာတော့ အဲဒီတောကို အပိုင်စားရတဲ့ အစောင့်ဘီလူးဟာ လူသား အနံ့ရတဲ့ ညောင်ပင်ဆီကို ရောက်ရှိလာခဲ့ပါတယ်၊ ဒါနဲ့ပဲ ဘီလူးဟာ စားရခဲ လှတဲ့ လူသားစားရတော့မှာမို့ ဝမ်းသာအားရနဲ့ ညီအစ်ကိုနှစ်ယောက်ကို စားမယ်အလုပ်မှာ ညောင်ပင်စောင့် ရုက္ခစိုးမင်းက တားပါတယ်၊

"အသင် ဘီလူးမင်း၊ ဒီနှစ်ယောက်ကို စားလို့မရပါဘူး၊ ကျုပ်အရိပ် မှာ ခိုတဲ့အတွက် ကျုပ်ပိုင်ပါတယ်၊ ပြီးတော့ - ကျုပ်ကိုလည်း ပူဇော်ပ.သ တိုင်တည်ပြီးမှ အိပ်တာမို့ ကျုပ်မှာ စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်"

ဒီတော့ ဘီလူးဟာ အကြီးအကျယ် ဒေါသဖြစ်သွားပါတယ်၊

"သင့် ညောင်ပင်အောက်မှာ ရောက်နေပေမယ့် ဒီတောက ကျုပ်ပိုင်တဲ့ တောပါ၊ ဒီတောက လူသူအရောက်အပေါက်နည်းလို့ ရောက်လာတဲ့ ကျုပ်ရဲ့ အစာကို ကျုပ် လက်မလွှတ်နိုင်ပါဘူး၊ အသင် ရုက္ခစိုးမင်း ဖယ်ပါ၊ သင့်ရဲ့ ညောင်ပင်ဟာလည်း တကယ်ဆို ကျုပ်ပိုင်တဲ့ တောထဲကအပင်မို့ ကျုပ် စားပိုင်ခွင့် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးမင်းဟာ လူသားအနံ့ရပြီး ရှေ့မှာလည်း မြင်တွေ့နေရပြီမို့ အာသာငမ်းငမ်းနဲ့ စားချင်လှပါပြီ၊ သွားရည်တများများ ကျနေပါပြီ၊ ဒါနဲ့ပဲ – ဘီလူးမင်းနဲ့ ရက္ခစိုးမင်းတို့ဟာ အချီအချ ငြင်းခုန်နေကြရပါတယ်၊ နောက်ဆုံးတော့ ရက္ခစိုးမင်းကပဲ သူပိုင်နက်ထဲကလူကို စားဖို့ မတားမြစ်တော့ဘူး ဖြစ်နေပါတယ်၊ ဒါနဲ့ပဲ ဘီလူးမင်းကို ရှင်းပြရပါတော့တယ်၊

"ကောင်းပြီ – အသင်ဘီလူးမင်း၊ သင့်တော သင့်ပိုင်နက်ထဲ ရောက်လာတဲ့အစာကို ကျုပ် မတားတော့ပါဘူး၊ ဟောဒီဘယ်ဘက်က အိပ်နေတဲ့ လူငယ်ကတော့ ကျုပ်ကို တိုင်တည်ပြီးမှ အိပ်တာမို့ ကျုပ် ပိုင်ပါတယ်၊ ဘီလူးမင်း စားချင်းလည်းစားပါ၊ ဟောဟို ညာဘက်က အိပ်နေတဲ့လူကတော့ ကျုပ်လူမဟုတ်လို့ ကျုပ် မပိုင်ပါဘူး၊ သူ့အသက်နဲ့ ခန္ဓာကို ဘုရားလှူထားတာမို့ ဘုရားပိုင်ပါတယ်၊ သင် စားရဲရင်စားပါ"

"ကောင်းပါပြီ – သင် ပိုင်တဲ့လူရဲ့အသားကိုပဲ စားပါ့မယ်၊ ဘုရားလူကိုတော့ ကျွန်ုပ် မစားရဲပါ"

ကိုကံကြီးမောင်လည်း အိပ်မက် မက်ပြီး လန့်နိုးလာရော အရှေ့ရပ်ကနေဝန်းနီက ပြူထွက်နေပြီမို့ မိုးစင်စင်လင်းနေပါပြီ၊ ရုတ်တရက် ခရီးဆက်ထွက်ရဦးမှာမို့ အိပ်မောကျနေတဲ့ ညီဖြစ်သူကို အမျိုးမျိုးလှုပ်နှိုးပေးမယ့်မရတော့ပါ၊ အသက်မရှိတော့ပါဘူး ...၊ ဒီတော့မှ သူ့အိပ်မက်ကို သတိရပြီး သူ့ညီလေး ဘီလူးစားတာ ခံလိုက်ရပြီဆိုတာ သိသွားပါတော့တယ်၊

"အေးကွာ – မင်း ညီလေးအကြောင်း ကြားရတာ စိတ်မကောင်းစရာပါပဲ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကလွဲပြီး ဘာမှ ကိုးကွယ်ရာ အားထားရာ မရှိဘူးဆိုတော့ ငါတို့လည်း သင်ခန်းစာယူရတာပေါ့၊ ဒါနဲ့ – မင်းရော မျက်စိလည်နေရာက ဘယ်လိုလုပ် ပြန်ရောက်လာတာလဲ၊ မင်း ညီလေး အလောင်းကော ဘယ်လိုထားပစ်ခဲ့သလဲ"

"ဒါလည်း အံ့ဩစရာပဲ သူငယ်ချင်းရဲ့၊ တစ်နှစ်နေလို့ လူတစ်ယောက်တလေမှ ရောက်လေ့ရောက်ထမရှိတဲ့ အဲဒီညောင်ပင်ကို ဘုန်းကြီးတစ်ပါးနဲ့ ဖိုးသူတော်တစ်ယောက်ရောက်လာပြီး ငါသွားမယ့် ရွာဆီ လမ်းညွှန်ပေးခဲ့တယ်လေ၊ ဒါနဲ့ပဲ – အဲဒီရွာက လူတွေ အကူအညီနဲ့ ညီလေးရဲ့အလောင်းကို နေ့ချင်း သင်္ဂြိုဟ်ခဲ့ရတယ်၊ ငါ ပြန်ခါနီး စောစောလမ်းပြခဲ့တဲ့ ဘုန်းကြီးတစ်ပါးနဲ့ ဖိုးသူတော်လေးအကြောင်း မေးကြည့်တော့ အားလုံးက မဲ့ပြနေကြတာ၊ သူတို့ ဒီမှာနေလာကြတာ နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်မကဘူး၊ ဒီဘုန်းကြီးနဲ့ ဒီဖိုးသူတော်အကြောင်းကို ကြားလည်း မကြားဖူးဘူး၊ သိလည်း မသိဖူးဘူး၊ မြင်လည်း မမြင်ဖူးကြဘူးတဲ့ကွာ"

▶▶ အောင်ကောင်း


မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ နိုင်တော့မည်မဟုတ်ပါ၍ မိတ္တူကူးထားပြီးမှ ပို့ပါရန်။

အယ်ဒီတာအဖွဲ့
ဂျွန်ရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# အသံဝင်သွားတဲ့ ရှက်ဆိုး

ညီညီပြုံးချမ်း

အမှန်စင်စစ်ငှက်ဟာ ငှက်ဖြစ်ပြီး လူဟာ လူပဲဖြစ်သည်။ အဲဒါထက် ပိုပြီး ဘာဆိုဘာမှ ခြွင်းချက်ရှိခဲ့ကြမည် မဟုတ်ပေ။ လေမှာ ပျံသည့်ငှက်နှင့် မြေကြီးပေါ်မှာ လျှောက်သွားနေတဲ့လူ ဘာတစ်ခုမှ တူညီခဲ့ကြသည်လည်းမဟုတ်၊ မတူညီခဲ့ကြသည့် သဘာဝတရားအပေါ်ယိုးမယ်ဖွဲ့ စွပ်စွဲချက် အလီလီ ထုတ်ပြန်လျက် တည်မှီနေထိုင်ကြကုန်သော သတ္တလောကကြီး၏အခြေအမြစ်တို့မည်သည် ဖွယ်ဖွယ်ရာရာနှင့် တိကျနိုင်လုံမှုမျိုးလည်း သိပ်ပြီးမရှိလှ၊ အတ္တကြီးမှုကြောင့်ဖြစ်ပေါ်လာကြသည့်အာဃာတ ပုံဆောင်ခဲများဖြင့် ယစ်မူးလောင်မြိုက်ခဲ့ကြသည်၊ အစိတ်အပိုင်းအတိုအစပေါင်းများစွာကို ပတ်သက်ဆက်စပ် စုစည်း၍ သုတေသန ပြုလိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com

တွင် သူ့ကိုယ်သူ "လူ" ဟု ပညတ်ခြင်းခံရသော သတ္တဝါတစ်ခုအား မျက်ဝါး ထင်ထင် တွေ့မြင်ကြရလေတော့သည်။

တစ်ချိန်ချိန်၌သတ္တဝါတစ်ခုနှင့်ကံတစ်ခုတို့၏စပ်ကူးမပ်ကူးကြားကာလ အနေအထားသည် ဘာမှန်းမသိသည့် ပေါ်ကြောင်ကြောင် ရှုံးသွပ်မှုတစ်ခု၏ သာလျှင်ဖြစ်ကြောင်းကို အလေးအနက်ပြု၍ ဖြေရှင်းဆွေးနွေးရပေဦးတော့မည်။

✷

အဲဒီတောလိုလို၊ မြို့လိုလိုနဲ့ ရွာကြီးထဲမှာတော့ သူတို့နေတဲ့ခြံက အကြီး ကြီး၊ အကျယ်ကြီးလို့ သူများတွေ ပြောကြတာ ကြားဖူးတယ်။ ခြံကြီးထဲမှာ အုန်းပင်၊ သရက်ပင်၊ မန်ကျည်းပင်၊ မရန်းပင်၊ ပိန္နဲပင်၊ မာလကာပင်၊ ငှက်ပျော ပင်တွေ အများကြီးရှိတယ်။ မင်းဂွတ်သီးလို အခွံမမာ အရောင်မတူပေမဲ့ မင်းဂွတ်သီးလိုမျိုး အထဲမှာအမြှာတွေရှိတာတူတဲ့ တောင်သလဲပင်ကြီးတွေ လည်း ရှိတယ်။ သူတို့ခြံရဲ့ ခြေရင်းဘက် စည်းရိုးနားမှာ ခရေပင်ကြီးနှစ်ပင် လည်း ရှိတယ်။ သူမှတ်မိတာတစ်ခုကတော့ ခရေပန်းတွေ အမြဲပွင့်ပြီး ကြွေ ကြွေနေတာပဲ။ မေမေက ပန်းကြိုက်တယ်။

သူ့အလုပ်က ခရေပန်းတွေကောက်၊ ဇီဇဝါပန်းတွေချိုး၊ ဇလပ်ပန်းခြွေ တွေခူးပြီး မေမေ့လက်ထဲ ထည့်တာပဲ။ မေမေက ပန်းတွေကို သေချာရွေးပြီး ဘုရားကပ်တယ်။ ပန်လည်း ပန်တယ်။ မေမေမို့လို့ သနပ်ခါး ခြေဆုံးခေါင်း ဆုံးလိမ်းထားရင် တစ်အိမ်လုံး မှာ သနပ်ခါးနံ့၊ ပန်းပေါင်းစုံနံ့တွေနဲ့ သင်းသင်း ကိုထုံနေတော့တာ။ ညီလေးက သူ့ထက် နည်းနည်းငယ်တော့ သူနဲ့ ကစားလို့ သိပ်မရဘူး။ ညီလေးက သံပတ်ရုပ်တွေ၊ မော်တော်ကားရုပ်တွေ၊ ပြေးလမ်း ပေါ်မှာ ပတ်သွားတဲ့ မီးရထားတွဲတွေနဲ့ တစ်ယောက်တည်း ကစားတတ် တယ်။

ညီမလေးက ဘောက်ဆတ် ဘောက်ဆတ်နဲ့ လမ်းလျှောက်တတ်ရုံပဲ ရှိသေးတယ်။ ညီမလေးက ညီလေး ကစားတဲ့အရုပ်တွေကို ဖျက်ဖျက်ပစ်လို့



ညီလေးနဲ့ ညီမလေးက သိပ်မတည့်ဘူး။ သူနဲ့ကစားဖော်ဆိုလို့ အိမ်မှာ မွေး ထားတဲ့ တိုက်ဂါးလို့ခေါ်တဲ့ အင်းခွေးကြီးပဲရှိတယ်။ ခွေးဆိုပေမယ့် တစ်အိမ် လုံးက ဖူးဖူးမှုတ်ထားလို့ လူတွေနဲ့ အတူနေတာများတယ်။ တိုက်ဂါးကြီးက ကြီးလွန်းလို့ လူစိမ်းတွေက အားကြီးကြောက်ကြတယ်။ လူစကားလည်း အားကြီးနားလည်တယ်။ စကားပြန်မပြောရုံပဲ၊ အံ့ဩစရာကောင်းတာက မာလကာသီးလည်း စားတယ်။ ကြံလည်း စုပ်တတ်တယ်။ ထန်းလျက်စားချင် ရင် ထမင်းချက်တဲ့ဒေါ်ထွေးကို လက်ကုတ်ပြီး တောင်းတတ်တယ်။ ညီလေး ဆော့နေတဲ့ လှုပ်လှုပ်၊ လှုပ်လှုပ်နဲ့ လျှောက်သွားနေတဲ့ မာတ်ခဲစက်ရုပ်ကို မျက်စိနောက်လို့ ထင်ပါရဲ့၊ တိုက်ဂါးကြီး ပါးစပ်နဲ့ကိုက်ပြီး ပြေးပါရောလား။

ဘယ်နေရာသွားပြီး ဝှက်ထားမှန်းလည်း မသိဘူး။ ညီလေး အော်ငိုလို့ ဖေဖေ ရောက်လာပြီး "တိုက်ဂါးကြီး – ညီလေးအရုပ်ပြန်ယူခဲ့" လို့အော်လိုက် ရင် သူ ယူသွားတဲ့ အဲဒီအရုပ်ကို ပြန်ယူလာပြီး ညီလေးရှေ့မှာ ချပေးတယ်။ မျက်လုံးညိုညိုကြီးတွေ ပေကလပ်၊ ပေကလပ်နဲ့၊ ဖေဖေ မာန်ရင် တိုက်ဂါးကြီး မှာနေစရာမရှိတော့သလိုပဲ။ ညီမလေးက အမြီးဆွဲ၊ နားရွက်ဆွဲ၊ မျက်လုံးနှိုက်၊ ဖက်ကိုက်ရင်လည်း ဘာမှပြန်မလုပ်ဘဲ ငြိမ်နေတတ်တယ်။ အားကြီးလိမ္မာ ပြီး သိပ်သိတတ်တာပဲ။ အိမ်က ဗိုးဝါဆိုတဲ့ ကြောင်ကြီးနဲ့လည်း တည့်အောင် နေတတ်သေးတယ်။

တစ်နေ့ သူ ခြံထဲဆင်းပြီး ဇီဇဝါပန်းချုံမှာ ပန်းတွေခူးနေတုန်း သူ့ရှေ့ တည့်တည့်မှာ အမောက်ကြီးထောင်၊ ပါးပျဉ်းကြီးခွက်ပြီး လျှာပြူတစ်ပြူတစ် နဲ့ မြွေကြီးတစ်ကောင်ကိုတွေ့လို့ သူ လန့်ပြီးအော်မိတယ်။ သူ့အော်သံမဆုံး ခင်မှာပဲ တိုက်ဂါးကြီးက အဲဒီမြွေကြီးရဲ့လည်ပင်းကို ဆတ်ခနဲကိုက်ပြီး သစ်ပင်နဲ့ လွှဲလွှဲရိုက်နေတာများ အသည်းယားဖို့ကောင်းလိုက်တာ။ မြွေကြီး ငြိမ်သွားမှ တိုက်ဂါးကြီးက လွှတ်ပေးလိုက်တာ။ မြွေကြီးဆိုတာများ တုတ် တုတ်ပင်မလှုပ်။ အမြီးနှံ့နှံ့လေးမှ မနှံ့နိုင်တော့။ တိုက်ဂါးကြီးရဲ့ပါးစပ်မှာလည်း သွေးတွေ ခြင်းခြင်းနီလို့။

ဖေဖေနဲ့မေမေ့ကို ပြန်ပြောပြတော့ ဖေဖေနဲ့ မေမေက တိုက်ဂါးကြီးကို ပွတ်သပ်ချော့မြှူပြီးစကားတွေ တတွတ်တွတ် ပြောကြတယ်။ ကျေးဇူးတင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပဲ ဖြစ်မှာပါ၊ ဖေဖေက မေမေ့ကို ပြောတယ်၊ တိုက်ဂါးကြီးရဲ့လျှာမှာ အနီစက်ပါတယ်၊ အဲဒါကြောင့် တိုက်ဂါးကြီးက မြွေတွေကို နိုင်တယ်၊ သားကြီးကို ကယ်လိုက်တာ တိုက်ဂါးကြီးပဲတဲ့၊

နောက်ရက်တွေ တော်တော်ကြာသွားတယ်၊ သူ ကျောင်းကြီးတက်ရတော့မှာဖြစ်လို့ သန်ဘက်ခါ ပုသိမ်ကို သွားရမယ်လို့ ဖေဖေနဲ့မေမေက သူ့ကို ပြောတယ်၊ ပညာတတ်ကြီးဖြစ်အောင် စာတွေ ကြိုးစားပြီး သင်ရမယ်လို့လည်း ပြောတယ်၊ ဘာဖြစ်မှန်းမသိ၊ အဲဒီညက သူ ကောင်းကောင်းအိပ်မပျော်ဘူး၊ တိုက်ဂါးကြီးကလည်း တဝေါင်းဝေါင်းနဲ့ သဲကြီးမဲကြီး ထိုးထိုးပြီးဟောင်နေတယ်၊ အိမ်ခေါင်ပေါ်က ဖြတ်ပြီး ဘာငှက်မှန်းမသိတဲ့ ငှက်တစ်ကောင်ရဲ့ အော်သံကြီးကိုလည်း ကြားမိလိုက်တယ်၊

မနက်မိုးလင်းတော့ မြံပေါက်ဝနားမှာ တိုက်ဂါးကြီး လဲသေနေတာကို တွေ့ကြရတယ်၊ ပါးစပ်မှာလည်း အမြှုပ်တွေ တစီစီထွက်လို့၊ တိုက်ဂါးကြီးကို သူ ဆောင့်ကြောင့်ထိုင်ကြည့်ပြီး ငိုနေမိတယ်၊ မရှိတော့ဘူး၊ သူ့မှာ ကစားဖော် မရှိတော့ဘူး၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျနေတဲ့သူ့ကို မေမေက လာပြီး မျက်ရည်သုတ်ပေးတယ်၊ ဖေဖေကြီးက တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး "ခွေးလောက်မှ အသိတရားမရှိတဲ့ လူအယုတ်တမာတွေ၊ ငါ့ခွေးကို အဆိပ်ကျွေးသတ်ရတယ်လို့ - ထွီ၊ သင်းတို့ သေရင်လား - ခွေးလိုတောင် သေရလိမ့်မယ် မထင်ဘူး - တောက်"

မေမေလည်းငိုတယ်၊ "ဒါ့ကြောင့်ထင်တယ်၊ အိမ်ပေါ်မှာ ငှက်ဆိုးထိုးသံ ကြားရတာ (၃)ညရှိပြီ" ပြောတယ်၊

"ဘာ - မေမေ - ငှက်ဆိုး - ဟုတ်လား၊ ဟေး - ငါ့ရဲ့တိုက်ဂါးကြီးကို သတ်ပစ်တဲ့ငှက်ဆိုးတွေ - မင်းတို့ကို ငါကြီးလာရင် ပြန်သတ်ပြမယ်ကွ"

"သားကြီး - သားကြီး - သတိထားစမ်း"

အဲဒီနေ့ကစပြီး အဲဒီငှက်ဆိုးဆိုတဲ့ သူ မမြင်ဘူးခဲ့တဲ့ အကောင်ကို အစိမ်းလိုက် ဝါးစားချင်စိတ် ပေါက်သွားခဲ့တယ်ဆိုတာ သေချာတယ်၊

✷



သူ ဂစ်တာ စပြီးတီးတတ်တဲ့ ကလေးမဟုတ်၊ လူကြီးမဟုတ်တဲ့အရွယ် (၈)တန်းနှစ်ကပင်ဖြစ်၏၊ အိမ်ရဲ့ဘေးမှာရှိတဲ့သစ်ပင်မှာ ငှက်ဆိုးထိုးတဲ့အသံကို ကြားရတဲ့အခါ ရင်မှာထိတ်ပြီး စိတ်ထဲမှာ ကြောက်ခဲ့ရပါတယ်ဆိုတဲ့ စိုင်းထီးဆိုင်ရဲ့သီချင်းတစ်ပုဒ်ကို အဓိပ္ပာယ် တိတိကျကျ မသိပါဘဲနဲ့ ဆိုလို့ကောင်းလို့ စိတ်ပါလက်ပါ ဆိုဖူးခဲ့တယ်၊

အဲဒီတုန်းက မေမေရယ်၊ ညီလေးရယ်၊ ညီမလေးရယ်က အိမ်ကြီးပေါ်မှာ အိပ်နေကြမှာ၊ ဖေဖေကတော့ အောင်သိဒ္ဓိလို့ အမည်ပေးထားတဲ့ သဘော်တစ်စီးထောင်ပြီး ကျုံပျော်၊ ကျောင်းကုန်း၊ အိမ်မဲ၊ မြောင်းမြ၊ ပုသိမ်တစ်ကြောမှာ ရေစုန်ရေဆန် မျောနေခဲ့တယ်ထင်ပါရဲ့၊

သီချင်းလည်းဆုံးရော သူ့အနားကိုမေမေ ရောက်လာတယ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြီး သူ့ခေါင်းကနေ ခြေဖျားအထိ လက်ဝါးနဲ့သပ်ချပေးရင်း အိမ်ပေါ် ပြန်ခေါ်လာတယ်၊ အိမ်ပေါ်ရောက်တော့ ဘုရားရှိခိုးခိုင်းတယ်၊ မေမေ့ပါးစပ်ကလည်း "ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ ယောစ မနောပေါ၊ သကုဏဿ သဒ္ဒေါ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု" ဆိုတာကို အခေါက်ခေါက်အခါခါ ရွတ်ဖတ်တယ်၊ ညောင်ရေအိုးက ရေတွေနဲ့ အိမ်နံရံတွေ၊ ပြတင်းပေါက်တွေကို လိုက်ပြီးဖျန်းပက်တယ်၊ သမ္ဗုဒ္ဓေဂါထာတော်ကိုလည်း ရွတ်တယ်၊

"သားကြီး - သွားတိုက်၊ ခြေဆေး၊ ရှူးပေါက်ပြီး အိပ်တော့နော်၊ ညီမလေး နေမကောင်းဘူး" လို့ပြောတဲ့ မေမေ့အသံနဲ့ မျက်နှာမှာ တစ်ခုခုကို စိုးရိမ်ထိတ်လန့် ပူပန်နေပုံမျိုး ဖြစ်နေတာကို ဒီကနေ့အထိ သူ မြင်ယောင်နေမိတယ်၊ မေမေ့ကိုကြည့်ရတာ မိုးမြန်မြန်လင်းပါစေတော့လို့ ဆုတောင်းနေတဲ့ ပုံမျိုးပဲ"

"မေမေ - သားကြီး နှိပ်ပေးမယ်"

"သာဓုကွယ် - သာဓု - သာဓု၊ မေမေ နေကောင်းပါတယ်၊ သားကြီး အိပ်တော့နော်"

www.burmeseclassic.com

ဖေဖေ့အိပ်ရာနဲ့မေမေ့ကိုကန်တော့ပြီး သူ့အိပ်ရာ သူဝင်အိပ်နေခဲ့တယ်။ သူ မေ့ခနဲ အိပ်ပျော်ခါနီးမှာပဲ "ဂီး" လိုလို၊ "ဂဲ" လိုလို၊ "ဂစ်" လိုလိုနဲ့ အက်ရှရှ စူးစူးရဲရဲ အသံကြီးတစ်သံ သူတို့အိမ်ခေါင်ပေါ်က ဖြတ်ပြီးပြန်သွားတယ်။ မေမေ့ရဲ့ သမ္ဗုဒ္ဓေရွတ်သံက ပိုပြီးကျယ်လာတော့သလိုပဲ၊ တော်တော်ညဉ့်နက်မှ သူ အိပ်ပျော်သွားတယ်ထင်တယ်။

မေမေ့ငိုသံကြားလို့ သူ ခုတင်ပေါ်က ခုန်ဆင်းပြီး ပြေးထွက်လာခဲ့တော့ အပြင်မှာ မိုးလင်းတော့မယ်။ မေမေက သူနဲ့ညီလေးကို ကျစ်ကျစ်ပါအောင် ဖက်ပြီး "ညီမလေး - ညီမလေး - မရှိတော့ဘူး" ဆိုပြီး တသိမ့်သိမ့် တလှိုက်လှိုက် ရှိုက်ရှိုက်ပြီး ငိုနေတော့တယ်။ သနပ်ခါးဖွေးဖွေးဖုန်ဖုန်နဲ့ ပက်လက်ကလေး အိပ်ပျော်နေသလို ညီမလေးက ခုတင်ပေါ်မှာ၊ ညီမလေး မရှိတော့ဘူး၊ သူ့ညီမလေး မရှိတော့ဘူး။

✹

ငှက်ဆိုး၊ န - မကောင်းသော နိမိတ်ဟု ယူဆရသည့် စူးရှဆိုးရွားသော အသံဖြင့် ညဉ့်အခါ အော်မြည်တတ်သော ငှက်၊ မိန်ကောင်၊ လင်ကောင်မိုး။

လင်ကောင်ပိုးငှက်၊ လင်ဂေါင်ပိုးငှက်၊ န - ညတွင် ကျက်စားလေ့ရှိသော အသံစူးရှသည့် ငှက်ငယ်တစ်မျိုး၊ မိန်ကောင်၊ ငှက်ဆိုး။

မြန်မာအဘိဓာန်စာအုပ်ကြီးကို ပိတ်ပြီး စာရေးစားပွဲကို ကျောခိုင်းလိုက်တယ်။ စွန့်ခွာခဲ့တဲ့ နှစ်ပေါင်း(၂၀)ထဲမှာ တချို့တော်တော်များများက အပြောင်းလဲကြီး ပြောင်းလဲသွားကြတယ်၊ တချို့တော်တော်များများက ဘာမှပြောင်းလဲမသွားခဲ့ဘူး၊ ခေါင်းရင်းဘက်ခြံထောင့်က မန်ကျည်းပင်ကြီးကို ကြည့်ရတာ ပိုပြီးကျုံ့နေရလာတော့သလိုပဲ၊

သူငယ်စဉ်တောင်ကျေးကလေးဘဝတစ်လျှောက်လုံး အကြာကြီးနေခဲ့ဖူးတဲ့ သူ့ရဲ့ရပ်ရွာဟာ သူ့ကို ထူးဆန်းအံ့ဖွယ် ဂြိုဟ်သားတစ်ယောက်လို ငိုင်းကြည့်ကြတယ်၊ သိပ်ပြီးအားနာဖို့ကောင်းတာက သူ့ကို လာနှုတ်ဆက်ကြသူ တော်တော်များများကို သူမှာ မမှတ်မိဘူးဖြစ်နေတယ်၊ ပုသိမ်၊ မုံရွာ၊ ရေဦး



လမ်းမကြီးကို ခြေကန်ပေးထားတဲ့ မညီမညာ၊ မသပ်မရပ်နဲ့ ကျောက်ခင်းလမ်းမကြီးလေးတောင်မှ ကွန်ကရစ်အဖွေးသားနဲ့ တစ်သွေးတစ်မွေးဖြစ်နေပြီဆိုတော့မှ၊ အင်းလေ - ဒါတွေဟာ တိုးတက်ပြောင်းလဲခြင်းရဲ့သရုပ်ပဲ ဖြစ်တယ်၊

ညနေက ကြုံခဲ့ရတာလေးတွေကို မြင်ယောင်မိလို့ တစ်ယောက်တည်း ရယ်နေရသေးတယ်၊ ဖေဖေနဲ့မေမေရှိတဲ့ တရားစခန်းကို လိုက်သွားပြီး နှုတ်ဆက်ကန်တော့တုန်းကပါ၊ လောကခံရော လောကရဲ့ဒဏ်ရာဒဏ်ချက်တွေတိုပဲ ရင်စည်းပြီး ခံစားခဲ့ရဖူးတဲ့ ဖေဖေနဲ့မေမေတို့ရဲ့ မျက်နှာက ပကတိတည်ငြိမ်အေးချမ်းနေလေရဲ့၊ ဖေဖေနဲ့မေမေတို့အဖို့ ငြိမ်းချမ်းမှုနဲ့ ချမ်းသာရခြင်း

ရုတ်တရက် အိမ်ခေါင်ပေါ်က ဖြတ်ပျံသွားတဲ့ငှက်။
ဆွဲဆွဲငင်ငင် မြည်သံစွဲတစ်ခုပြုလို့ ခေါင်းနားပန်း
ကြီးပြီး ကြက်သီးမွေးညင်း ဖြန်းဖြန်းထသွားလေရဲ့။
အနေးပြကွက်ပုံရိပ်များ၊ မေမေ့ငိုသံ။
တိုက်ဂါးကြီးရဲ့ ဆွဲဆွဲငင်ငင် ထိုးအူသံ။
ညီမလေး မရှိတော့ဘူး။ တိုက်ဂါးကြီး သေပြီ။
ဖေဖေ့သဘော်မြုပ်။ ငါ ကြီးလာရင်
ပြန်သတ်ပြမယ်ကွ။



www.burmeseclassic.com

အစစ်အမှန်ကို ရယူပိုင်ဆိုင်သွားခဲ့ပြီဆိုတာ သေချာခြင်းအစစ်တစ်ခု ဖြစ်တယ်လို့ သူ အကြွင်းမဲ့ ယုံကြည်မိခဲ့တယ်၊ ပြန်ခါနီး ဦးချမိတော့ ဖေဖေက ပြောတယ်၊ "သားကြီး – စိတ်ချမ်းသာသလိုနေ" တဲ့၊ မေမေကလည်း ပြောတယ်၊ "သားကြီး – လိမ္မာမယ်ဆိုရင် လိမ္မာလို့ရတဲ့အရွယ် ရောက်နေပြီနော်" တဲ့၊

တရားစခန်းဇည့်ဆောင်က လှည့်ပြီးအထွက် စကြံထောင့်ချိုးမှာ ယောဂီဝတ်စုံနဲ့ လူတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရလို့ ဘေးဘက်အသာကပ်ပြီး သူ ရပ်ပေးလိုက်တယ်၊

"ဟာ – ဟေ့ကောင်ကြီး – မင်း – မင်း – ဖိုးညီ – ဖိုးညီ – ညီငြိမ်းဆွေ မဟုတ်လား"

ဝမ်းသာအယ်လဲ တရင်းတနှီး အသံသြသြကြီးကြောင့် သူ ကြောင်ပြီး ငေးကြည့်နေမိတယ်၊ ဘုရားပေးပေး၊ ကျမ်းပေးပေး သူ မမှတ်မိ၊

"ဟေ့ကောင်ကြီး – ငါ ကံမြ"

"ဟေ"

အခုမှ အားရပါးရ သူ အော်ပြီးရယ်လိုက် ဖြစ်တယ်၊ တစ်ရပ်လုံး၊ တစ်ကျောင်းလုံး၊ တစ်ရွာလုံးရဲ့အော့ကြောလန်၊ ဆံပင်ရှည်ရှည်ကြီးနဲ့ ဖဲမလွတ် အရက်မလွတ်၊ မကောင်းတာအားလုံး ဘာမှမလွတ်တဲ့ လူဆိုးလူမိုက်ကြီး တရင်းဝင်၊ ဩော် – ခုများတော့လည်း ပုတီးတစ်ကုံးနဲ့၊ ခေါင်းတုံးပြောင်ပြောင်နဲ့၊

"ကိုကို – ဘာလိုသေးလဲ၊ ညီ – လာအိပ်ပေးရမလား"

"နေ – ညီလေး – ပြည့်စုံတယ် – နေ – နေ"

"နည်းနည်းလျှော့နော် – ကိုကို၊ ဖေဖေနဲ့ မေမေ တရားစခန်းဝင်နေတုန်း"

"အေးပါကွာ – သွား – သွား – ရတယ်"

ဩော် – ညီလေးမှာတောင် မယားနဲ့ သားနဲ့ သမီးနဲ့၊ အနိုင်အမာ စီးပွားရေးလုပ်ငန်းတွေနဲ့၊ လူ့ဘဝ ဖြစ်စဉ်တစ်ခုရဲ့ စင်တင်ပြဇာတ်တစ်ပုဒ်ထဲ ကိုယ်တိုင်ခင်းကျင်းနေပါပေါ့လား၊



လေးထောင့်ပုလင်းကြီးရဲ့အဖုံးကို ဖွင့်အပြီးမှာပဲ တစ်လမ်းထဲနေတဲ့ ကျောင်းနေဖက်သူငယ်ချင်း လူပျိုကြီး အောင်လင်းနိုင် ရောက်လာတယ်၊

"မင်းကွာ – နေနိုင်လိုက်တာမှ လွန်ရောပဲ၊ ဒီလောက်တောင်မှ ရပ်ပစ်၊ ရွာပစ် အကြာကြီးခွဲသွားလိုက်တာ၊ နို့ – နေပါဦး၊ မင်းက ပန်းရိုးဆရာ၊ ကဗျာဆရာ လုပ်နေတယ်ဆို၊ ဝမ်းသာတယ် – သူငယ်ချင်းရာ၊ မင်းမပြန်ခင် ငါ့ကောင်မလေးရဲ့ပုံတူလေးတစ်ပုံလောက် ဆွဲပေးစမ်းပါဟ"

ဖန်ခွက်ထဲကို လက်(၃)လုံးလောက်ထည့်၊ ရေအပြည့်ရောပြီး တစ်ကျိုက် မော့သောက်လိုက်တယ်၊

"ဖိုးအောင် – နည်းနည်းလုပ်သွားပါဦးလား"

"ဟာ – နေနေ – ငါ ဥပုသ်ကြီးနဲ့"

ဖန်ခွက်ကို သူ မော့သောက်ပြီး စုတ်တံကို ဆေးစပ်ခွက်မှာထိတော့ –

"ဒါ – ဒါ – မင်းရဲ့ပန်းရိုကားဆိုတာတွေလား"

သူ့ကို စိတ်နေမှ ကောင်းရဲ့လား၊ သံသယမျက်လုံးတွေနဲ့ ကြည့်ပြီး ဘုရားတ,ပြီး ဆင်းသွားတဲ့ အောင်လင်းနိုင် လူပျိုကြီးကို နောက်ထပ် သူ မတွေ့ရတော့ပေ၊

ဩော် – ဒီအိမ်ကြီးမပေါ်မှာ သူတို့ညီအစ်ကို မောင်နှမတွေ စုံစုံညီညီ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နဲ့ တစ်ချိန်က အတူနေဖူးခဲ့ကြပါတယ်၊ သူ ငယ်ငယ်က တီးခဲ့တဲ့ဂစ်တာလေးက စာအုပ်ဗီရိုတွေရဲ့ညာဘက်ထောင့်မှာ၊ အိုမင်းပေမယ့် စွမ်းနေသေးတဲ့ တိုင်ကပ်နာရီကြီးက တချက်ချက်နဲ့ ပုံမှန်အသံအတိုင်းပဲ ဖြစ်တယ်၊

ရုတ်တရက် အိမ်ခေါင်ပေါ်က ဖြတ်ပျံသွားတဲ့ငှက်၊ ဆွဲဆွဲငင်ငင် မြည်သံစွဲတစ်ခုပြုလို့၊ ခေါင်းနားပန်းကြီးပြီး ကြက်သီးမွှေးညင်း ဖြန်းဖြန်းထသွားလေမို့ အနေးပြကွက်ပုံရိပ်များ၊ မေမေ့ငိုသံ၊ တိုက်ဂါးကြီးရဲ့ ဆွဲဆွဲငင်ငင် ထိုးအူသံ၊ ညီမလေး မရှိတော့ဘူး၊ တိုက်ဂါးကြီး သေပြီ၊ ဖေဖေ့သဘော်မြုပ်၊ ငါကြီး ဘောရင် ပြန်သတ်ပြမယ်ကွ၊

"ဂီး – ဂစ်"



www.burmeseclassic.com

www.burmeseclassic.com

ဖန်ခွက်ထဲ ထပ်ဖြည့်၊ ရေရောမိသလား။ ရေမရောဖြစ်ခဲ့ဘူးလား၊ သူ မစဉ်းစားဖြစ်။ ဘယ်လိုလုပ်ပြီး မန်ကျည်းပင်ပေါ်ရောက်လာခဲ့သည်ကိုမသိ။ ပြုက္ခဒိန်မကြည့်ဖြစ်ခဲ့တာလည်း ကြာပြီဖြစ်လို့ ဘယ်နရက်နေ့ညမှန်းလည်း မသိတော့။ လရောင်ယဲ့ယဲ့နှင့် ကြယ်ရောင်မွဲမွဲကို မြင်သည်။ စူးစူးဝါးဝါး ဆိုးဆိုးရွားရွား ငှက်တစ်ကောင်ရဲ့သံစဉ်က သူရောက်နေတဲ့မန်ကျည်းပင်ကို ပတ်ပတ်လည်လည် ဝိုင်းရံလို့။

သစ်ခေါင်းထဲကို ဓာတ်မီးထိုးပြီး ကြည့်လိုက်တော့ ငှက်ပေါက်စနလေး လေးကောင်က ပါးစပ်ဖြဲပြီး တရှီးရှီးအော်နေကြတယ်။ ရှီးရှီးရှဲရှဲနဲ့ လေပြည် ထဲမှာ ဘယ်ကပါလာမှန်းမသိတဲ့ ညမွှေးပန်းရနံ့ကို ရှုရှိုက်လိုက်ရတယ်။ ဒါ ငှက်ဆိုးအလောင်းအလျာလေးတွေလား။ ဟာ - မဟုတ်သေးပါဘူး။ သဘာဝ တရားက သူ့အတိုင်းအတာနဲ့သူ ဖန်ဆင်းထားတဲ့ စကြဝဠာထဲမှာ သူတို့ အသက်ရှင် ရပ်တည်ရေးအတွက် သူတို့ တည်ဆောက်နေကြရရှာတာ ဖြစ်တည်မှု။ သူတို့အဖေနဲ့အမေက သူတို့လေးတွေစားဖို့ အစာရှာထွက်နေ ကြတယ် ထင်ပါရဲ့၊ ညငှက်ချင်းအတူတူ ဇီးကွက်ကိုတော့ လာဘ်ကောင်ဆို လား၊ လင်ကောင်ပိုးကျတော့ ငှက်ဆိုးတဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ငှက်ဟာ ငှက် ဖြစ်တဲ့ ဘဝမှာ ပျံရင်း သေကြရတာက ပိုပြီးမမြင့်မြတ်ဘူးလားကွယ်၊ နီတာ ရဲရဲ ငှက်ပိစိလေးများကို ဓာတ်မီးနဲ့ သေချာထိုးကြည့်မိပြန်သည်။

အဲသည့်အချိန်မှာပဲ ... ဂီးလိုလို၊ ဂဲလိုလို၊ ဂစ်လိုလိုနဲ့ ငှက်တစ်ကောင်ရဲ့ အော်ဟစ်သံကို အနီးကပ်ကြားလိုက်ရပြီး လက်ဝါးကြီးနှစ်ဖက်နဲ့လား၊ အတောင်ပံတစ်စုံနဲ့ပဲလား မသိတဲ့ ရိုက်ချက်ပြင်းပြင်းက သူ့မျက်နှာပေါ် အားသွန်ခွန်စိုက် ကျရောက်လာခဲ့ခြင်းပဲ ဖြစ်သည်။

▶▶ ညီညီငြိမ်းချမ်း



www.burmeseclassic.com

# ရန်ကြီးအောင်၏ မိုးဆယ်

တက္ကသိုလ် အပန် ယယ်

တစ်နေ့သော ရက်တစ်ရက်တွင် ကျွန်တော်၏ မွေးစားအဖေလည်းဖြစ်၊ သင်ဆရာ မြင်ဆရာလည်း ဖြစ်သော ဆရာ၏ နေအိမ်သို့ ကျွန်တော် ရောက်သွားပါသည်။ ဆရာ့ခြံဝသို့ ရောက်မဆိုက်ပင် ...

"ဟာ - မောင်ပန်၊ မင်း လာတာနဲ့အတော်ပဲ၊ ဆရာ မင်းကို ပြစရာရှိတယ်၊ အိမ်ထဲကို ဝင်လာခဲ့ကွာ"

ပြောပြောဆိုဆိုနှင့်ပင် ဆရာသည် ဧည့်ခန်းထဲသို့ လှမ်းဝင်သွား၏။

"ဟုတ်ကဲ့"

ဟု အလျင်မီလေး ပြန်ဖြေရင်း ဆရာ့နောက်မှ လိုက်ဝင်ခဲ့သည်။ ဧည့်ခန်းထဲတွင် ဗီဒီယိုပြစက်တစ်လုံးနှင့် အလုပ်ရှုပ်နေသော ဆရာက ...

"မောင်ပန်ရေ - မင်းကို ဒီအခွေလေးပြမလို့ မင်း စိတ်ဝင်စားပါလိမ့်မယ်" ဟု ပြောရင်း အခွေဖွင့်ပြပါသည်။

အခွေထဲမှာ ပါသောအကြောင်းအရာများကို ကျွန်တော် စိတ်ဝင်တစား ကြည့်နေရင်း ဆရာ့ကို လှမ်းကြည့်လိုက်သောအခါ ဆရာက ဘယ်လိုသဘောရလည်းဟူသောအကြည့်ဖြင့် ကျွန်တော့်အား ပြန်ကြည့်ပါသည်။ အခွေဆုံးသောအခါ ကျွန်တော်ကပဲ စတင်ပြီး ...

"ဆရာရေ - ဒီအခွေထဲက အကြောင်းအရာတွေက တကယ့်ကို အပြင်မှာ ဖြစ်နေသလိုပဲနော်"

ဆရာက ပြုံးစပ်စပ်လုပ်ရင်း ...

"မင်းက ဘယ်လိုထင်လို့လဲ"

ကျွန်တော် အတွေးနှင့် စဉ်းစားရင်း ဆရာ့မျက်နှာကို လှမ်းအကြည့် ဆရာကပဲ ဆက်၍ ...

"ဒီအဖြစ်အပျက်က အမှန်ပါပဲ၊ မင်းကို ဆရာ ပြောပြချင်လို့ ဒီအခွေကို ပြတာပေါ့၊ ဆရာက ကိုယ်တိုင်မကြုံရပေမဲ့ ဆရာ့ညီအရင်းက ပြောပြတာနဲ့ ကဲ - ဒါဆိုလည်း မင်းကိုယ်တိုင် ဗီဒီယိုရိုက်ယူလာခဲ့ကွာဆိုပြီး စက်နဲ့အခွေပါပေးပြီး ရိုက်ခိုင်းလိုက်တာ၊ အခု ဆရာကိုယ်တိုင်တောင် ယုံရခက်ခက်ဖြစ်နေတယ်၊

"ကဲပါလေ - ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဇာတ်လမ်းက ဒီလိုကွ"

✷

အချိန်ကား ၁၉၈၄ - ၈၅ ခုနှစ်ခန့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ခေတ်၊ ကောင်စီခေတ်ကာလများပင် ဖြစ်၏။ သာယာဝတီခရိုင်၊ သုံးဆယ်မြို့ အပိုင် ဤရွာကလေး၏ အမည်မှာ "ရန်ကြီးအောင်" ဟု အမည်တွင်ပါသည်။ သုံးဆယ်မြို့နှင့်ဆိုလျှင် မှန်းခြေ (၇)မိုင်ခန့် ဝေး၏။ ထိုမျှ ဝေးလံသော ရွာကလေးမှ ကိုမြခင်တစ်ယောက် လှည်းအကြုံတစ်မျိုး၊ခြေကျင်တစ်ဖုံတို့ဖြင့် သုံးဆယ်မြို့ပေါ်တွင် ကျောင်းလာတက်ရခြင်း ဖြစ်သည်။ ကိုမြခင်သည် မိဘများ၏ လက်ငုတ်လက်ရင်း လယ်ယာအလုပ်ကို ကူညီလုပ်ကိုင်ရင်း မြို့ပေါ်တွင် ကျောင်းတက်ကာ ရန်ကုန်ရှိ ဒေသကောလိပ်တွင် ဘွဲ့တစ်ခု ရရှိခဲ့သူ ဖြစ်သည်။

www.burmeseclassic.com

မျက်စိတစ်ဆုံးထိ ရှည်လျားသော မိဘများ ချန်ထားခဲ့သည့် လယ်မြေများကို ကိုမြခင် ငေးကြည့်နေရင်း ထယ်ထိုးခြင်းကို လက်စသတ်ကာ ရွာထဲမှ ထမင်းလာပို့မည့် ဇနီးသည် မညိုလှကို မျှော်နေမိသည်။ ညိုလှသည် မြခင်တို့ရွာ၏ ကွမ်းတောင်ကိုင်၊ ရွာထဲရှိ ကာလသားများ ညိုလှအနားသို့ သီ၍ပင် မရ၊ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်သော မြခင်သည် ရပ်ကျိုးရွာကျိုးကို ဝါသနာပါသူပီပီ အင်တိုက်အားတိုက် ဆောင်ရွက်တတ်သူဖြစ်သောကြောင့် ရွာရှိ လမ်းစဉ်ပါတီဝင် လူကြီးသူမများ၏ ထောက်ခံတင်မြှောက်မှုဖြင့် ကျေးရွာကောင်စီ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ထို့အတူ ညိုလှအပေါ် တစ်ဖက်သတ် စွဲလမ်းခဲ့ရသော မြခင်သည်လည်း လူရှိသေရှင်ရှိသေ ရာထူးအရှိန်ကလေးဖြင့် ညိုလှ၏ မိဘများက ကြည်ဖြူခွင့်ပြုမှုဖြင့် ညိုလှနှင့် အိမ်ထောင်ပြုကာ ယခုအခါ သမီးလေးပင် (၃)နှစ် ပြည့်ခဲ့ပြီ။

ထမင်းထည့်ထားသောတောင်းကို ရွက်လျက် လက်တစ်ဖက်မှလည်း ချိုင့်ကိုဆွဲရင်း တာရိုးပေါ်မှ ဆင်းလာသော ညိုလှကို မြခင် လှမ်းကြည့်ကာ -

"မြန်မြန်လာပါဟ - ညိုလှရ၊ ငါ့မတော့ ဗိုက်ဆာလှပေါ့"

"လာနေပါပြီတော်ရေ - တကယ်တဲ၊ ကျုပ်ခြေ ဘီးတပ်မထားဘူး တော်ရေ"

ညိုလှ ပြောပြောဆိုဆို ထမင်းတောင်းချကာ မြခင်အား ထမင်းပွဲပြင်ပေး၏။ မြခင်လည်း ဆာဆာနှင့် စားရင်း ...

"ဟဲ့ - ညိုလှ၊ မင်းလည်း ဝင်စားလေ"

"တော်ပါပြီ - ကိုရင်ရယ်၊ အဖေ ဝေယျာဝစ္စကိစ္စတွေကိုလုပ်ပေးပြီး သမီးလေးကို ရေမိုးချိုး၊ ထမင်းကျွေးရင်း သူ့ဘိုးအေနားမှာ ဆော့နေတုန်း ထားခဲ့ပြီး ကိုရင့်ဆီကို ထွက်လာခဲ့တာ ဖတ်ဖတ်ကိုမောနေတာပါပဲ၊ ထမင်းစားချင်စိတ်လည်း မရှိသေးပါဘူးတော်"

ညိုလှတစ်ယောက် မြည်တွန်တောက်တီးရင်း မြခင် ထမင်းစားနေသည်ကို လှမ်းကြည့်နေ၏။

"ညိုလှ၊ မင်းအဖေရော သက်သာရဲ့လား၊ ဘယ်လိုနေသေးလဲ၊ ငါဒီတစ်ခါ မြို့ပေါ်ကို ကျေးရွာကိစ္စနဲ့ ပါတီစည်းဝေးတက်ရင်း ရန်ကုန်က ငါ့မိတ်ဆွေ ဆေးဆရာဆီကို သွားမလားလို့ စဉ်းစားတယ်"



စကားစဖြတ်ကာ ညိုလှကို မြခင် လှမ်းကြည့်လိုက်သည်။ မြခင်ကို ညိုလှက ပြန်ကြည့်ရင်း ...

"အဖေက ဒီလိုပါပဲ အသက်ကြီးပြီဆိုတော့ လူကြီးနာနေမှာပေါ့" ဟု ပေါ့ပေါ့တန်တန် ညိုလှ ဖြေ၏။

"ဟာ - မဟုတ်သေးပါဘူး ညိုလှရာ၊ တစ်နည်းနည်းနဲ့ အမြစ်ပြတ်အောင် ကုရမှာပေါ့၊ ကြာလေ အားယုတ်လေဖြစ်လာမယ်၊ ဒီကြားထဲ ကလေးကိုလည်း ဂရုလေး ဘာလေး စိုက်ဦး၊ ခဏခဏ ချူချာနေတယ်"

ထမင်းစားသည့်ကိစ္စ ပြီးစီး၍ သိမ်းဆည်းစရာရှိသည်များကို သိမ်းဆည်းပြီး ညိုလှ ပြန်သွားသောအခါ ထမင်းဆိပ်ဖြေရင်း ညိုလှအဖေကိစ္စ၊ သမီးလေးချူချာသည့်ကိစ္စ၊ ကျေးရွာအတွက် မြို့တက်၍ ပါတီစည်းဝေးကိစ္စများကို စဉ်းစားရင်း မြခင်တစ်ယောက် အတွေးနယ်ချဲ့ကျန်ခဲ့သည်။

✱

အတော်အသင့် ကျယ်ဝန်း၍ ကြည်ညိုသပ္ပာယ်ဖွယ်ရာအတိပြီးသော ဘုရားခန်းအတွင်းတွင် မျက်ခုံးထူထူ၊ အသားရေ မဖြူမညို၊ အရပ်ထောင်ထောင် မောင်းမောင်းနှင့် အသံကြြဲအတိပြီးသော အဘဆရာနှင့်အတူ တပည့်သားမြေးများ တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာဒ္ဒိဂိုဏ်းတက်ပွဲအတွက် အလုပ်ရှုပ်နေဟန်တူ၏။ ကိုမြခင်သည် အခန်းဝမှ ရပ်ကြည့်နေစဉ် အဘဆရာမှ လှမ်းမြင်သွားပြီး ...

"ဟာ - ဟော့ ကိုမြခင် လာလေဗျာ၊ ဂိုဏ်းတက်ပွဲအတွက် ဆွေးနွေးနေတာနဲ့ ခင်ဗျား ဝင်လာတာကို မမြင်လိုက်ဘူး ဖြစ်သွားတယ်"

"ရပါတယ် - ဆရာရယ်"

ပြောပြောဆိုဆိုနှင့် ကိုမြခင်သည် အဘဆရာနံဘေးတွင် ဝင်ထိုင်လိုက်၏။ ဆရာက ဆက်၍ပြောသည်။

"ကိစ္စ အထွေထူးရှိလား၊ ကိုရင့် ယောက္ခမထီးရော အခြေအနေ ဘယ်လိုရှိလဲ"

"ဘာရယ်လို့တော့ ကိစ္စအထွေအထူး မရှိပါဘူး ဆရာရယ်၊ အလုပ်ကိစ္စနဲ့ လာရင်း တိုင်ပင်စရာလေးရှိလို့ အဘဆရာဆီကို လှည့်ဝင်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com

အဖန်ရေတစ်ခွက် အကြွမ်းအိုးမှ ငှဲ့ထည့်ရင်း ပြန်ဖြေလိုက်သည်။ ထိုအခါ အဘဆရာက ...

"ကဲ - ဒါဆိုလည်း အချိန်ရရင်ဖြင့် ဖြေးဖြေးဆေးဆေး နားလှည့်ဦး။ ဒီက ကိစ္စလေးတွေပြီးရင် ဆွေးနွေးကြတာပေါ့"

အဘဆရာကို စောင့်ရင်း ကိုမြခင်တစ်ယောက် လွန်ခဲ့သော (၃)လ ခန့်က ရွာသို့ အကြောင်းကိစ္စတစ်ခုဖြင့် ဆရာ ရောက်ရှိလာစိုက် ကိုမြခင် အိမ်သို့ ဝင်လည်ရင်း ယောက္ခမဖြစ်သူအား ကြည့်ရှုနှုတ်ဆက်စဉ် မလိုလား သောအကြည့်ဖြင့် ပြန်ကြည့်နေသည့် ယောက္ခမကြောင့် အဘဆရာအား အားနာရသည့်အဖြစ်ကို ပြန်စဉ်းစားနေမိသည်။ အဘဆရာက ...

"ကိုမြခင်ရေ - ကြုံရင် ကျုပ်ဆီကို လာခဲ့ဦးဗျာ။ ခင်ဗျားနဲ့ ဆွေးနွေးစရာ လေး ရှိတယ် အချိန်မလွန်ခင်ပေါ့"

အဲဒီအချိန်တုန်းက အဘဆရာ ပြောသွားသောစကားသည် မည် သည့် အဓိပ္ပာယ်ဖြစ်မည်ဟု တွေးနေစဉ် အဘဆရာမှ ...

"ကိုမြခင်ရေ - ဒီကိုလာဗျာ၊ ကိုရင့်ကိစ္စလေး ဆက်ပြောရအောင်"

စကားဆုံးသည်နှင့် အဘဆရာအနားသို့ နီးနိုင်သမျှ တိုးသွားရင်း ...

"ဒီလိုပါ - ဆရာရယ်၊ အရင်တစ်ခေါက် ဆရာရောက်လာရင်း ပြောသွား တဲ့စကားရဲ့အဓိပ္ပာယ်ရယ်၊ ဒီနောက်ပိုင်း ကျွန်တော့်သမီးလေး ချူချူချာချာ ဖြစ်နေတဲ့ ကိစ္စလေးတွေကို သိချင်လို့ ဆရာ့ဆီကို ရောက်လာတာပါ"

အဘဆရာက ကျွန်တော့်အား ခေါင်းတညိတ်ညိတ်ဖြင့်ပြုံး၍ ကြည့်နေ ရင်း ...

"ဆက်ပါဦး - ကိုမြခင်"

ဆရာ့စကားဆုံးသည်နှင့် ...

"ပြောရမယ်ဆိုရင် ဆရာရယ်"

စကားဖြတ်၍ သက်ပြင်းမှူဦးမှူဦးချ၏။

"ဆရာ ရောက်မလာခင် နှစ်ပတ်၊ သုံးပတ်အလိုလောက်က ကျွန် တော့် ယောက္ခထီးကြီးတစ်ယောက် လူကြီးနာပုံစံမျိုးနဲ့ တရှောင်ရှောင်ဖြစ် ပြီး မစားမသောက်ဘဲ အိပ်ရာထဲ လဲတော့တာပဲ ဆရာ



အဘဆရာက ...

"ကိုရင်တို့က ဆရာလေးဘာလေးပြပြီး မကုဘူးလား"

"ဟာ - ဆရာရယ် - မကုဘယ်နေပါ့မလဲ။ ဆရာရောက်မလာခင် နှစ် ရက်၊ သုံးရက်အလိုကြတော့ ထူထူထောင်ထောင်ပြန်ဖြစ်ပြီး စားလိုက်တာမှ တစ်အား။ "နင့်နေတာပဲ"။ သမီးလေးကိုလည်း သူ့အနားက မခွာတော့ဘူး။ အဲဒီထဲက သမီးလည်း ချူချာလိုက်တာမှ တအားပါပဲ ဆရာရယ်"

ကိုမြခင်တစ်ယောက် မောသွားဟန်ရှိ၏။ စကားရပ်ပြီး အဖန်ရေတစ် ခွက် ကျိုက်ခနဲနေအောင် မော့သောက်လိုက်သည်။ ပြီးမှ ဆက်၍ ...

"ကလေးက ချူချာလွန်းအားကြီးတော့ သူ့အနားက ခေါ်ချင်ပေမယ့် ငြင်ပြီး စိတ်ခုသွားမှာစိုးလို့ ဒီအတိုင်းကြည့်နေရတယ်ဗျာ"

အဘဆရာသည် ကိုမြခင်စကားကို ငြိမ်၍ နားထောင်နေရာမှ ...

"ကဲ - ကိုရင်၊ သေသေချာချာ နားထောင်၊ ကိုရင့် ယောက္ခထီးကြီးက ပုံမှန်မဟုတ်တော့တာ သေချာနေပြီ"

ဆရာ့စကားဆုံးသည်နှင့် ကိုမြခင်က ...

"ဆရာ ဆိုလိုတာက ဟိုလိုလို သည်လိုလိုများလား"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ကိုမြခင် မေး၏။ ဆရာက တွေးရင်း ...

"အင်း - ဖြစ်ဖို့ များတယ်။ ဖုတ်ဝင်တယ်လို့ ဆိုရမှာပေါ့"

"ဗျာ" ဟု ပင် အသံကျယ်လောင်စွာဖြင့် ကိုမြခင် တအံ့တသြဖြစ်သွား ရသည်။ ဆက်၍ ...

"ဒီလိုဆိုရင် ဘာဆက်လုပ်ရမလဲ ဆရာရယ်" အဘဆရာက ...

"စိတ်အေးအေးထားပါဗျာ၊ မပူပါနဲ့။ ကျုပ်မှာ နည်းလမ်းရှိပါတယ်။ အရေးကြီးတာက ကိုရင့်မိန်းမက သူ့အဖေ ဒီလိုဖြစ်နေတာကို လက်ခံဖို့ပဲ လိုတယ်။ ဒါမှ ကျုပ် ဆက်လုပ်လို့ရမှာ"။ "နောက်ပြီး - ကလေးကိုလည်း ဖြတ်နိုင်သလောက် သူ့အနားကို မကပ်စေနဲ့။ အသွေးအသားစုတ်တဲ့ ဖုတ် ဖြစ်ချေ ရှိတယ်ဗျ"

ကိုမြခင်က ဆရာ့ကိုကြည့်ပြီး "ဒီကိစ္စကို ကျွန်တော့် တာဝန်ထားပါ ဆရာ။ အရေးကြီးတာ ကျွန်တော့်သမီးလေး အန္တရာယ်မဖြစ်ရေးပါ ဆရာ"

www.burmeseclassic.com

အဘဆရာက ခပ်ဆဆတွေးရင်း ...

"ဒီလိုလုပ် – ကိုရင်၊ ခင်ဗျား အိမ်ကိုပြန်ရောက်ရင် အဘိုးကြီး လစ်လောက်တဲ့အချိန် သူ့အိပ်ရာအောက်မှာ ဩဇာကိုင်းတစ်ကိုင်း ရာချိုးပြီး ထည့်ထားလိုက်၊ အခြေအနေကိုစောင့်ကြည့်နေ၊ ခင်ဗျား ပြန်ပြီး နောက် နှစ်ရက်နေရင် ကျွန်တော် နောက်ကနေ လိုက်လာခဲ့မယ်"

✹

အဘဆရာထံမှ ကိုမြခင်တစ်ယောက် ရွာသို့ ပြန်ရောက်ပြီးနောက် ဆရာခိုင်းသည့်အတိုင်း ပြုလုပ်ပြီး အခြေအနေကို စောင့်ကြည့်နေ၏။ ထူးခြားမှု အရိပ်ယောင် လုံးဝမတွေ့၊ ညိုလှကို ဖွင့်ပြောရန် အခက်တွေ့နေသည်။ တစ်နေ့ ဇနီးဖြစ်သူ ညိုလှကို မသာယာသောအသံတစ်သံဖြင့် ယောက္ခထီးဖြစ်သူက လှမ်းခေါ်၏။

"ဟဲ့ – ညိုလှ၊ ငါ့အနားလာဦး ပြောစရာရှိတယ်"

"ဟုတ်ကဲ့ – လာပြီ – အဘ"

ညိုလှတစ်ယောက် အသံပေးရင်း သူ့အဖေအနားသို့ ရောက်သွား၏။ သားအဖနှစ်ယောက် တီးတိုးဘာတွေပြောသည်မသိ၊ ညိုလှတစ်ယောက် မျက်စိပျက်မျက်နှာပျက်နှင့် ကျွန်တော့်အနား ရောက်လာသည်။

"မင်းအဖေ ဘာတွေပြောလိုက်လို့ ဒီလိုဖြစ်လာတာလဲ"

ညိုလှက စိတ်ပျက်သော အမူအရာဖြင့် ...

"ဘာဖြစ်ရမလဲတော် – အဖေပေါ့ သူ့ကို မသန့်ခွါတော့ဘူးလား၊ မကျွေးချင်တော့ဘူးလား၊ မနေစေချင်တော့ဘူးလားနဲ့၊ စုံစီနေတာပါပဲတော်၊ ခုမှလာပြီး ထူးထူးဆန်းဆန်းပြောလို့၊ အိမ်ထောင်စကျကတည်းက တော်နဲ့ ကျုပ်ပဲ ပြုစုစောင့်ရှောက်လာခဲ့တာကို"

ညိုလှတစ်ယောက် မကျေမနပ်မြည်တွန်တောက်တီးရင်း လုပ်လက်စအလုပ် ဆက်လုပ်နေ၏။ အဘဆရာထံမှ ပြန်ရောက်ပြီး ထူးခြားမှုမရှိသော အခြေအနေကို စောင့်ကြည့်ရင်း နှစ်ရက်အကြာတွင် ရွာထိပ်တောင်ပိုင်းမှ ကာလသားခေါင်း သန်းငွေတစ်ယောက် အပြေးပေါက်ရောက်လာရင်း ရွာတောင်ပိုင်းတွင် အဘဆရာ ရောက်နေကြောင်း၊ ကိုမြခင်ကိုပါ သူနှင့်အတူ တစ်ပါတည်း လိုက်လာခဲ့ပါရန် မှာလိုက်ကြောင်း ပြော၏။ ကျွန်တော်လည်း သန်းငွေနောက်သို့ ကတိုက်ကရိုက် လိုက်သွားတော့သည်။

ရွာတောင်ပိုင်းသို့ ရောက်သောအခါ ကွပ်ပျစ်ပေါ်တွင် မိန့်မိန့်ကြီးထိုင်၍ မြခင်အား မျှော်နေဟန်ရှိသော အဘဆရာက ...

"လာဟေ့ – ကိုရင့်ကို မျှော်နေတာ၊ ဒီကနေ လုပ်သင့်တာမှန်သမျှ ကျုပ် လုပ်ပြီးသွားပြီ၊ ဟောဟို ဘုရားခန်းမှာ ပွဲတွေလည်း ထိုးထားတယ်၊ သာသနာပွဲပါ အပါပေါ့"

သန်းငွေ၏ အိမ်ထဲသို့ ညွှန်ပြရင်းပြော၏။ အဘဆရာက ဆက်ပြီး ...

"ကိုရင် လုပ်ရမှာက ကျုပ်နဲ့အတူ ကိုရင့်အိမ်ကို သွားမယ်၊ ပြီးရင် ယောက္ခထီးကြီးရှိတဲ့နေရာကိုသာ ခေါ်သွားပေတော့"

ပြောပြောဆိုဆိုနှင့် အဘဆရာသည် ထိုင်ရာမှထ၍ မြခင်အိမ်သို့ သွားဟန် ပြင်လေ၏။

✹

မြခင်နှင့်အတူ အဘဆရာ၊ သန်းငွေ၊ ဘကြီးစန်းမြင့်တို့ အပါအဝင် လိုက်လာကြပြီး အိမ်ခြံဝရောက်သောအခါ အဘဆရာက လက်ကာပြရင်း ခေတ္တရပ်ကာ မန္တန်ကဲ့သို့သော ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ ပြီးမှ အိမ်ထဲသို့ဝင်ရန် မျက်ရိပ်ပြပါသည်။ ယောက္ခထီးကြီးနေသောအခန်းသို့ ကိုမြခင်မှ ဦးဆောင်ခေါ်သွားကာ အိပ်ခန်းထဲသို့ ရောက်သည်နှင့် ကျွန်တော်တို့အဖွဲ့ကို မြင်သောအခါ ကျွန်တော့်ဇနီးညိုလှ၊ သမီးကလေးနှင့် အတူရှိနေသော ယောက္ခထီးကြီးသည် မျက်စိပျက် မျက်နှာပျက်အမူရာဖြင့် လှမ်းကြည့်ရင်း ခြေဆင်းထိုင်လျက် အနိုပ်ခံနေရာမှ "ဝုန်းခနဲ" အိပ်ရာပေါ်သို့ လဲ့ချလိုက်ပါတော့သည်။ ထိုအချိန်တွင် အဘဆရာသည် အလျင်အမြန်ပင် ယောက္ခထီးအနီးသို့ ရောက်သွားပြီး လက်မှ တစ်ခုခုကိုဆုပ်ကိုင်ထား၍ မျက်နှာကို သပ်ချကာ ...

"ဘယ်လိုလဲ – ဗိုးဆယ်၊ မင်း – မသေသေးဘူးလား"

ဟု ပြောလိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အားလုံး ကြက်သေ သေသွားကြသည်။ အရုပ်ကြိုးပြတ်လဲကျသွားသော ဖိုးဆယ်တစ်ဖြစ်လဲ ကျွန်တော့် ယောက္ခထီးကြီးသည် သူ့အိပ်ရာပေါ်၌ အသက်မရှိတော့၊

"အမလေး - အဘရဲ့ ဘယ်လိုဖြစ်ရတာလဲ"

ကျွန်တော့်ဇနီး ညိုလှနှင့် သမီးလေးတို့ကတော့ ရှိုက်ကြီးတငင် ငိုလေပြီ၊ အဘဆရာက မြခင်အား လက်တို့ခေါ်သွားပြီး ...

"ကိုရင် - ဒီအလောင်းကို ဖြစ်နိုင်မယ်ဆိုရင် မြန်မြန်သင်္ဂြိုဟ်စေချင်တယ်၊ အချိန်မဆွဲစေချင်ဘူးဗျာ၊ ကျန်တာကတော့ ခင်ဗျားအပိုင်းပဲ"

ဟု ပြောကာ သူ့လက်ထဲက ပစ္စည်းလေးကို ကျွန်တော့် လက်ထဲထည့်သွား၏၊ ဖွင့်ကြည့်လိုက်တော့ ဩဇာသားနှင့် ပြုလုပ်ထားသည့် ပုတီးတစ်ကုံးပါ၊

ဇနီးသည်ဆန္ဒအရ ဆွေမျိုးသားချင်းစောင့်ရန် (ရွာလေ့ ခုနစ်ရက်အစား) သုံးရက်ဖြင့်သာ ကျေနပ်ပါရန် မနည်းချော့မော့ပြောဆိုယူရသည်၊ အဘဆရာ မှာခဲ့သောစကားကလည်း ရှိသေးသည်၊ ဘာဖြစ်မည်မှန်းမသိ မြခင်တစ်ယောက် ရင်တထိတ်ထိတ်နှင့် (ရွာထုံးစံအရ ရွာထိပ်အပြင်တွင်) အလောင်းကို သေချာထုပ်ပိုးပြီးပြင်ထား၏၊ ကျွဲညအလောင်းစောင့်ရန် ရွာရှိကာလသားများကို တာဝန်ပေးထားသည်၊

ညသည် တိတ်ဆိတ်၏၊ ကာလသားခေါင်း သန်းငွေနှင့် အပေါင်းအပါများသည် ရွာထိပ်၌အလောင်းစောင့်ရင်း အရက်ဝိုင်းဖွဲ့ကာ ဖဲကစားနေကြသည်၊ ဖဲဝိုင်းထဲတွင် အာရုံရောက်နေကြသဖြင့် တစ်ချက် တစ်ချက် အသံတစ်သံ ပျံ့လွင့်လာသည်ကို သတိမမူမိ၊

"ခြစ် - ခြစ် - ကျွီ - ကျွီ"

အပေါ့သွားရန် ထလာသည့် ညိုကြီး သဲ့သဲ့ကြားရသောအသံကို နားစွင့်ရင်း ကျန်လူများကို လက်တို့လိုက်သည်၊

"ဟေ့ကောင်တွေ နားထောင်ကြည့်စမ်း၊ ကုတ်ခြစ်တဲ့အသံ ကြားရလား"

"အေး - ငါတို့လည်း ကြားတယ်"



သန်းငွေက ပြန်ဖြေရင်း တစ်ဖွဲ့လုံးပြင်ထားသော အလောင်းစင်ကို မြှိုင်တူ လှမ်းအကြည့် ...

"ဝုန်း - ဒုန်း - ငါ့ကို အခေါင်းဖွင့်ပေးစမ်း"

ဟူသော အသံနက်ကြီးနှင့်အတူ သန်းငွေတို့ တစ်ဖွဲ့လုံး သုတ်ခြေတင်၍ ပြေးလေပြီ၊

"လာကြပါဦးဗျာ၊ သရဲပါဗျ - သရဲ"

မူမမှန်သည့် တုန်လှုပ်ချောက်ချားသော အသံများဖြင့် ရွာထဲသို့ ပြေးဝင်လာသော သန်းငွေတို့အဖွဲ့သည် မြခင်ထံ ရောက်လာကြပြီး ...

"လုပ်ပါဦး - ကိုမြခင်၊ ခင်ဗျား ယောက္ခထီးကြီး အလောင်းကောင်ကြီး ရွာအပြင်မှာ သောင်းကျန်း နေပြီဗျ"

အဘဆရာကို ပြေး၍ သတိရလိုက်သည်၊ တစ်ခုခုတော့ ဖြစ်ပြီကို သိလိုက်ပြီ၊ အဘဆရာလည်း ကိစ္စပေါင်းများစွာဖြင့် အခြားရွာသို့ ခရီးဆက်နေလေပြီ၊

✷

သန်းငွေတို့ အော်ဟစ်သံများကြောင့် အခြားရွာသားများလည်း အသီးသီး ရောက်လာကြပြီး ...

"ကိုင်း - ဥက္ကဋ္ဌကြီး၊ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

ကိုမြခင် ဘာလုပ်မည်နည်းဟူသောအကြည့်ဖြင့် ဝိုင်းကြည့်ရင်း မေး၏၊ ကိုမြခင်က အတန်ကြာ စဉ်းစားပြီးနောက် ...

"ဒီလိုလုပ် - ကျုပ်နဲ့ တချို့တစ်ဝက် မီးတုတ်၊ အလင်းအိမ် (အောက်လင်းမီးကို ခေါ်သည်) တွေယူလာပြီး ရွာပြင် သွားကြည့်မယ်၊ ဟိုရောက်မှ ကြည့်စီစဉ်မယ်၊ လိုရမည်ရ တုပ်နှောင်ဖို့ ကြိုးပါ ရှာလာခဲ့ကြ"

ကိုမြခင်တို့အဖွဲ့သားများ မီးတုတ်မီးအိမ်များကိုင်ကာ ရွာပြင်သို့ သွားတုန်၏၊ ရွာပြင်ရောက်သောအခါ အလောင်းစင်ပေါ်၌ ဝုန်းဒိုင်းဆန်နေသော အခေါင်းကို ပါလာသောကြိုးဖြင့် သေချာစွာတုပ်နှောင်ပြီး ကျန်သည့်ကိစ္စများ ဆက်လက်ဆောင်ရွက်ရန် ရွာသို့ အပြေးပြန်လာခဲ့ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်သောအခါ အဖြေအနေကိုမေးရန် စောင့်နေကြသော ဖနီးသည် ညိုလှနှင့် အခြားရွာသားများကို ဖြစ်စဉ်ကိုပြောပြရာ ညိုလှက မယုံကြည်နိုင်သော မျက်နှာဖြင့် ...

"တကယ်ကော ဟုတ်ရဲ့လားတော်၊ အဖေက ဒီလိုတော့ မဖြစ်နိုင်ပါဘူး"

ညိုလှက လက်ခံချင်ပုံမရ၊ ထိုစဉ် လူအုပ်ထဲမှ တစ်ယောက်က ...

"ဟော့ - မိညိုလှ၊ မယုံရင် နင်ကိုယ်တိုင် မီးတုတ်ကိုင်ပြီး သွားကြည့်"

ဖခင်ကို ချစ်ပေမယ့် ဤကိစ္စကိုတော့ ညိုလှ ကြောက်သည်၊ မစွန့်စားရဲပါ။ လူအုပ်ထဲမှပင် တစ်ယောက်က ထပ်ပြီး ညိုလှကို ပြောပြန်သည်၊



လမ်းတစ်လျှောက် ထမ်းစင်ပေါ်မှ

ဦးဖိုးဆယ်အလောင်းကြီးသည်လည်း

ဝုန်းဒိုင်းကြဲကာ ပါလာချေပြီ။

သုသာန်သို့ ရောက်သောအခါ တုတ်၊ ဓား၊

လှံ၊ မိုန်းတို့ဖြင့် အသင့်စောင့်နေကြသော

ကာလသားတို့က မြေမြှုပ်မည့်

တွင်းပတ်ပတ်လည်တွင် ဝန်းရံရပ်နေကြသည်။

အခေါင်းအား ကြိုးဖြင့်ဆိုင်း၍

တွင်းထဲသို့ ချနေစဉ်ပင် အတွင်းမှ

ဝုန်းဒိုင်းကြဲနေရင်း အခေါင်းအဖုံးပွင့်ကာ

မြေတွင်းအထဲမှ အသားရေမရှိတော့ဘဲ

အရိုးပြိုင်းပြိုင်း မျက်တွင်းဟောက်ပက်နှင့် ...



"နင့်အဖေက ဒီပုံစံဆို သေတာကြာလှပေါ့၊ ဖုတ်ဝင်ပြီး အသက်ဆက်နေလို့ ဆရာကြီးသာ မကူညီဘူး၊ မကယ်ဘူးဆိုရင် တို့ရွာတော့ ကုန်ပြီသာမှတ်၊ စောစောသိလို့ပေါ့"

ကိုမြခင်သည် တစ်ယောက်တစ်ပေါက်ပြောနေကြသည့် ရွာသားများအား ...

"ကဲ - ကဲ၊ တော်ကြပါတော့ - ဒီတစ်ည ရှိပါစေတော့၊ မနက်ဖြန် ဘယ်လိုဆက်လုပ်ကြမယ်ဆိုတာ တိုင်ပင်ရအောင်"

ကိုမြခင်စကားကြောင့် အားလုံးတိတ်ဆိတ်သွားပြီး အတွေးကိုယ်စီနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြရင်း ကိုမြခင်အပြောကို စောင့်နေကြသည်၊

"ကဲ - ကျွန်တော်ပဲ စပြောမယ်၊ မနက်ဖြန်နေ့လယ်လောက်မှာ အသုဘချမယ်၊ အဲဒီတော့ သန်းဇွေတို့အဖွဲ့က မနက်စောစော ရွာနီးချုပ်စပ်က ရွာတွေကို အကူအညီသွားတောင်း၊ အဲဒီက ကာလသားခေါင်းတွေကို စည်းရုံးပြီး ဓားတွဲရှိရှိနဲ့ မိုက်ပေ့ဆိုတဲ့သူတွေကို အကျိုးကြောင်းပြောပြပြီး ခေါ်လာခဲ့၊ ရွာမှာ ကျန်ခဲ့တဲ့အဖွဲ့နဲ့ ကျွန်တော်က မြေမြှုပ်မယ့်ကိစ္စအတွက် တွင်းတူးဖို့၊ ချက်ပြုတ်ဖို့ ကူညီမယ့်သူတွေကိုလည်း ကျွေးမွေးဖို့နဲ့ စားဖို့သောက်ဖို့ ကိစ္စတွေကို စီစဉ်ထားမယ်၊ အဲ - တစ်ခုတော့ သတိထားရမှာက အလောင်းမကစားကြပါနဲ့၊ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ၊ မနက်ဖြန်ကိစ္စတွေ အဆင်ပြေပြေနဲ့ ပြီးဆုံးပြီးဖို့ အရေးကြီးတယ်နော်"

ကိုမြခင် စကားဆုံးသည်နှင့် ရွာသူရွာသားများလည်း ကိုမြခင်တို့အိမ်တွင် အိမ်စောင့်အဖြစ် ကျန်သူကျန်၊ ပြန်သူပြန်ကုန်ကြသည်၊ ကိုမြခင်လည်း ကွပ်ပျစ်ပေါ်တွင် ပက်လက်လှန်ရင်း မနက်ဖြန်လုပ်ရမည့်အရာများကို စဉ်းစားနေရင်း ရွာအပြင်တွင် မည်သို့ဖြစ်နေသည်ကို မသိတော့ချေ။

"မောင်ပန်ရေ၊ ဒီမှာ ကော်ဖီသောက်ဦး"

ဆရာ့အမျိုးသမီး အန်တီနု၊ ကော်ဖီခွက်လာချတော့မှ ဆရာပြောပြနေသည့် ဇာတ်လမ်းတွင် နစ်မြောနေသော ကျွန်တော်လည်း အသိပြန်ဝင်လာပြီး ကော်ဖီတစ်ငုံမော့ရင်း ကျွန်တော်ကပင် ...



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ နောက်ဘာဖြစ်ကြလဲ"

ဆရာက လက်ကာပြရင်း ကော်ဖီခွက်ကိုချကာ ဆေးပေါ့လိပ်တစ်လိပ် ရှိုက်ဖွာရင်း ...

"ခုနက မင်း ကြည့်လိုက်ရတဲ့အခွေထဲကအတိုင်းပဲပေါ့ကွာ"

ဆရာ့စကားအဆုံးတွင် ဆရာပြောခဲ့သော ဇာတ်လမ်းနှင့် အခွေထဲမှ အဖြစ်အပျက်များကို ဆက်စပ်ကြည့်လိုက်သည်။

ကိုမြခင်တစ်ယောက် အလွန်စိတ်လှုပ်ရှားနေပြီး တစ်ခုခုကို စိုးရိမ်ပူပန်နေ၏။ အသုဘချဖို့ ပြင်ဆင်နေကြပြီး ရွာမှ ကာလသားများအပြင် အခြားရွာနီးချုပ်စပ်မှ ကာလသားများလည်း သန်းခွေ အကူအညီတောင်း၍ ရောက်လာကြပြီး ရွာဓလေ့ထုံးစံအရ ကာလသားများကို အရက်ဖြင့် ဧည့်ခံထားသည်။

အဘဦးစန်းမောင်က ကိုမြခင်အနားသို့ ရောက်လာပြီး ...

"မြခင်ရေ - သွားကြအောင် အချိန်နှောင်းမကောင်းဘူးကွဲ့"

"ဟုတ်ကဲ့ - အဘ"

ဟု ကိုမြခင် ပြန်ဖြေရင်း အသုဘချရန် အချက်ပြလိုက်သည်နှင့် ရွာပြင်မှ အလောင်းကိုထမ်းကာ သုသာန်သို့ သွားကုန်၏။ လမ်းတစ်လျှောက် ထမ်းစင်ပေါ်မှ ဦးဖိုးဆယ်အလောင်းကြီးသည်လည်း ဝုန်းဒိုင်းကြဲကာ ပါလာရေ ပြီ၊ သုသာန်သို့ ရောက်သောအခါ တုတ်၊ ဓား၊ လှံ၊ မိုန်းတို့ဖြင့် အသင့်စောင့် နေကြသော ကာလသားတို့က မြေမြှုပ်မည့် တွင်းပတ်ပတ်လည်တွင် ဝန်းရံ ရပ်နေကြသည်၊ အခေါင်းအား ကြိုးဖြင့် ဆိုင်း၍ တွင်းထဲသို့ ချနေစဉ်ပင် အတွင်းမှ ဝုန်းဒိုင်းကြဲနေရင်း အခေါင်းအဖုံးပွင့်ကာ မြေတွင်းအထဲမှ အသား ရေ မရှိတော့ဘဲ အရိုးပြိုင်းပြိုင်း မျက်တွင်းဟောက်ပက်နှင့် ...

"ဖိုးဆယ်ကွ" ဟု အသံနက်ကြီးနှင့်အော်၍ ခုန်တက်လာစဉ် တွင်းပတ် ပတ်လည်ရှိ လက်နက်ကိုင်ဆောင်ထားကြသော ကာလသားများက ဝိုင်းဝန်း ထိုးနက်၍ တွင်းထဲသို့ ပြန်တွန်းချရင်း အမြန်မြေဖို့ကြလေသည်၊ အခြားသူ များကလည်း နောက်ဆုတ်သူဆုတ်၊ ပြေးသူပြေးနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန် ပြီး မြေဖို့၍ ပြီးခါနီးတွင်ပင် ...

"မင်းတို့တစ်တွေ ဦးသွားလို့ပေါ့ကွာ" ဟု ပြောဖြစ်အောင် ပြောသွား သေးသည်မှာ ကျောချမ်းစရာပင် ဖြစ်သော်လည်း ကိုမြခင်တစ်ယောက် သက်ပြင်းချနိုင်သွားပြီ ဖြစ်သည်။

✷

ဖွာလက်စ ဆေးပေါ့လိပ်ကို လက်မှချရင်းအတွေးနှင့် နစ်မျောနေသော ကျွန်တော့်ကို ဆရာက ...

"မောင်ပန် - ဘာများ ဒီလောက်တောင် စဉ်းစားနေရတာတုံး"

"ဪ - ဘာရယ်လို့ မဟုတ်ပါဘူး ဆရာရယ်"

ဆရာ့မေးခွန်းကိုဖြေရင်း ကျွန်တော့်စကား ပြန်ဆက်လေသည်။

"ဆရာပြောပြတဲ့ ဇာတ်လမ်းရယ်၊ ကျွန်တော် ကြည့်ရတဲ့ အခွေထဲက အကြောင်းဆရာရယ်။ ဒါတွေကို ပေါင်းစပ်ကြည့်လိုက်တာ ရုပ်ရှင်ကြည့်နေ ရသလိုပါပဲ ဆရာရယ်။ အဲဒီမှာတင် ဇာတ်သိမ်းပြီပေါ့နော်"

ဆရာက ကျွန်တော့်ကို ပြုံး၍ကြည့်ရင်း ...

"ဇာတ်လမ်းက မပြီးသေးဘူး - မောင်ပန်"

"ဗျာ" ဟု ကျွန်တော် အံ့အားသင့်သွား၏။ ကျွန်တော်က ဆက်ပြီး ...

"ဒါဆိုရင် ..."

ကျွန်တော့် စကားမဆုံးမီ ဆရာက "ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ ရန်ကြီးအောင် တစ်ရွာလုံးနီးပါး သုံးဆယ်မြို့ပေါ်ကို ကိုမြခင်တို့ မိသားစု အပါအဝင် ပြောင်းကုန်ကြပါပြီ။ အခုတော့ မပြောတတ်တော့ပါဘူး - မောင် ပန်ရေ"

ဆရာ့အိမ်မှပြန်ရာ လမ်းတစ်လျှောက်တွင်တွေးလာသည့် ကျွန်တော့် အတွေးကို မွေးစားအဖေ ဆရာသိမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကိုမြခင်ကို ကူညီပေးလိုက်သော အဘဆရာသည် တစ်နယ်တစ်ကျေးသို့ လှူကယ် ဆေးကုသွားပြီး ပြန်လာတိုင်း ထူးဆန်းသည့်ကိစ္စများကို ဝါသနာပါ စိတ်ဝင်စားသော ကျွန်တော့်ကို ပုံပြင်ဇာတ်လမ်းပမာ ပြောပြတတ်သည့် ကျွန်တော့် ဘကြီးအရင်းပင် ဖြစ်ပါတော့သည်။

▶▶ တက္ကသိုလ်ဘုန်းငယ်



www.burmeseclassic.com

www.burmeseclassic.com





…နာပရန္တတိုင်း၊ ဝါဏိဇ္ဇဂါမရွာ၊ မဟာပုဏ္ဏ မွေးဖွားရာ
…ဘန္တာပုဏ္ဏလှိုဏ်ထုးကြီး ဖာတိရွာရောက်ခဲ့သည့် ယနေ့အခေါ်
…ကျောင်းတော်ရာရွာ၊ ဂေါတမ ရှင်တော်မြတ်ဘုရား (၇) ရက်တိုင်
…သီတင်းသုံးတော်မူပြီး နေ့စဉ် ယနေ့တိုင် လူ၊ နတ်၊ ဖြဟ္မာ သတ္တဝါတွေ
…ရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူရာ
…ခ်နေ့ ရှစ်သောင်းလေးထောင် ကျွတ်တမ်းဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုဆိုရုံလေး ရုံစေတီတော်မြတ်ကြီးဖြစ်တဲ့ ကုဏ္ဍုရွာရုံ၊ ယောသိတာရုံ၊ ပါဝါရုံ၊ ဂန္ဓာရုံဆိုတဲ့ စန္ဒကူးနံ့သာ စေတီတော်ကြီး ထီးတော်ရိပ်အောက်ဆိုတော့ အလွန်မှအေးချမ်းပါဘိ၊ ချမ်းမြေ့ပါဘိ။ ရောက်တုန်းရောက်ခိုက် ကျွန်ုပ်နှင့် ဆရာ မောင်တည်အေး၊ ဆရာကြီး မောင်နှင်းခိုင် (ပွင့်ဖြူ) တို့သုံးဦး ရွာထဲသို့ လမ်းလျှောက်ထွက်ခဲ့ကြ၏။

ယခုရောက်နေသည့် နေရာက ကျောင်းတော်ရာရပ်ကွက်ရှိ မေတ္တာရှင်ဆရာတော် ဦးဇဝန အသံကြားပြီး ကိုယ်တိုင်မရောက်ခဲ့ပေမဲ့ လှူချင်သူတွေအတွက် ငွေမရှား၊ ဝတ္ထုမရှား၊ နေရာဒေသ မရှားဘူးဆိုတာ ဆရာတော်ရဲ့ မေတ္တာစွမ်းအားက ဘယ်လောက်တောင် ကြီးမားပါသလဲ။ ကရုဏာတရားကရော နှိုင်းဆမရနိုင်ပါလား။ မုဒိတာတရားကလည်း လူတိုင်း၊ သတ္တဝါတိုင်းအပေါ် အလွန်ပွားများ မြန်ဆန်နေပါသည်လို့ ရင်ထဲမှာတွေးရင်း အလှူငွေ (၁၀) သိန်း မ,တည်လှူဒါန်းပြီး တည်ဆောက်ထားတဲ့ ဓမ္မာရုံသစ်ကလေး၊ ခန့်ညားထည်ဝါစွာ မြင်နေရတော့ ရင်ထဲကပီတိတွေ တဖွားဖွားပေါ်လာမိ၏။ ဓမ္မာရုံ၏ ခေါင်းရင်းဘက်မှာ စေတီလေးက ရွှေသင်္ကန်းတဝင်းဝင်းနှင့်ဆိုတော့ ပန်းတင့်လှပါတယ်။ ဒီရပ်ကွက်က ကလေးတို့ ညနေတိုင်း ဓမ္မာရုံပေါ်မှာ စာဖတ်ကြ၊ ဘုရားရှိခိုးကြနှင့် ဗုဒ္ဓဘာသာ တရားတော်တွေ သင်ကြားလေ့လာနေကြပြီ၊ အမျိုးဘာသာ သာသနာကို သူတို့လေးတွေ လက်ဆင့်ကမ်းအမွေယူနေကြပါပြီ။ ဝမ်းသာလိုက်ပါသည်၊ ကြည်နူးမိပါသည်။ ကျွန်ုပ် မှတ်တမ်းတင် ဓာတ်ပုံရိုက်နေတော့ ဆရာတို့နှစ်ဦး လမ်းမပေါ်မှာ လူတစ်ယောက်နှင့် စကားပြောနေပါသည်။

"ဆရာ – ခဏလေး လာပါဦးခင်ဗျာ"

"ဟုတ်ကဲ့"

"ဒီလိုဆရာရဲ့ ကျွန်တော်တို့ ရွာမှာ မကြာသေးခင်က မိဘကို စော်ကားလို့၊ အိုဗျာ – ပဥ္စာနန္တိယကံကြီးထိုက်တယ် ထင်ပါတယ်။ ရေထဲမြုပ်သွားပြီးတော့ ငရဲပြည်ရောက်သွားတဲ့သူအကြောင်း ဆရာတို့ သိစေချင်လို့၊ နောက်ပြီးတော့ နောင်လာနောင်သားတွေလည်း အတုယူသိစေ နားလည်စေချင်လို့ ပြောချင်လို့ပါ"

"ဟုတ်ပါပြီ – ခင်ဗျားပြောတဲ့ ဇာတ်လမ်းကို ဖြစ်ရပ်မှန်အတိုင်း မချွင်းမချန် ရေးမယ်ဆိုရင် လက်ခံနိုင်ပါ့မလား၊ ကာယကံရှင်တွေကရော လက်ခံပြီး ကြည်ကြည်ဖြူဖြူ နေပါ့မလား"

"ဟုတ်ကဲ့ပါ – အားလုံးလက်ခံပါတယ်။ သူ့အဖေကိုယ်တိုင်က သူ့သားလို မမိုက်ဖို့ ပညာပေးစေချင်လို့ပါ၊ ကျွန်တော် တာဝန်ယူပါတယ် – ခင်ဗျာ"

ဆရာကြီး မောင်နှင်းခိုင် (ပွင့်ဖြူ) နှင့် ဆရာ မောင်တည်အေးတို့မှ စာရေးသူကို လက်ရိပ်ပြကာ ဆရာကြီး မောင်နှင်းခိုင် (ပွင့်ဖြူ)က . . .

"ဆရာရယ် – ဒါကတော့ မနေ့က ဆရာဟောပြောပွဲမှာ ဂမ္ဘီရအကြောင်း ထည့်ပြောတော့ သူက ဆရာနဲ့တွေ့ပြီး ပြောချင်နေတာတဲ့ဗျ။ ရေပေးလိုက်ပါဗျာ"

"ဟုတ်ကဲ့ပါ – ဒီထက်မက သူနဲ့အတူတူ အလုပ်လုပ်တဲ့ ကောင်လေး သောက်ဖော်သောက်ဖက် ဒီကောင်လေးလည်း ရှိပါတယ်၊ တွေ့ပေးပါဦးမယ်။ တကယ့်ဖြစ်ရပ်ပါ ခင်ဗျာ"

"ကောင်းပါပြီခင်ဗျာ – ကျွန်တော် ကိုယ်စွမ်းရှိသလောက် ကူညီပြီး ရေးပေးပါမယ်လို့ ကတိပေးပါတယ်"

"ကျေးဇူးတင်ပါတယ် – ဆရာတို့ရယ်"

ဦးစိုးလှမြင့်သည် ယခုစာရေးသူတို့ ရောက်ရှိနေသော ကျောင်းတော်ရာ ရပ်ကွက် ကျောက်ပန်းတောင်းရွာတွင် နေထိုင်ပြီး မကြာသေးခင်ကမှ အစာအိမ် သွေးကြောပေါက်သည့် ရောဂါနှင့် ပွင့်ဖြူမြို့နယ်ဆေးရုံကြီးတွင် ကုသခဲ့ရသူ၊ ကျန်းမာရေး ကောင်းစအချိန်ဖြစ်ပါသည်။ သူ၏ ဆိုင်ကလေးရှေ့မှာတော့ စားသောက်ကုန်မျိုးစုံ အိမ်ဆိုင်လေးဖွင့်ထားပါသည်။ သူ၏ ကျန်းမာရေးကို မငဲ့ကွက်ဘဲ တောင်ပေါ်တစ်ချောင်းကိုင်လို့၊ သူ သိသမျှ မြင်သမျှ ကြားသမျှတွေကို တစ်လုံးတစ်ပါဒမကျန် ပြောပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ဖြစ်၏။ မြန်မာပြည်အနံ့ အနယ်နယ် အမြို့မြို့မှ ဘုရားဖူးများ မော်တော်ယာဉ်များဖြင့် လာရောက်ဖူးမြော်ကြ၏။ ဘုရားကြီးရှေ့ဘုရားဈေး ဆိုင်တန်း၏နောက်ဘက်ကွင်းကြီးထဲမှာလည်း ဇာတ်ပွဲ၊ အငြိမ့်ပွဲနှင့် ဈေးဆိုင် တန်းကြီးများ အလွန်မှ များပြား၍ ကြိတ်ကြိတ်တိုး စည်ကားသော ဘုရားပွဲ တော်ကြီးပင် ဖြစ်ပါသည်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီမှ အရှေ့ဘက် ဝါကဲ့ဒွါရမရွာရှိ မုန်းရှောင်းအတွင်း ငါးကြီးများ အစာကျွေး လှူဒါန်းသည့် ငါးစာကျွေးရာ ဆိပ်ကမ်းသို့ ကား၊ ဒိန်းဒေါင်း၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊



ဘာသနားရမှာလဲကွ–ဆူကာ ခွက်တစ်လုံးနဲ့

နေရိပ်ထဲမှာ ငွေမရှား ရွှေမရှား ပင်ပန်းတာမှတ်လို့ကွာ။

မင်းကလည်း–လာပါ မီးကက်တစ်ဘူးဝယ်မယ်။ ဝအောင်သောက်မယ်၊

မူးမယ်၊ ပျော်မယ်၊ ဟိုဟာမသိသွားမယ်။ အိုလေးက နိဗ္ဗာန်ကြီး

ဖြူစုတ်၊ ဖြူစုတ် မင်းလောက် စည်းစိမ်ရှိတာ ဘယ်သူဌေးမှတောင်

မရှိဘူး။ ဟား–ဟား–ဟား–ဟား–ဟား ...



စက်ဘီး၊ ခြေကျင်သွားသူ ပရိသတ်များသည်လည်း ဆိပ်ကမ်းညွှတ်မျှင် စည်ကားလှပါသည်။ တောရွာလေ့အရ လမ်းရှေ့က ကျောက်ခင်းလမ်းကြမ်း ဆိုတော့ သွားသူ၊ ပြန်သူ ဘုရားဖူးများပြားလှဖြင့် ဖုန်တထောင်းထောင်းနှင့် သူ့ထက်ငါ အလုအယက် ဖူးမြော်ကြ၊ ငါးစာကျွေးကြနှင့် ပျော်စရာအလွန် ကောင်းလှပါတော့သည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားကြီးပရဝုဏ်အတွင်းရှိတန်ဆောင်း၊ ပြာသာဒ်၊ ကျောင်းဇရပ်များမှာ အနယ်နယ်မှ ဘုရားဖူးများ၊ ဘုရားရှိခိုးသူ၊ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေသူ၊ ခိုစာကျွေး၊ ငါးစာကျွေးသူ၊ ခိုနား အပန်းဖြေသူ၊ ဓာတ်ပုံရိုက်မှတ်တမ်းတင်သူ၊ သမိုင်းအမွေများ ရှာဖွေသူများ အလွန်များပြားပါ၏။ ဘုရားကြီးဂေါပက အကျိုးတော်ဆောင်များက နိဗ္ဗာန် အကျိုးမြော် နှီးဆော်သူ၊ လှူဒါန်းသူ၊ ရွှေသက်န်းကပ်လှူပူဇော်သည့် ပါရမီ ရှင်များ၊ ယောဂီ၊ သီလရှင်၊ ကိုရင်၊ ရဟန်းသံဃာတော်များ၊ ဖိုးသူတော်၊ ဘိုး တော်၊ မယ်တော်များလည်း ဒါတပွဝတ္ထုများ လှူဒါန်းမှုကို ခံယူတော်မူနေကြ ပါ၏။ ထိုပြင် လူပုဂ္ဂိုလ် သက်ကြီးရွယ်အို၊ အဘိုးအဘွားတို့သည်လည်း ဘုရား ဖူးဧည့်သည်များက လှူဒါန်းသည့် ငွေအသပြာဝတ္ထုကို လက်ခံ၍ ဆုပေး မေတ္တာပို့နေသည့်အသံသည်လည်း အမှန်သာယာနာပျော်ဖွယ် ကောင်းလှ ပါသည်။

"ဒူ–ဝေ–ဝေ–ဝေ–ဝေ"

"ယခုလို လှူဒါန်းပူဇော်ရသည့် ကုသိုလ်ကြောင့် မအိုရာ၊ မနာရာ၊ မသေ ရာဖြစ်သော အသံခရ မြတ်သော နိဗ္ဗာန်ရွှေပြည်သို့ ရောက်ကြရပါစေ ကွယ်"

"ဒူ–ဝေ–ဝေ–ဝေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏"

"သာဓု–သာဓု–သာဓု"

အဖေမ ဒေါ်ခင်တုတ်၏ ဆုပေးသံ၊ မေတ္တာပို့သံ၊ အမျှဝေ သာဓုခေါ်သံက ဗွဲတင်ဟိန်းနေပါ၏။ အလှူငွေထည့်ဝင်သူ အလှူရှင်များက သက်ကြီးရွယ်



www.burmeseclassic.com

www.burmeseclassic.com

အို၊ အဘိုး၊ အဘွားများအပေါ် စေတနာထက်သန်စွာဖြင့် လှူဒါန်းနေခြင်းဖြစ်ပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာ၊ ကိုးကွယ်သူမှန်သမျှ ရင်ထဲက ကရုဏာတရားက မည်သည့်လူမျိုး၊ မည်သည့်ဘာသာပေါ်မဆို သနားတတ်ကြ၏။ ကိုယ်ချင်းစာတရားဖြစ်တဲ့ စာရိတ္တတရားက မွေးကတည်းက သန္ဓေတည်ပြီးသား။ ဝါရိတ္တတရားကလည်း ရှိပြီးသားဆိုတော့ ကိုယ့်အဘိုး၊ အဘွား အရွယ်၊ မိအို၊ ဖအိုများအပေါ် ကြင်နာတတ်တဲ့တရားက ပုပ္ပ၊ မုဋ္ဌ ပရစေတနာ ထက်သန်စွာဖြင့် လှူဒါန်းကြပါသည်။ အမေ ဒေါ်ခင်တုတ် ဖလားခွက်ထဲမှ ပြည့်လုမတတ်၊ တစ်ထောင်တန်၊ ငါးရာတန်၊ နှစ်ရာ၊ တစ်ရာ၊ ငါးဆယ်အထိ အမေ ဒေါ်ခင်တုတ် ပုတီးကို တွင်တွင်စိပ်ကာ အာရုံတစ်ခုတော့ ယူနေပုံရပါ၏။

"ဟဲ့ - ဟဲ့ - လူလေး - လူလေး - မလုပ်ပါနဲ့ကွယ်၊ ဒါ - အမေ ဘုရားကို ပြန်လှူမှာ၊ မလုပ်ကောင်းဘူးကွဲ့၊ ဟယ် - ဒုက္ခပဲ - ဒုက္ခ - ဒုက္ခ"

"*အဘွား - ဒီပိုက်ဆံက မပင်ပန်းဘဲရတဲ့ဟာ ကျွန်တော်ယူမယ်၊ နောက်* ပြန်အလှူခံရတာပဲဟာ၊ ဟဲ - ဟဲ - ဟဲ - ဟဲ - ဟဲ - ဟား - ဟား - ဟား - ဟား"

"ဖြူစုတ်ရယ်၊ လူလေးရယ် မင်း ငရဲကြီးတော့မှာပဲကွယ်"

"ဟေ့ - သူငယ်ချင်းတို့၊ စိုးမိုး လာလေကွာ၊ ဟိုဆိုင်မှာ ခေါက်ဆွဲကြော်နဲ့အရက် ဝအောင် စားကြသောက်ကြမယ်ဟေ့၊ ဟား - ဟား - ဟား - ဟား"

"ဖြူစုတ် - မင်း ငရဲကြီးလိမ့်မယ်၊ မလုပ်ပါနဲ့ - ငါ တိုက်ပါ့မယ်"

"မင်းက သူတော်ကောင်းလုပ်နေပြန်ပြီကွာ၊ လာစမ်းပါ - ငရဲကြီးတော့လည်းစီးရတာပေါ့ကွ - ဟား - ဟား - ဟား - ဟား"

"မင်းတော့ကွာ - ဒုက္ခပါပဲ၊ တားမရ ဆီးမရနဲ့ ပေါက်ကရတွေ ပြောပြီ"

"ဟေ့ကောင် - မင်းမလိုက်ရင် ငါနဲ့ နောင်ဘယ်တော့မှ မသောက်နဲ့ကြားလား"

"ကဲပါကွာ - ငါ လိုက်ခဲ့ပါ့မယ်"

"ဒီလိုမှပေါ့ကွ - မင်းက ဘုရားဒါယကာလုပ်လို့၊ တယ် - ငါ မပြောလိုတ်ချင်ဘူး"

"မင်း - အဘွားကြီးကို မင်း မသနားဘူးလားကွ"

"ဘာသနားရမှာလဲကွ - သူက ခွက်တစ်လုံးနဲ့ နေရိပ်ထဲမှာ ငွေမရှားရွှေမရှား ပင်ပန်းတာမှတ်လို့ကွာ၊ မင်းကလည်း - လာပါ ဝီးကက်တစ်ဘူးဝယ်မယ်၊ ဝအောင်သောက်မယ်၊ မူးမယ်၊ ပျော်မယ်၊ ဟိုဟာမဆီသွားမယ်၊ အိုလေးက နီဗွာန်ကြီး ဖြူစုတ်၊ ဖြူစုတ် မင်းလောက် စည်းစိမ်ရှိတာ ဘယ်သူဌေးမှတောင် မရှိဘူး၊ ဟား - ဟား - ဟား - ဟား - ဟား"

"ကဲ - သွား - သွား"

"နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာ ပျော်စရာပါဗျာ၊ ဟေ - ဟေ - ဟေ"

"ဖြူစုတ် - မင်း သတိထားကွာ"

"လာ - ချမယ် - ချမယ် - ဟား - ဟား - ဟား - ဟား"

ဖြူစုတ်က အဘွားဒေါ်ခင်တုတ် အလှူငွေထဲက ငွေတွေနိုက်ယူပြီးနောက် ဝီးကက်တစ်ဘူးနှင့် သူငယ်ချင်း စိုးမိုးကိုခေါ်ကာ အရက်ဖြူဆိုင်သို့ ဝင်တော့၏။ အရက်တစ်လုံးမှာကာ အမြည်းက ခေါက်ဆွဲကြော်နှင့် စွပ်ပြုတ်တစ်ပွဲ၊ စားလိုက်သောက်လိုက်နှင့် အရက်က တစ်လုံးပြီးတစ်လုံး ကုန်နေပါပြီ၊ စိုးမိုးလည်း ဒေါင်ချာစိုင်းအောင် မူးနေပါတော့၏။

"စိုးမိုး - မင်းကလည်း မူးနေပြီလား၊ ဟိုဟာမဆီ သွားရအောင်"

"ဟေ့ကောင် - ငါ မလိုက်နိုင်တော့ဘူး"

"*မင်းကလည်းကွာ - ငါနဲ့ချိန်းထားတယ်၊ ဒီနေ့ သူ့ယောက်ျားမကြီးကျွေး* အိုကွာ - ဒီလိုအခွင့်အရေး ရခဲတယ်ကွ မင်းမှတ်ထား"

"ဟေ့ကောင် - သူများ မိန်းမကိုကွာ"

"အို - မင်းက သူက လက်ခံတာကို ငါ ကသိုလ်တောင်ရသေးတယ်၊ ဟား - ဟား - ဟား"

"မင်းတော့ ဒုသနသောထဲ ရောက်ပြီ"

www.burmeseclassic.com

"ဟေး - ဟေး - လာပါ - သွားကြစို့"

ဖြူစုတ်တို့နှစ်ယောက် ဒယီးဒယိုင်နှင့် ရွာလယ်လမ်းမကြီးအတိုင်း လျှောက်ခဲ့ကြ၏။ သူတို့နှစ်ယောက်ကို ခွေးတွေက စူးစူးဝါးဝါး ဟောင်ကြ၏။ ဇာတ်ပွဲက ဆိုင်းသံက မြိုင်မြိုင်ဆိုင်ဆိုင် ကြားနေရသည်။ ဖြူစုတ်ကတော့ ဒီည ကာမေသုပြုမည်ဆိုတော့ သူသွားနေကျအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ခြေလှမ်းသွက်သွက်ဖြင့် လာနေ၏။ အိမ်နားရောက်ချိန် ခွေးဟောင်သံက ဆူညံ၍ စားတော့ ဝါးတော့မတတ် ဟောင်နေ၏။ စိုးမိုးက ပုဆိုးခြုံပြီး ခြံဝ၌ စောင့်နေသည်။ ဖြူစုတ် ဝင်နေကျတံခါးမှ ဝင်သွား၏။ နာရီဝက်ခန့် အကြာ ...

"ဟေ့ - စိုးမိုး၊ လာလေကွာ - ပြန်ကြမယ် သူတို့မရှိဘူး၊ ဘုရားပွဲ သွားတယ်ကွာ"

"မင်းကွာ - အဲဒါ ငါနဲ့သွေးသားတော်တယ်ကွ၊ ငါ - ဟိုဟာမမှတ်လို့၊ မင်း - လုပ်ရက်တယ်ကွာ"

"ဘာ - မင်းက မကျေနပ်လို့လား။ သူတောင်ကျေနပ်တာ ကုသိုလ်ရပါတယ်ကွာ၊ ဟား - ဟား - ဟား - ဟား"

"ကဲ - ပြန်မယ်လာ"

"ဒါဆို မင်းကို ငါ ဂုဏ်ပြုတဲ့အနေနဲ့ တစ်ဝကြီးတိုက်ဦးမယ်၊ လာ - ချမယ်"

"ငါ - ပြန်ချင်ပြီ"

"မင်းက ငါ့ကို မခင်ဘူးလား၊ ဘာတဲ့ - မင်းနော်"

"ကဲပါကွာ - လာလာ"

နေ့တိုင်း မူးရူးနေတဲ့ အတွဲညီတဲ့ဖြူစုတ်နဲ့ စိုးမိုး၊ ကြုံရာမှာအိပ် ကြုံရာမှာ စားကြ၏။ သူတို့အတွက်တော့ အမေ ဒေါ်ခင်တုတ်ရှိနေသမျှ လောကနိဗ္ဗာန်ဘုံလေးတစ်ခုလို့ ဆိုရပါလိမ့်မည်။ ရွာထဲမှာ ပြဿနာတစ်စုံတစ်ရာဖြစ်တိုင်း ဖြူစုတ်နဲ့ မကင်းပေ။ ဖြူစုတ်ဆိုတာ အားလုံးက အော့ကြောလန်၊ လူ့စွာ၊



လူမိုက်ကန်း၊ လူ့ဘာဖောက်ကန်းလို့ မြင်ကြ၏။ သူ့အဖေ ဦးဆန်းမောင် သူ့အမေတို့က ဆုံးမလို့မရတော့၊ ရှိသလောက် ကြိုးကုန်လွှတ်ထားသလို ဘာတစ်ခုမှလည်း မပြောကြတော့။ ပြန်ချင်တဲ့အချိန် ပြန်၊ သွားချင်သလို သွားဆိုတော့ သူတို့အတွက် တံခါးမရှိ၊ ဓားမရှိ။ အိမ်က အဖေက ယာတွေလုပ်၊ ကိုင်းတွေထဲဆင်း အလုပ်နဲ့လက်နဲ့ မပြတ်ပေမဲ့ ဖြူစုတ်ကတော့ နေ့စဉ် အလုပ်မရှိသလို ဂျလေဘီလို့ပဲဆိုဆို တစ်ရာ့ကိုး၊ တစ်ရာ့တစ်ဆယ်ပဲ ပြောပြော ဘာမှ မထူးတော့။

လောကမှာ ဒီလို ဆန်ကုန်မြေလေး၊ ဘာမှအကျိုးမရှိတဲ့ လူ့ဖွဲ့ပါက်ပန်းတွေ တော်တော်များများ ရှိနေပါသေးသလား။ ဘယ်အတွက်မှ အကျိုးတစ်စုံတစ်ရာ မရှိ။ သေရည်သေရက်နဲ့ပျော်၊ ဒုစရိုက်လုပ်၊ အကုသိုလ် အဖော်ပြုနေတဲ့လူတွေ သက်ဆိုးရှည်ရှည်နေကြတာ၊ ဝဋ်ပဲလားလို့ ထင်ခဲ့မိပါ၏။

ဖြူစုတ်နှင့် စိုးမိုးတို့ တစ်ညလုံး မအိပ်ဘဲနှင့် ရွာထဲခွေးတစီစီနှင့် ဆိုတော့ ရွာထဲမှလူကြီးတွေ ခေါင်းချင်းဆိုင် တိုင်ပင်ကြရတော့၏။ မိဘများကို အကြောင်းကြားထားမှ ဖြစ်တော့မည်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ ဖြူစုတ်၏ မိဘများနှင့် စိုးမိုး၏ မိဘများကိုခေါ်၍ အကျိုးအကြောင်း တိုင်ပင်ကြတော့သည်။

"ကိုဆန်းမောင်တို့ - ခင်ဗျားတို့ကို ခုလို ခေါ်ယူရတာ၊ ခုတလော - စိုးမိုးတို့ ဖြူစုတ်တို့နှစ်ယောက် တစ်ရွာလုံး မွှေနေတယ်။ ရွာသူရွာသားတွေလည်း အကောင်းမအိပ်ရဘူးဗျ။ ဟိုကြက်ပျောက်၊ ဘဲပျောက်၊ ဘူးသီးတွေပျောက်တဲ့အတွက် သူတို့နှစ်ယောက်ကို မသင်္ကာတော့ဘူး။ ဒီတော့ - ခု ပထမဆုံး သတိပေးပါရစေ၊ မိဘတွေက ထိန်းသိမ်းပေးပါ၊ နောက်ဆို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါတော့မယ်"

"ဟုတ်ကဲ့ - ဒီတလေးတွေကို ကျွန်တော်တို့ မိဘတွေကပဲ ဆုံးမကြည့်ပါဦးမယ်၊ ဒီထက် လွန်လာရင်တော့ လူကြီးမင်းတို့ တာဝန်ယူဆောင်ရွက်ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ – ခင်ဗျာ၊ ရွာထဲမှာ ပြဿနာဖြစ်အောင် ဖန်တီးတဲ့ အဆင့်တော့ ရောက်နေပါပြီ၊ ဒီတော့ – မီးမလောင်ခင် တားကြရအောင်၊ မိဘနဲ့ ရပ်ရွာလူကြီးတွေပေါင်းပြီး ပြင်ဆင်ကြပါမယ်"

"ဟုတ်ကဲ့ – ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"ဒီလိုဆိုရင် ပြန်လို့ရပါပြီ ခင်ဗျာ"

ဖြူစုတ်၏ မိဘများ အိမ်သို့ပြန်ရောက်သော် ဖြူစုတ် မူးပြီးလဲနေ၏၊ တစ်ကိုယ်လုံး နံဟောင်ပြီး ညစ်ပတ်ပေရေနေ၏၊ မြင်မကောင်းအောင်ဖြစ်၍ အန်ဖတ်တွေက ဟိုတစ်ပုံဒီတစ်ပုံနှင့်ဆိုတော့ ဖြူစုတ်မိခင် ဒေါ်ကျင်သန်းက ရေနွေးနှင့်ဆေး တံမြက်စည်းနှင့် လှဲရှုပြီးတော့ ရင်ဘတ်ကိုထုကာ ငိုပါတော့သည်၊

"အမလေး – ဖြူစုတ်ရယ်၊ နင့်ဘဝ ဒီလိုတောင် ဖြစ်နေပါရော့လား၊ ဟီး – ဟီး – ဟီး – ဟီး၊ ငါ့အမေကို နင် မသနားတော့ဘူးလားဟဲ့ – ဟီး – ဟီး – ဟီး – ဟီး"

"ကဲပါ – မကျင်သန်းရယ်၊ ငိုမနေနဲ့ ငါ ဆုံးမပါဦးမယ်"

"ရှော့မော့ပြောပါဦး – ကိုဆန်းမောင်ရယ်၊ ဟီး – ဟီး – ဟီး – ဟီး"

"ဖြူစုတ် – ဖြူစုတ် – ထစမ်းပါဦး – ထစမ်းပါဦးကွ"

"အဖေ – ဟော့ – ဟော့ – ဘာလဲဗျ – အကောင်းမအိပ်ရဘူးဗျာ၊ ထပြီ – ဘာလဲဗျ"

"မင်း – မင်းကြောင့် ငါ့တို့မိဘတွေ ရှုံးက ဆင့်ခံရတယ်၊ မင်းသိလား"

"ဘာဆိုင်လဲ – ကျုပ်အရက်သောက်တာနဲ့ သူတို့ ဘာပတ်သက်လို့လဲ"

"သားလေးရယ် – မင်းလိမ္မာစမ်းပါ၊ အမေ့ကို သနားပါကွယ်"

"ကျုပ် ကြိုက်လို့သောက်တယ်၊ မူးတယ်၊ ပျော်တယ်၊ သူတို့နဲ့ ဘာဆိုင်လဲ၊ ဒီလူကြီးတွေ အကြောင်းမရှိ အကြောင်းရှာ၊ ကျုပ်အဘွားဆီက ပိုက်ဆံနဲ့ သုံးတယ်၊ အဲဒါ ဘာဖြစ်လဲဗျ"



"မင်းနှယ်ကွာ – အဘွားကြီး အလှူရတဲ့ငွေကို ယူသုံးတယ်၊ မင်း ငရဲကျသိမ့်မယ်ကွ"

"ငရဲ – ငရဲကျတော့ ဘာဖြစ်လဲ – ဘာဖြစ်လဲ"

"တယ် – ငါလုပ်လိုက်ရ၊ သေတော့မယ် – အရက်သမား မင်းဘာမှ အနှိုးမရှိတဲ့ကောင်၊ အိမ်အလုပ် မလုပ်၊ ဘာမှမသိတဲ့ ဆန်ကုန်မြေလေးကောင်"

"ခင်ဗျား – ကျုပ်ကို – ကျုပ်ကို – ဟီး – ဟီး – ဟီး – ဟီး"

"သားလေး – သားအဖေက ဆုံးမတာပဲကွယ် – စိတ်မဆိုးရဘူး"

"အမေ့လင်ကြီးက ကျုပ်ကို – ဟီး – ဟီး – ဟီး"

"မင်းတို့ သားအဖနဲ့တော့ ငါ သေချင်ပါပြီဟယ်၊ အဲ – အဲ – အဲ – မူးတယ်၊ မူးတယ်"

"ဟာ – မကျင်သန်း၊ မကျင်သန်း သတိထားပါဦးကွယ်"

"အမေ – အမေ – သတိထားပါဦး"

ဦးဆန်းမောင်က ဖြူစုတ်ကို ဆုံးမနေရင်း စကားများကြသည်၊ ဒေါ်ကျင်သန်း ယောကျ်ားနှင့်သား နှစ်ယောက်ကြားမှာ စိတ်ထိခိုက်ပြီးဒနောက် နှလုံးရောဂါ စလာတော့၏၊ သတိလစ်မေ့လဲသွားပါတော့သည်၊ ထိုနေ့မှစ၍ ဒေါ်ကျင်သန်း နှလုံးရောဂါစွဲကပ်လာတော့သည်၊ ဖြူစုတ်ကတော့ မူးမြဲ၊ ပေမြဲ ဆိုးမြဲပါပဲ၊ သူ့ရဲ့ဇီဖပဲပြောရမှာလား၊ အပေါင်းအသင်းကြောင့်ပဲ ဆိုရမှာလား၊ စာရနက္ခတ်ပါတယ်လို့ ပြောချင်ပါသည်၊ တဖြည်းဖြည်းနဲ့ ဆိုးသထက်ဆိုးလာတဲ့ လူဆိုးစာရင်းဝင်တစ်ယောက်၊ လူဆိုးခေါင်းဆောင်တစ်ယောက်လို့ ရွာထဲမှ လူများက အသိအမှတ်ပြုလာကြတော့၏၊ ရွာထဲ ကြက်ပျောက်လည်း ဖြူစုတ်၊ ဘူးသီးပျောက်လည်း ဖြူစုတ်၊ နောက်တော့ ကျေးရွာရုံးမှာ ခံဝန်ချုပ်တဲ့အထိ ဖြစ်လာသည်၊ သူနိုးကြီးတော့ ဓားပြများ ဖြစ်လေရော့မလား၊ မိဘတွေက စိတ်ပူကြ၏၊

"ကိုဆန်းမောင်ရယ်၊ ရှင် – ကျွန်မသားလေးကို ဖျောင်းဖျပြောပါရှင်၊ ကျွန်မတို့မှာ ဒီသားပဲရှိတာ၊ အဘွားကလည်း သိပ်ချစ်တယ်၊ အလိုလိုက်လို့ အမိုက်စော်ကားတာပါရှင်"

www.burmeseclassic.com

"မကျောင်သန်း - မင်းသားက ခပ်ကြမ်းကြမ်း ဆုံးမမှုရမှာ၊ ဒီတစ်ခါ ဖြစ်လို့ကတော့ ငါကိုယ်တိုင် ထောင်ထဲပို့မယ်"

"ရှင် - ကျွန်မမှာ နလုံးရောဂါရှိတယ်၊ အဲဒီလိုဆို သေမှာပါရှင်"

"အေး - မင်းကို သနားလို့ နောက်မို့ဆို ကြာပြီပေါ့"

"ရှင်ရယ် - သနား - သနားပါ - ဟဲ - ဟဲ - ဟဲ - ဟဲ"

"ကဲ - မင်း ဆေးသောက်ဖို့အချိန်ရောက်ပြီ၊ ရော့ - ရော့ - သောက်လိုက်ပါ"

"ဟုတ်ကဲ့ပါရှင်"

ဥပမာပြောရလျှင်တော့ ဒီရွာထဲက ကြက်တည်သမားဘဝဖြစ်ခဲ့တဲ့ ကဿပဘုရားရှင်လက်ထက်က မုဆိုးကြီးအကြောင်းပါပဲ။ ကကုသန်ဘုရား ကဿပဘုရား ဖျာဒိတ်စကား ထားခဲ့စဉ်ဘဝကတည်းက မုဆိုးကြီးအဖြစ်နဲ့ တောထဲမှာ တောကြက်တည်၊ တောကြက်တွေ သတ်ရောင်းခဲ့တဲ့ မုဆိုးကြီးသည် ယခု ဂေါတမဘုရား ပွင့်တော်မူပြီး အနှစ် (၂၅၀၀) ကျော်မှာ ကျောင်းတော်ရာရပ်ကွက်၊ ဂန္ဓာရုံဘုရားကျောင်းအနီးတွင် လူ့ဘဝသို့ ထပ်ရောက်လူဖြစ်ခဲ့ရပါသည်၊ ယခင် ဘဝပေါင်းများစွာက မကောင်းမှုပြုလုပ်ခဲ့တဲ့ အကုသိုလ်အရှိန်က ယခုဘဝတိုင် မကုန်သေး၊ အတိတ်အကြောင်းတို့ ဇာတိဿရဉာဏ်ရရှိပြီး အားလုံးဖြစ်ကြောင်းကုန်စဉ်ကို ပြန်ပြောပြနိုင်ခဲ့သည်၊ ထိုကြက်တည်သမားကြီးသည် ယခု အသက် (၉၀)ကျော်အရွယ် ရောက်မှ ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြောင်း သိရပါသည်၊

ယနေ့ မုဆိုးကြီး၏ မြေးများ ကျန်ရှိနေပါသေးသည်၊ ဤဒေသ ဤနေရာ သည့်အလွန်မှ အတိတ်ဇာတ်ကြောင်းဆန်းများ ရှိနေပါသည်၊ ဤနေရာသည် ကား ဂေါတမဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်သီတင်းသုံးတော်မူ၍ ဗျာဒိတ်ခြွေတော်မူရာ ဒေသဖြစ်ပါ၏၊ ထို့ကြောင့် အလွန်ထူးခြားပါသည်၊ ယခုလည်း ဖြူစုတ်တစ်ယောက် စကားပြောရာမှာရော၊ ကိုယ်အမူအရာ ရော ကြမ်းတမ်းသည့် လူကြမ်းစိတ်ကြမ်း ဖြစ်နေ၏၊ ကြီးသူ၊ ငယ်သူ၊ ရွယ်တူ



ဆိုတာ သူ့မှာမရှိတော့၊ အသွား ဒေါ်ခင်တုတ် အလှူခံရသမျှ ငွေထဲက ဖြူစုတ် အတွက် ဘဏ္ဍာတော်ထိမ်း ဘဏ္ဍာစိုး ဖြစ်နေ၏၊

တစ်နေ့တွင် ဖြူစုတ်၏ ဖခင် ဦးဆန်းမောင်က သူ့သားကို ကြည့်ကာ စိတ်မကောင်းကြီးစွာနှင့် မိဘမေတ္တာရင်ထဲက စကားပွင့်အန်ကာ ဆုံးမပါ တော့သည်၊

"ဒီမှာ - ဖြူစုတ်၊ မင်းကိုယ်လည်း မင်း ပြန်ကြည့်ပါဦး၊ ဘယ်လိုပုံ ပေါက်နေသလဲလို့၊ မင်း ဒီလိုဆက်သွားရင်တော့ ဒုက္ခရောက်လိမ့်မယ် ကြားလား၊ အမေ့မှာလည်း နလုံးရောဂါနဲ့၊ မင်းကြောင့် စိတ်ဖိစီးနေရတယ်၊ တစ်နေ့မှ စိတ်မချမ်းသာရဘူးကွ"

"အဖေရာ - ကျွန်တော် အရက်သောက်တာ ဘာဒုက္ခပေးလို့လဲဗျာ"

"ဘာကွ - မင်းကြောင့် တစ်ရွာလုံးက ငါတို့အပေါ် အထင်သေးကုန်ပြီ၊ နောက်ပြီး - မကြာခဏ ရုံးက ဆင့်ခံရတယ်၊ ငါ ရှက်တယ်ကွာ၊ မင်း ဒီလိုနဲ့ ဆိုရင် မင်း ငါတို့နဲ့ ဝေးတဲ့နေရာနေ"

"ဟုတ်တယ် - အမေရှိနေလို့၊ ခင်ဗျားကြီး ကျုပ် အဖေ မဟုတ်ဘူး"

"ဘာကွ - ကဲကွာ - ဗျန်း - ဒုတ် - အား အား"

"အဖေ - ကျွန်တော့်ကိုရိုက်တယ်၊ အား - အား"

"ကို ဆန်းမောင် - ရှင်လွှန်မယ် - လွှန်မယ်၊ အား - အား - အား - အမလေး"

"ဟာ - မကျောင်သန်းရယ်၊ သတိထားပါကွာ ..."

"အမေ - အမေ - အမေရယ်"

ဖြူစုတ်တစ်ယောက် အဖေနဲ့အမေ ထားခဲ့ပြီး ဇာတ်ရုံဘက်သို့ အပြေးနှင့် အရက်ဆိုင်သို့ သုတ်ခြေတင်ပါတော့၏၊ စန္ဒကူးနံ့သာကျောင်းတော်ရာ အတီတော်ကြီးရှေ့ ဇာတ်ရုံထဲမှ ဖိုးချစ်ဇာတ်ပွဲက ဆိုင်းသံ၊ ဗုံသံ တမြိုင်မြိုင် နှင့် အော်ပရာဇာတ်တော်က နေပါပြီ၊ ပွဲကြည့်ပရိသတ်များနှင့် ဘုရားဖူးပွဲဈေး ဆင်နွှဲသူတို့ ကြိတ်ကြိတ်တိုး စည်ကားလှပါသည်၊ ဈေးရောင်းဈေးဝယ် သူများ၊ မြင်းလှည်း၊ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးများနှင့် အထူးများ

www.burmeseclassic.com

ပြားစည်ကားနေပါသည်။ ဖြူစုတ်ကတော့ အရက်ဆိုင်အတွင်း စားပွဲဝိုင်းမှာ အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်နေပါ၏။ သူငယ်ချင်း စိုးမိုးကို မျှော်နေမိပါ၏။

ယနေ့ည ပြည်သူ့အချစ်တော် ဖိုးချစ်ကတဲ့ဇာတ်ပွဲမှာ အော်ပရာ က.ဖြူမှာကတော့ ငါးရှာငါးဆယ်နိပါတ်တော်လာ (စတုဒ္ဓါရမိတ္တဝိန္ဒက ဇာတ်တော်) ဖြစ်ပါတယ် ခင်ဗျာ။ ရှုစားအားပေးတော်မူကြပါ။

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဆိုမိန့်ကြားတော်မူခဲ့ပါတော့သည်။

"အတိတ်ကိုဆောင်၍ ကဿပဘုရားရှင်လက်ထက်တော်အခါက သူဌေးကြီးဇနီးမောင်နှံမှာ သားလေးတစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ အဲဒီသားလေးကို မိခင်၊ ဖခင်တို့က အလွန်ပင်ချစ်မြတ်နိုးသဖြင့် အလိုလိုက်ထားခဲ့ပါတယ်။ သားလေးလည်း ဘာစာမှလည်းမသင်၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်သာ အချိန်ကုန်ခဲ့ပါတယ်။ ထိုအခါမှာ မိခင်က သားကိုခေါ်၍"

"လူလေး - မင်း ဒီလိုနေမယ့်အစား မြတ်စွာဘုရားကျောင်းကို တစ်နေ့လုံး သွားတရားနာမယ်ဆိုရင် မကောင်းဘူးလား"

"ဟာ - အမေရာ၊ သားက ပျင်းလို့ မနေချင်ပါဘူး"

"ဒါဆို - အမေက သားကို အဲဒီလို တစ်နေ့လုံးနေရင် ပြန်လာတဲ့အခါ အသပြာတစ်ထောင် ပေးမယ်ကွယ့်"

"ဟာ - ဒီလိုဆို တကယ်လား။ အမေပြောတာ တကယ်လား"

"တကယ်ပါ - သားရယ်၊ အမေက ဘယ်ညာပါ့မလဲ"

"သား - မိုးလင်းကတည်းက သွားမယ်၊ ပြန်လာရင် ပြီးရောနော်"

"အေးပါကွယ် - သွားပါ၊ ငါ့သား - ပြန်လာတော့ပေးမယ်"

"အမေ - ကတိတည်ပါစေ"

"တည်ပါတယ် - သားရယ်၊ မင်းသာ - သွားပါ"

"ကောင်းပြီ - အမေ၊ ကောင်းပြီ ..."



ထိုနေ့ နံနက်မှစလို့ မိတ္တဝိန္ဒကဟာ ကဿပဘုရား ကျောင်းတော်သို့ နံနက်ပိုင်းမှစလို့ ထွက်သွားပါတော့တယ်။ ညနေမိုးချုပ်လျှင် ပြန်လာ၊ အမေဆီမှ အသပြာတစ်ထောင်ရပြီးနောက် ထိုနေ့များကို နေ့စဉ် စုထားပါတော့တယ်။

မိတ္တဝိန္ဒက တရားသိလား၊ မသိလားတော့မသိ၊ ကဿပဘုရားကျောင်းသို့နံနက်ပိုင်း ထွက်သွား၊ ညနေပြန်ရောက်၊ နေ့ပေါင်း၊ လပေါင်းကြာလာတော့ အမေနှင့်အဖေကတော့ သားလေးလိမ္မာရေးခြားရှိပြီထင်ကြပါတယ်။ ဒီတော့ ကြိတ်ပြီးဝမ်းသာနေကြပါတယ်။

"အမေ - အမေ - ကျွန်တော် နိုင်ငံရပ်ခြားမှာ ကုန်ရောင်းကုန်ဝယ် လုပ်ချင်တယ်"

"ဟယ် - အမေ့သားရယ်၊ ဒီလောက်စည်းစိမ်ဥစ္စာတွေ ပြည့်စုံနေတာကွယ်၊ ဘာလုပ် ပင်ပန်းခံရမှာလဲ"

"အိုဗျာ - သူများသူဌေးသားတွေလည်း ပင်လယ်ရပ်ခြား တိုင်းတစ်ပါးကိုကုန်သွယ်နေကြတာ၊ ကျွန်တော်လည်း ကုန်ကူးချင်တယ်"

"မင်း - ငယ်ပါသေးတယ်သား၊ အမေ - မလွှတ်နိုင်ဘူး"

"ခင်ဗျားတို့က ကျုပ်ကို ချုပ်ခြယ်ကြတယ်၊ မနေဘူး"

"အို - သား - မင်း ငရဲကြီးလိမ့်မယ်"

"ကြီးကြီးဗျာ - သွားကိုသွားမယ်၊ မတားပါနဲ့"

"မင်းကွယ် ဘုရားကျောင်းတော် အခေါက်ပေါင်းများစွာသွားပြီးမှ လိမ္မာမှာ၊ ခုတော့ -"

"အိုဗျာ - ခင်ဗျားတို့ လိမ္မာဖို့ပဲ ပြောနေတယ်၊ နားငြီးတယ်"

"သား - မင်း အမေ့ကို ခံပြောတယ်"

"ပြောတယ်၊ ခင်ဗျားကြီး ကျုပ်ကို အသပြာတွေပေး၊ ကျုပ်ကုန်ကူးမလို့"

"ဟဲ့သား - မပေးဘူး သွားလည်းမသွားရဘူး။ ဟီး - ဟီး - ဟီး - ဟီး"

"အိုဗျာ - ခင်ဗျားကြီး ပေးမလား၊ မပေးဘူးလား၊ ပြော - ကဲဟာ - ကဲ"



www.burmeseclassic.com

www.burmeseclassic.com

"အမလေး - သားလေး မင်းအဖေသိရင် မင်း ဒုက္ခရောက်တော့မယ်"

"ပေး - ပေး - ပေး - ပေးဗျာ - ကဲဟာ - ကဲ - ကဲ"

မိတ္တဝိန္ဒက အမေ့ကို ကိုယ်ထိလက်ရောက် တွန်းလှဲစော်ကားကာ အိမ်မှ အသပြာထုပ်များကိုယူ၍ မြစ်ဆိပ်သို့ ကုန်ကူးရန်အတွက် အပြေး ထွက်ပါတော့တယ်ဗျာ။

စိုးမိုး ဆိုင်ထဲသို့ အပြေးဝင်လာ၏။ ဖြူစုတ် စားပွဲတွင် ဝင်ထိုင်ကာ လက်ကို ဆွဲကာဖြင့် အရေးတကြီး စကားပြောပါတော့သည်။

"ဟာ - ဖြူစုတ်၊ မင်းအမေ နလုံးရောဂါထနေတယ်၊ ခုပဲ ဆေးရုံ သွားမလို့တဲ့"

"ဟာကွာ - မင်းကလည်း ဖိမ်ပျက်တယ်ကွာ၊ ဘာပဲ ဖြစ်ဖြစ်"

"တော်ကွာ - ပြန်ကြရအောင် လာပါကွာ"

"ဟော့ကောင် - မင်း ငါ့ကို မခေါ်နဲ့၊ ငါ မလိုက်ဘူး သူတို့ ဘာပဲဖြစ်ဖြစ်"

"ခက်ပြီကွာ"

"ရော့ - ချ - ချလိုက်၊ မင်းဟိုမှာ ပွဲခင်းထဲသွားရအောင်"

"ဖြူစုတ်ရယ် - မင်းကွာ"

"ဒီလိုနဲ့ မိတ္တဝိန္ဒက လှေပေါ်သို့ ရောက်ပါပြီ။ လှေသူကြီးကို အသပြာထုပ် အပ်လို့ ကုန်သည်လှေကြီး ကမ်းမှစတင်ခွာခဲ့ပါတော့တယ် ခင်ဗျာ"

လှေထွက်ပြီးနောက် (၅)ရက်အကြာ ပင်လယ်သမုဒ္ဒရာ ရေပြင်ကြီး ငြိမ်သက်နေရာမှ လှိုင်းလုံးကြီးများ လှုပ်ခတ်လာတယ်။ ကောင်းကင်ပြင် တစ်ခုလုံးနီရဲကာ မုန်တိုင်းဆင်ပါတော့တယ်။ လှိုင်းဒဏ်၊ လေဒဏ်၊ ရေဒဏ် မခံဘူးတဲ့ မိတ္တဝိန္ဒက သူ နောင်တကခုမှ အမေ့ကို သတိရနေပါတယ်။ ဒါပေမဲ့ နောင်တ နောင်မှရလို့ မိုက်နောင်တသာ ဖြစ်ပါတယ် ခင်ဗျာ။ ဒီအချိန် လှေသူကြီးက မြည်ဟိန်းသော အသံကြီးနှင့် အော်ပြောလိုက်ပါတော့တယ်။



"ဟော့ - တို့ - ကုန်ကူးတိုင်း ဒီလိုအဖြစ်ဆိုးနဲ့ တစ်ခါမှ မကြုံဖူးပါဘူးကွ၊ အခုတော့ - မကောင်းဆိုးဝါးကောင်ပါလာလို့ပဲဖြစ်တာ၊ ဒီတော့ - အဲဒါ ဘယ်သူဆိုတာသိမှ ရေထဲချခဲ့ရမယ်၊ သဘောတူကြလားကွယ်"

"တူတယ် - တူတယ်ဗျို့"

"ဒါဆို - မဲနှိုက်ရမယ်၊ အောင်ဘာလေကျတဲ့သူဟာ ကံငယ်သူပဲ"

"ဟုတ်ကဲ့ပါ - ခင်ဗျာ"

"ကဲ - လာကြ - မဲနှိုက်"

"ဝလာပါ - ခင်ဗျာ"

"ဝလာပါ - ခင်ဗျာ"

"အောင်ဘာလေမဲပါ - ခင်ဗျာ"

"မင်းနာမည် ဘယ်သူလဲကွ"

"မိတ္တဝိန္ဒကပါ - ခင်ဗျာ"

"ဟေ - မင်းက ကုန်သည်ပဲ၊ ဒါပေမဲ့ - မင်းက ကံငယ်တဲ့သူ၊ မင်းမှ ကံဆိုတ်နေတယ်၊ ငါက ဘယ်ခွဲခြားလို့ ရမှာလဲ"

"ကျွန်တော့်ကို ရေထဲတော့ မချပါနဲ့ ခင်ဗျာ"

"အေး - မင်းက သူဌေးသားပဲ၊ ဒီတော့ လှေတစ်စီးနဲ့ ချခဲ့မယ်"

"ဟုတ်ကဲ့ပါ - ခင်ဗျာ"

"မိတ္တဝိန္ဒက ရေချကြစို့ ဟေး - ဟေး - ဟေး - ဟေး"

"လာလေ့ - လာလေ့ - လာလေ့"

"စိုးမိုးရေ - ငါ နားမထောင်ချင်တော့ဘူး၊ လာကွာ - ဝေးတဲ့နေရာ သွားရအောင်"

"အေးပါကွာ - မင်း - ဘာတွေဖြစ်နေတာလဲကွာ"

"သူငယ်ချင်း၊ လာ - တို့ ရွာပြင်က ကောက်ရိုးပုံမှာ သွားအိပ်ကြရအောင် ခင်း - လိုက်ခဲ့ကွာ"

"အေးပါ - သူငယ်ချင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနဲ့ မိတ္တဝိန္ဒကဟာ ရေစာမချဘဲ လေ့တစ်စီးနဲ့ ရေထဲချထားခဲ့ကြ ပါတယ်။ လှိုင်းဒဏ်၊ ရေဒဏ်တွေကြားမှာ သူဋ္ဌေးသားမိဘစော်ကားပြီးနောက် အစာရေစာပြတ်ပြီး လဲနေရာမှ နားထဲမှာ သီချင်းသံလိုကြားပြီး ဝေမာနိက ပြိတ္တာမများနှင့်တွေ့ကာ နေ့ခံညခံ ပြိတ္တာမများနှင့် စုနစ်ရက် ကာမဂုဏ် စည်းစိမ်ကို ခံစားရပါတော့တယ်"

"ဟာ - စိုးမိုး၊ ကာမဂုဏ်ခံစားတာတဲ့ကွ၊ အဲဒါ - ဘာလဲကွ"

"မင်းကလည်း ချစ်တာကြိုက်တာ ပြောတာပေါ့ကွာ"

"ဒါဆို - ဟိုဟာမနဲ့ ငါ့လိုပဲပေါ့နော်"

"ဒေါ့ - မင်းက ကာမေသုဆိုလားပဲ၊ ငရဲကြီးတတ်တယ်၊ မင်းက ဟို ဟိုဟာက ပြိတ္တာနဲ့ပဲကွာတယ်"

"ဒါဆို ငရဲကြီးတာတော့ ငါမသိဘူး၊ ငါ သတိရတာတော့ သိတယ်ကွ"

"မင်းတော့ ဒုက္ခပဲ"

✱

"စိုးမိုး - မင်းနဲ့ငါ မနက်ဖြန် မုန်းရွာင်းမှာ ငါးသွားရှာကြရအောင်ကွာ"

"မင်းကလည်း အကုသိုလ်ပေါ် အကုသိုလ်ပဲ"

"မင်းက သူတော်ကောင်း လုပ်နေပြန်ပြီ"

ဖြူစုတ်နဲ့ စိုးမိုးတို့ ကြုံရာမှာ အိပ်၊ ကြုံရာမှာနေ ဘဝသို့ ရောက်မှန်းမသိ ရောက်လာတော့၏။ အိမ်က အမေ ဒေါ်ကျင်သန်း ဆေးရုံတက်နေသည်ကိုပင် အလေးဂရုမထားတော့၊ အဘွား ဒေါ်ခင်တုတ် ဆီပြေးလိုက်၊ အရက်ဆိုင် ပြေးသောက်လိုက်နှင့် ဖြူစုတ်တစ်ယောက် ဖိုးသမားကြီး ဖြစ်လာတော့၏။ အပေါင်းအသင်းစုံလာလျှင် ဘာမဆိုလုပ်ရဲတဲ့သူ ဝက်ပေါ်၊ နွားပေါ်၊ ကြက် သတ်၊ ဘဲသတ်လည်း မရှောင်တော့၊ အိမ်ကိုပြန်တဲ့ ရက်ကနည်းပြီး မပြန်တဲ့ ရက်ကများတော့၏။ အဖေ၊ အမေဆီလည်း ရှိတယ်လို့တောင် မထင်တော့ ပေ။



တစ်နေ့ စိတ်လိုလက်ရနှင့် သူ့မိဘတို့ အိမ်ပြန်သွားမိ၏။ အဖေ ဦးဆန်း မောင်က အမေ ဒေါ်ကျင်သန်း နလုံးရောဂါနှင့် အိပ်ရာထဲ လဲနေသည်ကို ပြုစု ယုယနေပါသည်။ ဖြူစုတ်လည်း အရက်မူးပြီး အိမ်ခန်းထဲတွင်ဝင်၍ အိပ်နေ မိ၏။ ဦးဆန်းမောင်က ဒေါ်ကျင်သန်းကို ဆေးတိုက်ရင်း စကားပြောနေသံကို ဖြူစုတ်နားထဲ စူးစူးနစ်နစ်ဝင်လာ၏။ သူ မရှိသလိုနှင့် ရှောင်း၍နားထောင် နေရင်းက ...

"မကျင်သန်း - မင်း သက်သာလား၊ ဆေးသောက်ပါဦး"

"ကိုဆန်းမောင်ရယ် - ကျွန်မရောဂါ ကျွန်မ သိပါတယ်ရှင်၊ သားလေးကို စောင့်ရှောက်ပါ၊ ကလေးက မိုက်တယ်ဆိုလည်း ခွင့်လွှတ်ပါ၊ ရှင် - ဖျောင်းဖျ ပြောရင် ရပါတယ်ရှင်"

"အေးပါ - မကျင်သန်းရယ်၊ မင်း - ဘာမှ မဖြစ်ရပါဘူးကွယ်"

"ကျွန်မ မရတော့ပါဘူး၊ အသက်ရှူက ကျပ်လာတယ်၊ မောလည်း မော လာတယ်"

"မင်း ဘာလုပ်ချင်လဲ၊ ဘာလှူချင်လဲပြော"

"ကျွန်မလေ သားလေး အသက် (၂၀)ပြည့်ရင် ရဟန်းခံမယ်လို့ စိတ် ကူးထားတယ်၊ ကျွန်မ မရှိတော့ရင် ကျွန်မ သားလေးကို လှူပေးရရင် ကျေ နပ်ပါတယ်ရှင်၊ ရှင်လည်း နောက်"

"အို - မင်း ဘာကို ပြောချင်တာလဲကွ"

"ဒီလို - ရှင့်ကို မေးပါရစေ၊ ကျွန်မလေ -"

"မေးပါ - မေးမှာသာ မေးပါ"

"ကျွန်မ သေခဲ့ရင် ရှင် နောက်မိန်းမယူဦးမှာလား"

"ဟာ - မင်းကလည်း မင်းမရှိမှတော့ ငါယူရမှာပေါ့"

"ရှင်ကလည်း ကျွန်မ မြေပုံခြောက်ပါရစေရှင်"

"ကဲ - ကဲ - ဆေးသောက်ပြီး အိပ်လိုက်ဦး၊ လာ - လာ - လာ"

ထိုစကားကို ဖြူစုတ်ကြားတော့ နားထဲ သံရည်ပူနှင့် လောင်းသလိုကြား လိုက်ရ၏။ တကယ်တော့ - ဖြူစုတ်က အဖေကို မကျေနပ်၊ သူ့အမေ နလုံး



www.burmeseclassic.com

www.burmeseclassic.com

ရောဂါရအောင် လုပ်ထားသူပဲလို့ စွပ်စွဲထားတော့၏။ အမေများ သေလိုက်တော့၊ အဖေ နောက်မိန်းမယူတာကို ကန့်ကွက်ဖူးတယ်၊ ရှိတဲ့ပစ္စည်းတော့ နောက်မယားငယ် အစားမခံနိုင်ဘူး၊ ခုကတည်းက ဖြုန်းပစ်တာ ကောင်းမယ်၊ အကယ်၍အမေ သေရင် အဖေက အမေမကြိုက်တဲ့ စကားပြောလို့ သေတာလို့ သူစိတ်ထဲစွဲ၍ ဒေါသဖြစ်နေ၏။ ပြဿနာရှာမယ့်ကောင် ဖြစ်နေပါပြီ။ ဖြူစုတ် အိမ်နောက်ပေါက်မှ ဆင်းကာ ရွာထဲသို့ ထွက်လာခဲ့တော့၏။

ဖြူစုတ် စိတ်ညစ်ညစ်နှင့် လမ်းမပေါ်ထွက်လာခဲ့၏။ ခဲတစ်လုံးကောက်၍ တွေ့သမျှခွေးများကို ပစ်ပေါက်မိသည်၊ ဒေါသကပေါက်ကွဲနေပြီ၊ သူမှာ တွေဝေတဲ့စိတ်ကလွဲလို့ ဘာမှမရှိတော့၊ လူသတ်ချင်တဲ့စိတ်တွေ ပေါ်နေ၏။ သူ့တစ်ကိုယ်လုံး တုန်ရီမောဟိုက်နေသည်၊ အရာရာကို ရန်သူဟု မြင်လာသည်၊ တကယ်တော့ ဖြူစုတ်တစ်ကိုယ်လုံး၊ ဒေါသ၊ မောဟ၊ လောဘတရားတွေရဲ့ ကြီးစိုးမှုကြောင့် အဗ္ဗသားကောင် ဖြစ်မှန်းမသိ ဖြစ်နေပါတော့သည်၊

ယခုဆို ကွင်းပြင်ထဲက ထနောင်းပင်အောက်မှာ ဖြူစုတ် အိပ်ပျော်နေပါ၏၊ လောကကြီးတစ်ခုလုံး မှောင်နေပါသည်၊ နစ်နစ်မြိုက်မြိုက် အိပ်ပျော်သွားလိုက်တာ ညနေ နေဝင်ချိန်ရောက်ပြီ၊ သူ့တစ်ကိုယ်လုံး အေးစက်လာတော့၏၊ ဟိုကြည့်၊ ဒီကြည့်နှင့် သူ ငုတ်တုတ်ထထိုင်မိ၏၊ နားထဲမှာ ငိုသံလိုလို ကြားလိုက်မိ၏၊ ထိုအသံသည်ကား သူ့အမေ ဒေါ်ကျင်သန်း၏အသံကို ကြားလိုက်မိလို့ သူ့နှုတ်မှပင် အမေ - အမေ - အမေဟု အသံကုန် အော်လိုက်မိတော့သည်၊

"ဖြူစုတ် - ဖြူစုတ် - မင်းကိုငါလိုက်ရှာနေတာ၊ လာ - လာ - အိမ်ပြန်မယ် သူငယ်ချင်း - ဟိုမှာ မင်းအမေ သတိလစ်သွားလို့ လာပါကွာ"

"ဟုတ်လား - အမေ - အမေ - အမေရေ"

ဖြူစုတ်နှင့် စိုးမိုး ရွာထဲသို့ အပြေးသွားကြ၏၊ အိမ်သို့ရောက်သော် တစ်အိမ်လုံး လူတွေပြည့်လို့၊ အမေ့ကိုကြည့်တော့ အမေ ငြိမ်သက်နေ၏၊ လူအုပ်ကြားထဲမှ တိုးဝင်၊ အမေ့ကို လက်ကိုင်ကြည့်တော့ အေးစက်နေ၏



"အမေ - အမေ - အမေ"

"ဟီး - ဟီး - ဟီး - ဟီး"

"ဟုတ်တယ် - မင်းအမေ - ဆုံးပြီ - ဖြူစုတ်"

"ဘာဗျ - အမေဆုံးပြီ ဟုတ်လား၊ အဲဒါ - ခင်ဗျားကြီး သတ်တာ၊ ခင်ဗျားကြီး ရက်စက်တယ်၊ ကျုပ်အမေကို ခင်ဗျား နှိပ်စက်တယ်၊ ဟီး - ဟီး - ဟီး - ဟီး"

"မင်းကွာ - သတိထားပါဦး ဖြူစုတ်ရယ်"

"ဒီလောက်ရက်စက်တဲ့ လူကြီး၊ ကျုပ်သတ်မယ် - သေပေတော့"

"ဖြူစုတ် - မှားမယ် - မှားမယ်၊ သတိထားပါကွာ၊ ဟဲ - ဆွဲကြပါဦး"

"ခင်ဗျားကြီး - လူမဟုတ်ဘူး၊ နွားကြီး - သတ်မယ်၊ ကဲ - ကဲ - ဖျန်း - ဖျန်း - ဖျန်း"

"ဟဲ့ - ဆွဲကြပါဦး၊ ဖအေကို ပြန်စော်ကားနေပြီ"

"ခင်ဗျား လူမိုက်ကြီး၊ ပြေးနိုင်ရင်ပြေး၊ မိလို့ကတော့ ကျုပ် အသေသတ်မှာ၊ ဟီး - ဟီး"

"ဖြူစုတ် - မိဘကို မစော်ကားနဲ့၊ မင်း - ပဉ္စနန္တရိယကံ ထိုက်မယ်"

"ထိုက်ထိုက်ဗျာ - ခုပဲ ငရဲရောက်ရောက် သတ်ကိုသတ်မယ်"

"ကဲ - မင်းကို ဆုံးမလို့မှ မရရင်တော့ မင်းထိုက်နဲ့ မင်းကံပဲ"

ဖြူစုတ်က သူ့အဖေဦးဆန်းမောင်အား လက်သီးနှင့်ထိုး၊ လက်နှင့်ရိုက်၊ ခင်ဝဖနောင့်နှင့် ဆောင့်ကန်၊ တွန်းလှဲ အားကုန်ရိုက်နက်ပါတော့၏၊ အသုဘရှူတသူများက ဝိုင်း၍ဆွဲကြ၊ ဖျဉ်ကြနှင့် ဦးဆန်းမောင်အား ရိုက်နက်မှုကြောင့် ထွက်ပြေးနေပါသည်၊ ဖြူစုတ်ကတော့ အရက်မူးအောင်သောက်ပြီး နောက် ဖခင်မှန်းမသိတော့၊ ရန်သူလိုသဘောထားပြီး အသေသတ်ရန် ခြိမ်းခြောက်နေပါတော့သည်၊ ဦးဆန်းမောင်လည်း ဒဏ်ရာများနှင့် သွေးအလိမ်းလိမ်း ခံရပါသည်၊

"လာခဲ့ - ကျုပ်ဖခင် မပီသတဲ့ လူကြီး၊ တွေ့ကျသေးတာပေါ့၊ အဖေ သတ်မကလို့ ဘာပဲဖြစ်ဖြစ် သင်းသေမှအေးမယ်၊ ငါ့အမေကို နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com

သတ်တယ်၊ သူက နောက်မိန်းမယူမယ်၊ ကောင်းတာပေါ့ - ဒါကြောင့် မြန်မြန်
*သတ်လိုက်တာ၊ တွေ့မယ်...*"

"ဖြူစုတ် - မင်းသတိထားပါဦး၊ မင်း မိဘကို မစော်ကားနဲ့ကွ"

"ငါ ဘယ်သူဆုံးမတာကိုမှ လက်မခံဘူး ကြားလား၊ ခုလာဆွဲတဲ့ လူ
လည်း သတ်မယ်"

"ကဲ - မင်းကို ငါ ပြောလို့မရရင်တော့ ဘာတတ်နိုင်မှာလဲကွာ"

"ဟေ့ - လူကြီး ထွက်ခဲ့စမ်း၊ ထွက်စမ်းပါ၊ ခင်ဗျားကြီးကို ကျုပ် စာရင်း
ရှင်းရမှ ကျေနပ်မယ်"

"ကဲ - မင်း ငါနဲ့လိုက်ခဲ့၊ ဟိုတောင်ဖက်က ဆိုင်မှာသွားသောက်မယ်"

"မလိုက်ဘူး - ဒီလူကြီးကို ငါသတ်ပြီး အောင်ပွဲခံမယ်ကွ"

ထိုနေ့ ဒေါ်ကျင်သန်းဆုံးပြီးနောက် ဖြူစုတ် ဖခင်ဦးဆန်းမောင်ကို ကိုယ်
ထိလက်ရောက် စော်ကားခြင်း၊ ရိုက်နှက်ပြီး ရန်ရင်းကြမ်းတမ်းစွာ ဆဲဆိုခြင်း
ဟိရိဩတ္တပ္ပမဲ့ ရိုင်းစိုင်းခြင်းတို့ကြောင့် ရွာထဲကလူကြီးတွေက ဆွဲကြဖျဉ်ကြ
နင့် မရပေ၊ ဦးဆန်းမောင် လွတ်ရာထွက်ပြေးနေရပါပြီ၊ ဖြူစုတ်က ဓါးတစ်လက်
ကိုင်ကာ ဖခင်ကို ရိုက်သတ်ရန် စောင့်နေပါ၏၊ ခေတ်သစ် အဇာတသတ် လို
သားမျိုး ဖခင်ကို အရှင်လတ်လတ် စော်ကားသတ်ဖြတ်ရန်အတွက် အရက်
မူးအောင်သောက်ပြီး မအိပ်မနေစောင့်နေပါသည်၊ သုံးရက်အကြာ ဒေါ်ကျင်
သန်း၏အသုဘသဂြိုလ်သည့်ရက်၊ ရပ်ရွာလူကြီးများ စောင့်ကြပ်ကာ ဦးဆန်း
မောင် ရေစက်ချအမျှဝေနိုင်ဖို့ စီစဉ်ကြရပါတော့သည်၊ ကျန်ရက်များသည်
လည်း အစောင့်အရှောက်နှင့်ထားကာ နေရပါတော့၏၊ ဖြူစုတ်ကတော့
ဒေါသမပြေသေး၊ လူကြီးများအလစ်ကို စောင့်ကြည့်နေပါ၏၊ လူကြီးများနှင့်
ရပ်ရွာလူကြီးများ၊ လူငယ်တွေက အလစ်မပေးဘဲ စောင့်ကြပ် နေမှုကြောင့်
သာ ဦးဆန်းမောင် အသက်ချမ်းသာရသည် ဖြစ်ပါ၏၊ နို့မို့ဆိုလျှင်တော့
မတွေးဝံ့စရာပါပဲ၊ ဖြူစုတ် ခုတော့ အမေမရှိတဲ့ ရေနည်းငါးတစ်ကောင်လို
အဘွားဒေါ်ခင်တုတ်ကလည်း အသက်အရွယ်ကြီး ဇရာအိုအရွယ် သူ့ကိုယ်
သူ မနိုင်တော့၊ အဖေ ဦးဆန်းမောင်နှင့်က တဖောင်းဖေးနဲ့ မျက်ချေးလို ဖခင်



အပေါ်အပြိုးထားတဲ့သူ၊ ခေတ်သစ် အဇာတသတ်၊ ကာယကံ၊ ဝစီကံ၊ မနော
ကံနှင့် ကျူးလွန်ပစ်မှားခဲ့သူ၊ တစ်နေ့နေ့မှာတော့ ကံကြီးထိုက်လိမ့်မယ်လို့
ပြောနေကြသည်၊

တစ်ညနေမှာ သူ့ရဲ့ အပေါင်းအသင်း စိုးမိုးနှင့် ကိုစန်းကြီးတို့ သူ့ဆီ
ရောက်လာကြ၏၊ သူတို့ ရောက်လာသည့်အကြောင်းကား မုန်းချောင်း
တစ်ဖက်ကမ်းရှိ ငါးမွေးမြူရေးကန်ထဲမှ ငါးများ ပိုက်ဆွဲဖမ်းပေးဖို့ တစ်ဖွဲ့လျှင်
ငါးယောက်ကျစီ ခေါ်၍ နေ့ရှင်းပေးမည့်အကြောင်း ပြောကြခြင်းဖြစ်၏၊

"ဖြူစုတ် - မင်း ငါတို့နဲ့ လိုက်မလား၊ စားဖို့ နေဖို့ ဘာမှမပူရပါဘူးကွာ၊
သောက်ဖို့လည်း အဆင်သင့်ပါ၊ ငါတို့ ပျော်ပျော်ပါးပါး သွားကြရအောင်လား
ကွာ"

"အေး - စိုးမိုး၊ ငါ ညစ်နေတာနဲ့ အတော်ပဲ၊ ငါ လိုက်မယ် သောက်မယ်"

"အေးပါ - ဖြူစုတ်ရယ်၊ မင်း - လိုက်မှ လိုက်ပါ့မလားလို့ကွာ"

"ကိုစန်းကြီးရယ် - လိုက်မှာပေါ့၊ ခင်ဗျားလည်း ပါတာပဲဟာ"

"အေး - မင်း ငါ့စကား နားထောင်ရမယ်နော်"

"ဟုတ်တယ်ကွ - သူက ခေါင်းဆောင်ကွ၊ သူ့စကား နားထောင်ရမှာ
ကွ"

"အေးပါဗျာ - ကျုပ် လိုက်မယ်ဗျာ"

"အေး - တို့ အောင်ပွဲခံကြရအောင်၊ လာဟေ့ - ဟေး - ဟေး"

ကိုစန်းကြီးတို့သုံးယောက် မနက်ဖြန် အင်းထဲဆင်းဖို့ ဒီနေ့ည ပျော်ပျော်
ပါးပါး သောက်ကြ စားကြတော့၏၊ ကိုစန်းကြီးက စိုးမိုးတို့၊ ဖြူစုတ်တို့ထက်
အသက်အားဖြင့် (၁၀) နှစ်လောက် ကြီးပါသည်၊ တစ်ရွာထဲ နေကြသူတွေ၊
ကိုစန်းကြီးက လူဖြောင့်စိတ်တိုဖြစ်လို့ ဖြူစုတ်တို့ နည်းနည်းတော့ ကြောက်
ကြ၏၊ လက်မြန်ခြေမြန်ဆိုတော့ သူတို့ ရှုံ့ကြသည်၊ ထိုညက အရက်ဆိုင်မှ
အားလုံးပြန်ကြသည်၊ ဖြူစုတ်က စိုးမိုးအိမ်၌ သွားအိပ်သည်၊ စိုးမိုးအမေက
ဖြူစုတ်အိပ်သည်ကို သိပ်မကြိုက်၊ စိုးမိုးကို ခေါ်၍ပြော၏၊



www.burmeseclassic.com

www.burmeseclassic.com

"စိုးမိုး – နင် အချိန်မတော် သွား၊ ပြန်ချင်တဲ့အချိန်ပြန်၊ လူ့မသမာတွေနဲ့ မပေါင်းနဲ့၊ နင်ပါ ဒုက္ခရောက်မယ်၊ ကြားလား – ကြပ်ကြပ်သတိထား"

"ဟုတ်ကဲ့ပါ – အမေ"

"နင် – ခုတလော ခြေလှမ်းပျက်နေတယ်၊ နောက်တော့ ငါ့အဆိုး မဆိုနဲ့"

"အမေရယ် – မနက်ဖြန် အင်းထဲ ဆင်းမှာပဲဟာ၊ ခု – တစ်ညပါဗျာ"

"အေး – နင့် ကိုစန်းတိုးနဲ့လိုက်သွား"

"ဟုတ်ကဲ့ပါ – အမေ၊ ဟုတ်ကဲ့ –"

"စိုးမိုး – ငါ ပြန်တော့မယ်ကွာ"

"ဖြူစုတ် – မင်းကလည်းကွာ"

"မဟုတ်ဘူးကွ – ငါ ပြန်မယ်၊ မင်းနဲ့ မနက်ကျမှတွေ့မယ်"

"ဖြူစုတ် – မင်း ဒီမှာအိပ်ပါကွာ"

"ငါ – မိုးလင်းတော့ မင်းတို့ဆီ လာခဲ့မယ်"

"သွားပါစေ – ဒီကောင် သွားမှ၊ အကုသိုလ်ကောင်ဟဲ့"

"အမေကလည်းဗျာ – သူ့ခမျာ မိဘမသေနေလို့ဟာ"

"အေး – သူကြောင့်သေတာ၊ ကျင်သန်းသေတာ သူ့စိတ်နဲ့သေရတာကွဲ နင်သိလား"

"အမေရယ် – မဟုတ်ပါဘူးဗျာ"

"ကဲ – အိပ်တော့ အိပ်တော့"

နံနက်မိုးလင်းတော့ ကိုစန်းကြီးတို့ အထုပ်အပိုးတွေပြင်ပြီး ရွာလယ် ဓမ္မာရုံတွင် စုကြ၏။ အားလုံး ကိုယ့်အဖွဲ့နဲ့ကိုယ်ဆိုတော့ ငါးယောက်စီခွဲကာ ချီတက်ကြလေတော့သည်။ မုန်းချောင်းတစ်ဖက်ကမ်းသို့ လှေနဲ့ ကူးကြ၏။ ငါးကန်ရောက်ရန်အတွက် ကိုင်းတောတိုး၍ ခြေကျင်လျှောက်ကြရင်း နာရီဝက်လောက်ကြာမှ ငါးကန်များဆီသို့ ရောက်ကြသည်။ ငါးကန်များအနီးတွင် ရှက်ဖျင်တဲများ ထိုးကြသည်။ ထမင်းချက်ကြပြီးနောက် ငါးကန်ထဲမှ ငါးများကို ချက်၊ ထမင်းနှင့် စားကြသည်။ စိုးမိုးနှင့် ဖြူစုတ်တို့ အရက်ပုလင်းကိုယ်စီ ပါလာကြသည်။ အားလုံး သောက်ကြ၏။ မူးပြီး စည်းစိမ်ခံနေကြပါတော့၏။



"စိုးမိုး – ဟိုညောင်ပင်ကြီးကိုကြည့်စမ်း၊ အဲဒီမှာ ညဆို ငှက်တွေအိပ်မှာကွ၊ တို့ ငှက်ရိုက်၊ ငှက်သားချက်စားရအောင်ကွာ"

"မင်းကလည်း ညောင်ပင်ကို မရှိမသေမလုပ်ပါနဲ့ – တော်ကြာ"

"ဘာညောင်ပင်မို့လဲ၊ သစ်ပင်ပဲကွာ – ငါတက်လို့ ရပါတယ်"

"မင်း – မလုပ်ပါနဲ့၊ တော်ကြာ – ဒုက္ခရောက်နေလိမ့်မယ်"

"ရတယ် – မိုင်နာတွေပါ"

"ကဲ – မင်း သဘော၊ မင်း သဘောကွာ"

"အေး – ညကျရင် ငါတက်ရိုက်မယ်"

ထိုနေ့ည ညောင်ပင်ကြီးပေါ်သို့ ခရုစုတ်၊ လင်ကောင်ပိုး၊ ငှက်ကျားနှင့် သိန်းငှက်၊ ချိုးများ အိပ်တန်းတက်ကြ၏။ ဖြူစုတ်က စောင့်ကြည့်နေသည်။ မိုးချုပ်ခါနီးတွင် ၄၊ ၅တောင်ခန့်ရှိ ဝါးလုံးတစ်လုံးကို ယူ၊ ကိုယ်မှာ သစ်ကိုင်းများ ချည်နှောင်ပြီး ညောင်ပင်ပေါ်သို့တက်၍ ငြိမ်နေပါသည်။ မိုးချုပ်စတွင် ငှက်များအိပ်တန်းတက်ရန် ပျံဝဲနေကြပါသည်။ ဖြူစုတ်ကို မမြင်ရ၊ သစ်ကိုင်းများဟုသာ ထင်ပါမည်။ ဖြူစုတ်က အသင့်ကိုင်ထားသော တုတ်နှင့်ဝဲသမျှ နားသမျှ ငှက်တွေကို ရိုက်ချရာ . . .

"ဖုန်း – ဖုန်း – ဂရား – ဖွတ် – ပိညက် – ဖွတ် – ဂီး – ဂီး – ဂီး – ဂီး – ဖုန်း"

"စိုးမိုးရေ – အောက်ကကောက်ကွာ"

"အေး – ရတယ်ဟေ့၊ ရတယ်၊ အကောင် (၂၀) လောက် ရှိတယ်"

"တော်ပြီလား – နောက်နေ့မှ တစ်ခါရိုက်ကွာ"

"အေး – အေး – တော်ပြီကွ"

"ခုညတော့ ဟင်းကောင်းစားရပြီ၊ အရက်နဲ့ မြည်းလို့ကတော့ ဖိမ်ပဲကွ၊ ဟား – ဟား – ဟား – ဟား – ဟား"

"ဆင်းတော့ – ဆင်းတော့ကွ"

"ငါ – ဘယ်လို ဆင်းရမှာလဲ၊ ခုန်ချရမှာလား"

"ခုန်မချနဲ့ – ဖြည်းဖြည်းဆင်းပါကွ"



www.burmeseclassic.com

www.burmeseclassic.com

*"ဟီး-ဟီး-ဟီး-ဟီး-ဟီး-ဒီညောင်ပင်က ဘာပြဿနာ လုပ်တာလဲ"*

"ဟော့ကောင် - ဘာဖြစ်လို့လဲ"

"ငါ့ကို ဆွဲထားတယ်ကွ၊ ဘာပြဿနာ ရှာတာလဲကွ၊ ဘာကောင်လဲကွ"

"ကဲပါ - လာ - ငါ မီးထိုးပြမယ်၊ ဆင်း - ဆင်းခဲ့ကွာ"

တစ်ညလုံး ရသမျှ ငှက်တွေ အမွေးနုတ်၊ ငှက်သားဟင်း ချက်ကြသည်။ ကိုစန်းကြီးက အားလုံးချက်ပြုတ်လုပ်ကိုင်နေရှိန် စိုးမိုးနှင့် ဖြူစုတ်တို့နှစ်ယောက် ပက်လက်လှန်၍ အမောဖြေနေကြ၏။ ဖြူစုတ်ကတော့ နဂိုလို မဟုတ်တော့။

"စိုးမိုး - ဒီညောင်ပင်က ဘာဖြစ်လို့ ငါ့ကို ပြဿနာရှာတာလဲကွ"

"မင်းကလည်း ဘာပြဿနာ ဖြစ်လို့လဲ"

"ငါ ဆင်းမယ်လုပ်တိုင်း ဆွဲထားတယ်၊ အကောင်ကြီးကွ - မည်းမည်းကြီး"

"မင်း စိတ်ထင်လို့ပါကွာ"

"မဟုတ်ဘူးကွ - ငါ မြင်ရတယ်၊ ဒီကောင်ကြီးကို ငါ ပြန်ချမယ်"

"ကဲ - ဟော့ကောင်တွေ ထကြတော့၊ ဒီမှာ ဟင်းကျက်ပြီကွ၊ ထ - ထ - စားကြ"

"ကိုစန်း - ဒီညောင်ပင်က ပြဿနာရှာတယ်ဗျ"

"ဘာပြဿနာလဲကွ - မင်းကို ဘာလုပ်လို့လဲ"

"ကျွန်တော့်ကို ဆွဲထားတယ်ဗျာ၊ အကောင်ကြီးက နည်းတာကြီး မဟုတ်ဘူး"

"အေး - နာနာဘာဝအကောင်ကြီးနဲ့ တူတယ်"

"ကိုစန်းကြီး ညောင်ပင်ဆိုတာ ရုက္ခစိုးရှိတယ်ဆို"

"ဘာရုက္ခစိုးမကလို့ ဘာကောင်ဖြစ်ဖြစ် မနက်ဖြန်ညကျရင် ငါ မီးရှို့ပြမယ်"



"ဟော့ကောင် - ဖြူစုတ် မလုပ်ပါနဲ့ကွာ မင်းမြင်ရတာ မဟုတ်ဘူးကွ"

"ဖြူစုတ် - ဘာကောင်လဲ၊ ညောင်ပင်ကကောင်က ဘာကောင်လည်းဆိုတာ သိရစေမယ်"

"ကဲ - ဟော့ကောင်တွေ စားကြ သောက်ကြ အိပ်ကြရအောင်၊ မနက်ဖြန် အလုပ်ဆင်းရမယ်၊ မနက်ကို အလုပ်မပျက်မှ ပျက်ရင်တော့ ငါ သီးမခံဘူးနော်"

"ဟုတ်ကဲ့ပါ - ကိုစန်းကြီး"

"ဒီညောင်ပင်က အကောင်တော့ ငါ့ လက်စာမိမယ်"

"ကဲ - အိပ်ကြတော့"

ရွက်ဖျဉ်တဲထဲ၌ လူပေါင်းငါးယောက် အိပ်ကြသည်၊ အားလုံးမူး၍ အိပ်ပျော်သွားကြတော့ ဘာမှသိပုံမရ၊ တခေါခေါနှင့် အော်သံကြားရပြီး သန်းခေါင်ကျော်လောက်ရောက်တော့ ဖြူစုတ်တစ်ယောက် ရှာမတွေ့၊ စိုးမိုး ဓာတ်မီးနှင့် ထိုးကြည့်ရာ ဖြူစုတ်တဲပြင်လယ်ကွက်ထဲ၌ ဝမ်းလျားမှောက်ကာ အိပ်ပျော်နေပါ၏။

"ဟော့ကောင် - ထ - ထ - တဲထဲကို ဝင်ကွ၊ ဘယ်လိုဖြစ်တာလဲကွာ"

"ငါမသိဘူး - ဟော့ကောင်၊ ငါ ဘာမှမသိဘူး"

"ကဲ - လာ - လာ - ဝင်"

"မင်းတို့ အိပ်နိုင်တယ်၊ ငါ့မှာတော့ ညောင်ပင်က အကောင်ကြီးက ခြေထောက်နှစ်ချောင်း ဆွဲသွားပြီးတော့ ငါ့ကို သတ်မယ်လုပ်တယ်၊ ငါက ကြောက်လို့ တောင်းပန်တော့ ဒီတစ်ခါ ငါ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ အသေပဲတဲ့ကွ၊ မူးတာတောင် ပျောက်သွားတယ်ကွ စိုးမိုးရဲ့"

"ဟော့ - မင်း မဟုတ်တာတွေ မလုပ်ပါနဲ့ကွာ၊ မနက်ဖြန် မင်း ပြန်ဖို့လုပ်တော့"

"ရတယ် - ငါ ဘာမှမဖြစ်ပါဘူးကွာ"

"ကဲ - အိပ်လိုက်၊ အိပ်တော့ -"



www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတော့ အားလုံးထမင်းအဆာပြေ စားကြ၏။ စားပြီးနောက် ငါး ကန်ဖော်ရန်အတွက် အဖွဲ့လိုက်ဆင်းကြရ၏။ စိုးမိုးနှင့် ဖြူစုတ်တို့အတွဲတလည်း ငါးများကို ပိုက်နှင့်ဆွဲကြသည်။ ဖြူစုတ်က နဂိုလို သွက်သွက်လက်လက်မရှိ၊ ကြောင်တိကြောင်တောင်နှင့် စကားမပြော၊ ညောင်ပင်ကြီးဆီသို့ မျက်ထောင့်နီနီနှင့် ကြည့်ပြီးနောက် ...

"ညောင်ပင်တော့ မီးစာဖြစ်ချင်တယ် ထင်တယ်"

"ကဲ - မင်း အလုပ် လုပ်မှာသာ လုပ်ပါကွာ၊ လာ - လာ"

"ဒီညောင်ပင် ပြဿနာရှာတယ်ကွ"



ခုတော့ - ကံကြီးထိုက်နေပါပြီဗျာ။
ရိုကြီးခိုးပါရဲ့ - အမလေး ကယ်ကြပါဦး။
ခုတောင် - ကျွန်တော့်ကို ပြန်လွှတ်တာ၊
ပြိတ္တာဘဝနဲ့ အငတ်ငတ် အပြတ်ပြတ်
သူများသစ်ပင်များ ခိုနေရပါတယ်။ အစာရေစာ ဘာမှ
စားလို့မရပါဘူး။ အမလေး ကျွန်တော် ကြောက်ပါပြီဗျာ၊
ဟီး - ဟီး - ဟီး - ဟီး - ဟီး ...



"ကိုစန်းကြီး ဖြူစုတ်က ညောင်ပင်ကို ပြဿနာရှာတယ်လို့ ပြောနေတယ်"

"မင်း - သွားလုပ်ရင် သေလိမ့်မယ်"

"သေလည်း ဘာဆန်းတာ မှတ်လို့ဗျာ"

"ကဲ - အလုပ် လုပ်၊ မလုပ်ရင်တော့ မင်း ပြန်တော့"

"လုပ်မယ် - လုပ်မယ် - မပြန်ဘူး"

"ကဲ - မင်း - ငါ သတိပေးထားတယ်နော်"

"ဟုတ်ကဲ့ပါဗျာ - ဟုတ်ကဲ့"

ထိုတစ်နေ့လုံး ဖြူစုတ် စကားပြောမမှန်၊ အလုပ် လုပ်ချင်လုပ်၊ မလုပ်ချင် မလုပ်နဲ့ စိုးမိုးက ထိန်းနေရ၏။ ညနေ အလုပ်နားချိန်ရောက်တော့ နေကလည်း ပူ၊ အိုက်ကလည်း အိုက်၊ အကျီချွတ်နေကြရသည်။

"စိုးမိုး - ရေကူးရအောင်ကွာ"

"ဟာ - ဒီနေရာက ရေနက်တယ်၊ ရေသေကြီး မင်း မကူးပါနဲ့"

"ဒီမှာ - စိုးမိုး ငါ မုန်းချောင်းမှာ ရေချိုးလာတာပါ၊ ငါ ရေကူးကျွမ်းကျင်ပါတယ်၊ စိတ်ချပါ၊ ဒိုင်ပင်တောင် ထိုးပြဦးမယ်"

✱

"ကဲ - မချိုးပါနဲ့ကွာ၊ ကန်ထဲမှာ ရေရှိပါတယ်"

"မရဘူး - ငါ ဒိုင်ပင်ထိုးချင်လို့ ကူးမယ်"

"ငါတားပါတယ်ကွာ - မလုပ်ပါနဲ့"

"လာပါကွာ - ငါ့ကို ဒီကနေ ကြည့်နေပါကွာ"

"ဟေ့ကောင် - ဘောင်းဘီနဲ့ ကူးပါလားကွ"

"မင်းကလည်း - ဘယ်မိန်းမမှ ရှိတာမဟုတ်တာ ရှက်စရာလားကွ"

"ဟေ့ကောင် - ငါတားတယ်"

"ကဲ - ဒီမှာကြည့်၊ ဒီမှာ - ဗွမ်း - ဗွမ်း - စုတ် - စုတ်"

www.burmeseclassic.com

"ဟာ - ဖြူစုတ်၊ မင်း - သေတော့မှာပဲကွာ"

"ဟော့ - ဟော၊ ငါ့ကို ဆွဲနေပြီ၊ ခြေထောက်ကို ဆွဲနေပြီ"

"ဖြူစုတ် - ဖြူစုတ် - ကူးခဲ့ - ကူးခဲ့"

"မရတော့ဘူး - ငါ့ကို အတင်းဆွဲ၊ ဆွဲ - ဆွဲ - ဆွဲ - အား - အား - အား"

"ငါ လာပြီဟေ့ - ငါ ဆင်းခဲ့ပြီ"

"မလာနဲ့ မရတော့ဘူး၊ မလာနဲ့ - ငါ့ကို ခြေထောက်ဆွဲထားတယ်၊ အား - အား"

စိုးမိုး ရေထဲဆင်းကာ ဖြူစုတ် ဒိုင်ပင်ထိုးချသောနေရာသို့ ရေငုပ်လိုက်ရှာသည်၊ မတွေ့၊ ပလုံစီနေသည်မှလွဲ၍ ဘာမှမတွေ့တော့၊ ရေငုပ်ရင်း ချမ်းလာ၏၊ ရေမွန်းလာတော့သည်၊ ဆက်မငုပ်နိုင်၊ ကုန်းပေါ်မှ လူများကို လှမ်းခေါ်သည်၊ အားလုံး ဝိုင်းငုပ်ကြ၊ ရှာကြသည်၊ ထို့နောက် စက်လှေတစ်စီး တွေ့သဖြင့် အကူအညီတောင်းကာ ပိုက်နဲ့ဆွဲကြသည်၊ အရိပ်အရောင်မျှပင် မတွေ့ပါ၊ နေဝင်ချိန်ရောက်လာတော့၏၊ မှန်းချောင်းအတွင်း မှောင်စပျိုးချိန် သဲသဲကွဲကွဲ မမြင်ရတော့သဖြင့် နားကြရတော့မည်၊ အားလုံး လက်လျှော့လိုက်ပါတော့သည်၊ ဖြူစုတ်တစ်ယောက် ရေအောက်မှာ နစ်သွားပါပြီ၊

နံနက်မိုးလင်းတော့ ရွာမှ လူကြီးများထံ အကြောင်းကြားကြ၏၊ ရွာဓလေ့ထုံးစံအတိုင်း ပွဲမြှောက်၊ ခေါင်းအုံးမျှောကြသည်၊ ခေါင်းအုံးသည် ရေထဲ မျောရာမှ တဝဲလည်လည်ရှိနေပါသည်၊ သို့သော် - ဖြူစုတ်၏ အလောင်းကိုတော့ ရှာမတွေ့ပါ၊ ယခုဆိုလျှင် ဖြူစုတ် ရေနစ်သွားသည်မှာ တစ်ညတစ်မနက် ရှိပါပြီ၊ အလောင်းကောင်နှင့်တူသည့်အရာ ဘာမျှမတွေ့၊ ရေကလည်း အနက် (၁၅) တောင်လောက် ရှိနေပါသည်၊ အေးစိမ့်၍ကြာကြာ မငုပ်နိုင်၊ အချို့နေရာများတွင် ဝဲကတော့ထိုးနေပြီ၊ ရေများလယ်၍နေပါသည်၊ အားလုံး ကမ်းနဖူးပေါ်မှာ ထိုင်ကြည့်နေကြရပါတော့သည်၊

ညနေမိုးချုပ် သွားပြန်ပါသည်၊ ဘာမှ ထူးခြားမှုမရှိပါ၊ သုံးရက်မြောက် နေ့ဝဲထောင့်တစ်နေရာ၌ လူသေအလောင်းတွေ့တယ်ဆိုသော သတင်းတစ်ခု ကြားလိုက်ရပါသည်၊ ထိုနေရာသို့ သွားသောအခါ မြင်လိုက်ရသူက အဝတ်အစားမဲ့သည့် ယောကျ်ားအလောင်း လက်ဘေးကပ်၍ ဒဏ်ရာများစွာနှင့် တွေ့လိုက်ရကြောင်း လေ့ဆီသို့ကပ်လာ၍ တုတ်နှင့်ထိုးလွှတ်လိုက်ကြောင်း ပြောလိုက်ပါသည်၊ မှန်းချောင်းထဲတွင် လူသေအလောင်း ပျောက်နေခြင်းမှာ တော့ ယခုအထိ မတွေ့ရသေးပါ၊ ရှာသူများလည်း စိတ်အားလျော့ကာ ပြန်ကြရပါတော့၏၊ နောက်တစ်နေ့ဆိုလျှင် လေးရက်ကြာသို့ ရောက်ရှိပါတော့မည်၊

ဒီနေ့ စိုးမိုးတို့ ရွာထဲပြန်ကြ၏၊ ဖြူစုတ်အလောင်း မတွေ့သော်လည်း အားလုံးက သေပြီဟု ဆုံးဖြတ်ကြပြီးနောက် ဦးဆန်းမောင် အိမ်ရှေ့မဏ္ဍပ်ထိုးကာ ဖြူစုတ်အတွက် ဆွမ်းသွတ်အမျှဝေကြရတော့မည်၊ အားလုံး ပြင်ဆင်ကြပြီး စောင့်နေကြချိန် . . .

"ဦးဆန်းမောင် - ဦးဆန်းမောင် - ဟိုမှာ - ဝင်ပူးနေတယ် လိုက်ခဲ့ပါ"

"အေး - အေး - ငါလိုက်ခဲ့မယ်"

ရွာထဲက အိမ်တစ်အိမ်မှာ လူတွေ စုနေကြ၏၊ ဝင်ပူးသော မိန်းကလေးသည် ယခင်က သိပ်၍အရှက်အကြောက်ကြီးသူ၊ ယခု ဆံပင်ဖားလျားနှင့် ချက်လုံးပြူးလျက် ပြောနေပါသည်၊

"အဖေရယ် - ကျွန်တော့်ကို သနားပါ၊ ခွင့်လွှတ်ပါ၊ ကျွန်တော့်ကို ညှဉ်းပန်းနှိပ်စက်နေပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် မိုက်မဲမိပါတယ်၊ ခုတော့ - ကံကြီးထိုက်နေပါပြီဗျာ၊ ရိုကြီးခိုးပါရဲ့ - အမလေး ကယ်ကြပါဦး၊ ခုတောင် - ကျွန်တော့်ကို ပြန်လွှတ်တာ၊ ပြိတ္တာဘဝနဲ့ အငတ်ငတ် အပြတ်ပြတ် သူများသစ်ပင်များ ခိုနေရပါတယ်၊ အစာရေစာ ဘာမှစားလို့မရပါဘူး၊ အမလေး - ကျွန်တော် ကြောက်ပါပြီဗျာ၊ ဟီး - ဟီး - ဟီး - ဟီး - ဟီး"

"ငါ့သား - မင်းဖြစ်ကြောင်းကုန်စင် ပြောပြပါကွယ်၊ အားလုံး နားထောင်ရအောင်"

"ဟုတ်ကဲ့ပါ - အဖေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကြောက်ပါပြီ - ဟီး - ဟီး - ဟီး - ဟီး - ဟီး၊ ကျွန်တော် ရေထဲ ဒိုင်ပင်ထိုးချလိုက်တော့"





www.burmeseclassic.com

www.burmeseclassic.com

"ဗွမ်း – ဗုန်း – ဂလွမ်း"

"လာလေ့ – ငမိုက်သား၊ ပဥ္စနန္တရိယ ကံကြီးထိုက်တဲ့ကောင်၊ ဆွဲကြဟေ့ – ဆွဲထား"

"ငါ့ကို ဆွဲနေပြီ၊ ဝိုင်းဆွဲနေပြီ"

"လာခဲ့ – မင်းကို ယမမင်းထံ ပို့ရမယ်၊ လာလေ့ – ငမိုက်သား"

"အား – အမလေး၊ နာပါတယ်ဗျာ – အား – ကယ်ပါ – ပူတယ် – ပူတယ်"

ကျွန်တော် ရေအောက်ကနေ ထန်းပင်လောက်ရှိတဲ့ ကြေးနီရောင် သတ္တဝါကြီးနှစ်ကောင်က အချွန်ကြီးတွေကိုင်လို့ ကျွန်တော့်လက်ကို ဆွဲပြီး တော့ ဟိုနန်းတော်လို မှစ်ဦးကြီးဆီကို ခေါ်သွားတယ်၊ ဟိုရောက်တော့ နန်း တော်ကြီးထဲ ရောက်သွားတော့ ပလ္လင်လိုနေရာမှာ ထိုင်နေတဲ့ အချွန်အတက် ကြီးတွေနဲ့ လူကြီးက ကျွန်တော့်ကို လက်ညှိုးထိုးလို့ မျက်လုံးက မီးတောက် နေတယ်"

"ဟဲ့ကောင်တွေ – ဒီကောင်က မိဘကို စော်ကား၊ ကံငါးပါး ကျူးလွန်တဲ့ ကောင်၊ ပဥ္စနန္တရိယကံကြီးထိုက်တဲ့ကောင်၊ ငရဲခန်း ခေါ်သွား၊ နှိပ်စက်ကြ၊ သုံးရက်မြောက်လို့ရှိရင် ပြိတ္တာဘဝနဲ့ နေပါစေ၊ နောက်ပြီး – ငရဲပြည်ကို ပြန် ခေါ်ခဲ့ကြ ကြားလား၊ ဒါ – ငါ့အမိန့်"

"ဟုတ်ကဲ့ပါ – ဟုတ်ကဲ့ပါ – ခင်ဗျာ"

"အေး – မင်းတို့ မှတ်ထားရမှာက ဒီလူမိုက်က ကံကြီးထိုက်တဲ့လူကွ၊ သူ့ကို ကယ်လို့မရဘူး၊ ငရဲမှာ အနှစ် (၁၀၀၀) လောက်ခံရမှာ၊ လူ့ပြည်မှာ တုန်းကလည်း ဘာကုသိုလ်ကောင်းမှုတစ်ခုမှ မရှိခဲ့ဘူးကွ၊ မိဘတွေ လူကြီး သူမတွေ စော်ကားတယ်၊ ဘုရားငွေတွေကို နှိုက်သုံးတယ်၊ အရက်ကို မောင်း သောက်တဲ့ကောင်၊ နောက်ပြီး – သူများ သားမယားလည်း မရှောင်ဘူး၊ သူတစ်ပါး အသက်ကျတော့လည်း သတ်ရဲ၊ ဖြတ်ရဲတဲ့ကောင်ဆိုတော့ ငါတို့ ငရဲပြည်မှာ နှစ်ရှေ့ခံရမယ့်ကောင်၊ ဒီတော့ – ခုကတည်းကစလို့ သံပူရည်နဲ့ နှက်ကြတော့ဟေ့"

"ဟုတ်ကဲ့ – အမိန့်တော်မြတ်အတိုင်းပါဗျာ"



"လာလေ့ကွာ – လာလေ့"

"အမလေး – ပူလှပါပြီ၊ ကယ်ကြပါဦး – ဟီး – ဟီး – ဟီး"

"သံရည်ပူနဲ့ ပက်ကွာ"

"အား – အရည်ပျော်ကုန်ပါပြီ၊ အမေရေ – ကယ်ပါဦး"

"ငမိုက်သား ခုမှ အမေကယ်ပါတဲ့၊ နင့်လို မိုက်တဲ့ကောင်တွေကို နှိပ် စက်ရမယ်"

"အမလေး – ပူလှပါတယ်၊ ကယ်ပါဦး"

"မင်းဟာက နမူနာပဲကွ၊ မင်းနောက်မှာ မင်းလိုကောင်တွေကို ခေါ်ရဦး မယ်"

"အမလေး – နာလှပါတယ်၊ ကျွန်တော် မမိုက်တော့ပါဘူး"

"အဖေရေ – ကျွန်တော့်ကို ကယ်ပါဦး"

"ဘာကွ – မင်းက မင်းအဖေကို ကိုယ်ထိလက်ရောက် စော်ကားတဲ့ ကောင်"

"ကျွန်တော့်ကို ပြန်ပို့ပါ၊ ကျွန်တော် မမိုက်တော့ပါဘူး"

"မင်း ခဏပြန်၊ ပြိတ္တာဘဝနဲ့နေ၊ မင်း အသုဘချပြီးရင် မင်း ဒီ ငရဲမှာခံရ မယ်"

"အမလေး – မလာပါရစေနဲ့ဗျာ"

"မရဘူးကွ – မရဘူး၊ မင်းက ပဥ္စနန္တရိယကံထိုက်တော့မယ့်ကောင်"

"အဖေ – သားကို ခွင့်လွှတ်ပါ၊ ကျွန်တော့် အမှားတွေ နောင်တရပါပြီ၊ အဖေရယ် – ကျွန်တော့်လို မမိုက်ကျဖို့ ပြောခဲ့ချင်ပါတယ်၊ နောင်လူနောင် သားတို့ ငရဲပြည်ဆိုတာ ကျွန်တော့်လက်တွေ့ပါပဲ၊ ကြောက်ပါပြီ – ရှိကြီးခိုးပါရဲ့၊ ဟီး – ဟီး – ဟီး – ဟီး"

"လူလေး – မင်းကို ခွင့်လွှတ်ပါတယ်၊ ဟီး – ဟီး – ဟီး – ဟီး"

"ကျွန်တော် ပြန်ပါရစေ၊ ပြန်ပြီ – ခေါ်နေပါပြီ၊ ဝါး – ဝါး – ဝါး"

ဖြူစုတ် ဝင်ပူးသော ကလေးမလေးသည် ရိုးသားအေးဆေးလွန်း... သူ၏ အမည်ကား မခင်ဦးဖြစ်ပါ၏၊ အိမ်ထောင်မရှိသေးသူ အပျို...လို့



www.burmeseclassic.com

www.burmeseclassic.com

အလွန်ရှက်ရှာသည် ထင်ပါ၏။ အိမ်ခန်းထဲသို့ အံတင်းဝင်ပြေးပါ၏။ ဦးဆန်းမောင်လည်း သားအတွက် စိတ်မကောင်းဖြစ်လို့ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေပါသည်။

နောက်တစ်နေ့နံနက်တွင် ပျောက်ဆုံးနေသော ဖြူစုတ်၏ အလောင်းသည် မြစ်၏တစ်နေရာတွင် တွေ့ကြရပါတော့သည်။ ဖြူစုတ်၏ အလောင်းကောင်တစ်ခုလုံး ဒဏ်ရာများစွာက ထင်ထင်ရှားရှား ညိုမည်းနေပါသည်။ လက်နှစ်ဖက်သည် ကြိုးနှင့်တုပ်ထားသကဲ့သို့ ပူးကပ်၍နေပါသည်။ တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများက ဖူးရောင်ညိုမည်းနေတာတော့ မြင်ရသူတိုင်း စိတ်မကောင်းကြပါ။ အားလုံး သူ့ဖခင် ဦးဆန်းမောင်နှင့် တိုင်ပင်ကြပြီး ထိုမြစ် ကမ်းပါးတွင် မီးသင်္ဂြိုဟ်လိုက်ကြပါတော့သည်။

မီးရှို့သော်လည်း တော်တော်နှင့် မလောင်သဖြင့် ရပ်ရွာထုံးစံအရ ပွဲတင်မြောက်ပြီး တောင်းပန်တိုးလျှိုးကာ ဖြူစုတ်၏ ဘဝနိဂုံး အဆုံးသတ်လိုက်ကြရတော့သည်။

"ကဲ - စိုးမိုး၊ ဖြူစုတ်က နောက်မင်းတို့ကို ခြောက်တာလှန့်တာရော ရှိသေးလားကွ"

"ရှိတာပေါ့ - ဦးရယ်၊ တစ်ညမှာ ကျွန်တော်တို့ မီးလှုံနေကြပါတယ်။ မီးရောင်နဲ့ ကျွန်တော်တို့ငါးယောက် ဝိုင်းဖွဲ့အရက်သောက်ကြပါတယ်။ နောက်ကနေ လူတစ်ယောက် ကိုယ်လုံးတည်းနဲ့ လာထိုင်နေပါတယ်။ နောက်ပြီး - အရက်ခွက်လည်း မှောက်သွားပါတယ် - ဦး"

"ဒီတော့ - သူ့အလောင်း ရပြီလား"

"မရသေးဘူး - ရှာတုန်းပဲ"

"အေး - မင်းတို့ရှေ့မှာ သရုပ်ဆောင်ပြသွားတဲ့ ဖြူစုတ်က သင်ခန်းစာ ပေးသွားတယ်နော်။ အဲဒါ - မင်းတို့သူငယ်ချင်းက မိဘကိုကိုယ်ကာယနဲ့ စော်ကားတဲ့ ပဥ္စနန္တရိယကံကြီးထိုက်တာ။ ဘုရားတောင် ကယ်မရတဲ့ကံပဲကွ။ အဲဒါ ငါးမျိုးရှိတယ်။ မိခင်၊ ဖခင်သတ်တဲ့အထဲက မြတ်စွာဘုရား သွေးစိမ်းတည်အောင်လုပ်တဲ့ကံ၊ သံဃာသင်းခွဲဂိုဏ်းခွဲ လုပ်တဲ့ကံ၊ ရဟန္တာသတ်တဲ့ ကံဆိုတာ မြတ်စွာဘုရားရှင် ကယ်လို့မရတဲ့ ကံဆိုတော့ နောက်လာနောက်သားတို့ မပြစ်မှားကြမိဖို့ စံပြအဖြစ် လက်တွေ့ပြသွားတယ်နော်"

"ဟုတ်ကဲ့ပါ - ကျွန်တော် အရက်သောက်တာကလွဲလို့ မိဘ မစော်ကားပါဘူးဗျာ"

"အေး - သတိတော့ ထားပေါ့ကွယ်"

"မင်း - ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံရှိတယ်ဆိုတာ ယုံရဲ့လားကွ"

"ယုံပါတယ် - ခင်ဗျာ"

"လိမ္မာအောင် နေကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ - ဦး။ ကျွန်တော် လိမ္မာပါတယ်။ ဆင်ခြင်ပါ့မယ်လို့ ကတိပေးပါတယ်"

"သာဓု - သာဓု - သာဓုပါကွယ်၊ ငါ့တပည့် လူကောင်းလူတော် ဖြစ်ပါစေကွယ်"

"ဦးရယ် - ကျွန်တော်တို့ ဇာတ်လမ်းကို စာအုပ်ထဲမှာ ရေးဖြစ်အောင် ရေးပေးပါ။ ဘာလို့လည်းဆိုတော့ ဖြူစုတ်လို မဖြစ်ကြဖို့ သံဝေဂတရား ရစေချင်ပါတယ်"

"အေးပါ - ငါ့ညီရယ်၊ မင်းတို့ဘက်က လက်ခံတယ်ဆိုရင် တို့က မြန်မာပြည်မှာ နေထိုင်ကြတဲ့ လူငယ်တွေအားလုံး အသိဉာဏ်ပညာရအောင် သင်ခန်းစာ ပေးပါ့မယ်။ ရန်ကုန်ရောက်ရင် ဂမ္ဘီရလောကမဂ္ဂဇင်းမှာ ရေးပါ့မယ်လို့ ဦး - ကတိပြုပါတယ်ဗျာ"

"ဟုတ်ကဲ့ပါ - ဆရာ၊ ကျောင်းတော်ရာက ဖြစ်ရပ်မှန်ဇာတ်လမ်းဆိုတော့ ကျွန်တော်တို့ ရွာအကြောင်းပါ ပြည့်စုံအောင်ရေးပေးပါ"

"ဟုတ်ကဲ့ - ဆရာကြီး မောင်နှင်းခိုင် စိတ်ချပါ"

"ဆရာဦးတည်အေးလည်း သင်ခန်းစာ အကဲဆေးလေး ရေးပေးပါ ခင်ဗျာ"

"ဟုတ်ကဲ့ - ရေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ စာရေးဆရာ သုံးဦးထံမှ ခွင့်ပန်၍ အရိုအသေပြုသွားသော စိုးမိုးအကျီအနီလေးနှင့် ကျောက်ပန်းတောင်းရပ်ကွက်၊ လမ်းကြိုလမ်းကြား ထဲသို့ ဝင်သွားပါတော့သည်။ စိုးမိုးတစ်ယောက် ဖြူစုတ်လိုတော့ မဟုတ်ထဲ ရိုးပျစွာ ဆက်ဆံခြင်းမရှိ၍သာ ပြောနေရခြင်း ဖြစ်ပါ၏။ အကယ်၍များ လူကြီး လူကောင်းတွေအပေါ်ပြစ်မှားကျူးလွန်မိသော် ဤကဲ့သို့ကံကြီးထိုက်မည့်တူ သော အတွေးတစ်ခုတော့ သူ့ရင်ထဲမှာ ကိန်းဝပ်နေမှာတော့ သေချာပါ သည်။

အကယ်၍များ ကံငါးပါး ကျူးလွန်သူဆိုပါက ဖြူစုတ်သွားရာ ရေထဲမှ ငရဲပြည်သို့ လားရမှာ၊ ခံစားရမှာ ကေန်မလွဲတော့ပါ။


သတ္တဝါအားလုံး ရှုပ်ပြုးကျန်းမာကြပါစေ ...

▶▶ မင်းတိုင်ပင် (မြရောင်မြေ)

စာရှုသူများသို့

မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ၍ မိတ္တူကူးထားကြပါရန်။

အယ်ဒီတာအဖွဲ့
ကျော့ရှင်းလောက မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာမကိုနမ်းမိသူ

မောင်မောင်မျိုးအောင်

"ညည်းတို့က ညည်းအစ်မကိုပဲ ကျွေးတယ်၊ ငါ့ကိုတော့မကျွေးကြဘူး၊ ငါနေတဲ့သစ်ပင်အောက်ကဖြတ်လာပြီးကျွေးဖို့တော့မေ့နေကြတယ်မဟုတ်လား၊ ဒါကြောင့် ငါ လိုက်လာပြီး တောင်းစားနေရတာ"

"ဟာ - အစ်ကိုအောင်ပု - လုပ်ပါဦး၊ အစ်မ စကားပြောတဲ့အသံက အစ်မရဲ့ပင်ကိုအသံ မဟုတ်ဘူး၊ ဟိုတစ်ခါကလို တစ်ခုခု ဝင်ပူးနေပြန်ပြီ ထင်တယ်"

"ဒီမိန်းမ လုပ်ပြန်ပြီထင်တယ်၊ ခေါက်ဆွဲကြော်ဝယ်လာတိုင်း ခုလိုဝင်ပူး ပြီး အနှောင့်အယှက်ပေးနေတာ မကောင်းတော့ဘူး၊ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"



ကျွန်တော်တို့ခြေရင်းအိမ်မှ ဦးအောင်ပုနှင့် သူ့ခယ်မ အစ်မသီသီတို့၏ အသံကြားလိုက်ရသည်၊ အိမ်နီးနားချင်းဖြစ်ရုံသာမကဦးအောင်ပုတို့မိသားစုတွင် ဇနီးဒေါ်အေးအေး သုံးနှစ်အရွယ် သမီးလေးနှင့် ဒေါ်အေးအေး၏ ညီမ ဆယ်တန်းကျောင်းသူ အစ်မသီသီတို့ အတူနေထိုင်ကြသည်၊ ကျွန်တော်က ခြောက်တန်းကျောင်းသား ဖြစ်သည်၊ ကျွန်တော် မတွက်တတ် သည့် သင်္ချာပုစ္ဆာများကို အစ်မ သီသီ ရှင်းပြနေကျဖြစ်သည်၊

ဦးအောင်ပုမှာအငှားယာဉ်မောင်းသူဖြစ်သည်၊ ကိုယ်ပိုင်သုံးဘီးကားကို ကိုယ်တိုင်မောင်းနေသူဖြစ်သည်၊ ညဘက် ကိုးနာရီကျော် ဆယ်နာရီ ပတ်ဝန်းကျင်အချိန်မှ ဦးအောင်ပု ပြန်ရောက်လေ့ ရှိသည်၊ ဦးအောင်ပုပြန်လာတိုင်း မိသားစုအတွက် ခေါက်ဆွဲကြော်၊ အစိမ်းကြော်များ ဝယ်လာလေ့ ရှိသည်၊ ဦးအောင်ပု၏ ဇနီး ဒေါ်အေးအေးမှာ ခေါက်ဆွဲကြိုက်သူလည်း ဖြစ်သည်၊ ဒေါ်အေးအေး ခေါက်ဆွဲစားစဉ် တစ်စုံတစ်ခု (သို့မဟုတ်) ဝိညာဉ် တစ်ခုခု ဝင်ပူးကာ ခေါက်ဆွဲများ တောင်းယူစားသောက်လေ့ရှိသည်၊ ဝင်ပူးခံရသူမှာ ဒေါ်အေးအေးသာ ဖြစ်နေတတ်သည်၊

ယခုည ကျွန်တော် စာကျက်နေစဉ် ဦးအောင်ပုကား ပြန်ဝင်လာသံ ကြားရပြီး စကားသံများ ကြားလိုက်ရခြင်း ဖြစ်သည်၊ ကျွန်တော် မနေသာတော့ဘဲ ဦးအောင်ပုတို့အိမ်ဘက်သို့ ကူးသွားခဲ့သည်၊

"ဟော - မောင်သန်းအောင် - ရောက်လာပါလား၊ ဒီကအသံတွေကြားရလို့ထင်တယ်၊ မင်းအဒေါ်ပုံကို ကြည့်စမ်းပါဦးကွာ"

ကျွန်တော်ဒေါ်အေးအေးကိုကြည့်လိုက်သည်၊ ခေါက်ဆွဲများကိုပလုတ်ပလောင်း အငမ်းမရစားနေသည်ကို တွေ့ရသည်၊ ဒေါ်အေးအေးမှာ နဂိုဗီဇ အေးအေးနေတတ်သူဖြစ်ပြီး အမူအရာ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်သည်၊ ယခုတွေ့လိုက်ရသော ပုံစံမှာ နဂိုမူလ ဒေါ်အေးအေးပုံစံနှင့် လုံးဝမတူပေ၊ မျက်လုံးများ ပြူးကျယ်နေပြီး ပါးစပ်မှလည်း ပြောချင်ရာ ပြောနေသည်၊

"ငါနေတဲ့ အပင်အောက်က ဖြတ်ပြီးသွားကြတယ်၊ ငါ့ကိုတော့ မကျွေးကြဘူး၊ ခုလိုတောင်းစားမှ စားရတော့တာ၊ စားလို့ကောင်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

"မင်းမြင်တဲ့အတိုင်းပဲ - မောင်းသန်းအောင်ရေ၊ ငါတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး ဖြစ်နေတယ်"

ဒေါ်အေးအေး ခေါက်ဆွဲစားနေစဉ်မှာပင် အနီးပတ်ဝန်းကျင်မှ လူများရောက်လာကြသည်၊ အိမ်ပေါ်ရောက်လာပြီး ဝိုင်းအုံကြည့်ရှုနေကြသည်၊ ထိုစဉ် ရှေ့မီနောက်မီ လူကြီးတစ်ဦးက ဦးအောင်ပုကို မေးလိုက်သည်၊

"အောင်ပု - မင်းမိန်းမ ခုလိုဖြစ်နေတာ ဘယ်နခါရှိသွားပြီလဲ"

"ကျွန်တော် သတိထားမိသလောက်တော့ သုံးကြိမ်ရှိသွားပြီ၊ ခေါက်ဆွဲကြော်ဝယ်လာတိုင်း ဖြစ်နေတတ်တာ"

"မင်း ဘယ်လိုထင်လဲ"

"သူပြောတဲ့စကားအရ အိမ်ရှေ့က ဥသျှစ်ပင်နဲ့ ပတ်သက်နေမယ်ထင်တယ်၊ ဝိညာဉ်လိုလို၊ တစ္ဆေလိုလို ဝင်ပူးပြီး နှောင့်ယှက်နေတာဖြစ်မယ် ထင်တယ်"

"မင်း ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"အိမ်ရှေ့က ဥသျှစ်ပင်ကို ခုတ်လှဲပစ်တော့မယ်လို့ စိတ်ကူးထားတယ်"

"သတိထားပြီးလုပ်ပေါ့ကွာ၊ တတ်ကျွမ်းနားလည်တဲ့ သူတွေနဲ့ တိုင်ပင်ကြည့်ပါဦး၊ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတွေက တို့ပတ်ဝန်းကျင်မှာ ရှိနေတာ၊ ဒါတွေကို မယုံလို့ မရဘူးကွဲ့"

"ကျွန်တော့်မိန်းမ ခုလိုဖြစ်နေတာ ကျွန်တော် သည်းမခံနိုင်တော့ဘူး၊ ဒီအိမ်ကြီးနဲ့ ဒီခြံရဲ့ရာဇဝင်ကိုလည်း ကျွန်တော် မသိခဲ့ဘူး၊ ဦးတို့သိရင် ပြောပြပါလား"

"မင်းအိမ်ရှေ့က ဥသျှစ်ပင်ဟာ အရမ်းကို အသီးသီးတာ၊ ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကျော်လောက်က မသိန်းသိန်းဆိုသူ ပိုင်ဆိုင်ခဲ့တာကွဲ့၊ သူက ဥသျှစ်သီးအမှည့်တွေ ရူးပြီးရောင်းခဲ့တာ၊ အဲဒီမသိန်းသိန်း ဆုံးပါးသွားတော့ ဆွေမျိုးတွေက အိမ်နဲ့ခြံ ရောင်းပစ်ခဲ့တာ၊ ဒီအိမ်ဝယ်ခဲ့တဲ့သူ နှစ်ဦး၊ သုံးဦး မင်းလိုပဲ ကြုံခဲ့လို့ ရတဲ့ဈေးနဲ့ ပြန်ရောင်းခဲ့ကြတာ၊ မင်းတို့ ဒီရပ်ကွက်ပြောင်းလာတာ သိပ်မကြာသေးတော့ ဘယ်သိပါ့မလဲလေ"



"ဒါဆို - ခု - ကျွန်တော့်မိန်းမကို ဝင်ပူးပြီး နှောင့်ယှက်နေတာ အဲဒီအိမ်ပိုင်ရှင် မသိန်းသိန်းများ ဖြစ်နေမလားပဲ"

"အင်း - ဖြစ်နိုင်တာပေါ့၊ သူက ဥသျှစ်ပင်ကိုစွဲပြီး မကျွတ်မလွတ်ဘဲ ဒီဥသျှစ်ပင်မှာ ရှိနေတာဖြစ်မယ် ထင်တယ်"

"ကျွန်တော် - သဘောပေါက်ပါပြီ၊ ကျွန်တော့်မိန်းမ ခုလိုဖြစ်နေတာ ကြာရင်မကောင်းဘူး၊ ဒီဥသျှစ်ပင်ကို ခုတ်ပစ်မှ ဖြစ်တော့မယ်"

"ဒါကတော့ - မင်းသဘောပဲ၊ စဉ်းစဉ်းစားစားတော့ လုပ်ပေါ့၊ မင်းမိန်းမကို ကြည့်လိုက်ပါဦး"

လူကြီးများနှင့် စကားပြောနေရသဖြင့် ဒေါ်အေးအေးကို မေ့ထားသတိမေ့နေကြသည်၊ ကျွန်တော်တို့ သတိထားမိချိန်တွင် နဂိုမူလအတိုင်း လူကောင်းပကတိဖြစ်နေပြီး ရှက်လွန်း၍ဖြစ်မည်၊ ဒေါ်အေးအေးက ခေါင်းငုံ့ထားသည်၊

"ဟဲ့ - အေးအေး - ပါးစပ်နဲ့ မျက်နှာပေါ်မှာ ပေကျံနေတဲ့ ခေါက်ဆွဲဖတ်တွေ သုတ်လိုက်ဦး"

"ဩော် - ဟုတ်ကဲ့ရှင့်"

ဒေါ်အေးအေးမှာ ဘာမျှမသိသည့်ပုံစံဖြင့် လူကြီးများကို လိုက်ကြည့်နေသည်၊

"ကဲ - ကဲ - နှောင့်ယှက်တဲ့သူ ထွက်သွားပြီပဲ၊ တို့ပြန်ဦးမယ်"

"လူကြီးများ တစ်ဦးပြီးတစ်ဦး အိမ်ပေါ်မှ ဆင်းသွားကြသည်၊ ကျွန်တော်သာ အိမ်ပေါ်ကျန်နေခဲ့သည်၊ ဦးအောင်ပုက ကျွန်တော့်ဘက် လှည့်ပြီးပြောလိုက်သည်၊

"ဒီလိုခဏခဏဖြစ်နေရင် ဘယ်ကောင်းပါ့မလဲ၊ မင်းအဒေါ်လည်း တော်တော်ရှက်နေပုံရတယ်၊ ဒီဥသျှစ်ပင်ကြီးကို ခုတ်လှဲပစ်မှ ဖြစ်တော့မယ်"

"စဉ်းစဉ်းစားစားလုပ်ဖို့ လူကြီးတွေ ပြောသွားတယ်နော်၊ ဒီလောက်အသီးသီးတဲ့ဥသျှစ်ပင် - နှမြောစရာကြီးပဲ"

"နှမြောစရာပေမယ့် မတတ်နိုင်တော့ဘူးကွာ၊ ဒီမကောင်းဆိုးဝါးကောင်မ ရှိနေတော့ ခုတ်ရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း - ဦးလေး သဘောပဲလေ"

အခြေအနေအားလုံး အေးအေးဆေးဆေး ဖြစ်သွားပြီဖြစ်၍ ကျွန်တော် အိမ်ပြန်လာပြီး စာကျက်နေခဲ့သည်။ စာကျက်သည့်စားပွဲပေါ် ထိုင်နေသော်လည်း စာကျက်၍မရပါ၊ စောစောက ဒေါ်အေးအေးအဖြစ်ကိုတွေးနေမိသည်။ ဦးအောင်ပု ခေါက်ဆွဲဝယ်ပြီး ပြန်လာတိုင်း ဒေါ်အေးအေးကို ဝင်ပူးပြီး ခေါက်ဆွဲ တောင်းစားလေ့ ရှိသည်၊ ဤကိစ္စ မကြာခဏ ဖြစ်နေသည်၊ အိမ်ရှေ့ရှိ ဥသျှစ်ပင်ကြီးကြောင့်ဟု အားလုံးက ထင်နေကြသည်။

✷

"ဟာဝ် - ခင်ဗျား ဘယ်သူလဲ"

"ခုထက်ထိ - ဂုဏ်ကို မသိသေးဘူးလား။ ငါက နင်တို့နဲ့ နီးနီးလေးမှာပဲ ရှိနေတာ"

"ဘယ်မှာရှိနေတာလဲ"

"အိမ်ရှေ့က ဥသျှစ်ပင်ကြီးမှာ ရှိနေတာ"

"ခု - ဘာလာလုပ်တာလဲ"

"နင့်ကို သတိပေးဖို့ လာခဲ့တာ၊ နင်က ငါနေတဲ့ဥသျှစ်ပင်ကြီးကို ခုတ်လှဲပစ်တော့မယ်လို့ ပြောနေတယ်မဟုတ်လား"

"ဟုတ်တယ် - ကျုပ် စိတ်ညစ်လာပြီ၊ ကျုပ်မိန်းမ - ခင်ဗျားကြောင့် ခဏခဏ အရှက်ရပြီး စိတ်ညစ်နေရတယ်၊ ဒါကြောင့် - ဥသျှစ်ပင်ကြီး ခုတ်ချင်တာ"

"သတိပေးလိုက်မယ်၊ ဒီဥသျှစ်ပင်ကြီး ခုတ်လှဲဖို့ စိတ်မကူးနဲ့၊ ငါ့မိဘဘိုးဘွားလက်ထက်ကတည်းက မြေစိုက်ပျိုးထားတာ၊ ခု - နင်တို့ဥသျှစ်သီးတွေခူးပြီး ရောင်းစားနေရတာပဲ မဟုတ်လား"

"ဥသျှစ်သီး ရောင်းရတာ ဘယ်လောက်မှရတာမဟုတ်ဘူး၊ ခင်ဗျား လာလာပြီး နှောင့်ယှက်နေတာ မကြုံချင်တော့ဘူး၊ ဒါကြောင့် - ခုတ်လှဲဖို့ စီစဉ်ရတာ"



"သတ္တိရှိရင် ခုတ်လှဲကြည့်ပေါ့၊ ဒီတစ်ခါ - နင့်မိန်းမဆီကတစ်ဆင့် ခေါက်ဆွဲတောင်းမစားတော့ပဲ - နင့်သမီးလေးကတစ်ဆင့်ဝင်ပြီးတောင်းစားတော့မယ်"

"ဟာ - ခင်ဗျား - ကျုပ်သမီးလေးကို မလုပ်နဲ့၊ ကျုပ်သမီးလေးကို ဘာမှ အနှောင့်အယှက်မပေးပါနဲ့"

"အေးလေ - ဒါဆိုလည်း ဥသျှစ်ပင်ကြီး မခုတ်နဲ့ပေါ့၊ မယုံရင် စမ်းကြည့်ပေါ့၊ နင့်မိန်းမလိုပဲ နင့်သမီးလေး ဝိုလိုက်၊ ရယ်လိုက်ဖြစ်အောင်နဲ့ အသိစိတ်မရှိသလို၊ ဖြစ်ချင်ရာဖြစ်နေတာ မြင်ချင်ရင်တော့ ဥသျှစ်ပင် ခုတ်လှဲလိုက်ပေါ့၊ သွားတော့မယ်"

"သမီးလေးကို မလုပ်နဲ့ - သမီးလေးကို မလုပ်နဲ့"

✷

"ဘာ - ဦးလေး - ဦးအောင်ပုကို အိပ်မက်ပေးခဲ့တယ် - ဟုတ်လား"

"အေး - ဟုတ်တယ်၊ ညက ငါ မင်းကို အစုပြောပြတဲ့အတိုင်း အိပ်မက်မက်ခဲ့တာ"

တခမပွဲကြီး နီးကပ်နေ၍ နံနက်စောစော ကျွန်တော် စာထကျက်နေစဉ် ဦးလေး ဦးအောင်ပုက သူ့အိပ်မက်အကြောင်း ပြန်ပြောပြနေခြင်းဖြစ်သည်။

"ဦးလေး ဦးအောင်ပု - အဲဒီအိပ်မက်ကို ယုံလို့လား"

"ယုံရခက်၊ မယုံရခက်ပဲ - မောင်သန်းအောင်ရေ၊ မင်းအဒေါ်ကိုခဏခဏ ဝင်ပူးပြီး ခေါက်ဆွဲတွေ၊ ဟင်းတွေ တောင်းတောင်းစားနေတာ မင်းအမြင်ပဲ၊ ငါ့သမီးလေးကိုတော့ အဲဒီလို အဖြစ်မခံနိုင်ဘူး"

"အဲဒီတော့ - ဦးလေး ဦးအောင်ပု - ဘယ်လိုဆုံးဖြတ်ထားလဲ"

"ဥသျှစ်ပင်ကြီးတော့ မခုတ်လှဲတော့ဘူး၊ ဒါပေမဲ့ - နည်းလမ်းတစ်ခုခု ရှာပြီး အနှောင့်အယှက်တွေကို ဖယ်ရှားရမယ်"

"လူကြီးတွေနဲ့ တိုင်ပင်ကြည့်ပါဦးလေ"

www.burmeseclassic.com

www.burmeseclassic.com

"အေး - မင်းပြောတာလည်း ဟုတ်နေတာပဲ၊ ငါ - လူကြီးတွေနဲ့ တိုင်ပင်ကြည့်ဦးမယ်၊ ကဲ - ကဲ - စာသွားကျက်လိုက်ဦး၊ ငါ - မင်းကိုခေါ်ပြီး အိပ်မက်အကြောင်းပြောနေလို့ မင်း စာကျက်ပျက်သွားပြီ ထင်တယ်"

"ရပါတယ် - ဦးလေး ဦးအောင်ပု"

ထိုကိစ္စအတွက် ဦးလေး ဦးအောင်ပု စိတ်ညစ်နေပုံရသည်၊ အငှားကားမောင်းသူတို့ပုံစံအတိုင်း ညဥ့်နက်မှ ပြန်လာလေ့ရှိရာ အစားအသောက်တစ်ခုခုဝယ်လာတိုင်း ယခုကဲ့သို့ဖြစ်နေသည်ကို ဘဝင်မကျလှပါ၊ သို့သော်မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေသည်၊ တစ်နေ့နံနက် ကျွန်တော် ဦးလေးဦးအောင်ပုတို့အိမ်ပေါ် ရောက်နေချိန်ဖြစ်သည်၊ ကျွန်တော် တွက်၍မရဖြစ်နေသော သင်္ချာတစ်ပုဒ် တွက်ပေးရန် ဦးလေး ဦးအောင်ပု၏ ခယ်မဖြစ်သူ အစ်မ သီသီကို မေးမြန်းနေစဉ် ရပ်ကွက်တွင်းမှ လူကြီးတစ်ဦးနှင့် ဦးအောင်ပု၏ သူငယ်ချင်း ဦးမောင်တိုးတို့ အိမ်ပေါ်တက်လာသည်ကို တွေ့ရသည်၊

"အောင်ပု - ကားမထွက်သေးဘူးလား"

"တော်ကြာ - ထွက်တော့မှာပါ၊ ကိစ္စရှိလို့လား"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ ဒါနဲ့ - ဒီအိမ်ရှေ့က ဥသျှစ်ပင်ကြီးခုတ်လှဲပစ်တော့မယ်လို့ ကြားတယ်၊ တကယ်ခုတ်လှဲတော့မှာလား"

"ဟုတ်တယ် - ပထမတော့ ခုတ်လှဲဖို့ စီစဉ်ထားခဲ့တာ၊ ခုတော့ - သမီးလေးကိုငဲ့ပြီး ဥသျှစ်ပင် မခုတ်တော့ပါဘူး"

"ဘယ်လို - ဘယ်လို - သမီးလေးကိုငဲ့ပြီး ဥသျှစ်ပင် မခုတ်တော့ဘူးဟုတ်လား၊ ဒီဥသျှစ်ပင်နဲ့ မင်းရဲ့သမီးလေး ဘယ်လိုပတ်သက်နေလို့လဲ"

ဦးမောင်တိုးအမေးကို ဦးအောင်ပုက ကျွန်တော့်ကို ပြောပြသည့်အတိုင်း သူ့အိပ်မက်အကြောင်း အပြည့်အစုံ ပြောပြလိုက်သည်၊ ဦးအောင်ပုစကားအဆုံးတွင် ပျော်ပျော်ရွှင်ရွှင် ရွှတ်ရွှတ်နောက်နောက် ပြောလေ့ရှိသော ဦးမောင်တိုးက -

"မင်းအိပ်မက်က အဆန်းပါလား၊ ငါ လူဖြစ်ဘဝက ကြုံခဲ့ဖူးတာ သွားပြီးသတိရမိတယ်၊ အဲဒီ့နည်း မင်း စမ်းကြည့်ပါလား - အောင်ပု"



"ဒီကိစ္စ ပျောက်သွားမယ်ဆိုရင် ဘယ်လိုနည်းလမ်းဖြစ်ဖြစ် ငါလုပ်မယ်၊ ပြောစမ်းပါဦး"

"မင်းမိန်းမကို ဝင်ပူးပြီး နှောင့်ယှက်နေသူဟာ အရင်က ဒီခြံပိုင်ရှင်လို့ ပြောနေကြတယ်၊ သူ သေသွားတုန်းက အသက်လေးဆယ်ပတ်ဝန်းကျင်ပဲရှိသေးတယ်တဲ့၊ အပျိုကြီးလို့ သိရတယ်"

"ဟုတ်ပါပြီ - ဝိုသမီးလေးမဖြစ်ရင် တော်ပြီ၊ ဘယ်လိုလုပ်ရမလဲဆိုတာပြောကွာ"

"ဒီလိုကွ - ဝင်ပူးခံရတာက မင်းမိန်းမပဲ၊ နောက်တစ်ခါ ဝင်ပူးပြီး ခေါက်ဆွဲတောင်းစားရင် တအားသိမ်းကျုံးပြီး ဖက်နမ်းပစ်လိုက်ကွာ၊ အကြာကြီးဖက်ထားပြီး ပါးတွေ၊ နှုတ်ခမ်းတွေ နမ်းပစ်လိုက်ကွာ"

"ဟာ - မင်းပေးတဲ့အကြံက ရှက်စရာကြီး"

"ကိုယ့်မိန်းမကိုယ်နမ်းတာ ဘာရှက်စရာရှိလို့လဲ၊ ဝင်ပူးတဲ့အဲဒီ့ကောင်မအပျိုကြီး မခံနိုင်ရင် ထွက်သွားမှာပေါ့၊ နောက်လည်း လာရဲတော့မှာမဟုတ်ဘူး"

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်၊ အဲဒီ့ကောင်မ - မထွက်မချင်း ဖက်ပြီးတော့ လျှောက်နမ်းပစ်ကွာ၊ စိတ်ကြိုက်သာ နမ်းပစ်လိုက်"

"အေးကွ - မင်းပြောတာ ဖြစ်နိုင်တယ်လို့ ထင်တယ်"

"ဒါပေါ့ကွာ - နောက် ဘယ်တော့မှ လာရဲမှာ မဟုတ်တော့ဘူး၊ သူဝင်ပူးနေပေမယ့် ကိုယ့်မိန်းမကိုယ် နမ်းတာပဲကွာ၊ ငါပြောတာ မယုံရင် စမ်းကြည့်လေ"

"အေး - အေး - မင်းပြောသလို ငါ စမ်းကြည့်လိုက်မယ်"

ထိုသို့ ပြောဆိုပြီး ဦးမောင်တိုးနှင့် ရပ်ကွက်လူကြီးတို့ အိမ်ပေါ်မှ ဆင်းသွားကြသည်၊ ဦးအောင်ပု တွေဝေစဉ်းစားရင်း ကျန်ရစ်ခဲ့သည်၊ ကြာမီကားစက်နှိုးသံ ကြားရပြီး ဦးအောင်ပု အငှားကား မောင်းထွက်သွားပါသည်၊ ထိုစဉ် ကျွန်တော့်ကို စာပြပေးနေသော အစ်မသီသီက -



www.burmeseclassic.com

www.burmeseclassic.com

"မောင်လေး - ခုနကဦးမောင်တိုးပြောသွားတာကြားလိုက်တယ်မဟုတ်လား"

"ကြားပါတယ် - အစ်မရယ်"

"အစ်မကို ဝင်ပူးပြီးနှောင့်ယှက်နေတာ တွေ့ရတော့ ငါလည်း ကြောက်နေမိတာ အမှန်ပဲ၊ အဓိကကျတာကတော့ နှောင့်ယှက်ခံနေရတာတွေ ပပျောက်သွားဖို့ပါပဲ"

"အစ်မက ဦးမောင်တိုးပြောသွားတဲ့အတိုင်း စမ်းကြည့်စေချင်လို့လား"

"ဒါကတော့ - အစ်မတို့၊ အစ်ကိုတို့သဘောပါ၊ သူတို့လင်မယားပဲဟာ၊ ဖက်နမ်းတာလောက်တော့ အဆန်းမှမဟုတ်တာ"

"ထားပါတော့၊ အဲဒါတွေ - ကျွန်တော်တို့အလုပ်မဟုတ်ဘူး၊ နောက်ဆုံးတစ်ပုဒ် တွက်ပြပေးဦး"

ထိုနေ့က သင်္ချာလေးပုဒ် အစ်မက ကျွန်တော့်ကို သင်ပြပေးခဲ့သည်၊ အစ်မသီသီမှာ ယခုနှစ် ဆယ်တန်းဖြေမည်ဖြစ်သည်၊ စာမေးပွဲကြီးနီးနေ၍ ကျွန်တော်နှင့်အစ်မသီသီတို့၏စာကျက်သံများ ညံစီနေတော့သည်၊ စာမေးပွဲကြီးအတွက် စာကျက်နေရ၍ ဦးလေး ဦးအောင်ပုကို ဦးမောင်တိုး ပြောခဲ့သည့်ကိစ္စ မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေခဲ့သည်၊

တစ်ည ...၊

ကျွန်တော် စာကျက်နေစဉ် ညဆယ်နာရီခန့်အချိန်တွင် ဦးလေး ဦးအောင်ပုတို့အိမ်မှ အသံများကြားလိုက်ရသည်၊ ကျွန်တော် စိတ်ဝင်တစားနားစွင့်လိုက်မိသည်၊ ထုံးစံအတိုင်း ဦးအောင်ပု ခေါက်ဆွဲဝယ်လာပြီး ဥသျှစ်ပင်ကြီးအောက်မှ ဖြတ်လာစဉ် ဖြစ်ပျက်လေ့ရှိသောကိစ္စပင် ဖြစ်သည်၊

"ထင်တော့ထင်သားပဲ၊ အိမ်ပေါ်မရောက်ခင် ခေါက်ဆွဲထုပ်ကို နောက်က တစ်ယောက်ယောက် ဆွဲလိုက်သလိုမျိုး ဖြစ်သွားတယ်၊ နောက်ဘက်လှည့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရဘူး၊ အိမ်ပေါ်ရောက်ပြီး ခေါက်ဆွဲစားတော့ ခုလိုဖြစ်တော့တာပဲ"



ကျွန်တော် သိလိုက်ပါပြီ၊ ဒေါ်အေးအေး ခေါက်ဆွဲစားနေစဉ် ဝင်ပူးနှောင့်ယှက်ပြီး ခေါက်ဆွဲလုစားနေပုံရသည်၊ ကျွန်တော် ဦးအောင်ပုတို့အိမ်ဘက်သို့ ကူးသွားလိုက်သည်၊ ထင်ထားသည့်အတိုင်းပင် ဒေါ်အေးအေးက ဣန္ဒြေမဲ့စွာ ပလုတ်ပလောင်းနှင့် ခေါက်ဆွဲစားနေသည်ကို တွေ့လိုက်ရသည်၊ ကျွန်တော့်ကို တွေ့သည်နှင့် ဦးအောင်ပုက -

"ကဲ - မောင်သန်းအောင်ရေ - ငါတော့ သည်းမခံနိုင်တော့ဘူး၊ မင်းအဒေါ် အဖြစ်လည်း ကြည့်ပါဦးကွာ၊ အဲဒီဟာမ ဝင်ပူးပြီးစားနေလိုက်တာ၊ မောင်တိုးကို သွားခေါ်ပေးစမ်းကွာ"

"ဟုတ်ကဲ့ - ကျွန်တော် သွားခေါ်ပေးမယ်"

ကျွန်တော် အပြေးအလွှားသွားပြီး ဦးမောင်တိုးကို ခေါ်ခဲ့သည်၊ လေးငါးအိမ်သာခြားသဖြင့် ဦးမောင်တိုး ရောက်လာသည်၊ ကျွန်တော့်အသံကြောင့် အိမ်နီးနားချင်းအချို့လည်း ရောက်လာကြသည်၊ ဒေါ်အေးအေးကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်၊

"မောင်တိုး - ငါ ဘယ်လိုလုပ်ရမလဲ၊ ခုဖြစ်နေတဲ့ကိစ္စ ကူညီပါဦး"

"မင်းကို ငါပြောထားပြီးပြီလေ၊ ငါပြောသလို စမ်းကြည့်လေ၊ လူတွေရှေ့မှာ ရှက်နေရင်လည်း မင်းတို့အိပ်ခန်းထဲ မင်းမိန်းမကို ခေါ်သွားပြီး ဖက်နမ်းပစ်လိုက်ကွာ"

"အေးပါကွာ - မင်းပြောသလို ငါ လုပ်ပါတော့မယ်"

ပြောပြောဆိုဆို ဦးအောင်ပုက နဂိုမူလစိတ်ပျောက်နေသော သူ့ဇနီးဖက်ပြီး ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် အားပါးတရ နမ်းလိုက်သည်၊ ပါးပြင်နှစ်ဖက်ကို နမ်းပြီး နှုတ်ခမ်းကို နမ်းမည်အပြုတွင် -

"ဟင် - ဒါ ဘာလုပ်တာလဲ၊ နင်က ငါ့ကို နမ်းလိုက်တာပေါ့လေ - ကဲဟာ ကဲဟာ"

မူလအသိစိတ်ပျောက်နေသော ဒေါ်အေးအေးက သူ့ခင်ပွန်း ဦးအောင်ပု၏ပါးကိုလှမ်းရိုက်ပါတော့သည်၊ ဦးအောင်ပုက လက်ကိုဖမ်းချုပ်လိုက်သည်၊ ဦးမောင်တိုးက သတိပေးလိုက်သေးသည်၊



www.burmeseclassic.com

www.burmeseclassic.com

"အောင်ပု - သူ့လက်ကိုမလွှတ်နဲ့၊ ဆက်ပြီးနမ်းကွာ"

"ဝင်ပူးနေတဲ့အပျိုကြီးကောင်မက သူ့ကိုနမ်းတာကြိုက်မှာမဟုတ်ဘူး၊ မကြိုက်ရင် နောက်ကို လာရဲတော့မှာမဟုတ်ဘူး၊ ဆက်ပြီးတော့သာ နမ်းထလိုက်"

"ထွက်မသွားမချင်း ဆက်နမ်းနေကွာ"

ဝိုင်းကြည့်နေသူများ တစ်ယောက်တစ်ပေါက် အကြံပေးနေကြသည်၊ ဦးအောင်ပုကလည်း ဆက်ပြီးနမ်းနေသည်၊ အသိစိတ်ပျောက်နေသော ဒေါ်အေးအေးက တွန်းထိုးရုန်းကန်ပြီး ခြေထောက်ဖြင့် လှမ်းကန်သည်၊

"အောင်ပု - ဘာမှရှက်မနေနဲ့၊ ရှက်နေရင် အိပ်ခန်းထဲ ဆွဲသွားပြီးနမ်းကွာ"

"အေး - အေး - ငါလုပ်ပါ့မယ်ကွာ"

ပြောပြောဆိုဆို ဦးအောင်ပုက ဒေါ်အေးအေးကို အိပ်ခန်းထဲ ဆွဲသွင်းသည်၊ ဒေါ်အေးအေးက ရုန်းကန်နေသည်၊

"မောင်သန်းအောင် - ကူပါဦးကွာ၊ မင်းအဒေါ်ကို အိပ်ခန်းထဲ သွင်းဖို့ ဝိုင်းဆွဲပါဦး"

ကျွန်တော် ဝိုင်းကူပြီး ဦးအောင်ပုနှင့်အတူ ဒေါ်အေးအေးကို အိပ်ခန်းထဲ ဆွဲသွင်းကြသည်၊ ရုန်းရင်းကန်ရင်းဖြင့် အိပ်ခန်းထဲ ရောက်သွားသည်၊

"ဒီလောက်ဖြစ်လှတဲ့ကောင်မ - သိကြရောပေါ့ကွာ"

ပါးစပ်မှပြောရင်း ဦးအောင်ပုက သူ့မိန်းမကို ခုတင်ပေါ်ဆွဲလှဲပြီး ဖက်နမ်းနေပါတော့သည်၊ ဒေါ်အေးအေးကလည်း လွတ်နေသောခြေထောက်ဖြင့် လိုက်ကန်သည်၊

"မောင်သန်းအောင် - ခြေထောက်ကို ထိန်းပါဦး"

ကျွန်တော်က တတ်နိုင်သမျှ ခွန်အားဖြင့် ဒေါ်အေးအေးခြေထောက်ကို ဖိထားလိုက်သည်၊ ဦးအောင်ပုက သူ့မိန်းမကို တရှုံ့ရှုံ့နှင့် နမ်းနေတော့သည်၊ ဒေါ်အေးအေးခြေထောက်ကို ဖိထားရင်း စိုးရိမ်စိတ်ဖြင့် ကျွန်တော် ကြည့်နေမိသည်၊



"ဖယ်စမ်းပါ - နင်က ငါ့ကို အနိုင်ကျင့်ပြီး နမ်းတာပေါ့လေ၊ ငါ့အကြောင်း သိရစေ့မယ်၊ ခုတော့ - နင်တို့နိုင်တုန်း လုပ်ထားဦးပေါ့"

ဒေါ်အေးအေး၏ပင်ကိုအသံ မဟုတ်ပေ၊ ဦးအောင်ပုကို ကြိမ်းမောင်းရင်း တဖြည်းဖြည်း အားပျော့လာသည်၊

"အောင်ပုရေ - ဆက်သာနမ်းကွာ၊ ဒီလောက်ဖြစ်လှတဲ့ကောင်မ"

"ဟုတ်တယ် - နောက်မလာရဲအောင် လုပ်လိုက်စမ်းကွာ"

အိပ်ခန်းအပြင်ဘက်မှ လှမ်းပြောနေသော အသံများ ကြားလိုက်ရသည်၊

"အေးပါကွာ - ငါ နမ်းနေပါတယ်"

ဦးအောင်ပုက သူ့မိန်းမကို ဆက်နမ်းနေစဉ် ဒေါ်အေးအေးမှာ တွန်းထိုးရုန်းကန်မှု မရှိတော့ဘဲ တဖြည်းဖြည်း ငြိမ်ကျသွားသည်၊ အတန်ကြာမှ ဒေါ်အေးအေးက သူ့ပင်ကိုအသံဖြင့် ပြောလိုက်သည်၊

"ဟင် - ကိုအောင်ပု - ဘာလုပ်တာလဲ - ဖယ်ပါ၊ မောင်သန်းအောင်လည်း အိပ်ခန်းထဲ ရောက်နေပါလား၊ အို - ရှက်လိုက်တာရှင်"

ယခုမှ ဒေါ်အေးအေး နဂိုမူလပုံမှန် ဖြစ်သွားသည်၊ ဝင်ရောက်ပူးကပ်နှောင့်ယှက်သူ ထွက်သွားပြီထင်သည်၊

"ကျွန်မ - ဘယ်လိုဖြစ်သွားလို့ ခုလိုအိပ်ခန်းထဲ ရောက်နေရတာလဲ"

"ခုနက ဒေါ်အေးအေး တစ်ခုခု ဝင်ပူးခံရလို့ ဦးအောင်ပုက အိပ်ခန်းထဲ သွင်းပြီး ..."

"အခြေအနေကောင်းသွားပြီမဟုတ်လား - အောင်ပု၊ အိပ်ခန်းအပြင်ကို ထွက်ခဲ့တော့"

ဦးမောင်တိုး လှမ်းခေါ်လိုက်မှ ဦးအောင်ပု ရှက်ကိုးရှက်ကန်းဖြင့် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်၊

"အေးအေးလည်း ခေါ်လိုက်ကွာ၊ ရှက်စရာမှမဟုတ်တာ၊ ပယောဂပျောက်အောင် လုပ်ရတာပဲ"

ဒေါ်အေးအေးက အင်္ကျီပြင်ဝတ်ပြီးမှ အိပ်ခန်းထဲ ထွက်လာသည်၊


www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုအောင်ပု – ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်မဖြင့် ရှက်လိုက်တာ"

"ဒီမှာ အေးအေး – နင် ရှက်မနေနဲ့၊ ငါ အကြံပေးလိုက်လို့ အောင်ပုရဲ့ လုပ်ရတာ၊ နင့်ကို အောင်ပုနမ်းတော့ ဟိုဝင်ပူးပြီး နှောင့်ယှက်တဲ့ကောင်း ထွက်သွားပြီမဟုတ်လား၊ ငါပေးလိုက်တဲ့အကြံဉာဏ် ကောင်းတယ် မဟုတ်လား"

ဒေါ်အေးအေးက ရှက်လွန်း၍ ခေါင်းငုံ့ထားလိုက်သည်၊ ဝိုင်းအုံကြည့်နေသူများလည်း အလျှိုအလျှိုပြန်သွားကြသည်၊

"မောင်တိုးပေးတဲ့အကြံ ကောင်းတယ်"

"ဘာကောင်းတာလဲ၊ ကျွန်မဖြင့် ရှက်လို့သေတော့မယ်"

"အေးအေးရယ် – ငါပေးတဲ့အကြံကြောင့် ဟိုဟာမ စောစောစီးစီး ထွက်သွားတာ၊ မဟုတ်ရင် – နင် ဘယ်လောက်ဒုက္ခခံနေရဦးမယ် မသိဘူး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ခုလို လူရှေ့သူရှေ့မှာ ဖက်နမ်းခံရတာဆို တော့ ..."

"တော်ပါတော့ – ဟိုဟာမ – ဘယ်တော့မှ လာရဲတော့မှာမဟုတ်ဘူး၊ သတ္တိရှိလို့ထပ်လာခဲ့ရင်လည်း ဒီနေ့လုပ်သလိုသာ ဆက်လုပ် – အောင်ပုရေ၊ ကဲကဲ – သွားလိုက်ဦးမယ်"

ဦးမောင်တိုး ပြန်သွားချိန်တွင် ညဆယ်နာရီကျော်ခဲ့ပြီ၊ အိမ်ပြန်ရောက်သော်လည်း ကျွန်တော် မအိပ်သေးဘဲ စာမေးပွဲကြီးအတွက် စာကျက်နေခဲ့သည်၊ နောက်နှစ်ရက်ဆိုလျှင် စာမေးပွဲကြီး ဖြေဆိုရတော့မည်ဖြစ်သည်၊ ကျွန်တော်တို့ခြောက်တန်းကျောင်းသားများ အလျင်ဖြေရမည်၊ ခြေရင်းအိမ်မှ အစ်မသီသီတို့က နောက်မှဖြေရမည်၊ အစ်မသီသီ စာကျက်သံကိုလည်း ညဉ့်နက်သည်အထိ ကြားနေရသည်၊

ဤသို့ဖြင့် ကျွန်တော်တို့ စာမေးပွဲဖြေဆိုရမည့်ရက် ရောက်လာသည်၊ စာမေးပွဲဖြေဆိုရက် သုံးရက်မြောက် ညဆယ်နာရီခန့်တွင် ဦးအောင်ပုတို့ အိမ်မှ အသံများ ကြားလိုက်ရသည်၊ တစ်ဆက်တည်း ကျွန်တော့်အမည် ခေါ်သံပါကြားလိုက်ရသည်၊ ကျွန်တော် ဦးအောင်ပုတို့အိမ်ဘက်သို့ ကူးသွားလိုက်သည်၊ အိမ်ပေါ်အတက်တွင် ဒေါ်အေးအေးက ကျွန်တော့်ပခုံးကို ဖက်ကာ ပြောလိုက်သည်၊

"ဟိုမှာ – မင်းအစ်မသီသီကို ကြည့်ပါဦး"

ကျွန်တော် လှမ်းကြည့်လိုက်ရာ ကြားရသောစကားသံကြောင့် ကျွန်တော့် နှုတ်မှ ဟာခနဲ ဖြစ်သွားရသည်၊

"ဒီလောက်နမ်းချင်တဲ့ အကောင် – ငါ့ကို လာနမ်းလေ၊ ဘာလို့ ရှောင်နေရတာလဲ"

အစ်မသီသီက ခေါက်ဆွဲကို ပလုတ်ပလောင်းစားရင်း ဦးအောင်ပုကို လိုက်ဆွဲနေသည်၊ ဒေါ်အေးအေးက သူ့ညီမကို လှမ်းဖက်ထားသည်၊

"လုပ်ပါဦး – မောင်သန်းအောင်၊ မင်းအစ်မကို ဆွဲထားပါဦး"

"ဘယ်လိုတွေဖြစ်ကုန်ပြီလဲ၊ ခါတိုင်း ဒေါ်အေးအေးကိုသာ ဝင်ပြီးပူးကပ်နေကျပါ၊ အခု – အစ်မသီသီကို ဝင်ပူးနေပြီ၊ ထူးဆန်းလိုက်တာ"

ကျွန်တော် ထိုသို့ပြောနေခိုက်မှာပင် အစ်မသီသီက ...

"ဒီလောက် ငါ့ကို နမ်းချင်တဲ့အကောင် လာနမ်းစမ်းပါ၊ စိတ်ကြိုက်လာနမ်းစမ်းပါ၊ လူတွေရှေ့မှာ မနမ်းရဲရင် အိပ်ခန်းထဲသွားပြီး နမ်းကြမယ်လေ လာပါ"

ဝင်ပူးခံနေရသော အစ်မသီသီက သူ့ခဲအိုဖြစ်သူ ဦးအောင်ပုကို စိန်းစိန်းကြည့်ပြီး စိန်ခေါ်နေသည်၊ ဦးအောင်ပုမှာ မျက်နှာငယ်လေးနှင့် ဖြစ်နေသည်၊ လွန်ခဲ့သည့်တစ်ပတ်ခန့်က ဦးမောင်တိုး အကြံပေးသည့်အတိုင်း သူ့မိန်းမ ဝင်ပူးခံနေရစဉ် ဦးမောင်ပုက အိပ်ခန်းထဲ ဆွဲသွင်းပြီး သူ့မိန်းမကို နမ်းခဲ့သည်၊ ကျွန်တော်ကိုယ်တွေ့ပင် ဖြစ်သည်၊ ယခု – ခယ်မဖြစ်သူ ဆယ်တန်းကျောင်းသူ အပျိုအရွယ်ကို ဝင်ပူးပြီး ဦးအောင်ပုကို နမ်းခိုင်းနေခြင်း ဖြစ်သည်၊

"လာပါ – သိပ်နမ်းချင်တဲ့အကောင် – လာနမ်းလေ၊ ငါ့ကို မဆွဲထားနဲ့ ဖယ်ပါ"

ပြောပြောဆိုဆို အစ်မသီသီက သူ့အစ်မလက်ထဲမှ ရုန်းထွက်ရန် ကြိုး စားသည်၊ ဦးအောင်ပုအိမ်မှ ဆူဆူညံညံအသံများကြောင့် ရပ်ကွက်လူကြီး များ၊ ဦးလေး ဦးမောင်တိုးတို့ ရောက်လာကြသည်၊

www.burmeseclassic.com

"မောင်တိုးရေ - မင်းပေးတဲ့ အကြံဉာဏ်အတိုင်း ဟိုမကောင်းဆိုးဝါးမ ဝင်ပူးနေတုန်း ငါ့မိန်းမကို ငါ ဖက်နမ်းခဲ့တာ၊ ခုတော့ - ငါ့ခယ်မကို ဝင်ပူးပြီး နမ်းခိုင်းနေလို့"

"တော်တော်ယုတ်မာတဲ့ မကောင်းဆိုးဝါးမပဲ၊ ရိုးရိုးသားသား ခေါက်ဆွဲ တောင်းစားတာမဟုတ်ပဲ ဉာဏ်များလိုက်တာ၊ ခုတော့ - ငါ ဒုက္ခရောက်နေပြီ"

ထိုစဉ် ရပ်ကွက်လူကြီး ဦးမောင်မြိုင်က မနေသာတော့ဘဲ ဝင်ပြောလိုက်သည်၊



မင်း အယုံအကြည်မရှိတဲ့ ပရလောကရဲ့
ဆန်းကြယ်ပုံကို မင်း လက်တွေ့မြင်ခဲ့ရပြီ
မဟုတ်လား။ ခုကိစ္စမျိုးက ကြာလာရင်
မကောင်းတော့ဘူး။ မင်းမိန်းမဆီ
င်ပူးရင် မင်းက နမ်းမှာလေ။ မင်းနမ်းလို့
မဖြစ်နိုင်တဲ့ မင်းခယ်မကို ဝင်ပူးတော့ မင်း
ဘာတတ်နိုင်သေးလဲ။ မင်းမိန်းမဖြစ်လိုက်၊
ခင်းခယ်မဖြစ်လိုက်နဲ့။ ဒီရက်အတွင်းမှာပဲ
သံဃာတော်တွေ ပင့်ဖိတ်ပြီး ဆွမ်းကျွေးဒါနပြုဖို့
ပြင်ပေတော့ ...

"မင်းတို့လုပ်ခဲ့တာတွေက မဟုတ်သေးဘူးထင်တယ်၊ ပရလောကဆို တာ မယုံလို့မရဘူး၊ ခုလက်တွေ့ပဲ၊ ဉသျှစ်ပင် ခုတ်လှဲတာတို့၊ ဝင်ပူးနေတဲ့ ကိုယ့်မိန်းမကို ဖက်နမ်းတာတို့က ပြဿနာဖြေရှင်းရာ မရောက်ဘူးကွဲ၊ သူတို့ကို မေတ္တာပို့ပြီး အမျှပေးဝေရမယ်၊ ဒါမှ - သူတို့ လွတ်ရာကျွတ်ရာ သွားနိုင်မယ်၊ ဒါတွေ - တို့က ဆောင်ရွက်ပေးရမယ်၊ မင်းတို့ - ဖယ်စမ်း"

ပြောပြောဆိုဆို ဦးမောင်မြိုင်က ခေါက်ဆွဲထုပ်ထဲမှ လက်ကျန်ခေါက်ဆွဲများကို ပန်းကန်အတွင်းထည့်၍ သီသီ့ရှေ့သို့ ယူသွားပြီး ချကျွေးလိုက်သည်၊

"ကဲကဲ - စိတ်ကြိုက်သာ စားပေတော့၊ ဘာမှမနှောင့်ယှက်ပါနဲ့တော့၊ စားပြီးရင် ကိုယ့်ဌာနကိုယ် ပြန်တော့"

တစ်ခုခု ဝင်ပူးနေသောသီသီက ဦးမောင်မြိုင်မျက်နှာကို စေ့စေ့ကြည့်လိုက်သည်၊

"အေး - အဲဒီလိုမှပေါ့၊ ကြည်ကြည်သာသာမကျွေးကြလို့ ငါက ဝင်လုပြီး စားရတာ၊ ခုတော့ - အဆင်ပြေသွားပြီ၊ စားပြီးရင် သွားပါ့မယ်"

ဒေါ်အေးအေးက သူ့ညီမကို ဖက်ထားရင်းမှ ဝင်ပြောလိုက်သည်၊

"ညီမလေး - သတိထားဦးလေ၊ လူကြီးကို အဲဒီလိုမပြောရဘူးလေ"

"ဘာညီမလေးလဲ - ဖယ်စမ်းပါ၊ နင် ငါ့ကို ဖက်ထားလို့ ဟိုကောင် ငါ့ကို နမ်းလို့မရဘူး၊ သိပ်နမ်းချင်တဲ့အကောင် လာနမ်းဦးလေ"

သီသီက ခေါက်ဆွဲစားလည်းစား၊ ပြောလည်းပြောရင်း ဦးအောင်ပုကို မကျေမနပ်နှင့် စိုက်ကြည့်နေသည်၊

"ငါ လုပ်လိုက်ရ သေတော့မယ်၊ ငါနော် - ဟင်း၊ တော်တော်ဉာဏ်များ တဲ့ဟာမ"

ဦးအောင်ပု မကျေမနပ် မရှင့်မရဲဖြစ်နေပြီး တောက်တစ်ချက် ခတ်လိုက်သည်၊ သို့သော် ကြည့်နေရုံမှအပ မည်သို့မျှ မတတ်နိုင်ပေ၊ ပန်းကန်ထဲမှ ခေါက်ဆွဲများ မကုန်မီမှာပင် သီသီမှာ သူ့အစ်မပေါင်ပေါ်တွင် လဲကျသွား သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး – ညီမလေး – သီသီ – သတိထားပါဦး၊ သီသီ – သီသီ"

သီသီမှာ အစ်မပေါင်ပေါ်တွင် လဲကျနေရာမှ လူးလဲထလာသည်၊

"ဟင် – မမ – ညီမလေး ဘာဖြစ်လို့လဲ၊ လူတွေ အများကြီးပါလား"

"ဟော – ညီမလေး သတိရလာပြီ၊ ညီမလေး ကောင်းသွားပြီ၊ တို မကောင်းဆိုးဝါး မရှိတော့ဘူး၊ ထွက်သွားပြီ"

ဦးမောင်မြိုင်က ဒေါ်အေးအေးကို လှမ်းပြောလိုက်သည်၊

"အေး – အေးရေ – သီသီ့ကို နောက်ဖေးခေါ်သွားပြီး မျက်နှာသစ်ခိုင်းလိုက်၊ ခုဖြစ်တဲ့ကိစ္စ တို့ရှေ့မှာ မပြောနဲ့၊ ကလေး ရှက်နေဦးမယ်"

"အောင်ပု – လာဦး"

ဦးမောင်မြိုင်က တစ်ဆက်တည်း ဦးမောင်ပုကို အနားသို့ ခေါ်လိုက်သည်၊

"မင်းအယုံအကြည်မရှိတဲ့ ပရလောကရဲ့ဆန်းကြယ်ပုံကို မင်းလက်တွေ့မြင်ခဲ့ရပြီမဟုတ်လား၊ ခုကိစ္စမျိုးက ကြာလာရင် မကောင်းတော့ဘူး၊ မင်းမိန်းမဆီ ဝင်ပူးရင် မင်းက နမ်းမှာလေ၊ မင်းနမ်းလို့ မဖြစ်နိုင်တဲ့ မင်းခယ်မကို ဝင်ပူးတော့ မင်း ဘာတတ်နိုင်သေးလဲ၊ မင်းမိန်းမဖြစ်လိုက်၊ မင်းခယ်မ ဖြစ်လိုက်နဲ့၊ ဒီရက်အတွင်းမှာပဲ သံဃာတော်တွေ ပင့်ဖိတ်ပြီး ဆွမ်းကျွေးဒါနပြုဖို့ ပြင်ပေတော့၊ ဆရာတော်ကို ငါ ကြိုတင်ပြီး လျှောက်ထားလိုက်မယ်၊ သေသွားပြီတဲ့ အရင်က ဒီအိမ်ပိုင်ရှင် မသိန်းသိန်း သာဓုခေါ်နိုင်အောင် အမျှအတန်းပေးဝေပါ၊ ဒါမှ – လွတ်ရာကျွတ်ရာ သွားနိုင်ပြီး နှောင့်ယှက်မှုတွေ ကင်းမှာ"

"ဟုတ်ကဲ့ပါ – ဦးလေး၊ ဒီတစ်ရက်၊ နှစ်ရက်အတွင်း ကျွန်တော် ဆောင်ရွက်ပါ့မယ်"

"အေး – အေး – ကောင်းတယ်၊ မြန်လေကောင်းလေပဲ၊ မနက်ဖြန် ဆရာတော်ဆီသွားပြီး အကျိုးအကြောင်း တင်လျှောက်ထားလိုက်မယ်၊ တို့ – သွားပြီဟေ့"

ဘကြီး ဦးမောင်မြိုင်ပြောသည့်အတိုင်း ဦးအောင်ပုက သံဃာတော်ငါးပါး ပင့်ဖိတ်ပြီး ဆွမ်းကျွေးဒါနပြုခဲ့သည်၊ ဝတ္ထုငွေ၊ သင်္ကန်းများလည်း ဆက်ကပ် လှူဒါန်းသည်၊ ဆရာတော်က အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပေးသည်၊ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေရာတွင် ကွယ်လွန်သွားပြီးဖြစ်တဲ့ ယခင်အိမ်ပိုင်ရှင်ဟောင်း အမျိုးသမီး မသိန်းသိန်းအမည်ကိုထုတ်ဖော်ပြီး အမျှအတန်း ပေးဝေခဲ့သည်၊ ဆွမ်းကျွေးအလှူတွင် ကျွန်တော်ကိုယ်တိုင် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးခဲ့သည်၊ အားလုံး စိတ်ထဲ ရှင်းသန့်သွားခဲ့ကြသည်၊

ကျွန်တော်တို့ စာမေးပွဲကြီးပြီး၍ အစ်မသီသီတို့ ဆယ်တန်းစာမေးပွဲ ဖြေဆိုရမည့်ရက်ပင် နီးကပ်လာပြီ၊ အစ်မသီသီ စာကျက်သံကိုကြားနေရမြဲ ဖြစ်သကဲ့သို့ ဦးအောင်ပု ကားသိမ်းပြန်လာတိုင်း ဒေါ်အေးအေးအတွက် ခေါက်ဆွဲထုပ် ဝယ်လာမြဲဖြစ်သည်၊ သို့သော် မည်သည့်အသံမျှ မကြားရတော့ပါ၊ ပထမတစ်လနှစ်လအတွင်း ကျွန်တော် သတိထားခဲ့သော်လည်း နောက်ပိုင်း သတိမထားမိတော့ပါ၊ ဦးအောင်ပုတို့အိမ်မှလည်း မည်သည့် အနှောင့်အယှက် ပေးသံမျှမကြားရတော့ပါ၊ အားလုံး မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ကြပြီ၊

ယခု – ကျွန်တော်သည်ပင် ဆယ်တန်းကျောင်းသားဖြစ်ခဲ့ပြီး အစ်မ သီသီကလည်း ဘွဲ့ရခဲ့ပြီ၊ အစ်မသီသီက ဘွဲ့ရပြီး၍ အလုပ်ဝင်ရန် ပြင်ဆင်နေပြီဖြစ်သည်၊ လွန်ခဲ့သော လေးငါးနှစ်က အဖြစ်အပျက်များကို မေ့ထားခဲ့ကြပြီထင်သည်၊ ဦးလေးဦးအောင်ပုတို့ အလှူအတန်းပြု အမျှပေးဝေပြီးသည့်နောက်ပိုင်း မည်သည့်ပူးကပ်နှောင့်ယှက်မှုမျိုးမှ မကြုံတွေ့ရတော့ပါ၊ ဦးအောင်ပုတို့ ပေးဝေခဲ့သော အမျှအတန်းကုသိုလ် ရရှိခဲ့၍ ဥသျှစ်ပင်၌ စွဲနေသူ လွတ်ရာကျွတ်ရာ သွားနိုင်ခဲ့ပြီဖြစ်မည်ထင်သည်၊

▸▸



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျော်ကိုကို မျက်မှောင်ကြုတ်ကာ ...

"ဘာဖြစ်တာလဲ - မိဖွန်"

"ငါ - ငါ"

ဖွန်သင်ဇာသည် အခန်းထဲသို့ လှစ်ခနဲဝင်လာပြီး စကားမဆိုနိုင်သေး၊ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ကျော်ကိုကို ရုတ်တရက် မတ်တတ်ရပ်ကာ သူမ၏ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"ပြောလေ - နင် - ဘာဖြစ်လာတာလဲဆိုတာ - အလန့်တကြား"

ထိုအချိန်တွင် သူတို့နှစ်ယောက်ရှိရာ အခန်းထဲသို့ သက်အောင် ဝင်လာပြန်သည်။ သူကလည်း ကျော်ကိုကိုတို့ကိုကြည့်ကာ ကြောင်စီစီဖြစ်နေပြန်သည်။

"မင်းတို့ ဘာဖြစ်နေကြတာလဲ"

"ဒီမှာကွာ - မိဖွန် - အလန့်တကြား ဖြစ်နေလို့၊ တစ်စုံစုံကို ကြောက်နေလို့"

ထိုအခါမှ ဖွန်သင်ဇာသည် အကြောက်ပြေကာ တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

"ငါ - ငါ - သရဲ - အခြောက်ခံရလို့"

ထိုအခါမှ ကျော်ကိုကိုနှင့် သက်အောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့သည်။ ကျော်ကိုကိုသည် ခေါင်းကို ခပ်သွက်သွက် ယမ်းခါပြီး ကျွတ်ခနဲ နှုတ်မှ တစ်ချက်မြည်လိုက်သည်။

"ဟာ - နင်ကလဲ - မဖြစ်နိုင်တာဟာ၊ ဒီအိမ်ကြီးမှာ သရဲခြောက်တယ်လို့ တစ်ခါမှ မကြားမိပါဘူးဟာ၊ နင့်စိတ်ထင်နေလို့ဖြစ်မှာပါ၊ သိပ်သွေးမကြောင်ပါနဲ့"

ထိုအခါ သက်အောင်က ဝင်၍ ...

"ဟုတ်ပါတယ် - တိတ်ဆိတ်တဲ့အချိန်တွေမှာ လူဟာ တစ်ယောက်တည်းရှိနေရင် စိတ်က အလိုလိုကြောက်ရွံ့အားငယ်စိတ်တွေ ဝင်လာပြီးလေ

တိုက်တာတို့၊ ခန်းဆီးစ လှုပ်တာတို့ကို မြင်ရရင် သရဲခြောက်တယ်လို့ ထင်လာတတ်တယ်ဟ၊ နင် - အဲသလို - တစ်ခုခုကို မြင်လိုက်တာလား - မိဖွန်"

ဖွန်သင်ဇာ ခပ်သွက်သွက် ခေါင်းခါလိုက်မိသည်၊ ယခုအချိန်ထိ သူမမှာ အကြောက်ပြေသေးဟန် မတူပေ၊ မဝံ့မရဲဟန်ဖြင့် တုန်တုန်ယင်ယင်၊

"ငါ - ငါ - ဧည့်ခန်းထဲမှာ မတ်တတ်ရပ် မှန်ဗီရိုကြီးရှေ့မှာ မတ်တတ်ရပ်ကြည့်နေတုန်းမှာ ငါ့နောက်မှာ မိန်းမကြီးတစ်ယောက်ရဲ့အရိပ် ပေါ်လာတယ်၊ ငါလည်း ရုတ်တရက်တော့ လန့်ဖျပ်သွားပြီး အော်လိုက်မယ်လုပ်တော့ ချက်ချင်းပျောက်သွားတယ် - ကြောက်လိုက်တာ၊ တကယ့်ကို သရဲခြောက်တာပါ၊ နင်ပြောသလို စိတ်က ထင်နေတာမဟုတ်ပါဘူး"

ထိုအခါမှ ကျော်ကိုကိုသည် ခေါင်းတစ်ချက်ညိတ်ကာ ခပ်တွေတွေ စဉ်းစားလိုက်မိသည်၊

"မိန်းမကြီးတစ်ယောက် - ဘယ်ကမိန်းမကြီးပါလိမ့်"

"ပြောပါဦး - မိဖွန်၊ ဘယ်ကမိန်းမကြီးလဲ၊ နင့်ကို ဘယ်လိုခြောက်တာလဲ"

ဖွန်သင်ဇာသည် မျက်ဝန်းပြူးပြူးကို တစ်ချက်စိုက်ငေးကာ ...

"ငါ့နောက်မှာ ရပ်နေတဲ့မိန်းမကြီးက အင်္ကျီခပ်ပွပွကြီးကို ဝတ်ထားတယ်၊ ဆံပင်ကလည်းတစ်ခေါင်းလုံးဖြူဖွေးနေတာပဲဟယ်၊ မျက်လုံးကြီးက ပြူးထွက်လို့၊ ဖျတ်ခနဲပေါ်ပြီး ချက်ချင်းဆိုသလို ပျောက်သွားတာဟ၊ စက္ကန့်ပိုင်း အတွင်းပါပဲ - မြန်လိုက်တာ"

"နောက်ကော ..."

"အဲဒါနဲ့ - ငါ အခန်းထဲက ပြေးထွက်လာတာပေါ့၊ ဆက်ပြီးမနေရဲတော့ဘူးလေ"

ကျော်ကိုကိုသည် အနည်းငယ်ငေးငိုင်သွားပြီး တစ်ခွန်းမေးသည်၊

"နင့်ကိုခြောက်တဲ့မိန်းမကြီးရဲ့ပုံစံကို နင်မှတ်မိသလောက်ပြောပြီး ဘယ်သူလဲဆိုတာ စဉ်းစားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"တစ်ခေါင်းလုံး ဆံပင်ဖြူဖွေးနေတာတော့ သေချာတယ်၊ အဲ - ပြီးတော့ ပြီးတော့ - ဟိုဟာ - သူ့မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ - ကြောက်စရာကြီး၊ အင်း - နဖူးအလယ်တည့်တည့်မှာ မှည့်ကြီးတစ်လုံး ထင်ထင်ရှားရှားပဲ"

ဖွန်သင်ဇာ စကားဆုံးတော့ ကျော်ကိုကို အံ့ဩတကြီးဖြစ်သွားမိသည်။ အနည်းငယ် စဉ်းစားဟန်ပြုမိသည်၊ တကယ်ပင် ဖွန်သင်ဇာကို သရဲခြောက် လှန့်လိုက်ပြီဆိုတာကို ယုံကြည်စွာဖြင့် လက်ခံရမလို ဖြစ်သွားရသည်။

သူတို့သုံးယောက်သည် မည်သည့်စကားမျှ မဆိုဖြစ်ကြတော့ဘဲ အခန်း ထဲတွင် မှိုးရေစိုရွှဲနေသော ငှက်ကလေးသုံးကောင်လို ငြိမ်သက်တိတ်ဆိတ် စွာ ထိုင်နေမိကြရင်း အတွေးကိုယ်စီဖြင့် ပျံသန်းနေကြပေသည်။

✵

ရန်ကုန်မြို့မှ မိုင်(၅၀)ခန့်ကွာဝေးသော ရန်ကုန် - မန္တလေးလမ်းဘေး မြို့နယ်တစ်ခု၏ အစွန်ခြံကျယ်ကြီးထဲသို့ သီတင်းကျွတ်ကျောင်းပိတ်ရက် တွင် သူတို့အလည်အပတ် ရောက်ရှိနေကြခြင်းဖြစ်သည်၊ ကျော်ကိုကိုနှင့် ဖွန်သင်ဇာသည် တစ်ဝမ်းကွဲမောင်နမဖြစ်ကာ သက်အောင်ကတော့ တစ်ရပ် ကွက်သားတည်း ချင်း၊ ကျောင်းနေဖက်ချင်းဖြစ်သည့် ကျော်ကိုကိုနှင့် ရင်းနှီး ကာ ကျောင်းပိတ်ရက် အဖော်လိုက်လာခြင်း ဖြစ်ပေသည်။

ပေနစ်ရာပတ်လည်ကျယ်ဝန်းသော ခြံမြေကြီးထဲတွင် သီးပင်၊ စားပင် များ စိုက်ပျိုးထားကာ နေရှင့်စဖွယ် ပျဉ်ထောင်အိမ်အိုကြီးက ခြံလယ်တွင် ထီးတည်းမားမားရှိပေသည်၊ ခြံစောင့်အဖိုးကြီးတစ်ယောက်ရှိပြီး သူက တော့ ခြံအနောက်ဘက်တဲတွင် နေထိုင်သည်၊ ဤကျယ်ဝန်းလှသော ခြံကျယ်ကြီးကို ကျော်ကိုကိုနှင့် ဖွန်သင်ဇာတို့အဘိုးအဘွားများ နေထိုင်ကြ ကာ သူတို့ မောင်နမတစ်ခုသည် ကျောင်းပိတ်ရက်တွင် ဤခြံကြီးထဲတွင် လာရောက်လည်ပတ်စုဝေးကာ ပျော်ရွှင်စွာ ဆော့ကစားရင်း ကျောင်းပိတ် ရက်များကို လွတ်လပ်စွာ ကုန်ဆုံးစေခဲ့ပေသည်၊ နွေကျောင်းပိတ်ဆိုလျှင်



အဘိုးအဘွား ခြံကျယ်ကြီး၌ ညီအစ်ကို မောင်နမများ စုဝေးရောက်ရှိကြ သော်လည်း နောင်ပိုင်းတွင် ကြဲပါးသွားကြသည်၊ အမွေးအတောင်အလက် နုလင်လာကြသောငှက်ကလေးများပမာ လုပ်ငန်းခွင်အသီးသီးသို့ဝင်ရောက် ကြပေရာ လူစုကွဲသွားခြင်းသာ ဖြစ်သည်၊ ကျော်ကိုကိုတို့၊ ဖွန်သင်ဇာတို့သာ ကျောင်းမပြီးကြသေးသဖြင့်သာ စိတ်အေးလက်အေးဖြင့် ဤခြံကျယ်ကြီး ထဲသို့ရောက်လာကြခြင်းဖြစ်ပေသည်၊ ခေတ္တခဏအနားယူခြင်းသက်သက် သာဖြစ်၏။

"မိဖွန် - နှင့်ကို ခြောက်တဲ့ သရဲရဲ့တစ်ခေါင်းလုံး ဆံပင်တွေ ဖွေးဖွေးဖြူ တယ်၊ ပြီးတော့ - နဖူးအလယ်မှာ မှည့်ကြီးတစ်လုံး ပါတယ်ဆိုတော့ ကေနှ ကြီးကြီးရွှေများ ဖြစ်နေမလား - မိဖွန်"

*ဖွန်သင်ဇာ ပခုံးကို တစ်ချက်တွန့်လိုက်ပြီး အခန်းပတ်ပတ်လည်ကို* ကိုသည်လျှောက်ကြည့်လိုက်သေးသည်၊ သူမ အမှန်ပင် ကြောက်ရွံ့နေပြီ ဖြစ်သည်၊ သူမ ဘာမှဆက်မပြောတော့ဘဲ ငြိမ်သက်နေသည်။

ကြီးကြီးရွှေဆိုသည်မှာ ဤခြံကြီးနှင့် အိမ်အိုကြီးကို ပိုင်ဆိုင်သော ကျော်ကိုကိုတို့အဘိုးအဘွား၏ အငယ်ဆုံးသမီးအပျိုကြီး ဖြစ်သည်၊ ကြီးကြီး ရွှေသည် လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်က ဤအိမ်ကြီး၏တစ်နေရာတွင် ရုတ်တရက်ကွယ်လွန်သွားသော ကျော်ကိုကိုတို့၏ကြီးကြီးတော်စပ်သူပင်၊ သူမ သေဆုံးပုံက ဆန်းကြယ်လှသည်၊ အိပ်ဆေးအလွန်အကျွံသောက်ကာ သေဆုံးသွားခြင်းပင် ဖြစ်သည်၊ ကြီးကြီးရွှေသည် ပညာတတ်ဘွဲ့ရတစ်ဦး ဖြစ်သည်သာမက ငွေရေးကြေးရေးကအစ မပူပင်၊ မကြောင့်မကျနေနိုင်သူ ဖြစ်သည်၊ မည်သည့်လူမှုရေးပြဿနာ အရှုပ်အရှင်းမှရှိသူမဟုတ်ကြောင်း အားလုံးက နားလည်ထားကြသည်၊ ထိုလိုပုဂ္ဂိုလ်မျိုးက အိပ်ဆေးလွန်ကာ သေဆုံးသည်တဲ့၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟု သံသယရှိကြသတဲ့၊ ဤသို့ပင် ဆရာဝန်ဆေးမှတ်တမ်းက မှတ်ချက်ပေးထားကြောင်း၊ ထိုစဉ် ကာလက ငယ်ရွယ်သေးသော ကျော်ကိုကိုတို့မောင်နမတစ်စု သိကြရခဲ့ သည်၊ ထိုရုတ်တရက်ကွယ်လွန်သွားသော ကြီးကြီးရွှေ၏

www.burmeseclassic.com

ဘဝင်မကျကြပေ။ ဤသို့ဖြင့် ကြီးကြီးရွှေ၏ကိစ္စသည် တစ်စတစ်စ ပျောက်ကွယ်သွားခဲ့ပေသည်။

ဤသို့ ပဲခူးမြို့စွန်ရှိ ပေပေါင်းများစွာ ကျယ်ဝန်းသော ခြံကျယ်ကြီးသည် တဖြည်းဖြည်း ဆုတ်ယုတ်ခြောက်ကပ်ကာ ခြံစောင့်သာ ရှိတော့သည့် ခြံကြီးတစ်ခြံ ဖြစ်ခဲ့ပေသည်။ နောက်ဆုံးမျိုး ဆက်လက်ကျန်မရှိတော့သည်နှင့် ကားဒရိုင်ဘာ၊ ထမင်းချက်တို့ပါ ခြံကြီးကို စွန့်ခွာသွားခဲ့ကြပေသည်။ ကားဒရိုင်ဘာမြဒင်သည် အညာဒေသသို့ပြန်သွားကာ ထမင်းချက်လင်မယားက ပဲခူး ကိုးသိန်းကိုးသန်းသို့ ပြောင်းရွှေ့သွားပြီး ခြံစောင့်တစ်ယောက်သာ ကျော်ကိုကို၏ဖခင်က လခပေးပြီး ရှာဖွေ၍ ဆက်ထားခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ခြံစောင့်သည် ကျော်ကိုကို့ဖခင်ကို ခွင့်ပန်ပြီး ရွာပြန်သွားတတ်သောအခါများတွင် ခြံကြီးသည် တိတ်ဆိတ်ခြောက်သွေ့ကာ ကြောက်မက်ဖွယ်အဆင်းသဏ္ဍာန်ဖြင့် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့လေသည်။ မြို့စွန်ခြံကျယ်ကြီးများသည် တစ်ခြံနှင့်တစ်ခြံ ဝေးကွာလှရကား တစ်ခြံနှင့်တစ်ခြံ မည်သည့် ဖြစ်ရပ်မျိုးမဆို သတိမမူမိကြချေ။

နေ့လယ်နေ့ခင်းများတွင် ကျော်ကိုကိုသုံးယောက်သည် ခြံကျယ်ကြီးထဲတွင် လှည့်လည်ကြကာ ရာသီစာသီးပင်၊ စားပင်များကို ဆွတ်ခူးခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းကာ မီးပုံရှို့ခြင်း၊ မလိုအပ်သည့်ကိုင်းလက်ကိုင်းပိုများကို ခြံစောင့် ဦးဘတူအကူအညီဖြင့် ခုတ်ထွင်ရှင်းလင်းခြင်းကို မမောမပန်း ပြုလုပ်ကြသည်။

"ခြံကြီးက အကျယ်ကြီးပဲ – ကျော်ကိုကို၊ ရာဇဝင်မှုတစ်ခုခု ကျူးလွန်ပြီး ပုန်းနေတောင် တရားခံကို တော်တော်ရှာရခက်မှာကွ"

"ဟုတ်တယ် – သက်အောင်၊ သီးပင်၊ စားပင်တွေအုံ့အုံ့ဆိုင်းဆိုင်းဆိုတော့ ရန်ကုန်လို နေရာကျဉ်းကျဉ်းကျုံ့ကျုံ့နဲ့တော့ ကွာတယ် – ဟော့ကောင်"

"ဒါတော့ – လက်ခံတယ်ကွာ၊ မြို့ပေါ်မှာ မွန်းကြပ်သလောက် ဒီမှာ လေကောင်းလေသန့်ရတယ်၊ အစားအသောက် လတ်လတ်ဆတ်ဆတ် စားရယ်၊ စိတ်ချမ်းသာတယ်ကွာ၊ ဒီလိုခံစားမှုအရသာမျိုးကိုတော့ ဘယ်မှာမှ ဝယ်လို့မရဘူး – ကျော်ကိုကို၊ ခြံထဲမှာလည်း သရက်၊ ကွဲကော၊ မာလကာ၊ ကနစိုးပင်တွေကွာ၊ တော်တော်ကြည်နူးဖို့ကောင်းတယ်နော်"



"ဒါတောင်မှ မင်းက တို့နဲ့လိုက်ဖို့ အင်တင်တင် လုပ်ချင်သေးတယ် မှတ်လား"

"ဟား – ဟား – ဟား – နောက်ဆို နွေကျောင်းပိတ်ရက်ဆိုရင် ဒီကိုပဲ လာတော့မယ်ကွ"

"တဲ – ခြံထဲ တစ်ပတ်လျှောက်ကြည့်လိုက်ဦးမယ်"

ကျော်ကိုကိုသည် သက်အောင်ကို နှုတ်ဆက်ကာ ခြံ၏ မြောက်ဘက်တောင်ကုန်းရှိရာသို့ လျှောက်လာသည်၊ သက်အောင်က အိမ်ဘက် ဆက်လျှောက်သွားသည်၊ ဖွန်သင်ဇာကတော့ ခြံစောင့်ကြီးသမီးနှင့် ထွက်သွား၏။

ခြံသည် တိတ်ဆိတ်နက်မှောင်လျက်ရှိသည်၊ ခြံ၏ မြောက်ဘက်သည် ပဲခူးရိုးမ၏ အစပ်ဖြစ်သဖြင့် တဖြည်းဖြည်း တောထူထပ်လာသည်၊ ထူထပ်သိပ်သည်းသော ခြံမြေ၏ သစ်ရိပ်ဝါးရိပ်များကြောင့် ပင်ခြေများသည် နက်မှောင်ကာ အေးစိမ့်စိမ့် ဖြစ်လာသည်၊ သစ်ရွက်လေတိုးတိုက်သံ၊ တောတိရစ္ဆာန်ငယ်ကလေးများ၏ ရွေ့လျားသွားလာကြသောအသံ၊ ငှက်ကလေးများ၏ ကျီကျီကျာကျာ မြည်သံမှလွဲ၍ တောအုပ်သည် တိတ်ဆိတ်ငြိမ်သက်လျက်၊ လေက တရှိုးရှိုးမြည်ကာ တိုက်ခတ်နေသည်။

ကျော်ကိုကို ခြေလှမ်းကိုရပ်တန့်လိုက်ကာ ရှေ့ဆက်သွားရန်နီးစဉ်းစားနေစဉ်မှာပင် သူ၏ နောက်ကြောဘက် ဝါးတစ်ပြန်အကွာဆီမှ ပေါ့ဖွဖွ ခြေသံတစ်ခု ကို ကြားလိုက်ရသည်၊ ရုတ်တရက် သူ ခြေလှမ်းကို ရပ်လိုက်သည်။

သူ လှည့်ကြည့်လိုက်သည်။

မည်သူမှ ရှိမနေပါ၊ သူ့ရင်သည် ဖြန်းခနဲ တုန်ခါသွားသည်၊ သက်အောင် နောက်ပြောင်ကာ ပုန်းကွယ်နေသည်လား၊ ကြောက်အောင် ခြောက်နေသည်လားမသိ။

"သက်အောင်"

တိတ်ဆိတ်လျက်ရှိသည်၊ မည်သည့်ခြေသံမျှ ထွက်ပေါ်မလာပါ၊ ကျော်ကိုကိုနောက်ထပ်ခြေလှမ်းသုံးလေးလှမ်းစာမျှလှမ်းကာ ခြံ၏ ယိုနိမိတ်စည်းရိုးသို့ တိုးကပ်လိုက်သည်။

www.burmeseclassic.com

"ရှုပ် - ရှုပ် - ရှုပ်"

သူ့နောက်ကြောဘက်ဆီမှ ပီသသောခြေသံ၊ လူတစ်ယောက်၏ တိတ်တဆိတ်လိုက်ပါလာသောခြေသံလို၊ ပေါ့ဖွဖွခြေသံ၊ ပီသသောခြေသံ၊ စိတ်က ထင်နေခြင်းမဟုတ်၊ လေတိုးတိုက်သံ၊ သစ်ရွက်ကြွေသံလည်း မဟုတ်၊

သူ လှည့်ကြည့်လိုက်ပြန်တော့ မည်သူမျှ ရှိမနေပါ၊ သစ်ပင်တွေမှလွဲ၍ မည်သူမှရှိမနေပါ၊ မြင့်မတ်လှသော သရက်ပင်ကြီးတွေသာ ညနေရီနေဝင်ရောအချိန်တွင် တစ္ဆေကြီးတွေလို တန်းစီနေကြသည်၊ ငိုက်မြည်းနေကြသည်၊

သူ့ရင်ခုန်သံသည် ရုတ်တရက်တော့ ဖြန်းခနဲ ပြိုကွဲသွားမိသည်၊ ရင်ညွှန့်အလယ်မှ နလုံးခုန်သံတစ်ချက် ဒုန်းခနဲ ဆောင့်တက်ကာ သွေးတွေ ရူပွက်သွားခြင်း ဖြစ်သည်၊

"ဘယ်သူလဲ - ရုတ်ရုတ်၊ ရုတ်ရုတ်တော့ မလုပ်နဲ့ကွ"

ဆောင်းဦးပေါက် ဆွတ်ပျံ့သော လေအေးရိုင်းတစ်ချက် သုတ်ခနဲလွင့်ဝဲသွားသည်၊ ကျော်ကိုကိုသည် သက်အောင် (သို့မဟုတ်) ခြံစောင့်ကြီး ဦးဘတူတို့ တစ်ယောက်ယောက်ကို တွေ့လိုတွေ့ငြား ရှာဖွေကြည့်လိုက်မိသည်၊ ရော်ရမ်း၍ အော်လိုက်ခြင်း ဖြစ်သည်၊

မည်သူမျှမရှိ၊

"သရဲခြောက်ပြီ ထင်တယ်"

သူ့တီးတိုးရေရွတ်လိုက်ရင်း ကြီးကြီးရွှေကို သတိရလိုက်သည်၊ ကြီးကြီးရွှေသည် မကျွတ်မလွတ်သော တစ္ဆေဘဝဖြင့် သူ့နောက်သို့ လိုက်လာခြင်းပေလော၊

"ကြီးကြီးရွှေလား၊ ကျွန်တော့်ကို ကိုယ်ထင်ပြစမ်းပါ"

သူ ယောင်ယမ်းကာ အော်ဟစ်လိုက်ပြန်သည်၊ သို့သော် မည်သည့် တုံ့ပြန်သံမျှ မကြားရလေအောင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်



သွားပြန်သည်၊ ကြီးကြီးရွှေကို သူ အလွန်ချစ်သည်၊ ကြီးကြီးရွှေ ရုတ်တရက် အိပ်ဆေးလွန်ကာ သေဆုံးရခြင်းအပေါ် ယနေ့ထက်တိုင် နားမလည်ခဲ့၊ ကြွယ်ဝချမ်းသာသော အဘိုးအဘွားများ၏အနွယ်ဝင်မို့ ယနေ့ထက်တိုင် ကြီးကြီးရွှေ သေဆုံးရခြင်းအပေါ် ဘဝင်မကျနိုင်ဟု ဆိုရပေမည်၊

ညနေခင်းသည် လေးညို့မှ လွှတ်လိုက်သောမြားတစ်စင်းလို လျင်မြန်စွာ ရွေ့လျားလာသည်၊ အမုန်စင်စစ် ကြီးကြီးရွှေမျက်နှာကို သူ မြင်ချင်သည်၊ ကြီးကြီးရွှေအတွက် ကောင်းမှုကုသိုလ်လုပ်ပေးရန် ကျန်ရစ်သူမှာ တာဝန်ရှိသည်မဟုတ်ပါလား၊ ဖွန်သင်ဇာကို ခြောက်လှန့်သူသည် ကေန်စင်စစ် ကြီးကြီးရွှေ ဖြစ်နိုင်သည်၊

ကျော်ကိုကိုသည် ခြံမြေကိုဖြတ်ကာ အိမ်ဆီသို့ လျင်မြန်စွာပြန်လျှောက်လာသည်၊ သူ့နောက်မှ ခြေသံတစ်စုံ (ဒါမှမဟုတ်) တစ်နေရာရာမှ အရိပ်အယောင်တစ်ခုခု ပေါ်လာလေမလားဟု စောင့်ကြည့်ရင်း လျှောက်ခဲ့သော်လည်း မည်သည့်အရိပ်အယောင်မှမမြင်ရ၊ မမြင်ရပေ၊

အိမ်ကြီးဆီရောက်တော့ ဧည့်ခန်းတွင် လက်တော့ပ်တစ်လုံးနှင့် အလုပ်ရှုပ်နေသော သက်အောင်ကို တွေ့လိုက်ရသည်၊

"သက်အောင် - စောစောက မင်း - ဘယ်မှာလဲ"

သက်အောင် လက်တော့ပ်ကို အသာချကာ သူ့ကို မော့ကြည့်သည်၊

"မင်း ခြံထဲထွက်သွားပြီးကတည်းက - ငါ ဒီမှာ ထိုင်နေတာကွ၊ ဘာဖြစ်လို့လဲ"

"အော် - ဟုတ်လား၊ ဘာမှမဖြစ်ပါဘူးကွာ - မေးကြည့်တာပါ၊ ဖွန်သင်ကော"

"ခြံစောင့်သမီးကလေးနဲ့ အပြင်ထွက်သွားတယ်၊ ပြန်မလာသေးဘူး"

"အော် - အော်"

သူ ဘာမှဆက်မပြောတော့ပေ၊ အခန်းထဲသို့ဝင်လိုက်သည်၊ သူတို့(၃) ယောက်စလုံး ဧည့်ခန်းအခန်းကျယ်ကြီးနံဘေးရှိ အခန်းလွတ်တွင် ဒိုင်ဆော



www.burmeseclassic.com

www.burmeseclassic.com

ကြသည်၊ ကြီးမားလှသော ဤအိမ်ကြီးထဲတွင် အပေါ်ထပ်တစ်ထပ်လုံး ရှိသေးသည်၊ သူနှင့်သက်အောင်က တစ်ခန်းထဲ နှစ်ယောက်တွဲခုတင်တွင် အိပ်သည်၊ ဖွန်သင်ဇာက ယှဉ်လျက်အခန်းလွတ်တွင် အိပ်သည်၊

သူ အဝတ်လဲနေစဉ်မှာပင် ညနေခင်းဆည်းဆာနေခြည်သည် လုံးဝ ပျောက်ကွယ်သွားကာ အပြင်ဘက်တွင် ထူထဲနက်မှောင်သောအမှောင်သည် ပတ်ဝန်းကျင်သို့ တစ်စတစ်စ တွားတက်လာပေပြီ၊ ရုတ်တရက် သူ့ရင်ထဲမှာ လူတစ်ယောက် အနားမှာ လာရပ်နေသလို ခံစားလိုက်မိသည်၊ သူ့နောက် ကျောဘက်မှာ အရိပ်တစ်ခု ရွေ့လျားသွားသည်ဟု ထင်မှတ်လိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်၊ အပြာနရောင်ခန်းဆီးစ လွင့်လာသည်ကိုသာ သူ မြင်လိုက်ရသည်၊ မည်သူမှ မရှိနေပါ၊

သူ့ရင်ထဲမှာ အနည်းအကျဉ်းတော့ ကသိကအောက် ဖြစ်သွားသည်၊ သည်အိမ်အိုကြီးထဲမှာ သူတို့သုံးယောက်အပြင် အခြားတစ်စုံတစ်ယောက် ရှိနေပြီလောဟု ခံစားမိသည်၊

အခန်းထဲမှာ နေ့အလင်းလက်ကျန် မှိန်ပျပျရှိနေသော်လည်း မီးပွင့် တစ်ပွင့်ကို သူ ထွန်းညှိလိုက်သည်၊

✵

မနက်စောစောကပင် ဖွန်သင်ဇာသည် ခြံစောင့်သမီးကလေးနှင့်အတူ ပဲခူးဈေးထဲသို့ဈေးဝယ်ထွက်သွားသည်၊ ခြံထဲတွင် သက်အောင်နှင့် ကျော်ကိုကို သာ ကျန်ရစ်လေသည်၊ သက်အောင်သည် ထုံးစံအတိုင်း လက်တော့ပ်တစ် လုံးနှင့် အလုပ်ရှုပ်နေပြီး ကျော်ကိုကိုကတော့ အိမ်မှယူလာသော သန်းထွန်း မြန်မာပြန် "တတိယမျက်လုံး" စာအုပ်နှင့် အရေးတကြီးဖြစ်နေပုံရပေသည်၊ သူတို့သည် ယခုမှပင် မြို့ပြနှင့်ဝေးသောခြံကျယ်ကြီးထဲတွင် အေးမြိမ်းချမ်းသာ နားအေးပါးအေးနေရသော ရသ၊ ရှူရှိုက်ရသောလေ၏ ခွန်အားတို့ကို ပြည့် ပြည့်ဝဝ ခံစားနေရကာ အခြားကိစ္စအသေးအမွှားများကို စိတ်မဝင်စားနိုင်ပေ၊

အစားအသောက်အတွက် ဈေးမများလှသော သူတို့သည် နေအိမ်မှ ယူလာသော ရယ်ဒီမိတ်များနှင့်သာ စခန်းသွားနေရကား ယနေ့မနက် စောစောပိုင်းကမှ ဖွန်သင်ဇာက အခြားသားငါး ဖွယ်ဖွယ်ရာရာ စားသောက် လို၍ ဈေးထွက်ဝယ်မည်ဟုဆိုကာ ခြံစောင့်ကလေးမလေးကို အဖော်ပြုကာ တာနှင့် ထွက်သွားပေပြီ ....၊

ညှော်ခန်းတွင် နှစ်ယောက်သားထိုင်နေရာမှ သက်အောင်သည် တစ်ချက် သမ်းဝေကာ နောက်ဖေးဘက်သို့ ထွက်သွားသည်၊ ခဏကြာတော့ သက်အောင် ပြန်ထွက်လာသည်၊

"ကျော်ကိုကို - နောက်ဖေးက ဘေစင်နဲ့ စားပွဲပေါ်မှာ ငါတို့ချထားတဲ့ အသားဘူးတွေ၊ နေရာတွေ ပျက်စီးရှုပ်ပွနေပါလားကွ၊ ဘယ်လိုဖြစ်တာလဲ မသိဘူး"

"ဟုတ်လား"

ကျော်ကိုကို ထိုင်နေရာမှထကာ နောက်ဖေးသို့ နှစ်ယောက်အတူ ဝင် ကြည့်ကြသည်၊ နောက်ဖေးအိုးခွက်ပန်းကန်ဆေးသောနေရာ၊ ထမင်းစား သောက်သောစားပွဲပေါ်တွင် ငါးသေတ္တာဘူး၊ စားလက်စပန်းကန်များသည် သူတို့သေသပ်စွာ သိမ်းဆည်းထားသော်လည်း မြင်တွေ့နေရသည့်မြင်ကွင်း က ဖရိုဖရဲ ရှုပ်ပွနေခြင်းဖြစ်သည်၊

"ကြွက်တွေ ဝင်မွှေသွားတာလားမသိဘူး - ပွရှုပ်နေတာပဲ၊ ငါတို့ညနေ တစားပြီး သပ်သပ်ရပ်ရပ်ထားခဲ့တာပဲလေကွာ - သက်အောင်"

"အခန်းကလည်း လုံခြုံသားနဲ့၊ ကြွက်လည်း ငါမတွေ့ပါဘူး - ကျော်ကိုကို"

ကျော်ကိုကိုသည် အနည်းငယ်စဉ်းစားဟန်ပြုသည်၊

"ဒီခြံက ရိုးမတောင်ခြေနဲ့ ကပ်နေတာကွ၊ တောကြောင်တွေ၊ ဖါ်[illegible] တွေ အိမ်ထဲဝင်ပြီး စားကြွင်းစားကျန်တွေ ရှာဖွေစားတတ်တယ်"





www.burmeseclassic.com

www.burmeseclassic.com

သက်အောင် ဘာမှမပြော၊ ပန်းကန်စင်ပေါ်တွင် တင်ထားသော စည်သွပ်ဘူး၊ အသားဘူးများဆီသို့ မျက်စိရောက်သွားရာမှ ...

"ဟ - ဘူးတွေလျော့နေပါလားကွ၊ အားလုံးငါးဘူးစီထုတ်ထားတာလေ၊ ငါးသေတ္တာဘူး၊ ပဲဘူး၊ အမဲဘူး စုစုပေါင်း ဆယ့်ငါးဘူးလေကွာ၊ မနေ့ညတုန်းက တစ်ဘူးစီ ယူစားတော့ လေးဘူးစီ ကျန်ရမယ်မှတ်လား၊ ခုကြည့် - ဘူးအားလုံး တစ်ဘူးစီ လျော့နေတယ်၊ မင်းတောကြောင်က စည်သွပ်ဘူးတော့ မဖွင့်တတ် ကောင်းပါဘူးကွာ"

ကျော်ကိုကိုသည် စားကြွင်းစားကျန်ဘူးခွံတွေကို စစ်ဆေးကြည့်လိုက်သည်၊ သက်အောင်ပြောတာမှန်သည်၊ ဘူးတွေကပိရိသေသပ်စွာ တစ်ဘူးစီ လျော့နေသည်၊ သည်အိမ်ကြီးသည် လုံခြုံစွာ ဆောက်ထားသောအိမ်ကြီး တစ်လုံးသာဖြစ်သည်၊ သည်ဘူးတွေကို တစ်ဘူးစီ ကြွက်၊ တောကြောင် မသယ်ယူနိုင်၊ ထိုတောသတ္တဝါတွေ ယူငင်စားသောက်လျှင်လည်း အသင့်ဖောက်ဖွင့်ထားသော ဘူးတွေကိုသာ ယူငင်စားသောက်နိုင်စရာအကြောင်းရှိမည်၊ ခုတော့ - အသားဘူးတွေ ပျောက်နေသည်က ထူးဆန်းလှသည်၊ မည်သူသည် အသားဘူးတွေကို ယူငင်စားသောက်ရန် ယူဆောင်သွားလေသနည်း။

ဤအိမ်တွင်းရှိ ပရဝိညာဉ်သားလော၊ သရဲတစ္ဆေလော၊

ကျော်ကိုကိုသည် စိတ်ရှုပ်ထွေးနောက်ကျိစွာဖြင့် ခေါင်းခါလိုက်မိသည်၊ ဖွန်သင်ဇာသည် ညနေစာ စားပြီးကတည်းက ဧည့်ခန်းတွင် ခေတ္တထိုင်ပြီး စောစီးစွာအိပ်ရာဝင်သွားခြင်းဖြစ်သည်၊ ပြီးတော့ - သူမက အစားအသောက်နည်းလှသည်၊ အမဲဘူးကို စားမည်မဟုတ်၊ အစားအသောက်လည်း ဇီဇာကြောင်သည်၊ စည်သွပ်ဘူးတွေကို ဟိုရွှေ့သည်ရွှေ့လုပ်တတ်သူလည်း မဟုတ်၊

"စောင့်ကြည့်ရတာပေါ့ကွာ၊ တောကြောင်သူခိုးလား၊ ဘာကောင် ဘာလားဆိုတာကို ..."

သူတို့ နှစ်ယောက်ကြားတွင် အခန်းသည် ပြန်လည်တိတ်ဆိတ်သွားတော့သည်၊ ထိုစဉ် မြုံထဲတွင် ဖွန်သင်ဇာ၏ကားကလေး ဝင်လာသဖြင့် စကားစ ပြတ်တောက်သွားသည်၊

ဖွန်သင်ဇာနှင့် မြုံစောင့်ကလေးမလေးသည် ဈေးမှပြန်လာကာ အထုပ်ကိုယ်စီနှင့် မနိုင်မနင်း ဆင်းလာသဖြင့် သူတို့ကူညီသယ်မ‌ပေးရန် အိမ်ပြင်သို့ ထွက်လိုက်ကြသည်၊

✷

နေ့လယ်ခင်း ဝါရွှေသောသစ်ရိပ်သည် အေးမြစွာ ငြိမ်သက်ခြင်းဖြင့် နေချင့်စဖွယ်၊ သက်အောင်သည် လက်တော့ပ်ဖြင့် အလုပ်ရှုပ်နေရာမှ သူ့နောက်ကြောဘက်ဆီမှ ရှုတ်ခနဲအသံတစ်သံ ကြားလိုက်ရသည်ဟု ခံစားစိတ်ဖြင့် လှည့်ကြည့်မိသည်၊ မည်သည့်အရာမှ ရှိမနေ၊ ကျော်ကိုကိုက ဧည့်ခန်းထဲမှာရှိနေပြီး ဖွန်သင်ဇာက မြုံစောင့်ကြီး၊တဲသို့ ထွက်သွားသည်၊

သက်အောင်သည် သူ့နောက်ဘက်ဆီတွင် တစ်စုံတစ်ယောက် (ဒါမှမဟုတ်) အိမ်ထဲသို့ အလစ်ဝင်ရောက်ကာ စားသောက်ဖွယ်ရာများကို ခိုးယူစားသောက်လေ့ရှိသော တောကောင်ကလေးများလားဟု သံသယစိတ်ဖြင့် ခြောက်လှန့်ရန် နေရာမှ ချက်ချင်းထလိုက်သည်၊

အသံလာရာသို့ခြေဖွနင်းကာ တိုးရွှေ့လိုက်သည်၊ အိမ်နောက်ဖေးဘက်ဆီသို့ သွားရာလမ်းသည် မည်းမှောင်နေတတ်သည်၊ အသံသည် ထိုနေရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်ဟု သက်အောင် ထင်သည်၊

"ခွေးမသား - တိရစ္ဆာန်စုတ် - တွေ့ရင်တော့လား၊ ရိုက်သတ်ပြီး ချက်စားပစ်မယ်"

သူသည် လက်ထဲမှ ကြံ့ရာဆွဲယူလာသော တံတောင်သာ

ကိုကိုင်ကာ နောက်ဖေးဘက်သို့ စွပ်ဝင်လိုက်သည်၊ နောက်ဖေး

ဝဲယာအခန်းများဖြင့်ပိတ်ကာ ဖွဲ့စည်းထားသဖြင့် အလင်းရောင်

www.burmeseclassic.com

မရဘဲ အလင်းမှုန်သဲ့သဲ့သာရှိသည်၊ အရာဝတ္ထုများကို မှုန်ဝါးဝါးသာ မြင်ရသည်၊ နောက်ဖေးဘက်သို့ ရောက်လုရောက်ခင်တွင် သူ၏ရှေ့ဘက် ဝါးတစ်ရိုက်ခန့်အကွာမှ ဖြတ်ပြေးသွားသော လူရိပ်တစ်ခုကို ရုတ်တရက်မြင်လိုက်၍ ကိုယ်ရှိန်သတ်လိုက်သည်၊

"ဘာလဲဟ"

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ဇဝေဇဝါမြင့် သက်အောင်မြင်လိုက်ရသည့်အရာဝတ္ထုသည် လူတစ်ယောက်ဟု ထင်သည်၊ အပေါ်အကျီမပါ အရောင်ခွဲခြားရန် မသေရာသော ဘောင်းဘီဖြင့် ပိန်ကိုင်းကိုင်းခန္ဓာကိုယ်၊ လှစ်ခနဲဖြတ်ကာ မြင်ကွင်းမှ လျင်မြန်စွာပျောက်ကွယ်သွားခြင်းဖြစ်သည်၊ လှုပ်ရှားမှုသည် စက္ကန့်ပိုင်းမျှသာ မြန်ဆန်လွန်းလှသည်၊

"တစ္ဆေ…"

ရင်ထဲမှ အထိတ်တလန့် မြည်သွားသော တစ္ဆေဟူသောစကားလုံးက မမြင်နိုင်သော အင်အားတစ်မျိုးအဖြစ် သက်အောင်ရင်ကို ကိုင်လှုပ်သွားသည်၊ ခန္ဓာကိုယ်ရှိ အကြောအခြင်များပင် တောင့်တင်းသွားသလို ခံစားလိုက်ရသည်၊ သူသည် ရပ်တန့်ရင်း ဖွန်သင်ဖကို ခြောက်လှန့်လိုက်သော အမျိုးသမီးတစ္ဆေနှင့် နှိုင်းယှဉ်နေမိသည်၊ ဤအိမ်ကြီးသည် တစ္ဆေခြောက်လှန့်တတ်သည်ဆိုပါက တစ္ဆေကောင်တွေ ဘယ်နကောင်လောက်ရှိနေမည်လဲ၊ ကြီးကြီးရွှေကို သူ မမြင်ဘူးပေ၊

သက်အောင်သည် ကျော်ကိုကို့ကို မြင်သမျှ ကြုံသမျှကို အသေးစိတ်ရှင်းပြလိုက်သည်၊ စကားဆုံးတော့ ကျော်ကိုကိုသည် မျက်မှောင်ကြုတ်ကာ အတွေးနက်လျက်ရှိသည်၊ တစ်အောင့်ကြာမှ…

"တစ်ခုတော့ရှိတယ် - သက်အောင်၊ သီတင်းကျွတ်ကျောင်းပိတ်ရက်တဆယ်ရက်တည်းရှိတာကွာ၊ ရက်တိုကလေးအတွင်းမှာ ငါတို့ ဘာပြဿနာမှ မဖြစ်ပဲ ဒီအိမ်ကြီးထဲမှာ စိတ်ချမ်းသာပျော်ရွှင်စွာနဲ့ နေချင်တယ်၊ လွတ်လွတ်လပ်လပ်နေချင်တယ်၊ ဒီတော့ - ဖွန်သင်ဖကိုတော့မင်း သွားမပြောနဲ့တော့၊



သူ ကြောက်ပြီးပြန်သွားရင် မကောင်းဘူး၊ သူ မသိစေနဲ့၊ သူကလည်း သူ့အိမ်မှာ အဘွားက ဆူလိုက်၊ အစ်မတွေက ငေါက်လိုက်နဲ့ နေစရာမရှိဘူး ဖြစ်နေတယ်ကွ၊ ဒီမှာ - တို့နဲ့ခဏလာနေတဲ့အခိုက်ကလေးမှာ စိတ်ချမ်းသာစွာ နေပါစေကွာ၊ ကဲ - သက်အောင် - မင်း - ဒီအိမ်အိုကြီးနဲ့ပတ်သက်လို့သိသလောက် ယူဆချက်တွေ ပြောစမ်းကွာ"

"ငါ့အယူအဆကို ပြောရရင် ဒီအိမ်ကြီးက တစ်ခုခုဖြစ်နေသလိုပဲ ကျော်ကိုကို၊ ငါတို့သုံးယောက်အပြင် တခြားလူတွေပါ ရှိနေတယ်လို့ ငါ ခံစားရတယ်၊ ပဟေဠိတစ်ပုဒ်လို ဖြစ်နေသလိုပဲကွ"

"ဟုတ်တယ် - သက်အောင်၊ မင်းယူဆသလို ငါလည်း အဲသလိုခံစားရတယ်၊ ဒီအိမ်ကြီးထဲမှာ ဝိညာဉ်တွေ ရှိနေတယ်ထင်တယ်"

သက်အောင် ခေါင်းတစ်ချက်ညိတ်လိုက်သည်၊

"ဒီအိမ်ကိုရောက်ရောက်ချင်း၊ မီးဖွန် အခြောက်ခံလိုက်ရတယ်၊ မင်းပြောတော့ မင်းတို့ကြီးကြီးရွှေဆို၊ ထားပါတော့ - ငါ့ကိုခြောက်တာလည်း မိန်းမကြီးတော့ မဟုတ်ဘူးကွ၊ ဒါပေမဲ့ - အဲဒါလည်း ငါ ရိပ်ခနဲမြင်လိုက်ရတာပါကွာ၊ မသဲကွဲလှပါဘူး၊ အကျီကျောပြောင်နဲ့ ယောကျ်ားကြီးတစ်ယောက်ပဲကွ၊ ပိန်ပိန်ရှည်ရှည်၊ ခေါင်းတုံးဆံတောက်နဲ့ အောက်မှာ ဘောင်းဘီဝတ်ထားတယ်ထင်တယ်၊ ဖျတ်ခနဲမြင်ပြီး ဖျတ်ခနဲပျောက်သွားတာ၊ ဒီတော့ - ဒီအိမ်ကြီးထဲက များပြားလှတဲ့ အခန်းအခန်းတွေထဲမှာ ပရဝိညာဉ်သားတွေ ရှိနေပြီဆိုတာ သေချာပြီ - ကျော်ကိုကို"

ကျော်ကိုကိုသည် မျက်ဝန်းကို လှန်၍ကြည့်သည်၊

"ဟုတ်တယ်ကွ - ငါ့စိတ်ထဲမှာလည်း တစ်ခုခု ခံစားနေရတယ်၊ တစ်ခုတော့ရှိတယ် - သက်အောင်၊ ကြီးကြီးရွှေဟာ မကျွတ်မလွတ်ဘဝနဲ့ ရှိနေသေးတယ်ဆိုရင် မကျွတ်မလွတ်သူကို ကောင်းရာမွန်ရာဘဝကို ရောက်ဖို့ ရှင်သူတွေရဲ့တာဝန်တွေလေ၊ ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်း ပေးဝေရမှာပေါ့၊ ကြီးကြီးရွှေက သဘောကောင်းတဲ့ အပျိုကြီးပါ၊ သူဟာ

www.burmeseclassic.com

အိပ်ဆေးအလွန်အကျွံသောက်ပြီး သေရလောက်အောင် ပြဿနာမရှိဘူး ဆိုတာ ငါ ယုံတယ်၊ တစ်ခုခုတော့ လွဲချော်နေတယ်ထင်တယ်၊ ဒီအချိန်မှာ တော့ ဘယ်လိုမှ အစကနေ ပြန်ကောက်ဖို့ မဖြစ်နိုင်တော့ဘူး၊ ကြီးကြီးရွှေ သေတာပဲ သုံးနှစ်လောက်ရှိတော့မယ်၊ ခုလောက်ဆို - အရိုးဆွေးတော့မယ် လေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ - လောလောဆယ်တော့ ဖွန်သင်ဇာကို မင်းမြင် သမျှ၊ တွေ့သမျှတွေ မပြောနဲ့ဦး၊ လျှို့ထားဦးကွ၊ တို့ စောင့်ကြည့်ကြသေး တာပေါ့ - သက်အောင်၊ မင်း မြင်လိုက်ရတဲ့ အရုပ်ရှည်ရှည် သရဲကတော့ ငါ လည်း မသိဘူးကွာ"

"အေးပါကွာ - စိတ်ချပါ၊ ငါလည်း တတ်နိုင်သလောက်တော့ ကူညီမှာ ပါ၊ ဘာဖြစ်လို့ ဒီအိမ်အိုကြီးထဲမှာ ဝိညာဉ်တွေ ရှိနေတယ်ဆိုတာ ငါလည်း သိချင်တာပ - ကျော်ကိုကို၊ ရှေ့ဆက်ပြီး ဘာတွေဖြစ်မယ်ဆိုတာ စောင့် ကြည့်တာပေါ့ကွာ - ဟုတ်ဖူးလား"

"အေးပါ - ကဲ - ညဥ့်လည်း နက်လှပြီ - အိပ်ကြစို့ရဲ့"

*

ဆောင်းညကာလသည်မာခဲအေးစက်နေသည်၊ သူ ဘယ်နေရာရောက် နေပြီလဲဆိုတာကို ခန့်မှန်းမရ၊ သူ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသောနေရာ ဆိုတာ သေချာသည်၊ ပတ်ဝန်းကျင်တွင် ကျောက်သားကျောက်ဂူတွေ ပြန့်ကြဲဖရိုဖရဲ၊ ဒါပေမဲ့ - မြေပြင်မှာတော့ ပြောင်လက်ချောမွေ့နေသောနေရာ၊ ထူးဆန်းသည်၊ ဘယ်နေရာပါလိမ့်၊

ကျော်ကိုကိုသည် မည်သည့်နေရာသို့ ရောက်ရှိနေပြီလဲဆိုတာ စဉ်းစား တွေဝေနေဆဲမှာပင် သူ့ရှေ့ဆီသို့ ထူထဲနက်မှောင်သောအလွှာကြီးတစ်ခုက ပြိုကျလာသည်၊ တဖြည်းဖြည်း ပြိုကျလာခြင်းဖြစ်သည်၊ တဖြည်းဖြည်းနှင့် သူ့ခန္ဓာကိုယ်သည် အမှောင်ထုထဲသို့ ကျွံဝင်ကာ နစ်မြုပ်နေသည်၊



သူသည် ရုတ်တရက် အမှောင်ထုထဲမှ ရုန်းထွက်လိုက်ကာ အလင်းရှိရာ သို့ မောပန်းတကြီး ရှာဖွေနေသည်၊ ထို့ကြောင့် အားကုန်ပြေးမိသည်၊ ဒါပေမဲ့ ခြေလှမ်းတွေက ရွေ့မရအောင် မာတောင့်နေကြသည်၊

"အား ..."

သူ တစ်ချက်အော်ကာ အမှောင်ထုထဲမှ ရုန်းထွက်နိုင်အောင် ကြိုးစား နေဆဲမှာပင် သူ့၏နောက်ကြောခပ်ဝေးဝေးဆီမှ အော်သံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသည်၊ သူ အမှောင်မှလွတ်အောင် ရုန်းထွက်နေရာမှ ရပ်တန့်ကာ နားစွင့်လိုက်သည်၊

အော်သံသည် တဖြည်းဖြည်းနီးကပ်လာသည်၊ ပီသကျယ်လောင်လာ သည်၊

"သားရေ ..."

သူ့ရင်ထဲမှာ ဖြန်းခနဲ အေးစက်တောင့်တင်းသွားသလို ခံစားလိုက်ရ သည်၊ သည်အသံ၊ သည်သူနှင့် ရင်းနှီးကျွမ်းဝင်နေသောအသံ၊ နွေးထွေးမှု အစဉ်ပေးတတ်သောအသံ၊

"ကြီးကြီးရွှေ - ကြီး - ကြီးရွှေ - ရေ"

သူ ဝမ်းသာအားရပြန်အော်လိုက်သည်၊ ရုတ်တရက် တစ်ဖက်မှ အော် ခေါ်သံ ပျောက်သွားသည်၊ သူ နောက်ပြန်ဆုတ်ရမည်လား၊ ရှေ့ဆက်တိုးရ မည်လား ... ဝေခွဲရခက်နေစဉ်မှာပင် အမှောင်ထုထဲမှအသံက ပြန်ပေါ်လာ ပြန်သည်၊

"သားရေ - ကြီးကြီးရွှေကို ကယ်ပါ"

"ကြီးကြီးရွှေ - ဘာဖြစ်နေတာလဲ၊ ခု - ဘယ်မှာလဲ - သား - ဒီမှာ"

သူ ပြန်အော်သည်၊ သူ့အသံသည် အမှောင်ထဲမှာ ရုပ်တိုက်ပြေးထွက် သွားသည်၊

"ကြီးကြီးရွှေ - ဒီအိမ်ထဲမှာ ပိတ်လှောင်ခံနေရပြီ၊ ဒီအိမ်က ထွက်သွား ချင်ပြီ၊ ကယ်ပါကွယ် - ကြီးကြီးရွှေ - မွန်းကြပ်လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူသည် အသံလာရာဆီသို့ ယောင်ယမ်းကာ လှမ်းဆွဲသည်၊ အရာမထင်၊ ထိုစဉ် ရုတ်တရက် အသံပျောက်သွားသည်၊ ထိုအခါ ထူထဲသော အမှောင်သည် ဖြူဖျော့ပါးလျားလာကာ သူ့ရင်ထဲသို့ ပူနွေးသောသွေးတွေ နွေးရှိန်းစွာ စီးပြန့်သွားသည်၊

သူ အုံ့ဩတွေဝေစွာ ရပ်တန့်နေဆဲမှာပင် အလင်းလွှာကြီးတစ်ချပ် သူ့ရှေ့သို့ ပြုတ်ကျလာသည်၊ အာရုံအသိထဲသို့ ပထမဆုံးဝင်လာသည်က မျက်လုံးကို ဖွင့်ကြည့်လိုက်ဖို့ပဲ ဖြစ်သည်၊ ပထမဆုံး မြင်လိုက်ရသည်က ဖြူဖွေးသော မျက်နှာကြက်၊

"အား ..."

သူ သွေးပျက်ချောက်ချားဖွယ် အော်လိုက်မိသည်၊ မျက်နှာကြက်တွင် ကြီးကြီးရွှေ၏ ကြောက်မက်ဖွယ် မျက်လုံးပြူး၊ နှုတ်ခမ်းထောင့်မှ သွေးစိမ်းတွေ စီးကျနေသော အလောင်းကြီးက မျက်နှာကြက်တွင် ကပ်နေသည်၊ အလောင်းကြီး၏ကျောနှင့် ကပ်နေခြင်းဖြစ်သည်၊ ထို့နောက် အလောင်းကြီးသည် ပန်ကာသဖွယ် ခပ်ဖြည်းဖြည်း သုံးလေးပတ်ခန့် လည်နေလိုက်သေးသည်၊ ထိုအခါအလောင်းကြီးဆီမှ တွဲလောင်းကျနေသော လက်ကြီးနှစ်ဖက်က ဘယ်ညာဝှေ့ယမ်းနေသေးသည်၊

"ကြီးကြီးရွှေ"

သူ တအားကုန်းအော်လိုက်သည်၊ ကြောက်ရွံ့စိတ်ဟု ပြောရမလား၊ ကြောက်ရွံ့စိတ်နှင့်ယှဉ်သော ကရုဏာစိတ်ဟု ပြောရမလားမသိ၊ သူ့အသံသည် ပြာတက်သွားကာ အာမေဋိတ်သံနှင့်အတူ ရင်ခေါင်းထဲမှာပင် ပြန်၍ ငုပ်လျှိုးသွားလေသည်၊ ခန္ဓာကိုယ်တွင်းရှိအကြောအခြင်များသည် လေဖြတ်သွားသလို ဖြစ်သွားကာ သွေးကြောများ အေးခဲမာတောင့်သွားသလို ခံစားရပြီး မျက်လုံးကို မှိတ်ရန် အားယူလိုက်သည်၊ ထိုအခါ ခန္ဓာကိုယ်နှင့် အသိသည် ရုတ်တရက်ပူးကပ်သွားကာ ...



"ကျော်ကိုကို – ကျော်ကိုကို"

ပထမဆုံး သူ့အသိအာရုံထဲသို့ ဝင်လာသည်က သက်အောင်၏ စိုးရိမ်တကြီးခေါ်သံ၊

"ငါ – ဘာဖြစ်တာလဲ"

"မင်း – အိပ်မက်မက်ပြီး ယောင်အော်နေတာ – အကြာကြီးပဲ"

✷

နောက်ဖေးရေစင်တွင် ပန်းကန်ခွက်ယောက်များ ဆေးကြောနေသော ဖွန်သင်ဇာသည် အမဲစည်သွပ်ဘူးတစ်ဘူးကိုင်ကာ ထိတ်ထိတ်ပျာပျာပုံစံဖြင့် အိမ်ရှေ့သို့ ထွက်လာလေသည်၊

"နင်တို့နှစ်ယောက် – ဒီအမဲဘူးထဲကဟင်းတွေ ယူစားသေးလား"

သက်အောင်သည် ကြောင်ငေးနေသည်၊ အမဲဘူးကို တစ်လှည့်၊ ကျော်ကိုကို့ကိုတစ်လှည့် ကြည့်သည်၊

"ဘာဖြစ်လို့လဲဟ – နင်ကလည်း အလန့်တကြား"

"မနေ့ညနေက ဖောက်လက်စ အမဲသားဘူးဟာ ငါ သေသေချာချာ ပိတ်ပြီး ပန်းကန်စင်ပေါ် တင်ထားတာ၊ ဒီနေ့မနက် ပြန်နွှေးပြီး စားဖို့ကြည့်လိုက်တော့ ပြောင်နေပြီ၊ ဘယ်လိုဖြစ်တာလဲဟဲ့"

ထိုအခါမှ ကျော်ကိုကို တစ်ချက်ရယ်မောလိုက်ကာ ...

"နင်ကလဲ – ငါ ယူစားလိုက်တာဟ"

"နင် – ဘယ်အချိန်ယူစားလိုက်တာလဲ – မြန်လိုက်တာ"

"ငါ – ညဘက်တစ်ရေးနိုးတော့ နောက်ဖေးဝင်ရင်း ဗိုက်ဆာတာနဲ့ အမဲနှပ်ဘူးနဲ့ ပေါင်မုန့် ယူစားလိုက်တယ်ဟ၊ အေး – အဲ – ဟို – နင်တို့ကိုတော့ မပြောမိဘူး၊ ဟီး – ဟီး – ဟီး"

"ဟွန်း – ဖုတ်ဝင်နေကြလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဖွန်သင်ဇာ မကျေမနပ်နှင့် လှည့်ထွက်သွားသည်။ မကြားတကြားပြော သွားသေးသည်။ သက်အောင်သည် ကျော်ကိုကို ထိုင်နေရာထိုင်ခုံဘက်သို့ တိုးကပ်သွားကာ ...

"မင်းစားတာ သေချာလို့လား"

ကျော်ကိုကို ဘာမှမပြော။ အတန်ကြာမှ လေသံတိုးတိုးဖြင့် ပြောသည်။

"ငါမစားဘူး - သက်အောင်"

"ဒါဖြင့် - ဘာဖြစ်လို့ - စားတယ်ပြောလိုက်လဲကွ"

"အဲသလိုပြောလိုက်မှ စကားက ပြတ်တော့မှာလေ။ စကားပြတ်သွား အောင် စားတယ်လို့ တမင်ပြောလိုက်တာ။ အေး - မင်းလည်း မစားဘူး။ ငါရော ဖွန်သင်ဇာကော မစားဘူး။ ငါတို့အပြင် ဒီအိမ်ကြီးထဲမှာ တစ်ယောက် ယောက်ရှိနေပြီ။ တစ္ဆေသရဲလား၊ ဘာလားမသိရသေးဘူး။ သရဲစားသလား။ စာတွေထဲမှာ သရဲဟာ သားငါးစားတယ်လို့ ဖတ်ဖူးတယ်၊ ဒီတော့ - ဒီ အမဲဘူးထဲက အသားတွေက ပျောက်နေတယ်၊ ဒီလိုပဲ အသားဘူးတွေ၊ စည်သွပ်ဘူးတွေ မကြာခဏပျောက်နေတယ်၊ အဲဒါ - ထူးဆန်းတယ် - သက်အောင်၊ ဒီအိမ်ကြီးထဲမှာထူးခြားချက်တွေရှိနေပြီ၊ တောထဲက တိရစ္ဆာန် ကလေးတွေလည်း ဝင်လာစရာမရှိဘူးကွ"

သက်အောင်သည် ခပ်တွေတွေ စဉ်းစားသည်၊

"ဒီအိမ်ကြီးထဲမှာ သရဲတစ္ဆေတွေ ရှိနေပြီလေ၊ သူတို့စားမှာပေါ့"

"ဒါတော့ - စဉ်းစားစရာပေါ့ - သက်အောင်ရာ၊ ကြီးကြီးရွှေကလည်း မကျွတ်မလွတ်ဘူး ဖြစ်နေတယ်၊ ဟိုတစ်ရက်က မင်းတွေ့လိုက်ရတဲ့အရိပ် ကြီးကကော ဘယ်လိုလဲ၊ ဒီအကောင်လည်း တစ္ဆေပဲနေမှာ၊ လူကြီးသူမတွေ ပြောထားတဲ့စကားတစ်ခွန်း ရှိတယ်ကွ၊ အဆောက်အအုံတစ်ခုဟာ လူမနေ တာကြာရင် ပရလောကသားတွေ ဝင်နေတတ်တယ်လို့ တို့အဘွား ပြောဖူး တယ် - သက်အောင်"

သက်အောင်သည် ခေါင်းကို တစ်ချက်ကုပ်လိုက်လေသည်၊

"ဒီအတိုင်းဆို - မင်းပြောသလိုဆိုရင် ဒီအိမ်ကြီးထဲမှာ ပရလောကသား တွေ ရှိနေပြီလို့ ဆိုလိုတာပေါ့ကွ - ဟုတ်လား"

"ဟုတ်တယ် - ကြီးကြီးရွှေကတော့ ရှိနေတာ သေချာတယ်"

"ဒါဆို - အမဲဘူးကို ကြီးကြီးရွှေ ယူစားတယ်လို့ ဆိုလိုတာလား"

"ငါမှ ဘယ်သူစားတယ်ဆိုတာ မျက်မြင်မှ မရှိသေးတာကွာ၊ မင်းမြင်တဲ့ ယောက်ျားတစ္ဆေကကော ယူမစားဘူးလို့ ပြောလို့ရမလားကွ၊ အသားငါးစား တဲ့တစ္ဆေ၊ အစာလုစားတဲ့သရဲတွေဆိုတာ စာတွေထဲမှာ ဖတ်နေရတာပဲကွာ၊



**ငါ့ကို တိုက်ခိုက်တယ်ဆိုတာလည်း ကျီစားသလို ပါပဲကွာ။ ခြေထောက်ကို လက်အေးကြီးနဲ့ ဆွဲတာ၊ ဒရွတ်တိုက်ဆွဲယူသွားတာကွ။ အကောင် အထည်မြင်ရတာမှတ်ဖူး။ နောက်လွှတ်ချပြီး ပျောက်သွားတယ်။ တကယ်ရန်မူချင်ရင် ကုပ်ချိုး လိုက်ပြီပေါ့။ တစ္ဆေတော့ တစ္ဆေပဲ။ ဘယ်တစ္ဆေလဲဆိုတာမသိဘူး။ တို့ ဒီကိစ္စတွေပြီးလို့ ဒီအိမ်ကြီးမှာ အခြောက်အလှန့် မရှိဘဲ ငြိမ်းချမ်းသွားအောင်လုပ်ဖို့လိုတယ်။**

www.burmeseclassic.com

ဘုရားဟောထဲမှာလည်း ရှိနေတာပဲ – သက်အောင်၊ တို့ကြီးကြီးရွှေမတွေ့ရင် မလွတ်သေးဘူးဆိုရင် သူ့အတွက် ကောင်းမှုကုသိုလ် လုပ်ပေးရမယ့်တာဝန် ရှိတယ်၊ ဒါမှ – သူ့ကျေးဇူးတွေကို ဆပ်ရာကျမှာကွ"

သက်အောင် သွက်လက်စွာ ခေါင်းညိတ်သည်၊

"ဒါတော့ – မှန်တယ် – ကျော်ကိုကို၊ သေသူအတွက် ရှင်သူတွေမှာ တာဝန်ရှိတယ် – စိတ်ချ၊ တို့ ရန်ကုန်မပြန်ခင် ဒီကိစ္စ အကောင်အထည်ဖော်ရမယ်ကွ"

သည်လိုနှင့် စကားစပြတ်ကာ အတွေးကိုယ်စီနှင့် ရှိကြသည်၊

✵

ညစ်ခန်းတွင် ထိုင်နေသော သက်အောင်သည် ရုတ်တရက် ကြက်သီးတွေ တဖြန်းဖြန်းထလာကာ ရင်ထဲမှာ အေးစိမ့်စိမ့်သောအသိတွေ ရုတ်တရက် ခံစားလာရသည်၊ သူ ဆတ်ခနဲထကာ ဘေးဘက်ဝဲယာကို ကြည့်သည်၊ မည်သူမျှမရှိ၊ ကျော်ကိုကိုနှင့် ဖွန်သင်ဇာက ပဲခူးဖိုင်းဂနိုင်းရှိ ဆွေမျိုးအိမ်တစ်အိမ်သို့ အလည်သွားရောက်နေသဖြင့် အိမ်ကြီးထဲတွင် သက်အောင် တစ်ယောက်တည်း ကျန်ရစ်နေခြင်းဖြစ်သည်၊

သက်အောင်သည် သူ့နံဘေးသို့ တစ်စုံတစ်ယောက် ဝင်ရောက်လာနေသလို ခံစားရသည်၊ ရုတ်တရက် ကြောက်လန့်စိတ် ဝင်လာသော်လည်း ထိုစိတ်ကို ခန္ဓာကိုယ်ထဲမှ ချက်ချင်း တွန်းဖယ်ပစ်လိုက်ကာ စိတ်ကို တင်းလိုက်သည်၊ ထို့နောက် အရေးရယ်၊ အကြောင်းရယ်တွင် အသုံးပြုနိုင်ရန် မောင်းချများကို စားပွဲပေါ်မှ ဆတ်ခနဲ ဆွဲယူလိုက်သည်၊

သက်အောင်လက်ထဲတွင် အသွားခြောက်လက်မဓားမြှောင် ပါလာသည်၊ သူ့ခန္ဓာကိုယ်ထဲသို့ ခွန်အားသစ်တွေ ရုတ်ခြည်းဝင်လာသည်၊ ဘာကိုမျှမကြောက်တော့၊ ဓားမြှောင် လက်ထဲရောက်သည်နှင့် လေထုထဲသို့ ရမ်းသမ်းကာ နှစ်ချက်သုံးချက် တွတ်ပစ်လိုက်သည်၊

"ဘာကောင်လဲကွ – သတ္တိရှိရင် အကောင်အထည်ပြ – ထွက်စမ်း"

သူ့စကားဆုံးသည်နှင့် သူ၏ညာခြေထောက်သည် ရုတ်တရက်မြောက်တက်သွားသည်၊

"ဟိုက်"

ပစ်လဲကျသွားသည်၊ အေးစက်သောလက်ကြီးတစ်ဖက်က သူ့ခြေထောက်တစ်ဖက်ကို ဆွဲယူလိုက်သလို ခံစားလိုက်ရပြီး ပစ်လဲကျသွားခြင်းဖြစ်သည်၊ ဒါပေမဲ့ – သက်အောင်က သတိရှိသည်၊ မမြင်ရသောအန္တရာယ်သည် သူ့ကို လှလှကြီး ပညာပေးလေပြီ၊ သက်အောင် ကုန်းရုန်းထသည်၊ ဓားမြှောင်နှင့် မမြင်ရသည့်အရာကို လှမ်းတွတ်သည်၊

"ကဲကွာ – ကဲကွာ – မင်းကနာနာဘာဝ၊ ငါကလူစစ်စစ်၊ မင်းကမကောင်းဆိုးဝါး"

ကျောပြင်နှင့် ကြမ်းပြင်ထိလျက် လဲကျနေသော သက်အောင်သည် ဝါးတစ်ရိုက်ခန့် ဒရွတ်တိုက်၍ပါသွားသည်၊ ခြေထောက်ဆွဲသွားသူကို မမြင်ရ၊ သူသည် ဓားမြှောင်ဖြင့် ယမ်းလည်းယမ်းကာ တစ်ချက်ဆောင့်ကန်ထည့်လိုက်သည်၊ ဓားမြှောင်ဖြင့် ဆက်တွတ်သည်၊

"ကဲ ..."

ဖွဲ့အိတ်ကို တွေ့ထိခံစားလိုက်ရသလို ခံစားလိုက်ရကာ ခြေထောက်ကို ဆွဲထားသောလက်အေးကြီးက လွတ်သွားသည်၊ သက်အောင် အတင်းကုန်းထသည်၊

မည်သည့်လှုပ်ရှားမှုမှ မရှိတော့၊ သက်အောင် မမြင်ရသောရန်သူကို အသင့်ရင်ဆိုင်ရန် ပြင်ထားသည်၊ အခန်းသည် ကြောက်မက်ဖွယ် ငြိမ်သက်သွားသည်၊ မည်သည့်လှုပ်ရှားမှုမျှ ထပ်၍မလာတော့၊

သက်အောင်သည် မမြင်ရသော ရန်သူ၏ ရုတ်တရက်တိုက်ခိုက်မှုကြောင့် ... သဖြင့် ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်နေသည်၊ ခုံပေါ်မှာ ဆက်၍ထိုင်နေမြဲ၊ ရှောင်ထွက်မသွား၊

www.burmeseclassic.com

www.burmeseclassic.com

"ရှောင်ထွက်သွားရင် သတ္တိကြောင်ရာကျတယ်ကွ - ထပ်လာလေ"

သက်အောင် ဒေါသဖြင့် ကြုံး၍အော်လိုက်သည်။ သူ့တစ်ကိုယ်လုံး မခံချင်စိတ်၊ ဒေါသစိတ်ဖြင့် တုန်ခိုက်နေကာ ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

✷

"မင်းအဖြစ်က တော်တော်ကြောက်စရာကောင်းတယ်။ ငါမင်းကို ချီးကျူးတယ် - သက်အောင်။ ထွက်မပြေးဘဲ မမြင်ရတဲ့ ပရစိညာဉ်သားကို သတ္တိရှိရှိရင်ဆိုင်နိုင်တယ်။ မင်းလက်ထဲမှာ ဓားရောက်သွားတော့ တအားတက်သွားတာပေါ့။ ကြီးကြီးရွှေတော့ မဖြစ်နိုင်ဘူးထင်တယ်"

သက်အောင် အနည်းငယ်စဉ်းစားကာ ခေါင်းညိတ်လိုက်သည်။

"ငါတော့ - ယတိပြတ် ဆုံးဖြတ်လို့ မရဘူးကွာ။ ဒီအိမ်အိုကြီးထဲမှာ ပရစိညာဉ်သားတွေ၊ မကျွတ်မလွတ်တဲ့သူတွေ ရှိနေတယ်ဆိုတာ သေချာပြီ - ကျော်ကိုကို။ ငါ့ကို တိုက်ခိုက်တယ်ဆိုတာလည်း ကျီစားသလိုပါပဲကွာ၊ ခြေထောက်ကို လက်အေးကြီးနဲ့ ဆွဲတာ၊ ဒရွတ်တိုက်ဆွဲယူသွားတာကွ၊ အကောင်အထည်မြင်ရတာမှုတ်ဖူး၊ နောက်လွှတ်ချပြီး ပျောက်သွားတယ်၊ တကယ်ရန်မူချင်ရင် ကုပ်ချိုးလိုက်ပြီပေါ့၊ တစ္ဆေတော့ တစ္ဆေပဲ၊ ဘယ်တစ္ဆေလည်းဆိုတာ မသိဘူး။ တို့ - ဒီကိစ္စတွေပြီးလို့ ဒီအိမ်ကြီးမှာ အခြောက်အလှန့်မရှိဘဲ ငြိမ်းချမ်းသွားအောင် လုပ်ဖို့လိုတယ်။ မင်းက ဒီမှာနေဖူးတော့ ပတ်ဝန်းကျင်က ဘာတွေပြောသလဲဆိုတာ ပြန်မကြားဘူးလား - ကျော်ကိုကို"

"အင်း - မြုံစောင့်ကြီးကတော့ ပြောပါတယ်။ တစ်ခါတလေ မိန်းမကြီးတစ်ယောက်ကို ရိပ်ခနဲ ရိပ်ခနဲ နေဝင်ရီတရောမှာ တွေ့တယ်တဲ့၊ ပြီးတော့ အိမ်ထဲမှာလည်း ခြေရာတွေ တွေ့တယ်လို့ပြောတယ်ကွ။ ဒီတော့ - ငါစဉ်းစားကြည့်မိတယ် သက်အောင်၊ တစ္ဆေသရဲမှာ ခြေရာလက်ရာရှိတတ်သလားလို့ စဉ်းစားကြည့်မိတာပါ"



"ဒါလည်း - ငါတို့ဉာဏ်မမီတာ ဖြစ်ပါလိမ့်မယ်ကွာ။ မင်းကော ဘယ်လိုထင်သလဲ - ကျော်ကိုကို၊ ဟော့ကောင် - တစ်ခုခုရှိတယ်။ ဖွန်သင်ဇာ မသီစေနဲ့၊ ပြီးတော့ - သူက မြုံစောင့်ကြီးသမီးကလေးနဲ့ ခင်မင်နေပြီ၊ ညအိပ်တဲ့ အခါ အဖော်တောင်ဖြစ်နေပြီဆိုတော့ ကိစ္စရှိရင် မြုံစောင့်ကြီးအိမ်မှာ သွားအိပ်ခိုင်းလို့ရတယ် မှုတ်လား"

"ရတာပေါ့ကွ - မိသားစုလို ဖြစ်နေတာပဲ။ တို့ - ဒီကိစ္စကို နောက်ဆုတ်လို့မဖြစ်ဘူး - ဟော့ကောင်၊ ကြီးကြီးရွှေကိုကောင်းရာမွန်ရာ ဘုံနိဗ္ဗာန်ရောက်ဖို့ တို့မှာ တာဝန်ရှိတယ်ကွ"

"ဟုတ်ပါတယ် - ငါလည်း ကိုယ်ချင်းစာပါတယ်။ ငါ တစ်ခုစဉ်းစားမိတယ် ကျော်ကိုကို၊ ငါ ပြောပြမယ့်နည်းလမ်းက သေချာရေရာတဲ့ လက်တွေ့လုပ်နေတဲ့နည်းလမ်းပဲ။ တို့အစ်ကိုတွေ၊ အစ်မတွေအဆောင်မှာနေတုန်းက လုပ်ကြတဲ့နည်းကွ၊ အရမ်းထူးဆန်းပြီး အံ့သြစရာကောင်းတယ်၊ နည်းကတော့ အနောက်တိုင်းနည်းပဲ"

ကျော်ကိုကိုရှေ့သို့ ကိုယ်ကိုကိုင်းကာ လေသံဖြင့် ...

"ငါမသိဘူး - သက်အောင်၊ မင်းနည်းလမ်းက ဘာလဲ၊ ရှင်းပြစမ်းပါဦး"

သက်အောင် လည်ချောင်းတစ်ချက်ရှင်းသည်၊ ဓာတ်ဘူးထဲမှ ရေနွေးတစ်ခွက် ငှဲ့သည်။

"ဒီလိုကွာ - ဒီနည်းက အနောက်တိုင်းမှာ ဝိညာဉ်ကိုခေါ်တဲ့နည်းကွ၊ အေဘီစီဒီအင်္ဂလိပ်စာလုံးတွေနဲ့ စီမံထားတာ၊ ဒီမှာတော့ တို့အစ်ကိုကြီးတွေလုပ်တဲ့နည်းလမ်းကတော့ အင်္ဂလိပ်အက္ခရာနဲ့ စမေဗဝစမကြီးလေးလုံးကို ရောသမမွှေပြီး စီမံထားတာကွ၊ အရမ်းတိကျတယ်၊ မယုံမရှိနဲ့၊ ငါလည်း အစ်ကိုတွေနဲ့ ဝိညာဉ်ခေါ်တုန်းက ရှိနေတာ၊ သူတို့လုပ်တာ၊ ကိုင်တာ အကုန်နားလည်ထားတယ်ကွ"

"ငါတော့ - အဲဒါတွေ မသိရိုးအမှန်ပဲ - သက်အောင်၊ မင်းပဲ ဦးဆောင်လုပ်ရမှာပဲ၊ ဘယ်အချိန် ဝိညာဉ်ခေါ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com

သက်အောင်သည် အနည်းငယ်စဉ်းစားဟန် ပြုသည်။

"ညနေ နေဝင်ရီတရောအချိန်ဆိုတာ ဝိညာဉ်တွေ လှည့်လည်ကျက်စားတဲ့အချိန်ကွ၊ အဲဒီအချိန်ခေါ်ရင် ပိုကောင်းမယ်။ တို့နစ်ယောက်တည်းပဲနော်။ ဒီအိမ်ကြီးမှာ အခန်းတွေ များပါတယ်၊ တိတ်ဆိတ်ပြီး လူရှင်းတဲ့အခန်းကလေး တစ်ခန်း ရွေးကြတာပေါ့"

"အိုကေ - ဒီနေ့ညနေ (၆) နာရီ စမယ်"

✹


ညနေဆည်းဆာသည် တဖြည်းဖြည်း အလင်းရောင် လျော့ပါးစပြုလာသည်၊ အလင်းအိုသည် ပျောက်ကွယ်တော့မည်ဖြစ်သည်။ ကျယ်ဝန်းသော ခြံကျယ်ကြီးနှင့်တကွ အိမ်အိုကြီးသည် အမှောင်ထုရောက်ခါစအောက်တွင် အနက်ရောင် ခြုံထည်ကို ခြုံလွှမ်းစပြုလာပြီဖြစ်သည်၊ အိမ်ပ်တန်းပျံငှက်အုပ်မှ လွဲ၍၊ တကျီကျီ တစီစီမြည်နေသော ပတ်ဝန်းကျင်ရှိ ပုရစ်ကောင်ကလေး တွေမှလွဲ၍ ပတ်ဝန်းကျင်သည် ကြောက်မက်ဖွယ် ငြိမ်သက်တိတ်ဆိတ်နေပေသည်၊ ရိုးမနင့်နီးစပ်သော ရေမြေသဘာဝအရ ချမ်းအေးစိမ့်မြသော ရာသီဥတု၊ တိတ်ဆိတ်သော အရပ်ဒေသမို့ စောစီးစွာ နေဝင်ခြင်း၊ အလင်းပျောက်ခြင်းတို့ မလွဲမသွေ ကျရောက်သည်မှာ သဘာဝကျပါသည်။

ပြောရင်းဆိုရင်းမှာပင် စေးပျစ်ထူထဲသောအမှောင်သည် တိတ်ဆိတ်စွာ ရောက်ရှိလာခဲ့ပေပြီ။

ကျော်ကိုကိုနှင့် သက်အောင်သည် အိမ်အိုကြီး၏အောက်ဆုံးထပ် ပြတင်းပေါက်ပါသော အခန်း၏ အစွန်ဘက်ဆီတွင် ရောက်ရှိနေကြပေပြီ။ မျက်နှာကြက်ဆီတွင် ဝါကျင်ကျင်မီးလုံးကလေးတစ်လုံးသာ ထွန်းလင်းနေခဲ့သည်။

သူတို့နှစ်ယောက်သည် သစ်သားကြမ်းပြင်တွင် အဆင်သင့်နေရာယူကာ နာရီကို စောင့်ကြည့်နေကြခြင်းဖြစ်သည်။ ကြမ်းပြင်တွင် စီရင်ထား

သော သက်အောင်၏လက်ရာ ဝိညာဉ်ခေါ်အစီရင်ကို တွေ့နိုင်သည်။ လက်ရေး လက်သားလှပ သက်အောင် ရေးဆွဲထားသော အင်္ဂလိပ်စာလုံးများကို အောက်ပါအတိုင်း တွေ့နိုင်ပေသည်၊ ပြောင်လက်သောကြမ်းပြင်တွင် မြေဖြူခဲဖြင့် လှပပိပြင်ပိုင်းစက်စွာ ရေးဆွဲထားခြင်းဖြစ်သည်။




အထက်ပါစာလုံးများဖြင့်လက်ညှိုးသာသာ သစ်သားချောင်းကလေးဖြစ်သည့် တုတ်ချောင်းကလေးတွင် စဓဗဝဟူသော အက္ခရာလေးလုံး စမများကို ထွင်းထုထားသည်၊ ထိုအရာကလေး ချထားသည်။ ထိုစဓဗဝတုတ်ချောင်းကလေးသည် အက္ခရာများကို အဓိပ္ပာယ်ဖော်ဆောင် လမ်းညွှန်မည့်အရာကလေး ဖြစ်ပေသည်၊

သူတို့နှစ်ယောက်သည် ညနေခင်း (၆) နာရီကာလကို ရင်ခုန်စွာ စောင့်လင့်နေကြသည်။ ကျော်ကိုကိုသည် နာရီကို ငုံ့ကြည့်လိုက်သည်။

(၆) နာရီထိုးရန် (၃) မိနစ်လိုသည်၊ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြရင်း အသံတိတ်အချက်ပေး ပြောဆိုနေကြခြင်းဖြစ်သည်၊ ဝိညာဉ်သည် သူတို့ဖိတ်ခေါ်ရာ တည်နေရာသို့ ရောက်လာပါက စကားမပြော ရန်၊ ဝင်ရောက်မေးခွန်းထုတ်ခြင်း၊ မေးမြန်းခြင်းကို ဝိညာဉ်ခေါ်ယူသူ သက်

www.burmeseclassic.com

ရှင်မှလွဲ၍ စကားမပြောရန် မှာကြားထားပြီးဖြစ်ပေသည်။ စကားသံများကြား ဆူညံသွားမည်ဆိုပါက ဝိညာဉ်သည် ရှောင်ထွက်သွားမည် ဖြစ်သည်။ ထို့ကြောင့် စကားမပြောရန်ကိစ္စကို ထပ်ခါတလဲလဲ သတိပေးထားခြင်း ဖြစ်ပေသည်။

ထိုအချိန်တွင် (၆) နာရီတိတိ ရောက်ရှိသွားပေပြီ။

သက်အောင်သည် ကျော်ကိုကိုကို အဓိပ္ပာယ်ပါပါဖြင့် ကြည့်လိုက်ပြီး အက္ခရာရေးထားသော ကြမ်းပြင်၏ထိပ်တွင် နေရာယူလိုက်သည်။ ကျော်ကိုကိုကတော့ သူနှင့် ခပ်လှမ်းလှမ်းတွင်စောင့်ရင်း တစ်စုံတစ်ရာ အကူအညီပေးရန် အသင့်အနေအထားဖြင့် ထိုင်နေမိသည်။

သက်အောင်သည် တင်ပျဉ်ခွေထိုင်ရင်း အောက်ပါဝိညာဉ်ဖိတ်ခေါ်မှုကို စတင်ရွတ်ဆိုလေတော့သည်။

"ဤအိမ်ကြီးအတွင်းတွင်မှီတင်းနေထိုင်ကြကုန်သော ဝိညာဉ်သားများ ကျွန်ုပ်နှင့်အတူ မေးခွန်းများ ဖြေဆိုရန် ကြွရောက်ကြပါ"

သုံးကြိမ်သုံးခါ ရွတ်ဆိုလိုက်ကာ အက္ခရာစာလုံးများ၏ ထောင့်လေးထောင့်တွင် ဖယောင်းတိုင်လေးတိုင်ကို ထွန်းညှိလိုက်ပါသည်။ ထိုအခါ အခန်းကလေးသည် ပိုမိုလင်းပသွားတော့သည်။ ဖယောင်းတိုင်မီးများ ထွန်းညှိပြီးသောအခါ အခန်းကလေးသည် ထူးခြားမှုတစ်စုံတစ်ရာဖြင့် စတင်လိုက်သည်ကို သတိပြုမိကြပေသည်။

ခန်းဆီးလိုက်ကာသည် လေမတိုက်ပါဘဲလျက် လူတစ်ယောက် ခပ်ကြမ်းကြမ်း ယမ်းဖယ်လိုက်သလို ရုတ်ခနဲ လွင့်ခါသွားကာ သူတို့နှစ်ယောက် စလုံး ကြက်သီးတွေ တဖြန်းဖြန်း ထသွားခြင်းပင်တကား။

ကျော်ကိုကိုသည် ဆတ်ခနဲ တစ်ချက်တုန်ခါသွားကာ ခပ်ကြုံ့ကြုံ့ငြိမ် သက်နေလိုက်မိသည်။

"ဝိညာဉ်ရှင်ရောက်ပြီလား - သိချင်ပါတယ်။ ရောက်တယ်ဆိုရင် ရောက်တဲ့အကြောင်း သင်္ကေတနဲ့ပြပါ"



သက်အောင်သည် စဓဗဝသစ်သားပြားကလေးကို Yes နှင့် No ကြား သို့ အသာအရာ ချထားလိုက်သည်။ ထိုစဉ် သစ်သားပြားကလေးသည် သံလိုက်နှင့် ဆွဲယူလိုက်သလို ကြမ်းပြင်နှင့် လျှောတိုက်ကာ Yes နေရာသို့ ရောက်သွားလေသည်။ အလိုအလျောက် ရွေ့လျားသွားခြင်းပင်။

ကျော်ကိုကိုသည် ရွေ့လျားသွားသော သစ်သားကလေးကို မမိုတ်မသုန် လှမ်းကြည့်နေရင်း ...

"အင်းပါ - ရောက်လာပြီဆိုတဲ့အကြောင်းတော့ သိရပါပြီ။ ခုရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီအိမ်ကြီးရဲ့ဘယ်သူ့ဘယ်ဝါဆိုတာ သိချင်ပါတယ်ဗျာ။ ထင်ထင်ရှားရှား မြင်သာအောင်ပြပါ ... နာမည်ရေးပြပါ ..."

သက်အောင် စကားဆုံးသည်နှင့် သစ်သားပြားကလေးသည် အင်္ဂလိပ် စာလုံးတန်း ဒုတိယတန်းရှိ K သို့ လျှောတိုက်ရောက်သွားသည်။ ထို့နောက် သစ်သားပြားသည် K နှင့် နှစ်တန်းကျော် Y သို့ လျှောခနဲ ရောက်သွားပြီး ဒုတိယတန်း I သို့ ပြန်ရောက်လာသည်။

သက်အောင်သည် လက်ပိုက်ကာ မလှုပ်မယှက်ထိုင်နေခြင်းပင်။ သစ်သားပြားကလေးသည် ဒုတိယအကြိမ် KYI ကိုတစ်လှည့် ပြန်ရွေ့လေသည်။ သက်အောင်သည် ကျော်ကိုကိုကို အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်စဉ် သစ်သားပြားကလေးသည်အက္ခရာ S သို့လည်းကောင်း၊ H သို့လည်းကောင်း၊ W သို့လည်းကောင်း၊ E သို့လည်းကောင်း အစဉ်အတိုင်း ရွေ့လျားသွားပေပြီ တကား။

သက်အောင်သည် အက္ခရာကွက်များကို စိုက်ကြည့်ရင်း ...

"ဒါဆို - KYI KYI SHWE - ကြီးကြီးရွှေပေါ့ - ဟုတ်လား။ ဟုတ်တယ် ဆိုရင် သေချာအောင် YES နဲ့ NO ဖယားကို စဓဗဝ သစ်သားချောင်းနဲ့ ပီပြင် အောင် ထပ်ညွှန်ပါခင်ဗျာ"

သက်အောင် စကားဆုံးသည်နှင့် သစ်သားပြားကလေးသည် YES သို့ လျှောခနဲပြေးကပ်သွားပြန်သည်။ ကျော်ကိုကိုသည် အံ့ဩတကြီးအမူအရာ ဖြင့် ကြက်သေသေသကဲ့သို့ ဖြစ်နေသည်။

www.burmeseclassic.com

"ဒါဆိုရင် - ခုရောက်နေတဲ့ဝိညာဉ်ရှင်ဟာ ကြီးကြီးရွှေ သေချာနေပြီ။ ခုလို ကျွန်တော်တို့ဖိတ်ခေါ်တာကို လာရောက်ဖြေကြားပေးတာ ကြီးကြီးရွှေကို ကျေးဇူးတင်ပါတယ်။ ဒီမှာ ကြီးကြီးရွှေရဲ့တူ ကျော်ကိုကိုနဲ့ တူမဖွန့်သင်အလည်း ရှိနေပါပြီ။ ကြီးကြီးရွှေ ဘဝကူးကောင်းဖို့၊ ကောင်းရာမွန်ရာရောက်ဖို့ ကျွန်တော်တို့ ကူညီနေတာပါ။ ကြီးကြီးရွှေသေဆုံးတာ တချို့က သွေးရိုးသားရိုး ဟုတ်၊ မဟုတ် ထင်ထင်ရှားရှားပြပါ။ သွေးရိုးသားရိုးဆိုရင် YES ကိုပြပါ။ လုပ်ကြံခံရတယ်ဆိုရင် NO ကိုပြပါ - ကြီးကြီးရွှေ"

ထိုစဉ် သစ်သားပြားကလေးသည် လျင်မြန်စွာဖြင့် NO အကွက်သို့ ရွေ့လျားသွားလေ၏။

"ဒါဆို - ကြီးကြီးရွှေ - သွေးရိုးသားရိုးမဟုတ်ဘူးပေါ့။ ဒီတော့ - တရားခံ ဘယ်သူလဲဆိုတာ ညွှန်ပြပါ - ကြီးကြီးရွှေ"

ကျော်ကိုကိုသည် အံတစ်ချက်ကြိတ်လိုက်သည်။ သူ့မျက်ဝန်းသည် ဒေါသဖြင့် ရုတ်ခြည်းပြောင်လက်လာသည်။ သက်အောင်သည် ကျော်ကိုကိုကိုယ်ချင်းစာစိတ်ဖြင့် လှမ်းကြည့်ရင်း ခေါင်းတစ်ချက်ဆတ်ပြသည်။ ထို့နောက် သူ့မျက်ဝန်းများကို ဖယားကွက်ဆီသို့ ပြန်လည်ရွေ့လျားကာ တည်ငြိမ်စွာထားလိုက်ပြီး မေးခွန်းမေးရန် ပြင်ဆင်လိုက်ပါသည်။

"ကြီးကြီးရေ - တရားဥပဒေအရ အရေးယူဆောင်ရွက်ဖို့ တရားခံကို ဖော်ထုတ်ပြပါ - ကြီးကြီးရွှေ၊ တရားခံ - ဘယ်သူလဲ"

အခန်းကလေးသည် ရုတ်တရက်တော့ လေထုကင်းမဲ့သွားသလိုတိတ်ဆိတ်ငြိမ်သက်သွားသည်။ အကယ်၍များ ဤအချိန်တွင် အိမ်မြှောင်ကလေးတစ်ကောင်သာ ဖြတ်ပြေးသွားပါက အိမ်မြှောင်ကလေး၏ ခြေသံကိုပါကြားနိုင်လောက်သော တိတ်ဆိတ်ငြိမ်သက်မှုမျိုးဖြစ်သည်။

သစ်သားပြားကလေးသည် မလှုပ်မယှက်ငြိမ်သက်နေသည်။ စက္ကန့်ပေါင်းများစွာ ...။ စက္ကန့်ပေါင်းများစွာ သူတို့နှစ်ယောက်သည် သစ်သားပြားကလေး၏ ရွေ့လျားမှုကို ရင်တထိတ်ထိတ် လှမ်းကြည့်နေမိသည်။ ဆယ်စက္ကန့်မျှကြာလျှင် ...



သစ်သားပြားကလေးသည် U ယူအက္ခရာဆီသို့ ဆတ်ခနဲရွေ့သွားသည်။ ကျော်ကိုကို၏ ရင်ထဲတွင် U ယူအက္ခရာသည် Oo အူးဖြစ်နိုင်သည်။ ယောကျာ်းကြီးတစ်ယောက်၏နာမည်ထိပ်မှ အရင်းလုံးဖြစ်နိုင်သည်။ သူတို့နှစ်ယောက်စလုံး ထိုကဲ့သို့ပင် ဖျတ်ခနဲတွေးလိုက်ကြသည်။ ဒါဆိုကြီးကြီးရွှေကို လုပ်ကြံတာ ဦး ... ပေါ့။

ကျော်ကိုကို၏ရင်သည် ဆတ်ခနဲဖြစ်သွားကာ တရားခံဘယ်သူဖြစ်လေမလဲ အတွေးမျိုးဖြင့် စိုက်ကြည့်နေမိသည်။ ထိုနည်းအတူ သက်အောင်ကလည်း ဖယားကွက်ဆီမှအကြည့်ကို မရွေ့လျားပေ။ သစ်သားပြားကလေးသည် U အက္ခရာတွင်ရပ်တန့်နေရာမှ အပေါ်တန်းဘက်ရှိ N စကားလုံးရှိရာသို့ ဆတ်ခနဲခုန်သွားကာ ငြိမ်သက်သွားသည်။ N သည် နိုင်လား၊ နုလား၊ ညိမ်းလား ... ကျော်ကိုကိုသည် အထက်ပါမြန်မာစကားလုံးများနှင့်စသော ဆွေမျိုးမိတ်သင်္ဂဟများ၏နာမည်ကို စိတ်ကူးဖြင့် အပြေးအလွှား ရှာဖွေမိသည်။ ရုတ်တရက်စဉ်းစားမရ၊ အသိအာရုံထဲမှာ ပေါ်မလာ၊ ထိုစဉ် သစ်သားပြားကလေးက အပေါ်ဆုံးတန်း D သို့ ဆတ်ခနဲ ရွေ့သွားပြန်သည်။ ထိုအခါမှ ကျော်ကိုကို၏ အတွေးမျှင်များ၊ နာမည်တွေကို ဆက်လက်ဖော်ထုတ်မရအောင် ရှုပ်ထွေးနောက်ကျိသွားတော့သည်။

ထို့နောက် D နေရာမှ သစ်သားပြားကလေးသည်ကပ်လျက် E ဆီသို့ ဖျတ်ခနဲ ရွေ့သွားပြန်လေပြီ။ ကျော်ကိုကိုသည် စိတ်ရှုပ်ထွေးစွာဖြင့် လူသတ်ကောင်၏နာမည်ကို မဖော်တော့ဘဲ သစ်သားပြားကလေး ရွေ့လျားသွားရာ အက္ခရာများကိုသာ အစဉ်အတိုင်း စိတ်ထဲမှာ မှတ်နေမိသည်။ ဖယားကို စိုက်ကြည့်နေခိုက်မှာပင် သစ်သားပြားကလေးသည် တတိယတန်းညာဘက်အစွန် R ဆီသို့ ရွေ့သွားလေသည်။

ကျော်ကိုကိုသည် သစ်သားပြားကလေး ရွေ့လျားသွားသောအက္ခရာငါးလုံးကို အစဉ်အတိုင်း ရွတ်ဆိုကြည့်ရာ UNDER ဆိုသောစကားလုံးကိုရသည်။ အဓိပ္ပာယ်မှာ "အောက်မှာ" ဟုဖြစ်မည်။ သက်အောင်သည် ကျော်ကိုကို့ကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် သစ်သားပြားကလေးသည် YES နှင့် NO ကြားရှိမှုလတည်နေရာသို့ ပြန်လည်ရွေ့လျားသွားကာ ငြိမ်သက်သွားလေတော့သတည်း။ ထိုစဉ်အခန်းတွင်းသို့အေးမြသောလေစိမ်းတစ်ချက်ဝေ့ခနဲတိုက်ကာ အခန်းဝရှိ ခန်းဆီးစ ဝေ့ခနဲ လှုပ်သွားသည်ကို နှစ်ယောက်စလုံး မြင်လိုက်ရသည်၊

သည်အခါမှ ပထမဦးဆုံးစကား စတင်ဆိုသူမှာ သက်အောင်ဖြစ်သည်၊

"ကြီးကြီးရွှေရဲ့ ဝိညာဉ် ပြန်ထွက်သွားပြီ၊ အေး – သူ ညွှန်ပြသွားတာ နားမည်တော့ မဟုတ်ဘူး – ကျော်ကိုကို၊ UNDER အန်းဒါးဆိုတာ အောက်တွင်၊ အောက်ဘက်သို့ မြန်မာလိုအဓိပ္ပာယ်ရတယ်ကွာ၊ ဒါ – ဘာကိုဆိုလိုတာလဲ"

ကျော်ကိုကိုက –

"UNDER ဆိုတာ အောက်မှာဆိုတော့ အောက်မှာပေါ့ကွာ – ရှင်းနေတာပဲ"

"ဟာ – မင်းပြောမှလားကွ"

သက်အောင်သည် စကားကို မဆက်သေးဘဲ အနည်းငယ်စဉ်းစားပြီးနောက် –

"ငါသိပြီ – ကျော်ကိုကို၊ အောက်မှာဆိုတော့ – ဒီအိမ်ကြီးရဲ့အောက်မှာ မြေအောက်ခန်းတွေ၊ ဘာတွေရှိနိုင်သလား ဟင်"

ကျော်ကိုကို မျက်နှာသည် ချက်ချင်းပြောင်းလဲသွားကာ အံ့သြတကြီးဖြင့် –

"မင်းမေးမှ ငါ သတိရတယ်၊ ငါ တော်တော်ညံ့တာပဲ၊ ဖေဖေ ပြောဖူးတယ်၊ အဘိုးတို့၊ အဘွားတို့ရှိတုန်းက ဂျပန်အင်္ဂလိပ်စစ်ဖြစ်တော့ ဗုံးကြဲရင် ပုန်းဖို့ဆိုပြီး မိသားစုတစ်စုစာ မြေအောက်ခန်း တူးထားတယ်ပြောဖူးတယ် သက်အောင်၊ တို့တော့ ငယ်တော့မရောက်ဖူးဘူးကွ၊ အဲဒီအခန်းထဲမှာ တစ္ဆေရှိနေပြီလားမသိဘူး"

"ဟုတ်မယ် – ကျော်ကိုကို၊ ဒီတစ္ဆေပဲ ကြီးကြီးရွှေကို သတ်ပစ်မှာ၊ ကဲ – ဒီနေ့တော့ ရှိစေတော့ကွာ၊ နောက်နေ့ကျမှ မြေအောက်ခန်းကို မြေလှန်လိုက်ရှာပြီး ဘုန်းကြီးပင့်၊ ကမ္ဘဝါဖတ်ကြတာပေါ့၊ မကောင်းဆိုးဝါးတိုနှင်တယ်ဆိုတာ ခပ်ပေါ့ပေါ့လုပ်လို့မရဘူး၊ ခပ်ကြမ်းကြမ်းကိုင်မှတွေ၊ တို့ – နောက်နေ့ မြေအောက်ခန်းကို ရှာကြမယ်၊ ခုတော့ – မိုးချုပ်နေပြီ၊ အေးအေးဆေးဆေးနားပြီး ဘာဆက်လုပ်မယ်ဆိုတာ စဉ်းစားကြတာပေါ့"

သူတို့နှစ်ဦး ခေါင်းချင်းဆိုင် တိုင်ပင်နေကြစဉ် နောက်ဘက်တံခါးဝဆီမှ ဖြတ်သွားသော အရိပ်မည်းကြီးတစ်ခုကို သူတို့ သတိမပြုမိလိုက်ကြ၊ အရိပ်မည်းကြီးသည် သူတို့ကျောပြင်ကို တဒင်္ဂ စိုက်ကြည့်ကာ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်၊

ရုတ်တရက် အမြင့်မှ အောက်သို့ အရာဝတ္ထုတစ်ခု ပြုတ်ကျသွားသံကြောင့် ဆတ်ခနဲ ဖြစ်သွားသည်၊ ခြင်ထောင်အမိုးအပြင်ဘက်တွင် လေးထယ် ဝပ်မီးလုံး၏အလင်းရောင်က ဝါဖျော့ဖျော့ မှုန်ဝေရီစွာ ဖြာကျနေသော်လည်း အလင်းရောင်ခပ်ဝေးဝေးသို့ မရောက်နိုင်၊ ပြုတ်ကျသွားသံသည် နောက်ဖေး ပန်းကန်စင်မှပင် ဖြစ်သည်၊ တိတ်ဆိတ်သောညတွင် ကျယ်လောင်သွားသည်၊

သက်အောင်သည် မျက်စိမှိတ်ကာ တစ်ခဏတော့ ငြိမ်သက်နေလိုက်သေးသည်၊ ကျော်ကိုကို လှမ်းကြည့်လိုက်တော့ တခေါခေါ အိပ်ပျော်နေသည်၊ ဟောက်များပင် ဟောက်နေသေးတော့၊ တစ်ဖက်ခန်း ရွှန်သင်အာဆီမှတော့ (၆၀)ဝပ်မီးချောင်းအလင်းကို မြင်နေရသည်၊ သူမသည်လည်း မြဲစောင့်သမီးနှင့် အိပ်ပျော်နေပေပြီ၊

အိမ်ကြီး၏ အပြင်ဘက်တွင် ဆောင်းဦးပေါက်မြောက်ပြန်လေသည် သစ်ရွက်များကို တိုးဖြတ်ကာ ခပ်သာသာ တိုက်ခတ်လျက်ရှိသည်၊ သစ်ရွက်ချင်း စည်းဝါးမမှန်စွာ ပွတ်တိုက်မြည်ကြွေးသံသည် စိတ်မနှံ့သော မိန်းကလေးတစ်ယောက်၏ သံစဉ်မမှန်သောတေးသွားနှင့် တူသည်၊ ခပ်ဝေးဝေး ရိုးမတောင်ခြေတောစပ်မှ တောခွေးတစ်ကောင်၏ အူသံ

www.burmeseclassic.com

အသံက ညကို ပိုမို၍ချောက်ချားဖွယ်ဖြစ်အောင် ပံ့ပိုးနေသကဲ့သို့ ရှိသည်၊ ဝတ်ဝန်းကျင်တွင် တစီစီမြည်နေသော ပိုးပုရွက်သံများက အဓိမလပ်။

အမြင့်မှ လွတ်ကျသွားသောအသံသည် စက္ကန့်အနည်းငယ်ခန့်တွင် ပြန်၍ အသက်ဝင်လာပြန်သည်၊ တစ်စုံတစ်ခုကို ခြစ်ကုတ်နေသော အသံသည် ထွက်ပေါ်လာပြန်သည်၊ ထို့နောက် အိုးခွက်တွေကို လှန်လှောရှာဖွေသံ၊

သက်အောင်သည် လက်နှိပ်ဓာတ်မီးနှင့် ဓားမြှောင်ကို အသာဆွဲယူကာ ခုတင်ပေါ်မှ လျှောဆင်းလိုက်သည်၊ ကျော်ကိုကိုကို လှမ်းကြည့်လိုက်တော့ အိပ်ပျော်နေဆဲ၊ မနိုးတော့၊ နိုးလျှင် ရှုပ်ကုန်မည်၊ သူသည် ခြေဖော့နင်းကာ နောက်ဖေးနှင့် သူတို့အိပ်ခန်းကြားရှိ ခြားထားသော ထရံဆီသို့ ခြေဖော့နင်း ရွေ့လျားလိုက်သည်၊ ထရံတွင် ချောင်းကြည့်ပေါက်ရှိသည်၊ ဆယ်ပြားစေ့ဝိုင်းခန့် ချောင်းကြည့်ပေါက်တွင် အလင်းပျပျကို လှမ်းမြင်နေရသည်၊ နောက်ဖေးချောင်ကို လေးဆယ်ဝပ်မီးလုံးတစ်လုံး ထွန်းထားသဖြင့် အလင်းမှုန်ပျပျကို ချောင်းကြည့်ပေါက်မှ မြင်ရခြင်းပင်၊

သက်အောင်သည် ချောင်းကြည့်ပေါက်ရှိရာသို့ လျင်မြန်စွာ ခြေဖျားထောက် ဖော့နင်းကာ တိုးကပ်လိုက်သည်၊ မျက်စိနှင့် ချောင်းကြည့်ပေါက်က ထိကပ်လိုက်သည်နှင့် နောက်ဖေးမီးအလင်းက အကြည့်အာရုံထဲသို့ စူးဝင်လာသည်၊

သူ မြင်လိုက်ရသည့်မြင်ကွင်းကား ...

လူတစ်ယောက် ...အပေါ်အင်္ကျီဗလာ၊ ခေါင်းတုံးဆံတောက်နှင့်ဘောင်းဘီအပြာရင့်ရောင်ပွပွကြီးကို ဝတ်ဆင်ထားသောလူတစ်ယောက်၊ ထိုလူသည် သက်အောင်ကို ကျောပေးကာ စားပွဲ၊ ကြောင်အိမ်ပေါ်မှ စားကြွင်းစားကျန်များကို တိတ်တဆိတ်လှန်လှော ရှာဖွေနေခြင်းပင်တည်း၊ စားစရာများကို ကောက်ကာ ရွေးချယ်ကာ စားသောက်နေခြင်းပင်တည်း။



"ဟင် - လူတစ်ယောက်ပဲ၊ ဒါ - ဒါ - သရဲတစ္ဆေ မဖြစ်နိုင်ဘူး၊ သရဲတစ္ဆေ ပုံသဏ္ဌာန်က ဒီလိုမဟုတ်ဘူးထင်တယ်၊ စာပေတွေထဲမှာ ဒီလိုမဟုတ်ဘူး၊ လူစင်စစ်ပါ၊ ဒီလူက ဘယ်ကရောက်လာတာလဲ၊ ကြီးကြီးရွှေညွန့်ပြောတဲ့ UNDER အောက်ဘက်မြေအောက်ခန်းက လူလား - ဒါမှမဟုတ်"

သူ စိုက်ကြည့်နေရင်းမှပင် ဖျတ်ခနဲပျောက်သွားသည်၊

"ဘုရား - ဘုရား - သရဲထင်တယ်၊ ဘယ်လိုပါလိမ့်၊ ပျောက်သွားတာ မြန်လိုက်တာ"

သက်အောင်၏ ရင်ထဲတွင် စူးစမ်းလိုစိတ်၊ သရဲတစ္ဆေလား၊ သက်ရှိလူလား ဝေခွဲလိုစိတ်များသည် ရင်ထဲတွင် ရုန်းကြွကာ ရင်ဆိုင်ဖြေရှင်းလိုစိတ် ခိုင်မာလာသည်၊ သူ နောက်လှည့်ကြည့်လိုက်တော့ ကျော်ကိုကိုသည် ဆက်၍အိပ်မောကျနေဆဲပင်၊

"မထူးတော့ဘူး၊ ဒီတစ္ဆေကောင်ကို လက်ရဖမ်းပစ်ရမယ်၊ လူလား၊ တစ္ဆေလားဆိုတာ လက်ရဖမ်းပြမှ ဖြစ်မယ်၊ တွေ့ကြသေးတာပေါ့ကွာ၊ နင် ဘယ်ပြေးမလဲ - လူသတ်ကောင်တစ္ဆေ"

သက်အောင်သည် ညာဘက်တွင် ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၊ ဘယ်ဘက်လက်ဖြင့် လက်နှိပ်ဓာတ်မီးကိုဖွင့်ကာ အခန်းထဲမှ လျင်မြန်စွာထွက်လိုက်သည်၊

အပြင်ဘက် လူသွားလမ်းသည် အလင်းမှုန်မှုန်ဖြင့် တိတ်ဆိတ်လျက် ရှိသည်၊

"ခွေးမသားတစ္ဆေ - တွေ့ရင်တော့လားကွာ - ဟင်"

သက်အောင်သည် တောက်တစ်ချက်ခေါက်ကာ လက်နှိပ်ဓာတ်မီးရောင်တဝင်းဝင်းဖြင့် တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေလေတော့သည်၊ သူသည် နောက်ဖေးဘက်အိမ်သာအနီးတွင် ဓာတ်မီးဖြင့် လှည့်ပတ်ရှာ နေစဉ် နောက်ကျောဘက်ဆီမှ လျှောတိုက်ပြေးဝင်လာသော မြွေဆံ တစ်စုံကို ကြားလိုက်ရ၍ ရင်ဆိုင်ရန် ခန္ဓာကိုယ်ကို လှည့်လိုက်ချိန်မှာပင် —

www.burmeseclassic.com

www.burmeseclassic.com

"အား ..."

အထိတ်တလန့် အော်ဟစ်လိုက်မိသည်။ ခေါင်းတုံးဆံတောက်နှင့် ကြောက်မက်ဖွယ်မျက်တွင်းဟောက်ပက်နှင့် အရိုးဂေါက်ဂက်မျက်နှာနှင့်လူ၊ သုသာန်မြေအောက်ဆီမှ ရှန်းကြွလာသော အရိုးစုခန္ဓာကိုယ်ပိန် ရှည်တိုင်းကိုင်းအရပ်နှင့် ဟင်းကျန်၊ ထမင်းကျန်များကို ရှာဖွေလှန်လှောစားသောက်သောလူ၊ လူလိုလို၊ တစ္ဆေလိုလို၊



ကျော်ကိုကို မျက်စိပြာဝေသွားသည်။

ဓားမြှောင်၏ ထက်မြသောအသွားက

အလင်းမှိုင်းမှိုင်းအောက်မှာပင်

လက်ပသွားသောကြောင့်ဖြစ်သည်။

သို့သော် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက

အံ့ဩစရာဖြစ်သွားခဲ့သည်။

ဓားကိုင်ထားသော တစ်ဖက်ရန်သူ၏

လက်တစ်ဖက် လေထဲမှာပင် မြောက်လျက်

တန်းလန်းကြီးဖြစ်နေသောကြောင့်

ပင်တည်း။ တစ်ဖက်လူ၏ အံ့ဩတကြီးအော်သံ ...

သက်အောင်သည် လှုပ်ရှားရန် ညာလက်ကိုပြင်ဆင်လိုက်သော်လည်း နောက်ကျသွားပေပြီ။ တစ္ဆေ အရိုးစု၏ညာဘက်ဆီမှ ရှည်လျားသော လက်နက်တစ်ခု မြောက်တက်သွားကာ သက်အောင်၏ ဝဲဘက်ချိုစောင်းသို့ ထိမိလိုက် သည်နှင့် -

"အား ..."

သက်အောင် သတိလစ်ကာ ပစ်လဲကျသွားတော့သည်၊

သက်အောင်၏ အော်သံကြောင့် ဖျတ်ခနဲ နိုးလာသူမှာ ကျော်ကိုကိုဖြစ်သည်၊ သူသည် နေရာမှ လူးလဲထသည်၊ ရုတ်တရက်ဆိုတော့ လက်နက်ကမလွယ်၊ အဆင်သင့်မဖြစ်၊ သက်အောင်အော်သံဆီသို့ လျင်မြန်စွာ ပြေးထွက်သွားမိသည်၊ အော်သံသည် နောက်ဖေးဘက်ဆီမှဖြစ်သည်၊ သက်အောင်အန္တရာယ်တစ်ခုခုနှင့်ရင်ဆိုင်နေရပြီဆိုတာ သေချာပြီ၊ အော်သံသည် နာကျင်စွာ အော်လိုက်သောအသံဖြစ်သည်၊ နေရာအနှံ့လိုက်ရှာသည်၊ သက်အောင်ကို မတွေ့တော့၊ သက်အောင် ဘယ်ရောက်သွားပြီလဲ၊ ထိုစဉ် အိမ်သာဘေး စတိုခန်းထဲမှ ညည်းညူသံ ကြားလိုက်ရသည်၊ ထိုနေရာသို့ အပြေးအလွှား သွားကြည့်လိုက်ရာ ...

သက်အောင် ...

သက်အောင်သည် ခွေခွေကလေး လဲကျနေကာ ခေါင်းမှ သွေးထွက် ဒဏ်ရာဖြင့် ညည်းညူနေခြင်းဖြစ်သည်၊ ကျော်ကိုကိုသည် သက်အောင်တို့ အပြေးအလွှားသွားကာ ပွေ့ချီလိုက်သည်၊

"သက်အောင် - သက်အောင် - ဘယ်လိုဖြစ်တာလဲ"

ထိုအခါမှ သက်အောင်သည် ရုတ်တရက် မျက်လုံးဖွင့်ကာ မျက်မှောင်ကြုတ်လျက် -

www.burmeseclassic.com

"နောက် - နောက်မှ - ပြောမယ်၊ သတိထား - မြေအောက်ဆင်းတဲ့လှေကားထိပ်တံခါးထောင့်မှာ အဲဒီထဲကို အရိုးစုကောင် တစ္ဆေ ဆင်းသွားတယ်၊ မြေအောက်ခန်း - မြေအောက်ခန်း - သတိထား"

"မင်း - သက်သာသလား"

"ရတယ် - ခေါင်းကွဲသွားတယ် - မင်း - သတိထားဦး"

"မင်းဓားမြှောင်ကော ..."

"ဓားမြှောင်ကော၊ လက်နှိပ်ဓာတ်မီးကော အရိုးစုကောင် ယူသွားပြီ"

"ဒီလိုဆို - မင်းသက်သာသလိုနေ၊ ဒီခွေးမသား သရဲလား၊ လူလားဆိုတာကို အရှင်ဖမ်းမယ်၊ မင်း - ဒီကပဲ စောင့်နေ၊ သတိနဲ့ တတ်နိုင်သလောက်စောင့်ထားကွာ - အားတင်းထား"

ကျော်ကိုကိုသည် လက်ထဲမှ လက်နှိပ်ဓာတ်မီး ကိုင်လျက်ကပင် သက်အောင် ညွှန်ပြရာ မြေအောက်ခန်းဆင်းရာ လှေကားထိပ်ဆီသို့ လျင်မြန်စွာ ပြေးကပ်လိုက်သည်၊

ထိုစဉ် မြေအောက်ခန်းလှေကားဆီမှ အပေါ်သို့တက်လာသောခြေသံ၊ လက်နှိပ်ဓာတ်မီး အလင်းရောင်ကြောင့် ကျော်ကိုကို ကိုယ်ရှိန်သတ်ကာ မလှုပ်မယှက် ရပ်တန့်စောင့်ကြည့်နေလိုက်သည်၊ မြေအောက်လှေကားမှ ခြေသံသည် အပေါ်သို့ တိတ်တဆိတ် တရွေ့ရွေ့တက်လာပေပြီ၊

နစ်ပေပတ်လည်မြေအောက်ဆင်းပေါက်မှ ခေါင်းတစ်လုံး ပေါ်ထွက်လာပြီး အပေါ်သို့ ကိုယ်တစ်ပိုင်းရောက်သည်နှင့် ...

ကျော်ကိုကိုသည် အံ့သြတကြီးငေးကြည့်ရင်း လျင်မြန်စွာ လှုပ်ရှားလိုက်သည်၊

"လက်စသတ်တော့ ခင်ဗျားကြီးကိုး၊ သွားစမ်းကွာ - သေ"

လက်ထဲမှ လက်နှိပ်ဓာတ်မီးဖြင့် ဆံပင်ကြဲတောက်တောက် ဦးခေါင်းပြောင်ကို ခွပ်ခနဲ ရိုက်ချ၊ ယိုင်နဲ့သွားသောကိုယ်ဟန်တစ်ချက် ပျက်သွားသည်နှင့် ရင်ဘတ်ကိုညာခြေဖြင့် ခပ်ဆတ်ဆတ် ကန်ထည့်လိုက်လေသည်၊ ထိုလူသည် ဟန်ချက်ပျက်သွားသည်၊



"ကဲကွာ ..."

"ဘုတ်"

"ခွပ်"

"အင့်"

"အား"

လှေကားပေါ်မှ ခြေလွတ်လက်လွတ် လဲပြိုကျသံ၊ မြေကြီးနှင့်ခန္ဓာကိုယ် ပြင်းထန်စွာ ထိခတ်၍ အုန်းခနဲမြည်သံကို ဆက်တိုက်ထွက်ပေါ်လာကာ ငြိမ်သက်သွားလေသည်၊

✱

ယုဉ်ပြိုင်တိုက်ခိုက်မှုက မိနစ်အနည်းငယ်သာဖြစ်သော်လည်း ကျော်ကိုကို တော်တော်မောဟိုက်သွားသည်၊ လှေကားရင်းတွင် ခြေပစ်လက်ပစ်ထိုင်ချကာ အမောဖြေနေမိသည်၊ သက်အောင် မည်ကဲ့သို့ဒဏ်ရာ ရသည်ကို စဉ်းစားနေမိသည်၊ စင်စစ်တော့ သက်အောင်သည် သူ့ထက်ပင် သတ္တိကောင်းသူဖြစ်သည်၊ ဆယ်တန်းအောင်စဉ်က တိုက်ကွမ်ဒိုတွေ၊ ကရာတေးတွေ သင်တန်းတက်လိုက်သေးသည်၊ ဘာပဲဖြစ်ဖြစ် သတိလစ်သည်နှင့် လူဆိုတာ အားနည်းချက်ဖြစ်သွားကာ ခံရမည်ဖြစ်သည်၊

သူ အမောဖြေစဉ်းစားနေစဉ်မှာပင် မြေအောက်လှေကားမှတက်လာသော ခြေသံကို ကြားလိုက်ရစဉ် ခဏမှာပင် လျင်မြန်စွာထရန် ကြိုးစားလိုက်မိသည်၊ သို့သော် - နောက်ကျသွားချေပြီ၊

အေးစက်၍ပြုတ်တူကဲ့သို့မာကျောသန်မာလှသောလက်ကြီးတစ်ဖက်က ကျော်ကိုကို၏လည်ပင်းကို လာရောက်ဖျစ်ညှစ်လိုက်ခြင်းဖြစ်သည်၊ ရုတ်တရက် ကြောင်အသွားရာမှ သူသည် နောက်ဘက်သို့ တံတောင်ဖြင့် ခပ်ကြမ်းကြမ်း နောက်ပြန်တွတ်ပစ်လိုက်၏၊

"ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အွတ်"

အွတ်ခနဲမြည်သံနှင့်အတူ ပါးစပ်မှ ရှူးခနဲ လေထွက်သံ ကြားလိုက်ရပြီး လည်ပင်းကို ချုပ်ကိုင်ထားသောလက်က ပြေထွက်သွားသည်။ ကျော်ကိုကို သည် ခန္ဓာကိုယ်ကို တစ်ပတ်လည်ကာ ရှောင်ထွက်သည်၊ တစ်ဖက်လူက လည်း လျှင်သည်။ တံတောင်တွတ်ရျက်ကြောင့်ခန္ဓာကိုယ်ယိုင်သွားသည်နှင့် တစ်ဆက်တည်း လက်တစ်ဖက်က လေထဲမှာ ဆန့်ထွက်လှုပ်ရှားသွားသည်။

ကျော်ကိုကိုမျက်စိပြာဝေသွားသည်၊ ဓားမြှောင်၏ထက်မြသောအသွား က အလင်းမှိုင်းမှိုင်းအောက်မှာပင် လက်ပသွားသောကြောင့် ဖြစ်သည်၊ သို့သော် မမျှော်လင့်သောဖြစ်ရပ်တစ်ခုက အံ့ဩစရာ ဖြစ်ပွားသွားခဲ့သည်၊ ဓားကိုင်ထားသော တစ်ဖက်ရန်သူ၏လက်တစ်ဖက် လေထဲမှာပင် မြောက် လျက် တန်းလန်းကြီးဖြစ်နေသောကြောင့်ပင်တည်း။ တစ်ဖက်လူ၏ အံ့ဩ တကြီး အော်သံ၊

"ဟာ ..."

ကျော်ကိုကိုသည် နောက်ဆုံးခြေတစ်လှမ်းဆုတ်ကာ ပေါင်စွကြားထဲ သို့ ကန်ထည့်သည်၊

"အား ..."

သို့သော် - ကျော်ကိုကိုသည် တစ်ဖက်လူ၏ ဘောင်းဘီစနှင့် ငြိကာ ရုတ်တရက် ပက်လက်လန်ကာ လဲကျသွားတော့သည်၊ ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူကာ တစ်ဖက်လူက ကျော်ကိုကို၏ ရင်ဘတ်ကို ဓားမြှောင် ဖြင့် ပြေးထိုးလေသည်၊ ထိုအခါ အံ့ဩထူးဆန်းစရာကောင်းသော လှုပ်ရှားမှု တစ်ခုက ထပ်၍ပေါ်လာပြန်သည်၊ ကျော်ကိုကို၏ပက်လက်လဲကျနေသော အနေအထားကို တစ်စုံတစ်ဦးက ခြေနစ်ချောင်းဆွဲ၍ ခပ်ဝေးဝေးတစ်နေရာ သို့ လျှောတိုက်ဆွဲယူသွားသလို ခြေနစ်ချောင်းမြောက်ကာ ဆွဲယူသွားခြင်း ဖြစ်သည်၊ ထို့ကြောင့် - ကျော်ကိုကိုသည် သေလောက်သည့် ဓားမြှောင် ထိုးချက်မှ လွတ်သွားရသည်၊ ဓားကိုင်ထားသော တစ်ဖက်လူ၏ အထိတ် တလန့် အံ့ဩ တကြီးမျက်နှာသည် ဟန်မဆောင်နိုင်လောက်အောင် ဖြစ် သွားကာ "ဟင်" ဟူသော အာမေဋိတ်တစ်ခုပင် နှုတ်မှ ထွက်ကျသွားသည်၊

ကျော်ကိုကိုသည် ပက်လက်နေရာမှ လျင်မြန်စွာထကာ အံ့ဩတကြီး ကြောင်အ,နေသော တစ်ဖက်လူ၏ အရိုးဂေါက်ဂက် ရင်ဘတ်ပြားကြီးကို အားကုန်ပြေးကန်ထည့်လိုက်သည်၊

"အား - အူး"

ငယ်သံပါအောင် အော်လိုက်သော ဝမ်းခေါင်းသံကြီးနှင့်အတူ အရိုး ဂေါက်ဂက်ကြီးသည် မြေအောက်လှေကားလက်ရန်းမှတစ်ဆင့် အားလွန် ကျော်ကာ မြေအောက်ခန်းသို့ ကျွမ်းစိုက်ကျကာ လုံးဝငြိမ်သက်သွားလေ သည်၊

✵

"ကြီးကြီးရွှေကို အိပ်ဆေးလွန်အောင် လုပ်ကြံပြီး သတ်ပစ်တဲ့ကောင် တော့ သူ့စရိတ်နဲ့သူ သွားပြီ - သက်အောင်၊ ပြီးတော့ - ငါ့ကို ကယ်တာ ကြီးကြီးရွှေ - ကြီးကြီးရွှေ"

သက်အောင်သည် ခုတင်ပေါ်တွင် သက်သောင့်သက်သာ ထိုင်နေ ရင်း -

"အံ့ဩစရာပဲ၊ ဒါထက်ကွာ - လူသတ်ကောင် ဘယ်သူလဲ"

ကျော်ကိုကိုသည် တစ်ချက်ပြုံးလိုက်သည်၊ ဖွန်သင်ဇာသည် ခုတင် ခေါင်းရင်းခုံတွင် ဣန္ဒြေရရထိုင်နေသည်၊ မျက်လုံးအဝိုင်းသားနှင့် ငြိမ်သက် စွာ ထိုင်နေသည်၊

"ဘယ်သူလဲဆိုတော့ - ဒီအိမ်ကြီးရဲ့ လူယုံတော် ကားဒရိုင်ဘာ မြဒင် ပေါ့ကွာ - မြဒင်ပေါ့၊ အိမ်အိုကြီးမှာ ငါတို့အဘိုးအဘွားတွေ ကွယ်လွန်ကုန် ကြတော့ အပျိုကြီးဖြစ်တဲ့ ကြီးကြီးရွှေ တစ်ယောက်ပဲ ကျန်ခဲ့တယ်၊ တစ် ယောက်ထဲ ကျန်ခဲ့တယ်ဆိုပေမယ့် ညီအစ်ကိုမောင်နှမတွေကတော့ ဝင်



www.burmeseclassic.com

www.burmeseclassic.com

ထွက်နေကြတာပေါ့။ ဒါကို မြဒင်က အခွင့်ကောင်းယူပြီး အတွင်းပစ္စည်းတွေ အိမ်ကြီးရဲ့ တစ်နေရာမှာ ဖွက်ထားကောင်းရဲ့ထင်ပြီး ကြီးကြီးရွှေကို လတ် သည်မပေါ်အောင် အစားအသောက်ထဲမှာ အိပ်ဆေးအလွန်အကျွံထည့်ပြီး လုပ်ကြံလိုက်တာပေါ့၊ မသိတဲ့လူကတော့ အဖိုးကြီးတစ်ယောက်တည်းနေရ တုန်း စိတ်ညစ် ချောက်ချားပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ ထင် အောင်ပေါ့ကွာ၊ သူကတော့ ရာပနပြီးတာနဲ့ ရွာကို အပြီးပြန်သွားတယ် ဆိုပြီး အပြန်ပြလိုက်တယ်၊ ဟော - (၁၀) ရက်၊ (၁၅) ရက်လောက်ကြာတော့ အိမ်ကြီးထဲကို ညဘက်ပြန်ပြီး အသာစိုးဝင်၊ မြေအောက်ခန်းထဲမှာနေပြီး ညဘက် လူလစ်ပြီဆိုတာနဲ့ အိမ်ပေါ်တက်ပြီး ပစ္စည်းရှာတော့တာပေါ့၊ ဒီ အချိန်မှာ တို့ရောက်လာတော့ လွတ်လွတ်လပ်လပ် မလှုပ်ရှားရတော့ အစာ ရေစာပြတ်ပြီး တို့စားတဲ့အစာတွေ၊ စည်သွပ်ဘူးတွေ ခိုးတော့တာပေါ့"

"ခု - ဒီလူ - ဘယ်မှာလဲ"

"လှေကားပေါ်က လိမ့်ကျတဲ့ဒဏ်ရာနဲ့ ဆေးရုံပေါ်မှာ မနေကကြွသွားပြီ ကွ၊ မသေခင် ကြီးကြီးရွှေကို အိပ်ဆေးတိုက်သတ်ဖြတ်မှု၊ ပစ္စည်းဥစ္စာ ရှာဖွေ မှုတွေကို ဖြောင့်ချက်ပေးသွားတယ် - သက်အောင်၊ တို့ကြီးကြီးရွှေအတွက် တော့ ကောင်းမှုကုသိုလ် လုပ်ပေးကြရအောင်နော်"

ခွန်သင်ဇာသည် မျက်ရည်ဝဲနေသည်၊

"တို့ - ဒီကိုရောက်လာတာ တစ်ခုကောင်းသွားတယ်ဟယ်၊ ကြီးရွှေရဲ့ ပြဿနာ ပေါ်သွားတယ်၊ နို့မို့ဆို - တစ်သက်လုံး ဒီလိုပဲ ပြည်ဖုံးကာရှသွား မှာပဲ၊ ခုတော့ - ရာဇဝတ်ကောင်ကိုကြီးမေကိုယ်တိုင်ဖော်ပေးလိုက်တာပေါ့၊ ကြီးရွှေက လက်စားချေတဲ့ဝိညာဉ်ပေါ့နော်"

"ဟုတ်တယ်"

"မှန်တာပေါ့"

✵

ကြီးကြီးရွှေအတွက် ကောင်းမှုကုသိုလ် ပြုလုပ်ရန် နှစ်ရက်အလို ညနေ ဘက် (၆) နာရီနေဝင်ဆည်းဆာအချိန်တွင် သူတို့အားလုံး ထူးဆန်းသော ဖြစ်ရပ်နှင့် ကြုံတွေ့လိုက်ရသည်၊ ပြီးခဲ့သည့်ဖြစ်ရပ်များကို ပြန်လှန်ပြောဆို နေကြစဉ် ကျော်ကိုကိုက ...

"တကယ်တော့ - ကြီးရွှေရဲ့ အတွင်းပစ္စည်းအားလုံး ရွှေထည်၊ စိန်ထည် တွေကို တစ်ယောက်တည်းနေရတဲ့အတွက် အန္တရာယ်ရှိတာကြောင့် ဖေဖေ့ ကို စာရင်းအတိကျနဲ့ အပ်ထားတာ မြဒင် မသိလိုက်ဘူးကွ၊ အိမ်ကြီးထဲမှာ ဘာမှမရှိဘူး။ ဒီတစ်ကွက် ဒီငနဲကြီး ခံလိုက်ရတာ၊ နောက်ဆုံးတော့ သူ့စရိုက် နဲ့သူ သွားတာပေါ့"

ထိုစဉ် ညှိခန်းဘက်ဘုရားကျောင်းဆောင်ဘက်ဆီမှ မြူလင်းသော အလင်းတန်းတစ်ခု ရုတ်တရက်ပေါ်ပေါက်လာပြီး လူရိပ်သဏ္ဌာန်လိုလို အမျိုး သမီးကြီးတစ်ဦး၏ သဏ္ဌာန်ပမာ အလင်းတန်းတစ်ခုသည် တဖြည်းဖြည်း ရွေ့လျားလာပြီး ညှိခန်းမကိုဖြတ်ကာ အပြင်ဘက် လေဟာနယ်တစ်ခု ထိုးတက်သွားသည်ကို အားလုံးတွေ့လိုက်ကြရပေသည်၊ ခွန်သင်ဇာသည် မျက်ရည်ဝဲလျက်မှ အလန့်တကြားဖြင့် ...

"ကြီးရွှေ - ကြီးရွှေ"

အလန့်တကြားဝမ်းသာဝမ်းနည်းအော်ဟစ်လိုက်မိသည်၊ သူတို့အားလုံး သဘောပေါက်လိုက်ကြပြီ၊ ကြီးကြီးရွှေသည် မြင့်မြတ်သောဘုံဘဝဆီသို့ မလွဲမသွေ ရောက်ရှိသွားပြီဆိုတာ သဘောပေါက်လိုက်ကြခြင်း ဖြစ်သည်။ ကျော်ကိုကိုသည် တည်ငြိမ်စွာဖြင့် တစ်ခွန်းချင်း ပြောလိုက်ပေသည်၊

"ကြီးမေ - ကောင်းရာမွန်ရာဘဝကို ရောက်သွားပါပြီ၊ သူ တာဝန်တွေ သွားပြီလေ၊ ရာဇဝတ်ကောင်ကို ဝိညာဉ်ဘဝနဲ့ ဖော်ထုတ်လိုက်ရလို့ သူ လွတ်လပ်သွားတာ"